


# မြန်မာ့ပက္ခဒိန်

## သုတေသနကျမ်း

ဦးအုန်းကြိုင်

# မြန်မာပဏ္ဍဒိန်

## သုတေသနကျမ်း

ဦးအုန်းကြိုင်

အဖုံးပန်းချီ - ဦးမျိုးဝင်း

စာပေဗိမာန်ထုတ် ပြည်သူ့လက်စွဲ

SARPAY BEIKMAN PUBLIC LIBRARY
Acc. No ..........
E-BOOK

ပထမနှိပ်ခြင်း၊ ၁၉၇၇၊ အုပ်ရေ ၃၀၀၀

ရန်ကုန်မြို့၊ ၅၂၉-၅၃၁ ကုန်သည်လမ်း၊ စာပေဗိမာန်အဖွဲ့၊
ညွှန်ကြားရေးမှူး ဦးထင်ကြီး (မှတ်ပုံတင်အမှတ် ၀၄၈၀) က
ထုတ်ဝေသည်။

ရန်ကုန်မြို့၊ ၃၆၁ ပြည်လမ်း၊ စာပေဗိမာန်ပုံနှိပ်တိုက်တွင်
ဒု-ညွှန်ကြားရေးမှူး (ပုံနှိပ်) ဦးခင်မောင်ကြီး (မှတ်ပုံတင်အမှတ် ၀၂၁၃၄) က
ရိုက်နှိပ်သည်။

SARPAY BEIKMAN PUBLIC LIBRARY
Acc: No ...........

# မာတိကာ

ထုတ်ဝေသူ၏ ရှင်းလင်းချက်
ကျမ်းဦးစကား(ဆရာမင်းသုဝဏ်) ........................ ၁
နိဒါန်း ........................ ၃
ရှင်းလင်းချက် ........................ ၁၄

ပထမပိုင်း။ ။ပက္ခဒိန်သမိုင်း အကျဉ်းချုပ် .... ၁၇ – ၄၁

၁။ ပက္ခဒိန်ဟူသည် .... .... .... .... .... ၁၇
၂။ ဣဂျစ်လူမျိုးတို့၏ ပက္ခဒိန်.... .... .... .... .... ၂၂
၃။ နုမာပက္ခဒိန် .... .... .... .... .... ၂၃
၄။ ဂျူလီယန် ပက္ခဒိန် .... .... .... .... .... ၂၄
၅။ ဂရက်ဂိုရီယန် ပက္ခဒိန် .... .... .... .... .... ၂၆
၆။ ကမ္ဘာ့ပက္ခဒိန်မူသစ် .... .... .... .... .... ၃၀
၇။ အိန္ဒိယ ပက္ခဒိန်သစ် .... .... .... .... .... ၃၂

ဒုတိယပိုင်း။ ။ပက္ခဒိန်၏ အင်္ဂါရပ်များ .... .... ၄၂ – ၉၆

၁။ တနင်္ဂနွေ၊ တနင်္လာ စသောနေ့များ .... .... .... ၄၆
၂။ သက္ကရာဇ်နှစ်များ .... .... .... .... .... .... ၄၈
၃။ လကော (ဥဂျိန်းမြို့) ဒေသန္တရ .... .... .... .... ၅၂
၄။ တဆယ့်နှစ်ရာသီခွင်နှင့် နက္ခတ်များ .... .... .... ၅၈
၅။ ၁၉ နှစ် လ ထပ်ကိန်း .... .... .... .... .... ၇၁
၆။ ၁၈ နှစ် နေ လ ကြွတ်ကိန်း .... .... .... .... ၇၉

တတိယပိုင်း။ ။မြန်မာဝေါဟာရ ပက္ခဒိန် .... ၉၇ – ၁၄၄

၁။ မြန်မာပက္ခဒိန် အခြေခံသဘောတရားများ .... .... ၉၇
၂။ ဝေါဟာရ ပက္ခဒိန်၏ နှစ်ဆန်းရက် .... .... .... ၁၀၃
၃။ နိရာယနနှင့် သာယနနှစ်ဆန်း .... .... .... ၁၁၈
၄။ လထပ်ခြင်း သဘောတရား .... .... .... .... ၁၂၁
၅။ ရက်ငင်ခြင်း သဘောတရား .... .... .... .... ၁၃၂

စတုတ္ထပိုင်း။ ။ဝေဖန်ချက်များ .... .... .... ၁၄၅ – ၂၄၀

၁။ သင်္ကြန်အကြောင်း .... .... .... .... .... ၁၄၅
၂။ ကဆုန်လ သင်္ကြန်နှင့် ကဆုန်လပြည့် ဗုဒ္ဓနေ့ .... .... ၁၅၉
၃။ မူမှန်ဗုဒ္ဓနေ့ .... .... .... .... .... .... ၁၆၄
၄။ အဿဇ္ဇိ နက္ခတ္တပက္ခဒိန် .... .... .... .... .... ၁၇၅
၅။ ပုဂံခေတ်မှ လွတ်လပ်ရေးခေတ်တိုင် လထပ်စည်းကမ်းများ၁၈၀
၆။ မြစ်စွာဘုရားလက်ထက်တော်၏ "မူမှန်" ပက္ခဒိန်ဝါဒ.... ၁၉၅
၇။ မူမှန်ပက္ခဒိန်၏ အခြေခံသဘောများ .... .... .... ၂၀၇
၈။ မူမှန်ပက္ခဒိန်နှင့် ရက်ကောင်း၊ ရက်ဆိုးများ .... .... ၂၁၀
၉။ ရှစ်ရက်၊ လပြည့်၊ လကွယ်၏ သဘောတရားများ .... ၂၃၈

ပဉ္စမပိုင်း။ ။သူရိယသိဒ္ဓန္တတွက်ကိန်းများ .... ၂၄၁ – ၂၈၇

၁။ သိဒ္ဓန္တကျမ်း၏ အခြေခံကိန်းများ .... .... .... ၂၄၁
၂။ စတုယုဂ်နှစ်အကြောင်း .... .... .... .... .... ၂၄၆
၃။ သာဝနရက်အကြောင်း .... .... .... .... .... ၂၄၈
၄။ စန္ဒရမာသအကြောင်း .... .... .... .... ၂၅၀
၅။ နက္ခတ်ရက်အကြောင်း .... .... .... .... ၂၅၂



၆။ တိထိရက်များအကြောင်း .... .... .... .... ၂၅၄
၇။ ဒီနွက်သဲခေါ် ခယရက်လွန်အကြောင်း .... .... ၂၅၆
၈။ သံဒိဌအတာဗိုလ် ခယရက်တွက်နည်း .... .... ၂၆၁
၉။ အဓိမာသ်လလွန်ပြိုကိန်းတွက်နည်း .... .... .... ၂၆၃
၁၀။ ဝေါဟာရ အဓိမာသ်လလွန်ပြိုကိန်း .... .... ၂၆၅
၁၁။ အဓိမာသ်ပြိုချိန်၏ သုဒ္ဓဒိန်တွက်နည်း .... .... ၂၆၆
၁၂။ အဝမာဟ ရက်ငင်ပြိုကြိမ်တွက်နည်း .... .... ၂၇၄
၁၃။ အဝမာဟ ရက်ငင်ပြိုကိန်းတွက်နည်း .... .... ၂၇၉
၁၄။ အဝမာဟ ရက်ငင်ပြိုချိန် သုဒ္ဓဒိန်ရက်တွက်နည်း .... ၂၈၀
၁၅။ ခရစ်နှစ် ၁၆၀၈ နက္ခတ်ပညာမိုင်တိုင် .... .... ၂၈၄
၁၆။ သူရိယသိဒ္ဓန္တနှင့် ခေတ်သစ်နက္ခကိန်းတို့၏
သူရိယ နေသွားကာလ စန္ဒရလသွားကာလနှင့်
တွက်သော ဗိုလ် - ၆ ပါး .... .... .... ၂၈၇
၁၇။ သူရိယသိဒ္ဓန္တကျမ်း၏ အခြေခံကိန်းများကို ခေတ်သချင်္ာ
နည်းဖြင့် ပြသောကိန်းများ .... .... .... ၂၈၉

ဆဋ္ဌမပိုင်း။ ။ နောက်ဆက်တွဲ .... .... ၂၈၈ – ၃၂၇

၁။ လွန်ပြီးသောသက္ကရာဇ်များ၏ ဝေါဟာရ
ပက္ခဒိန်တွက်နည်း။ .... .... .... ၂၈၈
၂။ ကမ္ဘာသုံး ပက္ခဒိန်၏ ထာဝစဉ် ပက္ခဒိန်
(Perpetual Calendar) .... .... .... ၃၀၆
၃။ မြန်မာသူရိယသိဒ္ဓန္တကျမ်းနှင့် အိန္ဒိယနက္ခတ်ကျမ်း၏
နက္ခတ်အံသာစီး .... .... .... ၃၁၈
၄။ စန္ဒရမာသတန်ခူး၊ ကဆုန်စသည်တို့၏ နက္ခတ်စီးအံသာ
အဝင်နှင့်အဆုံး .... .... .... ၃၂၀
၅။ "မူမှန်" အတာဗိုလ်တွက်နည်း၏ အတာဗိုလ်ပြေးကိန်း ၃၂၂
၆။ မြန်မာဝေါဟာရဝါဆိုလပြည့်၏တိထိနှင့်စန်းယှဉ်
နက္ခတ်များ .... .... .... ၃၂၅

## ဇယားများစာရင်း

ဇယားအမှတ်။

၁။ နမာပက္ခဒိန် .... .... .... .... .... ၂၅
၂။ ဂျူလီရပ်ဆီးဇာ လက်ထက် ခရစ်နှစ် ဘီစီ ၄၅ မှ
ပြုပြင်ခဲ့သော "ဂျူလီယန်" ပက္ခဒိန် .... .... ၂၉
၃။ ကမ္ဘာ့ ပက္ခဒိန် မူသစ် .... .... .... .... ၃၃
၄။ အိန္ဒိယ ပက္ခဒိန် သစ်၏ သူရိယမာသ လအမည်များ ၃၈
၅။ ။ ။ ။ နက္ခတ် ၂၇ လုံးအံသာစီး .... ၄၀
၆။ တရက်တွင် ၁၀ နာရီအပိုင်း၏ အစိုးရသောဂြိုလ်များ ၄၆
၇။ ။ ၂၄ ။ ။ ။ ။ ။ .... ၄၇
၈။ သူရိယသိဒ္ဓန္တကျမ်း၏ နက္ခတ်နှင့် ဗေဒင်လောက၏
နက္ခတ် အံသာစီး .... .... .... .... .... ၆၅
၉။ ရာဇမတ္တဏ်ကျမ်း၏ လပြည့် စန်းယှဉ်နက္ခတ်များ .... ၆၈
၁၀။ သူရိယသိဒ္ဓန္တကျမ်း၏ နက္ခတ်များနှင့် ခေတ်သစ်
နက္ခတ်ကျမ်း၏ နက္ခတ်စာရင်း .... .... .... ၆၉
၁၁။ အိန္ဒိယ ပက္ခဒိန်သစ်တွင် အသိအမှတ်ပြုသော
နက္ခတ်များနှင့် ခေတ်သစ်နက္ခတ်ကျမ်း၏ နက္ခတ်စာရင်း ၇၂
၁၂။ ၁၉ နှစ် လထပ်ကိန်း၏ ရက်ငင်အကြိမ် .... .... ၇၈
၁၃။ သက္ကရာဇ် ၁၁၂၂ မှ အစပြုသော
လထပ်ရက်ငင် နှစ်များ .... .... .... ၇၈ – ၇၉
၁၄။ ၁၈ နှစ် နေ–လ ကြတ်ကိန်း၏ နေကြတ်ရက်များ .... ၉၂
၁၅။ ။ ။ ။ ။ လ–ကြတ် ရက်များ ၉၅
၁၆။ ရာသီလ၊ နက္ခတ်လ၊ စန္ဒရမာသလ၊ ခရစ်
ပက္ခဒိန်လများ .... .... .... .... .... ၁၀၂
၁၇။ မြန်မာဝေါဟာရ ပက္ခဒိန်၏ လ နှင့် ရက်များ .... ၁၀၃
၁၈။ မြန်မာဝေါဟာရ ပက္ခဒိန်၏ သူရိယမာသနှစ်ဆန်းရက်
သက္ကရာဇ် ၁၃၁၈ – ၁၃၂၆ .... .... .... ၁၀၆



၁၉။ မြန်မာနှစ်ဆန်းသကြ်န်အတာရက် (က). သက္ကရာဇ်
၁၁၈၂ –၁၂၅၁ .... .... .... .... .... ၁၀၉
၂၀။ ။ ။ ။ ။ ။ (ခ) ၁၂၅၂–၁၃၂၁ ၁၁၂
၂၁။ (က) သက္ကရာဇ် ၁၂၆၀–၁၂၉၂၊ မြန်မာဝေါဟာရ
လပြည့်တိထီများ .... .... .... .... ၁၁၀ – ၁၁၁
၂၂။ (ခ) ။ ၁၂၉၃–၁၃၂၅ ။ ။ ။ ။ ....
၂၃။ သကြ်န်အခါတွင်း၏ ဖုဒ္ဓဂြိုဟ်စဉ်နှင့် ဘုတ္တိဘွက်ကိန်း ၁၁၆
၂၄။ မဟာသက္ကရာဇ် ၆၈ ၏ တန်ခူးနှင့် ကဆုန်လ ပက္ခဒိန် ၁၇၂
၂၅။ ။ ။ ၁၀၃ ။ ။ ။ ။ .... ၁၇၄
၂၆။ ။ ။ ၁၄၈ ။ ။ ။ ။ .... ၁၇၆
၂၇။ နက္ခတ်နှစ်များနှင့် စန္ဒရမာသ သာဝနရက်များ .... ၁၇၇
၂၈။ ပုပ္ပါးစောရဟန်း ဖြိုပြီး ပထမ ၁၉ နှစ်အဓိမာသ်ပြုနှင့်
လထပ်ကိန်း .... .... .... .... .... ၁၈၁
၂၉။ (က) သက္ကရာဇ် ၇၄၂–၇၆၀ အဓိမာသ်ပြုနှင့်
လထပ်ကိန်း .... .... .... .... .... ၁၈၃
၃၀။ (ခ) ။ ၁၁၉၈–၁၂၀၆ ။ ။ ။ ၁၈၆
၃၁။ သက္ကရာဇ် ၁၂၆၀–၆၁ ၏ မူဟောင်းနှင့် မူသစ်ပက္ခဒိန် ၁၈၉
၃၂။ ။ ။ ၁၂၇၁–၇၂ ။ ။ ။ ။ ။ ၁၉၀
၃၃။ ။ ။ ၁၂၇၉–၈၀ ။ ။ ။ ။ ။ ၁၉၁
၃၄။ ။ ။ ၁၂၉၀–၉၁ ။ ။ ။ ။ ။ ၁၉၂
၃၅။ ။ ။ ၁၂၉၈–၉၉ ။ ။ ။ ။ ။ ၁၉၃
၃၆။ ။ ။ ၁၃၀၉–၁၀ ။ ။ ။ ။ ။ ၁၉၄
၃၇။ မဟာသက္ကရာဇ် ၁၄၇ ၏ ပက္ခဒိန် .... .... ၁၉၉
၃၈။ သူရိယသိဒ္ဓန္တကိန်း၏ "မူမှန်" ပက္ခဒိန်တွက်ကိန်း
သက္ကရာဇ် ၁၃၁၅–၁၃၄၀ .... .... .... ၂၁၄
၃၉။ သူရိယသိဒ္ဓန္တကျမ်း "မူမှန်" ပက္ခဒိန်တွက်ကိန်းနှင့်
ညီညွတ်သော သက္ကရာဇ် ၁၃၁၆–၁၇–၁၈ လပြည့်၊
လကွယ် ပက္ခတိထိ .... .... .... .... .... ၂၁၇

၄၀။ "မူမှန်"ပက္ခဒိန်နှင့် ယခုသုံးပက္ခဒိန်တို့၏ လပြည့်၊ လကွယ်တိထိနှင့် လပြည့်နက္ခတ်များ။ သက္ကရာဇ် ၁၃၁၉ .... .... .... ၂၂၂
၄၁။ 〃 〃 〃 〃 〃 ၁၃၂၀ .... .... .... ၂၂၄
၄၂။ 〃 〃 〃 〃 〃 ၁၃၂၁ .... .... .... ၂၂၆
၄၃။ 〃 〃 〃 〃 〃 ၁၃၂၂ .... .... .... ၂၂၈
၄၄။ 〃 〃 〃 〃 〃 ၁၃၂၃ .... .... .... ၂၃၀
၄၅။ 〃 〃 〃 〃 〃 ၁၃၂၅ .... .... .... ၂၃၂
၄၆။ 〃 〃 〃 〃 〃 ၁၃၂၆ .... .... .... ၂၃၄
၄၇။ ဒိန္နက်သဲ ခယရက်နှင့် သက်ဆိုင်သောကိန်းများ .... .... ၂၆၃
၄၈။ တနင်္ဂနွေဂြိုဟ် ရာသီဝင်သင်္ကြန် .... .... .... .... ၂၆၉
၄၉။ အဓိမာသ် လလွန်ပြီး သာဝနနှင့် သင်္ကြန်၊ သက္ကရာဇ် ၁၅၉၀–၁၃၈၃ .... .... .... .... .... .... ၂၇၀
၅၀။ အဓိကဝါရက်ငင်ပြီး 〃 〃 〃 သက္ကရာဇ် ၁၂၈၀–၁၃၈၆ .... .... .... .... .... .... ၂၈၅
၅၁။ သူရိယသိဒ္ဓန္တနှင့် ခေတ်သစ်နက္ခတ်ကိန်းဟို၏ သူရိယနေသွားကာလ၊ စန္ဒရ လသွားကာလနှင့် တွက်သောဗိုလ် ၆ ပါး ၂၈၇
၅၂။ သူရိယသိဒ္ဓန္တကျမ်း၏ အခြေခံကိန်းများကိုခေတ်သချ်ာ (ဗိုလ် ၆ပါး) တွက်ကိန်း .... .... .... .... ၂၈၉
၅၃။ မြန်မာဝေါဟာရ တန်ခူးလဆန်းတရက်နေ့ သက္ကရာဇ် ၁၁၆၁–၁၂၂၆ ၂၉၆
၅၄။ 〃 〃 〃 〃 〃 〃 〃 ၁၂၂၇–၁၂၉၂ ၂၉၉
၅၅။ 〃 〃 〃 〃 〃 〃 〃 ၁၂၉၃–၁၃၃၁ ၃၀၁
၅၆။ ဝေါဟာရ ပက္ခဒိန်၏ တန်ခူးလဆန်းတရက်နေ့ကိန်း .... ၃၀၃
၅၇။ မြန်မာဝေါဟာရလများ၏ နေ့ကိန်း၊ (က) ရက်မစုံလများ ၃၀၄
၅၈။ 〃 〃 〃 〃 〃 (ခ) ရက်စုံလများ ၃၀၅
၅၉။ တွက်နည်းတို ဝေါဟာရလများ၏ နေ့ကိန်း .... .... ၃၀၆
၆၀ (က) ဝေါဟာရလများ၏ သာဝနရက် .... .... ၃၀၇
(ခ) တွက်နည်းတိုဝေါဟာရလများ၏ နေ့ကိန်း။ (တနည်း)။





၆၁။ ကမ္ဘာသုံး ပက္ခဒိန်လများ၏ သာဝနရက် .... .... ၃၀၈
၆၂။ **Perpetual Calendar of Julian and Gregorian style.** ၃၁၂
၆၃။ **Part year of a century.** .... .... .... .... ၃၁၃
၆၄။ **Week-days of the months.** .... .... .... .... ၃၁၄
၆၅။ **Week days on the 1st. of the month.** .... .... ၃၁၄
၆၆။ **Week days of the days of the month.** .... .... ၃၁၅
၆၇။ ကလိယုဂ်နှစ် အစပြုသော မြန်မာသက္ကရာဇ်နှင့်ခရစ်နှစ်များ ၃၁၆
၆၈။ မြန်မာသူရိယသိဒ္ဓန္တကျမ်းနှင့် အိန္ဒိယနက္ခတ်ကျမ်းအံသာစီး ၃၁၈
၆၉။ စန္ဒရမာသတန်ခူး၊ ကဆုန် စသည်တို့၏ နက္ခတ်စီးအံသာ အဝင်နှင့် အဆုံး .... .... .... .... .... .... ၃၂၀
၇၀။ "မူမှန်" အတာဗိုလ် တွက်နည်း၏ အတာဗိုလ်ပြေးကိန်း သက္ကရာဇ် ၁၃၀၁–၁၃၃၅ .... .... .... .... ၃၂၂
၇၁။ မြန်မာဝေါဟာရ ဝါဆိုလပြည့်၏ တိထိနှင့် စန်းယှဉ်နက္ခတ်များ .... .... .... .... .... ၃၂၅

## ပုံစံများစာရင်း

ပုံစံအမှတ်။

(အ )ရှေးနက္ခတ်ပညာရှင်များ၏ ဂြိုဟ်များတည်ပုံ .... .... ၄၄
(အာ)အိန္ဒိယပြည်၊ မဇ္ဈိမ ဘာရတ်နယ်၊ ဥဂျိန်းမြို့
တည်ရှိသောမြေပုံ .... .... .... .... .... .... ၃၆
(ဣ )ကမ္ဘာ၏ တိမ်းပါးမှုကြောင့် နေသွားလမ်း၊ ဥတ္တရာ၊ မဇ္ဈေ၊
ဒက္ခိဏာယာဉ်လမ်းနှင့် ကောင်းကင် နက္ခတ်များပုံ ၆၀ – ၆၁
(ဤ )မြန်မာဝေါဟာရ လပြည့် စန်းယှဉ်နက္ခတ်များနှင့်
တဆယ့်နှစ်ရာသီခွင် စက်ဝိုင်းပုံ .... .... .... ၇၁ – ၇၂
(ဥ )လပြည့်၊ လကွယ်၊ နေကြတ်၊ လကြတ်အခါများ၌ တည်ရှိသော
နေ၊ လနှင့် ကမ္ဘာတို့၏ အခြင်းအရာပုံ .... .... .... ၈၁
(ဦ )တနင်္ဂနွေဂြိုဟ် မန္ဒဥစ်၏ သဘာဝပုံ .... .... .... ၁၄၇
(အဲ )ဝေါဟာရလဆန်း၊ လဆုတ် နှင့် စန္ဒရမာသ (လ)၏ သဘာဝ
အခြင်းအရာ .... .... .... .... ၂၃၃ – ၂၃၆



## ထုတ်ဝေသူ၏ ရှင်းလင်းချက်

"မြန်မာပက္ခဒိန် သုတေသနကျမ်း"ကို ပုံနှိပ် ထုတ်ဝေခြင်းသည် နက္ခတ်ပညာ၊ ပက္ခဒိန်ပညာများကို လေ့လာ လိုက်စားသော အလေ့အထ ဖြစ်ထွန်းလာစေရန်နှင့် လေ့လာဆဲရှိသူ သုတေသီများအတွက် အထောက်အကူရရှိစေရန် ရည်ရွယ်၍ ထုတ်ဝေခြင်းသာ ဖြစ်ပါသည်။

ဤကျမ်းတွင် ပါရှိသော အယူအဆ သဘောထား များမှာ မူလကျမ်းပြုစုသူ ပုဂ္ဂိုလ်၏ အာဘော်သာလျှင်ဖြစ်၍ ယင်းအယူအဆ သဘောထားများအတွက် စာပေဗိမာန်က တာဝန်မယူပါ။ တင်ပြခဲ့ပြီးသည့်အတိုင်း နက္ခတ်ပညာ၊ ပက္ခဒိန်ပညာ လေ့လာလိုသူတို့အတွက် အထောက်အကူ ဖြစ်စေရန် ထုတ်ဝေပေးခြင်းမျှသာ ဖြစ်ပါကြောင်း။

**စာပေဗိမာန်**

## ကျမ်းဦးစကား

"ဆွမ်းခံနီးသော်
ကြယ်ကြီးနက္ခတ်၊ အခါမှတ်လျက်
လွယ်သွတ်သပိတ်
ပရိတ်ရွတ်သွား၊ သင့်ရာနားမှ"

ဟူ၍ ဝံတောင်လယ်ဘုန်းတော်ကြီး (သက္ကရာဇ် ၇၂၀ ခန့်မှ ၇၉၀ ခန့်ထိ) သည် "အရညကင်" အစချီသော တောရကျောင်း ရတုပိုဒ်စုံတွင် ဖွဲ့ဆိုခဲ့သည်။ ရှေးလူတို့သည် နေမင်း၏ ခရီးကို အကြောင်းပြု၍ နေ့တာကို သတ်မှတ်ခဲ့ကြသည်။ လမင်း၏ ခရီးကို အကြောင်းပြု၍ လတာကို သတ်မှတ်ခဲ့ကြသည်။ ကြယ်တာရာတို့၏ ခရီးကိုအကြောင်းပြု၍ ရာသီကို သတ်မှတ်ခဲ့ကြသည်။ ကာလအပိုင်းအခြားကို သတ်မှတ်ရာတွင် ကောင်းကင်ဗိမာန်တို့သည် အလွန်အရေးပါခဲ့သည်။ ထို့ကြောင့် တောရ ဆောက်တည်သော ဝံတောင်လယ်ဘုန်းတော်ကြီးသည်လည်း "ကြယ်ကြီးနက္ခတ်၊ အခါမှတ်လျက်" ရဟန်းကျင့်ဝတ်တို့ကို စောင့်ထိန်းခဲ့လေသည်။

သို့သော် ကြယ်နက္ခတ်တို့သည် ထာဝရ အသွားအလာ တည်မြဲမှန်ကန်နေသည်မဟုတ်။ နေရာတည်မြဲသည်ဟု ယူမှတ်ကာ "ဓုဝ" ဟု အိန္ဒိယတိုင်းသားများက အမည်ပေးခဲ့သော ဓုဝံကြယ်သည်ပင်လည်း သူ့အလျောက် ရွေ့ရှားလျက်ရှိပေသည်။ ထို့ကြောင့် ကြယ်နက္ခတ်

တို့ကိုမှီ၍ လူတို့စိမ့်သော ပက္ခဒိန်ကို အခါအားလျော်စွာ ပညာရှိတို့သည် ပြုပြင်ကြရပေသည်။

ဤသို့ ပြုပြင်ရာတွင် မြန်မာတို့အဖို့ ရှေးဟောင်းနက္ခတ်ဗေဒင်ကျမ်းတို့နှင့်လည်း မကင်းကွာရလေအောင်၊ ခေတ်မီ နက္ခတ္တဗေဒနည်းများနှင့်လည်း ညီညွတ်ရလေအောင် အငြိမ်းစား အင်္ဂလိပ်ကျင်နီယာ အရေးပိုင် ဦးအုန်းကြိုင်သည် မိမိနှစ်ပေါင်းများစွာ လေ့လာစုံစမ်းခဲ့သော ဗဟုသုတကို အခြေပြု၍ ဤ "မြန်မာ့ပက္ခဒိန် သုတေသနကျမ်း"ကို ပြုစုပေသည်။

သုတေသနလုပ်ငန်း၏တန်ဖိုးကို သဘောပေါက် နားလည်သော ယခုခေတ်ပညာရှင်တို့သည် ဤကျမ်းကို ဝမ်းသာအားရ ဆီးကြိုလေ့လာကြလိမ့်မည်ဟု ယုံကြည်ပါသည်။ ဤကျမ်းကိုအခြေပြု၍ ယခု ဆန်းသစ်စ အာကာသ စုံစမ်းရေးခေတ်တွင် အာကာသ သိပ္ပံပညာရပ်၏ သဲလွန်စကို မြန်မာတို့ ရကြလိမ့်မည်ဟုလည်း ယုံကြည်ပါသည်။ ဤယုံကြည်ချက်နှစ်မျိုးဖြင့် ဤကျမ်းဦးစကားကို ရေးသားအပ်ပါသတည်း။

မောင်ဝန်
စာတည်းမှူး
တာသာပြန်နှင့် စာအုပ်ထုတ်ဝေရေးဌာန
တက္ကသိုလ်များ အုပ်ချုပ်ရေးရုံး။

## နိဒါန်း

ဤကျမ်းအမည်ကို "မြန်မာပက္ခဒိန်တွက်နည်း"ဟူ၍ အမည်ပေးရန် ရည်ရွယ်ခဲ့၏။ သို့သော် အရှေ့အနောက်နက္ခတ်ဗေဒင် တွက်ကိန်းများ သုတေသနပြုခဲ့သော ဗဟုသုတလေ့လာချက်များကိုပါ စေ့စုံစွာ ဖော်ပြရေးသားလိုသဖြင့် "မြန်မာပက္ခဒိန်သုတေသနကျမ်း"ဟူ၍ အမည်ပြောင်းခဲ့ပါသည်။ ငယ်စဉ်အခါ အဘ၏ဝါသနာမှတဆင့် ခုနစ်ခုစားမဟာဘုတ်ကိန်းနှင့် ရှစ်ခုစားသက်ရောက်ဂြိုဟ်စား ကိန်းများ သင်ကြားခဲ့သည့်မျိုးစေ့မှ နက္ခတ်ဗေဒင်ပညာကို စိတ်ဝင်စားလာခဲ့ပါသည်။ ခရစ်နှစ် ၁၉၃၀ ပြည့်တွင် အင်္ဂလိပ်ဗေဒင်ကျမ်းများကို လည်းကောင်း၊ ခရစ် ၁၉၃၄ ခုနှစ်တွင် မြန်မာဗေဒင်ကျမ်းများကိုလည်းကောင်း စတင်လေ့လာခဲ့၏။ ဂျပန်ခေတ်၌ အင်္ဂလိပ်ရာဇီနက္ခတ်ပက္ခဒိန် မရနိုင်မှုကြောင့် မြန်မာနက္ခတ်တွက်ရိုးများ လေ့လာခဲ့ပါသည်။ စာရေးသူ၏အသက်မွေးဝမ်းကျောင်း အလုပ်အကိုင်မှာလည်း နေ့စဉ်နှင့်အမျှ သင်္ချာနှင့် နီးစပ်သောအင်ဂျင်နီယာ ဖြစ်သည့်အလျောက် ဗေဒင်ဟောကိန်းများထက် နက္ခတ်တွက်ကိန်းကို ပို၍ စိတ်ဝင်စားခဲ့ပါသည်။ သူရိယသိဒ္ဓန္တကျမ်း၊ မကာရန္တစသည့်ကျမ်းများ၏ တွက်ရိုးကိန်းများကိုလည်း ခေတ်မီသင်္ချာတွက်နည်းများဖြင့် နှိုင်းယှဉ်လေ့လာရှာဖွေခဲ့၏။

ဤသို့ သုတေသန ပြုလုပ်ခဲ့သော ဗဟုသုတများကို ရေးသားရာ၌ အနောက်နိုင်ငံနှင့် အိန္ဒိယနက္ခတ်ကျမ်းများမှ

(၁)ဘာသာပြန်များ (၂)နှိုင်းယှဉ် လေ့လာချက်များ၊ (၃)သုတေသနပြုခဲ့သော ကိန်းများ (၄)မိမိပင်ကိုယ် ဉာဏ်ကစားချက်များနှင့် (၅)မိမိ၏ထင်မြင်ချက်များကို ရေးသားတင်ပြပါမည်။

အနောက်နိုင်ငံနှင့် အိန္ဒိယနက္ခတ်ကျမ်းကို သူရိယသိဒ္ဓန္တကျမ်းစသော မြန်မာနက္ခတ် ကျမ်းများနှင့် နှိုင်းယှဉ် လေ့လာ ပါသည်။ ဤကျမ်းမှာ မြန်မာနက္ခတ်ကျမ်းများတွင် အနောက်တိုင်း ခေတ်မီနက္ခတ်ပညာနှင့် အလွန်နီးစပ်သော သူရိယသိဒ္ဓန္တကျမ်းရင်း၏ မူလအခြေခံကိန်းများကို အခြေခံပြု၍ရေးသားထားသောကျမ်း ဖြစ်ပါသည်။ သို့အတွက် ဤမြန်မာပက္ခဒိန် သုတေသနကျမ်းသည် သူရိယသိဒ္ဓန္တမူလကျမ်းကြီးနှင့် ခေတ်သစ် နက္ခတ်ပညာကို ပေါင်းကူးတန်တားသဖွယ် ဖြစ်စေပါသည်။

ဤကျမ်းကိုရေးသားခြင်းမှာ မြန်မာသူရိယသိဒ္ဓန္တနက္ခတ်ကျမ်းနှင့် ပညာရပ်များကို မြှင့်တင်သူ အမြောက်အမြား ပေါ်ပေါက်လာရန် ရည်ရွယ်ချက်ဖြင့် ရေးသားပါသည်။ အနောက်နိုင်ငံ နက္ခတ်ကျမ်း၏ တွက်နည်းများကို ပုံတူအသုံးမပြုပဲ သူရိယသိဒ္ဓန္တကျမ်း၏ မူလကိန်းတွက်နည်းများကို ခေတ်သချာသဘောတရားနှင့် လေ့လာ၍ မူလတွက်နည်းများအသွင်ပြောင်းနိုင်ရန် ရည်ရွယ်ချက်ဖြင့် သုတေသန ပြုခဲ့ပါသည်။ ဤကျမ်းကိုရေးစဉ်အချိန်၌ မြန်မာသူရိယသိဒ္ဓန္တကျမ်းကြီးကို ပြုပြင်ရန် မြန်မာနိုင်ငံ ပက္ခဒိန်အကြံပေးအဖွဲ့မှ ဆောင်ရွက်နေသည်ဟု ကြားသိရသဖြင့် စာရေးသူ၏ရည်ရွယ်ချက် အောင်မြင်မည်ဟု ဝမ်းမြောက်ဖွယ်ရာ ဖြစ်ပါသည်။ ဤကဲ့သို့အလားတူ မြန်မာနက္ခတ်ကျမ်းကြီးများကို ခေတ်မီအောင် ပြုပြင်နိုင်သူပညာရှိများ ပေါ်ပေါက်ပါစေသတည်းဟု ဆုတောင်းလိုက်ပါသည်။



သူရိယသိဒ္ဓန္တကျမ်းသည် ခရစ်နှစ် ၆၂၈ ၌ ဗြဟ္မာရပ္ပတိအမည်ရှိ နက္ခတ်ပညာရှိထံမှ ကူးယူ၍ ခရစ်နှစ် ၁၆၀၉ ၌ နက္ခတ်ပညာရှိ ရန်ဃနာသက ပြုပြင်သည်ဟု အိန္ဒိယပက္ခဒိန်စာတမ်းတွင် ဖော်ပြထား၏။ ထို့အပြင် ခရစ်နှစ် ၁၈၆၀ ခုနှစ်တွင် အင်္ဂလိပ်ဘုန်းကြီး အီးဘားဂျက်သည် သူရိယသိဒ္ဓန္တကျမ်းကို ဘာသာပြန်စဉ်က ရေးသားထားသည်မှာ ခရစ်နှစ် ၁၀၉၁ ၌ သူရိယသိဒ္ဓန္တကျမ်း၏ ကိန်းများသည် နက္ခတ်ဗေဒင်ပညာရှိ ဘရဘတ္တထံမှ ကူးသောကိန်းများဟု ဝါရဟမိဟိရ ဆိုသူ ပုဂ္ဂိုလ်တဦးက အဆိုရှိကြောင်း ရေးသားဖော်ပြထားသည်။ ထို့ကြောင့် သူရိယသိဒ္ဓန္တကျမ်းသည် ခရစ်နှစ် ၁၆၀၈ ၌ အနောက်နိုင်ငံတွင် တီထွင်ခဲ့သော မှန်ပြောင်းမပေါ်မီကာလ၏ နက္ခတ်ပညာကျမ်းတခုဖြစ်ကြောင်း ထင်ရှား၏။ ယင်းခရစ်နှစ်နောက်ပိုင်း ကာလတွင် နက္ခတ်ကြည့်မှန်ပြောင်းဖြင့် ကြာသပတေးဂြိုဟ်၏ ဂြိုဟ်ပွားများကို တွေ့ရှိသောခေတ်မှအစ "ခေတ်သစ်နက္ခတ်ပညာ"ဟု ခေါ်တွင်ခဲ့၏။

ရှေးရာဇဝင်များကို လေ့လာသောအခါ ကောင်းကင်နက္ခတ်များ၊ နေသွား၊လသွား၊လပြည့်၊လကွယ်၊ နေလကြတ်သောအခြင်းအရာ သဘာဝများကို သာမန်မျက်စိဖြင့်သာ လေ့လာကြည့်ရှုနိုင်ကြ၏။ သို့သော် တွက်ကိန်းများဖြင့် တွက်နိုင်သူပညာရှိများ အလွန်နည်းပါး၏။ တူးဖော်ရရှိသော ရှေးအီဂျစ်နှင့် ဘေဘီလိုနီယန်လက်ထက်များ၏ ရှေးဟောင်းပစ္စည်းများ၊ အထောက်အထားများ အရ နက္ခတ် တွက်ချက်ရေးပညာသည် ဘီစီ ၇၄၇ မှအစပြု၍ လေ့လာမှတ်သားခဲ့ကြောင်းတွေ့ရှိရ၏။ လကြတ်ခြင်းအကြောင်းဖော်ပြသော ရှေးမင်းများလက်ထက်က မှတ်တမ်းသည် နောင်ကာလကြာသောအခါ၌ နက္ခတ်တွက်နည်းများဖြင့် တွက်၍ဘီစီ ၂၂၈၃ တွင် လကြတ်ဖြစ်ခဲ့သည့်မှတ်တမ်းနှင့် ကိုက်ညီလျက်ရှိသည်ကို ပဌမဦးဆုံးတွေ့ခဲ့ရသည်။

သူရိယသိဒ္ဓန္တကျမ်းကို ပါဠိဘာသာဖြင့် ရေးသားထားသော အိန္ဒိယပြည် မာရဏသီမြို့မှ နက္ခတ်ပညာရှိ ဘဝါနီဒင်သည် ဘိုးတော်ဘုရားလက်ထက်တော်၌ အမရပူရနေပြည်တော်သို့ သက္ကရာဇ် ၁၁၄၈ (ခရစ်နှစ်

၁၇၈၆) တွင် ယူဆောင်ခဲ့၏။ ယင်းပါဠိဘာသာကျမ်းကို မောင်းထောင်ဆရာတော်ဘုရားသည် နှစ်ပေါင်းငါးဆယ် ကြာပြီးကာလ၌ မြန်မာဘာသာသို့ပြန်ခဲ့၏။ ထို့နောက် သက္ကရာဇ် ၁၂၀၃ တွင် နာဂရီဘာသာဖြင့် ရေးထားသော သူရိယသိဒ္ဓန္တကျမ်းတစောင် မြန်မာပြည်သို့ ရောက်ရှိလာခဲ့ပြန်၏။ ထိုကျမ်းကို သက္ကရာဇ် ၁၂၂၅ ခန့်တွင် ညောင်ကန် ဆရာတော်ဘုရားသည် မြန်မာဘာသာသို့ ပြန်ဆိုတော်မူ၏။ ယခုအသုံးပြုလျက်ရှိသော သူရိယသိဒ္ဓန္တကျမ်းသည် ညောင်ကန်ဆရာတော် ပြန်ဆိုတော်မူခဲ့သော နိဿျအတိုင်း ပညာရှိမြစ်စဉ်ဝန် ရွှေခဲယင်းလှေတော်အုပ်ရေးသော ကျမ်းရင်းလက်ာများအရ ပညာရှိကုက္ကိုရုံလှရွာအုပ် နေမျိုးမင်းလှကျော်သူက စကားပြေသက်သက် တွက်ချက်ထုတ်နုတ်၍ ရေးသား စီရင်သော "သူရိယသိဒ္ဓန္တကျမ်းကြီး"ဖြစ်၏။ ဤကျမ်းသည် သက္ကရာဇ် ၁၂၂၅ တွင် ရေးသားထားဟန်တူသည်ဟု ဆိုခြင်းမှာ ထိုကျမ်း၏စာမျက်နှာ ၃၅ ၌ ဘုဇဗယားတွက်နည်းတွင် "တနင်္ဂနွေစသောဖုဋ္ဌဂြိုဟ်တို့တွင် အာယနအံသာနုတ်နေ့ာ ဟူကား ယခုအခါ ၂၁ အံသာ၊ လိတ္တာ ၄၇ နေ့ာ၊ အာယနဂြိုဟ်ဖြစ်၏....ဟူသောအချက်ကို အကြောင်းပြု၍ တွက်ကြည့်သောအခါ ထိုအာယနအံသာသည် သက္ကရာဇ် ၁၂၂၅ ၏ အာယနအံသာဖြစ်ကြောင်း"ဟူ၍တွေ့ရသောကြောင့်ဖြစ်၏။ သက္ကရာဇ် ၁၂၃၀ တွင် ပညာရှိ ကံနီအတွင်းဝန်မင်းကြီး မဟာမင်းခေါင်သခ်ယသည် ဗေဒင်နက္ခတ်ပညာ တွက်ရိုးကျမ်းများ ကျွမ်းကျင်သော မိပုရားခေါင်ကြီး အမိန့်အရ သူရိယသိဒ္ဓန္တစသော ဗေဒင်ကျမ်းကြီးကျမ်းခိုင်တို့နှင့် ညှိနှိုင်းတွက်ချက်၍ ရေးသားဆက်သွင်းသော "ဗိုလ်ဋီကာ၊ မကာရန္တဗေဒင်လက်ရိုးဋီကာ" တွင် မူလသူရိယသိဒ္ဓန္တကျမ်း၏ ကိန်းဂဏန်းများကို မျက်မြင်တိုင်းထွာ၍ ချွတ်ယွင်းချက်များကို ဖော်ထုတ် ခဲ့လေသည်။ မူလကျမ်းရင်း၏ ကိန်းများ တိမ်းပါးကွဲပြားပုံကို ကံနီအတွင်းဝန်မင်းကြီးကိုယ်တိုင် လက်တွေ့သုတေသနပြုလုပ်၍ ရေးသားထားသော ကျမ်းမှကောက်နုတ်ချက်အနည်းငယ်ကို တင်ပြပါမည်။

> သိဒ္ဓန္တကျမ်းတွင် မဇ္ဈေမှ တောင်သို့ ၂၄၊ မြောက်သို့ ၂၄၊ အံသာ ကြန္တိဆုံးထားသည်။ တိုင်းသောအခါ ၂၃ အံသာနှင့်



> ၂၈ လိတ္တာခန့်သာရ၏။ ဒက္ခိဏာယာဉ်ဆုံး၊ ဥတ္တရာယာဉ်ဆုံး၊ နတ–နှစ်ရပ် ၄၈ အံသာ ရှိမရှိသေချာစွာတိုင်း၍ မည်မျှရှိသည်ဆုံးဖြတ်ရ၏။ (စာမျက်နှာ ၂၀)
>
> မြန်မာသက္ကရာဇ် ၁၂၀၉ ကလိယုဂ် ၄၉၄၈ တွင် ပဋ္ဌဂဏ (၈၈) နေ့ာ၊ ၅၀၃၆ ကို ၁၈၀၀ စား၊ အကြွင်း ၁၄၃၆ ဖြစ်၏။ ၉ ခုမြောက်၊ ၆၀၀ စား၊ ၂၁ အံသာနှင့် ၃၂ လိတ္တာ၊ ဝိလိတ္တာ ၂၄ ရသည်ဖြစ်၍ မျက်မြင် မြင်သည့် အာယနနှင့် ဥရောပအာယန ၃ လိတ္တာခန့်ကွာသည်ကို သိရ၏။ (စာမျက်နှာ ၂၅)
>
> 'နက္ခတ်သည် မြဲသောသွားခြင်းရှိ၏' ဆိုရာ၌ ပမာဏမပြုလောက်သည်ကို အကြောင်းပြု၍ဆိုသည်။ နေမင်း၏ ကိုယ်ပွားဖြစ်သော အမအေသုယာဇီရင်သော သူရိယသိဒ္ဓန္တကျမ်းနက္ခတ်ပိုင်း, ဘောဂလိတ္တာစီးနှင့် ယခုတိုင်းထွာကြည့်ရှုရာ တထပ်တည်းမကျ ကွဲပြားသည်အကြောင်း။ (စာမျက်နှာ ၅၁)

ကံနီအတွင်းဝန်မင်းကြီး၏ အချို့သော သုတေသနပြုချက်များမှာ သက္ကရာဇ် ၁၂၃၀ ခေတ်ကာလ၌ လက်တွေ့လေ့လာခဲ့ကြောင်း တွေ့ရ၏။ သက္ကရာဇ် ၁၂၄၇ သီပေါခေတ်မှအစ မြန်မာပြည်တွင် အင်္ဂလိပ်များအုပ်စိုးသောခေတ်နှင့် မြန်မာ့ လွတ်လပ်ရေးခေတ်သို့ ရောက်ခဲ့သော ကာလတလျှောက်အတွင်းဝယ်၊ ပထမ မောင်းထောင် ဆရာတော်နှင့် ညောင်ကန် ဆရာတော်ဘုရားကြီးများ ဘာသာပြန်ခဲ့သော သူရိယသိဒ္ဓန္တကျမ်းသည် နှစ်ပေါင်း ၁၀၀ ကျော်ရှိခဲ့လေပြီ။ ထိုကာလအတွင်း ကံနီအတွင်းဝန်မင်းကြီးကဲ့သို့ လက်တွေ့လေ့လာ၍ ဤကိန်းများတိမ်းပါးမှုကို ထုတ်ဖော်ရေးသားသော ပုဂ္ဂိုလ်မျိုး ယခုတိုင် တဦးတယောက်မျှ မပေါ်ပေါက်ခဲ့ ဘူးချေ။ သို့အတွက် သူရိယသိဒ္ဓန္တကျမ်းကြီး၏ ကိန်းများတွက်နည်းများကို ခေတ်မီနက္ခတ် တွက်ကိန်းကျမ်းဖြစ်မြောက်စေရန် မူလကံနီ အတွင်းဝန်မင်းကြီး လက်တွေ့ လေ့လာခဲ့သော သက္ကရာဇ် ၁၂၃၀ ကို မူတည်၍ နောင်လာမည့် သက္ကရာဇ် ၁၃၃၀ တွင် မြန်မာနက္ခတ်ရာပြည့်နှစ် အထိမ်းအမှတ်ဖြင့် ဗေဒင်ပညာရှိနှင့် နက္ခတ်ပညာရှိများ တိုင်ပင်နှီးနှောဖလှယ်ပွဲကြီးတခု ပြုလုပ်နိုင်ရန် ကြိုးစားကြစေလိုပါသည်။

ရာဇဝင်သမိုင်း စာအုပ်များ အဘယ့်ကြောင့် ယနေ့တိုင် ရေးသားကြသနည်း။ ရာဇဝင်သမိုင်းများသည် တမင်းတက်၊ တမင်းဆင်းသောမင်းအဆက်ဆက်၏ အကြောင်းများ ရေးထားသဖြင့် ဖြစ်ပြီးခဲ့သောအကြောင်းသိသော်လည်း အကျိုးဘယ်ကဲ့သို့ ရမည်လဲဟု တချို့က ဝေဖန်ကြပေမည်။ အကျိုးကိုရှာသော် (က) မှားခဲ့သောအချက်များ။ (ခ) သာယာထွန်းပြောင်ခဲ့သောကာလနှင့် အကျိုးများ။ (ဂ)အမှားများကို စံတင်၍ နောင်ကာလများ၌ပြုပြင်မှတ်သားသင့်သော အချက်စသည်များ ဝေဖန်ပိုင်းခြားရန် အကျိုးကိုရ၏။ ရှေးရာဇဝင်များ လေ့လာသကဲ့သို့ မြန်မာပက္ခဒိန် ပညာကိုလည်း ကြည့်ရှုလေ့လာ၍ အကျိုးအပြစ်များ ဝေဖန်ဆန်းစစ်သင့်၏။ ယခုအခါအိမ်တိုင်း၌ ဆွဲချိတ်ထားသော ပက္ခဒိန်များသည် နှစ်ကုန်ဆုံးသည်နှင့်တပြိုင်နက် စက္ကူစုတ်ဘဝသို့ ရောက်ကုန်ကြ၏။ နောက်ထပ် ထိုနေရာ၌ အသစ်တခု ချိတ်လိုက်၏။ ဤကဲ့သို့နှစ်စဉ်နှစ်တိုင်း အသစ်တခုထပ်ခါထပ်ခါချိတ်ကြ၏။ ပက္ခဒိန်၌ ဝါကြီးထပ်နှစ်ဆိုလျှင် လိုက်နာကြရ၏။ ဝါငယ်ထပ်နှစ်ဆိုလျှင် လိုက်နာကြရ၏။ အဘယ့်ကြောင့် ဝါထပ်သည်၊ ရက်ငင်သည်ဟု ပက္ခဒိန်အကြောင်း သိသူအလွန်နည်း၏။ စာသင်ကျောင်းများ၌ ကျောင်းသားသူငယ်များအား မြန်မာပက္ခဒိန်အကြောင်း သင်ကြားသောအလေ့အထမရှိချေ။ တခါတရံပက္ခဒိန်ပညာရှိများအချင်းချင်း မညီညွတ်မှုကြောင့် ဝါထပ်ရက်ငင်ပြဿနာများပေါ်သည့်အခါအငြင်းအခုံဖြစ်ကြ၏။ ထိုအခါ သတင်းစာဖတ်သူများ အနည်းငယ်လှုပ်လှုပ်ရှားရှားဖြစ်လာ၏။ မြန်မာတို့ မြန်မာပက္ခဒိန်အကြောင်း စိတ်မဝင်စားကြခြင်းမှာ ပက္ခဒိန်အကြောင်း စာအုပ်စာတမ်းများ နည်းပါးမှုကြောင့်ဖြစ်၏။ နက္ခတ်ဗေဒင် လိုက်စားသူများမှတပါး ဖတ်ကြားလေ့လာနိုင်သော သံဒိဋ္ဌစသည့် ကျမ်းများ၏ ခဲရာခဲဆစ်ရေးသားချက်ကြောင့် ပို၍စိတ်ဝင်စားမှု နည်းပါးကြလေသည်။ ထို့ကြောင့် မြန်မာတိုင်းရင်းသားများတို့သည် မြန်မာပက္ခဒိန်များတွင် စိတ်ဝင်စားကြစေရန် ပက္ခဒိန်ထုတ်ဝေသူများသည် အောက်ဖော်ပြပါ အချက်များကို အင်္ဂလိပ်ရက်စွဲတွင် ပူးတွဲရိုက်နှိပ်သင့်၏။



၁။ မြန်မာ ဝေါဟာရ လပြည့်၊ လကွယ်၊ ရှစ်ရက်၊ ဥပုသ်နေ့များနှင့် သဘာဝမုချလပြည့်နေ့နှင့် အချိန်နာရီများ
၂။ ဝေါဟာရ လပြည့်နေ့များ၏ မုချစန်းယှဉ်နက္ခတ်များ
၃။ နေ့ကြွတ် လကြွတ်ဖြစ်သော ရက်နှင့် အချိန်နာရီများ
၄။ သင်္ကြန်ကျသောအချိန်နှင့် သင်္ကြန်တက် နှစ်ဆန်းအချိန်နာရီများ (ယခုရှိပြီ)
၅။ သူရိယ မာသရာသီဝင်ချိန် (ရာသိသင်္ကန္တိ) ရက်နှင့် နာရီများ

အထက်ပါအချိန်နာရီများသည် မြန်မာသူရိယသိဒ္ဓန္တနှင့် တွက်သောနာရီများသာဖြစ်ရမည်။ အနောက်နိုင်ငံနက္ခတ်ကျမ်းနှင့် အချိန်အနည်းငယ်ကွာပေမည်။ ဤသို့အချိန်ကွာမှုမှာ သူရိယသိဒ္ဓန္တကျမ်း၌ တနင်္ဂနွေပြုဟ်သွားသည် နိရယနနှစ် (Sidereal Year) ဖြစ်၍ အနောက်နိုင်ငံနက္ခတ်ကျမ်း၏တနင်္ဂနွေပြုဟ်သွားသည် သာယနနှစ် (Tropical Year) ဖြစ်သောကြောင့်တည်း။ တွက်နည်းတူသော်လည်း အချိန်နာရီအနည်းငယ်ကွာပေမည်။ ဤသို့ အချိန်အနည်းငယ်ကွာသော် အချို့ပုဂ္ဂိုလ်တို့သည် အထက်ပါအခြင်းအရာတို့ကို မသိ၍မှားသည်ဟုယူဆရန်မလိုချေ။

စာရေးသူသည် ထုတ်လုပ်ပြီးဖြစ်သော လွန်ခဲ့သည့် သက္ကရာဇ်များ၏ ပက္ခဒိန်များကို ဝေဖန်၍ အကောင်းဆုံးပက္ခဒိန်ဖြစ်ပေါ်ရေးကို ဦးတည်လျက် လထပ်ရက်ငင်ကိန်းများဖြင့်ပက္ခဒိန်တွက်နည်းအမျိုးမျိုး သုတေသနပြုခဲ့ပါသည်။ ယင်းသို့ ပြုခဲ့သည့်အတိုင်း စာရေးသူ၏ သဘောအရ အကောင်းဆုံးသော မြန်မာဝေါဟာရ ပက္ခဒိန်တွင် ပြည့်စုံစေလိုသော အချက်များမှာ

၁။ မြန်မာဝေါဟာရတန်ခူးလသည် မြန်မာ့ပက္ခဒိန်တွင် နှစ်ဦးပထမလဖြစ်၍ ယင်းနှစ်ဦးတန်ခူးလ၌သာ သင်္ကြန်အတာတက် နှစ်ဆန်းရက်ကျစေရမည်။ ကဆုန်လသည် ဒုတိယလဖြစ်၍ အစဉ်အမြဲ သင်္ကြန်ကင်းစေရမည်။
၂။ ကဆုန်လပြည့်နေ့သည် ကောန်အမှန် မြတ်စွာဘုရားမွေးနေ့၊ ဗုဒ္ဓဘုရားဖြစ်တော်မူသောနေ့နှင့် ပရိနိဗ္ဗာန်ပြုသောနေ့များ၏ နှစ်

ပတ်လည် လပြည့်နေ့ (Anniverseıy Full Moon) များ၌ မုချ လပြည့်၍ နိုင်ငံခြားဗုဒ္ဓပူဇော်ပွဲနေ့များနှင့် ညီညွတ်စေရမည်။

၃။ ဝါဆိုလပြည့်သည်လည်း မုချလပြည့်ပြီး အသင့်နက္ခတ်နှင့် စန်းယှဉ်၍ လပြည့်စေရမည်။

၄။ နေကြတ်သောအခါ၌ ဝေါဟာရ လကွယ်ဥပုသ်ရက်၌ ကြတ်၍ လကြတ်သောအခါ၌ ဝေါဟာရလပြည့်ဥပုသ်ရက်၌ ကြတ်စေရမည်။ တခါတရံနေလကြတ်သောအချိန်၏ ဒေသန္တရကွာခြားမှုကြောင့် လဆန်းတရက်၌နေကြတ်၍ လဆုတ်တရက်၌ လကြတ်ခြင်းကို လက်ခံနိုင်ရမည်။

၅။ အထူးအရေးကြီးသောအချက်မှာ ယခု ကမ္ဘာသုံး ဂရက်ဂိုရီယန်ပက္ခဒိန်သည် အတိတ်နှင့် အနာဂတ်နှစ်များ၏ ပက္ခဒိန်ကို စီစဉ်နိုင်သကဲ့သို့ မြန်မာဝေါဟာရပက္ခဒိန်သည်လည်း အနာဂတ် နှစ်ပေါင်းရာထောင်မကာ တင်ကြိုတွက်နိုင်သောနည်း ရှိရမည်။ ဤအချက်များဖြင့် ပြည့်စုံသောပက္ခဒိန်သည် ကမ္ဘာနှင့်ရင်ဘောင်တန်းနိုင်သောခေတ်မီပက္ခဒိန်ဖြစ်ပေမည်။

ဤ'မြန်မာပက္ခဒိန်သုတေသနကျမ်း'၏ စတုတ္ထပိုင်းတွင် အထက်ဖော်ပြပါအချက်ကြီးငါးချက်နှင့် ပြည့်စုံသော "မူမှန်ပက္ခဒိန်"၏အခြေခံသဘောတရားများ၊ အကျိုးအပြစ်များအကြောင်းကို ရေးသားထားပါသည်။ တွက်ကိန်းများလည်း ဖော်ပြထားပါသည်။ ဤ'မူမှန်ပက္ခဒိန်'တွက်ကိန်းများသည် သူရိယသိဒ္ဓန္တကျမ်း၏ ပက္ခဒိန်တွက်နည်းများကို အခြေခံပြု၍ သုတေသနပြုခဲ့သောနည်းဖြစ်ပါသည်။ ဤမူမှန်ပက္ခဒိန်တွက်နည်းဖြင့် ဘုရားအလောင်းတော် ဖွားမြင်ခဲ့သော မဟာသက္ကရာဇ် ၆၈ ဗုဒ္ဓဘုရားဖြစ်တော်မူသော မဟာသက္ကရာဇ် ၁၀၃ နှင့် မြတ်စွာဘုရားပရိနိဗ္ဗာန်ပြုတော်မူသော မဟာသက္ကရာဇ် ၁၄၈ ၏ ပက္ခဒိန်များတွက်သောနည်းဖြစ်၍ 'မူမှန်ဗုဒ္ဓဝါဒီ'ပက္ခဒိန် ဖြစ်ပေသည်။

ယခုကာလအထိ ထုတ်လုပ်ပြီးစီးခဲ့သော အတိတ်နှစ်များ၏ ပက္ခဒိန်များကို ဤ "မူမှန်ပြက္ခဒိန်"တွက်နည်းဖြင့်တွက်သော် နှစ်အနည်းငယ်သာ ညီနိုင်သည်။ သာမန်နှစ်၊ ဝါကြီးထပ်နှစ်၊ ဝါငယ်ထပ်နှစ်သို့၍



တန်ခူးလဆန်းတရက်၏ နေ့များသိမှသာလျှင် ပက္ခဒိန်စီစဉ်နိုင်ပေသည်။ အနာဂတ်နှစ်များအတွက်မူ ပက္ခဒိန်တွက်ကိန်းများမရှိချေ။ လထပ်ရက်ငင်စည်းကမ်းများကြောင့် တင်ကြိုတွက်ရန် ခဲယဉ်းသဖြင့် ကမ္ဘာ့အဆင့်အတန်းမီသော ပက္ခဒိန်မဟုတ်ချေ။ ယခုမူမှန် ပက္ခဒိန်သည် စာရေးသူ တီထွင်သော နည်းသစ်များမဟုတ်ချေ။ မူလသူရိယသိဒ္ဓန္တကျမ်း၏ တွက်ကိန်းများကို မူတည်သောနည်းဖြစ်၍ တွက်ကိန်းဖြင့် သာမန်နှစ် လထပ်နှစ်နှင့် ရက်ငင်နှစ်ဟူ၍ ပြဿနာဆုံးဖြတ်ပြီးဖြစ်သဖြင့် ဝါထပ်ရက်ငင်ပြဿနာကို တုတ်ထမ်း၍ အငြင်းပွားရန်မလိုချေ။

စာဖတ်သူများသည် စတုတ္ထပိုင်းရှိ ပက္ခဒိန်ဝေဖန်ချက်ကို အထူးဂရုပြု၍ ဖတ်ကြား လေ့လာပြီးသော် စာရေးသူ၏ "မူမှန်ပက္ခဒိန်" သဘောတရားများကို ဝေဖန်ပိုင်းခြား၍ ယခုကဲ့သို့ ပြုပြင်ပြောင်းလဲသောခေတ်၌ အသုံးပြုရန်သင့်မသင့်ကို အဆုံးအဖြတ် ပြုနိုင်ကြစေလိုပါသည်။

စာရေးသူ ပက္ခဒိန်အကြံပေးအဖွဲ့ဝင်ဖြစ်စဉ်က ယခုအခါ ကမ္ဘာ၌ ခေတ်စားလျက်ရှိသော အာကာသပညာ၏ အစဖြစ်သော နက္ခတ်ပညာလေ့လာ နိုင်ရန် နက္ခတ်ကြည့် မျှော်စင် (Observatory) တည်ဆောက်၍ သင့်တင့်လျောက်ပတ်သော နက္ခတ်ကြည့် မှန်ပြောင်းကိရိယာများ အစိုးရကထားပေးရန် သက်ဆိုင်ရာ အာဏာပိုင်များကို ဆယ်နှစ်ဆယ်မိုး အကြံများပေးခဲ့ပါသည်။ မအောင်မြင်ခဲ့ချေ။ *မြန်မာ သူရိယသိဒ္ဓန္တကျမ်း၏ ကိန်းများသည် ရှေးရှေးကျမ်းပြုစဉ် ကာလ၏ သဘာဝမှ လေ့လာခဲ့သောကိန်းများဖြစ်၍ ယခုအခါကာလများ၌ ကိန်းအတွင်းဝန်မင်းကြီးလေ့လာသကဲ့သို့ သဘာဝနှင့်တွက်ကိန်းများညီညွတ်ခြင်းမရှိသည်မှာ နက္ခတ်ပညာရှိများအသိပင် ဖြစ်ပါသည်။ နက္ခတ်တွက်ကိန်းများသည် သဘာဝနှင့်ညီညွတ်မှုရှိ-မရှိများကို နက္ခတ်ကြည့်သော မှန်ပြောင်းများဖြင့်သာ ကြည့်ရှုလေ့လာစစ်ဆေးနိုင်ပေမည်၊ အချို

* ယခုအချိန်အထိမရှိသေးပါ။ သက်ဆိုင်ရာ ယဉ်ကျေးမှုဝန်ကြီးဌာနမှ စတင်လုပ်ကိုင်သင့်ပါပြီ။

သောပုဂ္ဂိုလ်တို့က နက္ခတ်ကြည့်မျှော်စင် ၏ သက်တမ်း ၂၀၀ ကျော် ရှိပြီးလျှင် နက္ခတ်ပညာများ၏ ကိန်းများဖြင့် ပြီးသော အနောက်နိုင်ငံနက္ခတ်ကျမ်းကို ဘာသာပြန်သော် ခေတ်မီနက္ခတ်ပညာ လေ့လာသင်ကြားနိုင်မည်ဟု ဆိုကြပေလိမ့်မည်။ ဤအချက်ကို စာရေးသူလက်ခံပါသည်။ အနောက်ခေတ်မီနက္ခတ်ပညာများ၏ ဘာသာပြန် နက္ခတ်ကျမ်းများလည်း ရှိအပ်ပေသည်။ မြန်မာတို့၏ ယဉ်ကျေးမှုတရပ်ဖြစ်သော မြန်မာဝေါဟာရ ပက္ခဒိန်တွက်သော မြန်မာသူရိယသိဒ္ဓန္တကျမ်း၏ ကိန်းများကို လက်လှမ်းမီသော ပုဂ္ဂိုလ်များအတွက် ခေတ်မီသောသင်္ချာတွက်နည်းဖြင့်လည်း ပြုပြင်ရန် လိုအပ်ပေသည်။

ယခုရေးသောကျမ်း၏ ကိန်းများသည် ဒသမပိုင်းများဖြင့် ဖော်ပြထားပါသည်။ မူလသူရိယသိဒ္ဓန္တကျမ်းတွင် သာဝနရက်နှင့် ရက်ပိုင်းကိန်းများသည် မြန်မာနာရီ၊ ဗီဇနာ၊ အခယာ၊ ပိခယာ စသည်ဖြင့် ဖော်ပြပါရှိပါသည်။ ရာသီ၊ အံသာ၊ လိတ္တာ၊ ဝိလိတ္တာများသည် ခေတ်သင်္ချာအခေါ်ဖြင့် ဒီကရီ၊ မိနစ်၊ စက္ကန့်နှင့်အတူတူဖြစ်၏။ အဆိုပါကိန်းများ၏ တွက်နည်းများကို ခေတ်သင်္ချာတွက်နည်းဖြင့် တင်ပြရခြင်းအကြောင်းမှာ ဤသင်္ချာနည်းသည် ယခုခေတ် စာသင်ကျောင်းများ၌ သင်ကြားလေ့လာလျက်ရှိသော ဒသမသင်္ချာတွက်နည်းများ ဖြစ်သောကြောင့်တည်း။ သင်္ချာစက်ဖြင့် တွက်သောအခါ၌ လွယ်ကူစေခြင်း၊ ဒသမတွက်နည်းသည် ကမ္ဘာအဝှန်းရှိ နက္ခတ်ပညာရှင်များ အသုံးပြုခြင်းနှင့် မြန်မာနက္ခတ်ပညာတွက်နည်း အဆင့်အတန်း တိုးတက်မှုရည်ရွယ်လျက် ဤဒသမသင်္ချာတွက်နည်းကို အသုံးပြုရပေသည်။ ဒသမပိုင်းမှ မိမိတို့အလိုရှိသော စက်နာရီ၊ မြန်မာနာရီ၊ အံသာ၊ လိတ္တာ၊ ဝိလိတ္တာနှင့် တိထိ ဃဍီ စသည်များကို တိကျမှန်ကန်စွာ တွက်ယူနိုင်သည်။

အများအားဖြင့် အယူအဆရှိကြသည်မှာ မြန်မာပက္ခဒိန်တွက်နည်းများသည် သာမန်ပုဂ္ဂိုလ်များ နားမလည်နိုင်။ ဗေဒင်ပညာနှင့် အသက်မွေးဝမ်းကျောင်း ရှာဖွေသူများသာ ဤပညာကျွမ်းကျင်မှု ရှိသည်ဟု ဆင်မြင်ကြ၏။ ဤအယူအဆသည် မှားသည်ဟုမဆိုလို။ ဗေဒင်ဟော



ကိန်းများသည် ဟောသောအလေ့အထရှိသူများသာလျှင် လက်တွေ့ဟုသုတကြောင့် ပရိယာယ်များနှင့်တကွ ဟောနိုင်ပေ၏။ သို့သော် မြန်မာပက္ခဒိန်တွက်ကိန်းများသည် သင်္ချာတွက်ကိန်းများသာဖြစ်၍ သူရိယသိဒ္ဓန္တကျမ်း၏သဘောတရားများကို နားလည်၍ အထက်တန်းသင်္ချာ (Trigonometry) တတ်မြောက်သော ပုဂ္ဂိုလ်များသည် ပက္ခဒိန်တွက်နည်းများ ကျွမ်းကျင်မှု ရှိနိုင်ပေသည်။ သို့သော် စာရေးသူသည် ဤကျမ်းကို ရေးသားခြင်းကြောင့် မြန်မာပက္ခဒိန်ပညာ၌ ငါဆရာတဆူဟူသောသဘောဖြင့် ရေးသားခြင်းမဟုတ်ပေ။ မိမိလေ့လာသုတေသနပြုခဲ့သော ပညာတစိတ်တဒေသကို တိုင်းရင်းသားအများ သိနားလည်နိုင်ကြစေသောဟူ၍ စေတနာအရင်းခံလျက် ရေးသားတင်ပြပါသည်။ အချို့စာဖတ်သူတို့သည် စာရေးသူထက်ပင် ပက္ခဒိန်ပညာ အလိမ္မာကြီးသူဖြစ်ပေမည်။ ထို့ကြောင့် အမှားများပါရှိသော် ညွှန်ကြားပါက ပြင်ဆင်ရန်ဝန်မလေးပါ။ နက္ခတ်ပညာတိုးတက်မှုသာလျှင် အဓိကအချက်ကြီးဖြစ်ပါသည်။

ခေတ်မီ မြန်မာနက္ခတ်ကျမ်းများ ပေါ်ပေါက်ပါစေသတည်း။

ဦးအုန်းကြိုင်
အငြိမ်းစားအင်ဂျင်နီယာအရေးပိုင်
မြန်မာနိုင်ငံပက္ခဒိန်အကြံပေးအဖွဲ့ဝင်ဟောင်း

နေ့စွဲ။ သက္ကရာဇ် ၁၃၂၆။
ခရစ်နှစ် ၁၉၆၄။

## ရှင်းလင်းချက်

ဤကျမ်းတွင် ရေးသားထားသော မြန်မာဝေါဟာရ စကားများ အတွက် အနည်းငယ်ရှင်းလင်းပါအံ့။ ပက္ခဒိန်ဟူသော ပုဒ်ကို ပြက္ခဒိန်၊ သို့မဟုတ် ပျက္ကဒိန်ဟူ၍ စာလုံးပေါင်းလေ့ရှိကြသည်။မြန်မာနိုင်ငံတော် အစိုးရခန့်အပ်သော ပက္ခဒိန်အကြံပေးအဖွဲ့၏ ဆွေးနွေး ဆုံးဖြတ်ချက် တွင် ပက္ခဒိန်ဟူ၍ စာလုံးပေါင်း ပြုပြင်ထားသည်။ ပက္ခဒိန်ဟူသော ပုဒ်တွင် ပက္ခနှင့် ဒိန ပုဒ်နှစ်မျိုးကို ပေါင်းစပ်ထားသည်။ ပက္ခ+ဒိန ပက္ခဟူသည် လဆန်း ပက္ခ၊ လဆုတ် ပက္ခဟူ၍ 'လ'၏ အခြင်းအရာနှစ် မျိုးကို အမှီပြု၍ ဒိန ဟူသည် နေ့ရက်များဟူ၍ အဓိပ္ပာယ် ပေးပါသည်။ ထို့ကြောင့် ပက္ခ+ဒိန ပက္ခဒိန်ဟူ၍ ရေးသားလျှင်လည်း ဖြစ်ပါသည်။

မြန်မာပက္ခဒိန်၏ နှစ်များနှင့် အင်္ဂလိပ်ကမ္ဘာသုံး ပက္ခဒိန်၏ နှစ်များတွင်

၁။ မြန်မာပက္ခဒိန်၏နှစ်များ ရေးသားရာ၌–

(က) ကလိယုဂ်နှစ်—မြန်မာနက္ခတ် တွက်ကိန်းများ အစပြု သောနှစ်များ။

(ခ) မဟာသက္ကရာဇ်—ကလိယုဂ် နှစ်များကို ဘိုးတော် အဉ္စနမင်းကြီး ဖြိုပြီးသော နှစ်များဖြစ်၏။

(ဂ) သာသနာနှစ်—မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုပြီး ကာလ၊ အဇာတသတ်မင်း ဖြိုပြီးသောနှစ်။

(ဃ) သက္ကရာဇ်—ပုပ္ပါးစောရဟန်းမင်းဖြိုပြီးသောသက္ကရာဇ် (ယခု အသုံးပြုသော သက္ကရာဇ်နှစ်များ)။



'သက္ကရာဇ်'ဟူသော ပုဒ်၏နောက်တွင် ဂဏန်းများသာ ဖော်ပြ၍ ခုနှစ် ဟူသော ပုဒ်မရေးသော်လည်း ရေးသကဲ့သို့မှတ်ပါလေ။ ပက္ခဒိန် စာတမ်းဖြစ်၍ သက္ကရာဇ်ဟူသော ပုဒ်အများအပြား ရေးရသည့်အပြင် ဖတ်ရာ၌လည်း ၃ နှင့် ခု ကိုရင်း၊ ၇ နှင့် ခုနစ်ကိုရင်း ဖတ်ရာ၌ အဆင် မပြေ မှားယွင်းတတ်ပါသောကြောင့် ပြုပြင်၍အသုံးပြုခြင်းကို စာဖတ် သူများ လက်ခံစေလိုပါသည်။

၂။ အင်္ဂလိပ်ကမ္ဘာသုံး ပက္ခဒိန်နှစ်များ ရေးသားရာ၌ ခရစ်နှစ်ဟူ၍ ရေးသားခြင်းမှာ ခရစ်သက္ကရာဇ် သို့မဟုတ် အင်္ဂလိပ်သက္ကရာဇ် ဟူ၍သုံးလျှင် မသင့်လျော်ချေ။ သက္ကရာဇ် ဟူသောပုဒ်သည် သာကခေတ် (Saka Era)မှ ဆင်းသက်သော ပုဒ်ဖြစ်၍ အနောက်နိုင်ငံ၏နှစ်များနှင့် မသက်ဆိုင်ချေ။

ထို့ကြောင့် ယင်းတို့ကို အောက်ပါအတိုင်း ရေးသား ဖော်ပြသွား ပါမည်။

ခရစ်နှစ် = အင်္ဂလိပ်နှစ် (Christian Era)
ဘီစီနှစ် = ခရစ်မဖွားမီနှစ်များ (Before Christ)
အေဒီနှစ် = ခရစ်ဖွားပြီး နောက်နှစ်များ (ANNO DOMINI, After Christ)

စာရေးသူ

# ပထမပိုင်း
# ပက္ခဒိန်သမိုင်းအကျဉ်းချုပ်

## ၁။ ပက္ခဒိန် ဟူသည်

ပက္ခဒိန်ဟူသည် အချိန်ကာလ ပိုင်းခြား သတ်မှတ်ခြင်း၊ တနည်းအားဖြင့် ရက်အပိုင်းအခြား၊ လ အပိုင်းအခြား၊ ဥတုရာသီ အပိုင်းအခြား၊ နှစ် အပိုင်းအခြားတို့ကို သတ်မှတ်ခြင်း ဖြစ်၏။

ရှေးအခါ ကာလများ၌ ရက်အပိုင်းအခြားသည် ပထမ နေထွက်ချိန်မှ နောက်တနေ့ နေထွက်ချိန်အထိ ‘တရက်’ ဟူ၍ သတ်မှတ်၏။ တနည်းမှာ နေထွက်မှ နေဝင်အထိ ‘နေ့ပိုင်း’ နှင့် နေဝင်မှ နောက်တနေ့ နေထွက်အထိ ‘ညဉ့်ပိုင်း’ ဟူသော အချိန် နှစ်ပိုင်းသည် ‘တရက်’ မည်၏။ ထို့ကြောင့် မြန်မာ ဗုဒ္ဓဘာသာ များ ဥပုသ် စောင့်ထိန်းသောအခါ၌ နေထွက်မှ နောက်တနေ့ နေထွက်အထိ စောင့်ထိန်းရသည်။ မြန်မာမင်းများ လက်ထက် ၌လည်း နေထွက်မှ အစပြု၍ ပဟိုရ်နာရီဖြင့် နေ့ ပဟိုရ်နာရီ လေးချက်၊ ညဉ့်ပဟိုရ်နာရီ လေးချက်၊ ပဟိုရ်နာရီ ရှစ်ချက်ဖြင့် တရက် ဟူ၍ သတ်မှတ်ထား၏။ ထို့နောက် လူတို့၏သမိုင်းတွင် ယဉ်ကျေးမှုတိုးတက်၍ ‘စက်နာရီ’ တီထွင်ခဲ့သည့်ကာလမှ စပြီး လျှင် ပထမ ညဉ့်သန်းကောင်အချိန်မှ နောက် ညဉ့်သန်းကောင် အချိန်အထိ ‘တရက်’ ဟူ၍ သတ်မှတ်ခဲ့၏။

လအပိုင်းအခြားသည် ကောင်းကင်သဘာဝ(စန္ဒရ–လ)၏ အလင်းရောင်ဖြင့် 'လပြည့်' 'လကွယ်' 'လဆန်း' ခြင်းစသည်များကို အမှတ်ပြု၍ လဆန်း တရက်မှ လပြည့်အထိ လဆန်း ပက္ခနှင့် လပြည့်ကျော် တရက်မှ လကွယ်အထိ လဆုတ်ပက္ခဟူ၍ ပက္ခ နှစ်ခုပေါင်း 'တလ' သတ်မှတ်ခဲ့၏။ ဤစန္ဒရလဖြင့် ရှေးရှေးပဝေဏီခေတ်မှစ၍ အသုံးပြု လာခဲ့သော်လည်း အနောက်နိုင်ငံတွင် ဂျူလီယန်ပက္ခဒိန် တီထွင်ပြီးကာလမှ စ၍ ရာသီနှစ် ဟူ၍ သတ်မှတ်ပြီးလျှင် တဆယ့်နှစ်လ ပိုင်းခြားထားသော ရာသီလများကို အသုံးပြုခဲ့၏။

တနင်္ဂနွေနေမင်းကို ဗဟိုပြုလျက် ကမ္ဘာလုံး အပါအဝင် နက္ခတ်များသည် လှည့်လည် ရွေ့ရှား သွားလာနေကြခြင်းကြောင့် ကမ္ဘာက ကြည့်ရှုသော် နေသည် ရွေ့ရှားသွားလာလျက်ရှိဟန် ထင်ရပေသည်။ ထို့ကြောင့် နေသွားကာလ ဟူ၍ ခေါ်ကြ၏။ ဤနေသွားကာလသည် တဆယ့်နှစ်ရာသီ အံသာ ၃၆၀ တပါတ်ပြည့်သော အချိန်ကာလကို နှစ်၏ ကာလအပိုင်းအခြား ဟူ၍ သတ်မှတ်၏။ တနှစ်ဟု ခေါ်ကြ၏။

အထက်ဖော်ပြပါ အချိန်ကာလ သုံးပါးတွင် 'ရက်' များသည် ရှေးခေတ်မှ အစပြု၍ ယနေ့တိုင် သတ်မှတ်ခဲ့ခြင်းကြောင့် အထူးအထွေ ကွဲပြားမှု မရှိကြချေ။ ကမ္ဘာရှိ လူအမျိုးမျိုးတို့ အသုံးပြုသော ပက္ခဒိန်တွင်မူကား 'နှစ်'အပိုင်းအခြားနှင့် 'လ' အပိုင်းအခြားများသည် ကွဲပြားလျက် ရှိနေသော မိမိတို့၏ ယဉ်ကျေးမှု ဓလေ့ထုံးစံအတိုင်း သုံးစွဲကြသဖြင့် တဦးနှင့်တဦး ကွဲပြားလျက်ရှိကြရလေသည်။ သို့ရာတွင် လူမျိုးအသီးသီးတို့



သည် ပက္ခဒိန်များ စီစဉ်ရေးဆွဲ အသုံးပြုသောအခါ၌ 'ရက်' အပိုင်းအခြားသတ်မှတ်ရေးတွင်မူကား အထက်က ပြဆိုခဲ့သော အကြောင်းအရ အချိန်ကာလ တူညီကြလေသည်။

ဒ / ၁၉၉.၃/ရှ

ယခုခေတ်တွင် ကမ္ဘာရှိ လူမျိုးအပေါင်းတို့ အသုံးပြုကြသော ပက္ခဒိန်များသည် အောက်ပါ မူလအခြေခံ ပက္ခဒိန် သုံးမျိုးမှ ပေါက်ဖွားသော ပက္ခဒိန်များ ဖြစ်ကြ၏။

(က) ပြည်တော်သုံး ပက္ခဒိန်။
(ခ) နက္ခတ် ပက္ခဒိန်။
(ဂ) ဘာသာရေး ပက္ခဒိန်။

B45564
၆/-

၁။ ပြည်တော်သုံး ပက္ခဒိန်။ တိုင်းပြည် အုပ်ချုပ်ရေး ရာဇဝင် မှတ်တမ်းများ၊ တရားရုံးတော်၊ ငွေချေး စာချုပ်များ စသော လူမှုကိစ္စ၊ ရုံးကိစ္စများနှင့် သံတမန် ဆက်သွယ်ရေး ကိစ္စများ၌ နှစ်၊ လ၊ ရက်များ မှတ်သားရန် အသုံးပြုသော ပက္ခဒိန် ဖြစ်သဖြင့် ပက္ခဒိန် တွက်ချက်စီစဉ်မှုတွင် လွယ်ကူစေရမည့်အပြင် နှစ်ပေါင်း ငါးဆယ်ကျော်၊ နှစ်ပေါင်း တရာ စသည့် ကာလများအတွက် လွယ်ကူစွာ တွက်ချက်နိုင်သော ပက္ခဒိန် ဖြစ်၏။ ထိုပက္ခဒိန်မျိုးသည် ယခု ကမ္ဘာတဝှန်းလုံး၌ အသုံးပြုသော ဂရက်ဂိုရီယန် ပက္ခဒိန်မျိုး ဖြစ်၏။

၂။ နက္ခတ် ပက္ခဒိန်။ နေလ အပါအဝင် ဂြိုဟ်နက္ခတ် တာရာများ တည်နေသော ရာသီ အံသာများ ဖော်ပြထား၍ နက္ခတ်ပညာရှင်များ ပင်လယ် သမုဒ္ဒရာနှင့် အာကာသ လေကြောင်းများ၌ သွားကြသော ရေယာဉ်၊ လေယာဉ်မှူးများ

စာပေဗိမာန်ပြည်သူ့စာကြည့်တိုက်၊

အသုံးပြုသော ပက္ခဒိန် ဖြစ်သည်။ ထိုပက္ခဒိန်မျိုးသည် မြန်မာ နေ့စဉ်ကြယ်ပက္ခဒိန်၊ အနောက်နိုင်ငံ ရာဇိနက္ခတ် ပက္ခဒိန်၊ နော်တီကယ် အယ်လမနက်(Nautical Almanac)စသည်များ ဖြစ်၏။

၃။ ဘာသာရေး ပက္ခဒိန်။ ကမ္ဘာတဝှန်းရှိ ဘာသာများဖြစ်သော ဗုဒ္ဓဘာသာ၊ ဟိန္ဒူဘာသာ၊ ခရစ်ယာန်ဘာသာ၊ အစ္စလာမ်ဘာသာ၊ဂျိန်းဘာသာ စသော ဘာသာဝင်များသည် မိမိတို့၏ ဘာသာရေးနှင့် လျော်ညီသော အခါရက်များ၌ ပွဲတော်များ ကျင်းပရန်ဖော်ပြသော ပက္ခဒိန် ဖြစ်သည်။ ဥပမာ ခရစ်ယာန် ဘာသာပွဲတော်များအတွက် ကမ္ဘာသုံးပက္ခဒိန်တွင် ဖော်ပြလေ့ မရှိသဖြင့် ဘာသာကို လေးစားသူများသည် ဘာသာရေး ပက္ခဒိန် သက်သက်ထုတ်၍ အသုံးပြုကြ၏။ မြန်မာ ဝေါဟာရ ပက္ခဒိန်သည် ဘာသာရေးအတွက် လပြည့် လကွယ်များ ဖော်ပြထားသဖြင့် ဘာသာရေး ပက္ခဒိန်လည်း ဖြစ်၏။

အထက်ဖော်ပြပါ ပက္ခဒိန်များကို စကြာဝဠာ၏သဘာဝ အကြောင်း လေ့လာမှတ်သားချက်များကို မူတည်လျက် စီစဉ်တွက်ချက်ရပေသည်။ ခေတ်မီ နက္ခတ်ပညာရှိ အပေါင်းတို့ လေ့လာခဲ့ကြသော စကြာဝဠာ၏ အခြင်းအရာ သဘာဝများသည် သူရိယသိဒ္ဓန္တကျမ်းတွင် ဖော်ပြထားသော အယူအဆများဖြင့် ကွဲပြားချက် အနည်းငယ် ရှိကြလေသည်။ ယခုခေတ်တွင် အာကာသ မိုးကောင်းကင်သို့ လေသူရဲကောင်းများ ဒုံးပျံများဖြင့် ကမ္ဘာကို လှည့်ပတ်နိုင်စွမ်းရှိသဖြင့် ကမ္ဘာ့အခြင်းအရာများ မျက်မြင် ကိုယ်တွေ့ လေ့လာနိုင်သည့် အဆင့်သို့ ရောက်ခဲ့လေပြီ။



(က) ကမ္ဘာမြေကြီးသည် လိမ္မော်သီးသဏ္ဌာန် ရှိ၍ တောင်ဝင်ရိုးစွန်းနှင့် မြောက်ဝင်ရိုးစွန်းဒေသ၌ အနည်းငယ် ပြားပြီးလျှင် အီကွေတာ ဒေသများ၌ ဝမ်းပူလျက် အဆိုပါ တောင်မြောက်သွား ဝင်ရိုးမဏ္ဍိုင်တွင် မူတည်လျက် ပတ်ချာလည်လျက် ရှိ၏။ ဤသို့ လည်ပတ်ခြင်းကြောင့် နေ့ ည၌ အပိုင်းအခြား ဖြစ်၏။ ထို့ကြောင့် မြန်မာပြည်၌ နေမွန်းတည့်ဖြစ်သောအချိန်တွင် ကမ္ဘာ့အမှောင်ပိုင်း ဖြစ်နေသော အမေရိကန်ပြည်၌ ညဥ့်သန်ကောင်အချိန် ဖြစ်၏။

(ခ) စန္ဒြာ–လသည် ကမ္ဘာမြေကြီးကို ဗဟိုပြု၍ လှည့်လည်လျက်ရှိ၏။ ထို့ကြောင့် ကျွန်ုပ်တို့သည် လဆန်းပက္ခ လဆုတ်ပက္ခ ဟူ၍ နေ၏အလင်းရောင်ဖြင့် လ၏အခြင်းအရာအမျိုးမျိုးကို ကမ္ဘာမှ မြင်ကြပေသည်။

(ဂ) ကမ္ဘာမြေကြီးနှင့် လတို့သည် နေကို ဗဟိုပြု၍ လှည့်လည်လျက် ရှိ၏။ ဤအခြင်းအရာဖြင့် နှစ်ကို သတ်မှတ်ရပေသည်။ ဤသို့ တနှစ်ကာလအတွင်း နေ၏အကွာအဝေးကြောင့် ရာသီများ ဖြစ်ပေါ်လျက် အပူပိုင်းဇုံများ၌ နွေ၊ မိုး၊ ဆောင်းဥတု ကာလသုံးပါးနှင့် သမပိုင်းဇုံ၌ စပရင်း၊ ဆမ်းမား၊ အော်တွန်၊ ဝင်းတားဟူ၍ ရာသီကာလ လေးပါး ဖြစ်ပေါ်၏။

(ဃ) စကြာဝဠာတခုတွင် နေကို ဗဟိုပြု၍ ဂြိုဟ်နက္ခတ် တာရာများသည်လည်း လှည့်လည် သွားလျက် ရှိသော ကျွန်ုပ်တို့၏ စကြာဝဠာကဲ့သို့ အခြား အရေအတွက်မပြု လုပ်နိုင်သော စကြာဝဠာများရှိ၏ ဟူ၍ ယခုနောက်ဆုံး ခေတ်၏ နက္ခတ် ပညာရှိများ အဆုံးအဖြတ် ပြုကြ၏။

ဤအချက်သည် ရှေးနှစ်ပေါင်း နှစ်ထောင့်ငါးရာကျော်ကပင်လျှင် အရှင် ဂေါတမ မြတ်စွာဘုရားသည် မိမိ၏ သဗ္ဗညုတဉာဏ်တော်ဖြင့် 'စကြာဝဠာအနန္တ' ဟူ၍ ဟောကြားခဲ့ပါသည်။ ယခုခေတ်၌ နက္ခတ်ပညာရှင်တို့သည် ယခုမှသာလျှင် နက္ခတ်ကြည့်မှန်ပြောင်းများ၊ ရေဒီယိုလှိုင်းဖြင့်ကြည့်သော နက္ခတ်ကြည့် ကရိယာများ အကူအညီဖြင့် စကြာဝဠာအနန္တရှိကြောင်းကို လေ့လာသိရှိကြပေသည်။

## ၂။ ရှေး ဣဂျစ်လူမျိုးတို့၏ ပက္ခဒိန်

ရှေး ဣဂျစ်လူမျိုးတို့ အစကနဦး အသုံးပြုသော ပက္ခဒိန်သည် ဘီစီ ၄၂၃၆ မှ စတင် တီထွင်ခဲ့သည်ဟု လူတို့၏ ယဉ်ကျေးမှုသမိုင်းတွင် အထူးတင်စား ရေးသားထား၏။ ထို ပက္ခဒိန်သည် နေသွားခြင်းကို အမှီ ပြုသဖြင့် ရက်ပေါင်း သုံးရာ့ခြောက်ဆယ်ရှိသော ကာလကို တနှစ် ဟူ၍ သတ်မှတ်သည်။ သို့သော် 'နိုင်း'မြစ်၏ ရေတက်ရေကျ ဖြစ်ပေါ်မှုဖြင့် တနှစ်တွင် ရက်ပေါင်း ၃၆၅¼ ရက်ရှိကြောင်း သိကြပြန်လေသည်။ ထို့အပြင် စန္ဒရလဆန်းအချိန်မှ နောက်လဆန်းအချိန်တိုင် ရက်ပေါင်း ၂၉½ ရှိကြောင်း မကြာမီကာလအတွင်း သိကြပြန်လေသည်။ ထိုအခါ မူလ သုံးမြဲအတိုင်း ရက် ၃၀ ရှိသော ၁၂ လ နှင့် ရက်ပို ၅ ရက်ပေါင်း၍ ၃၆၅ ရက်ရှိသော ပက္ခဒိန်ကို သတ်မှတ်ကြသည်။ တဖန် လေးနှစ်တကြိမ်တွင် တရက်တိုး၍ ၃၆၆ ရက်ရှိသော 'ရက်ငင်နှစ်' ဟူ၍ သတ်မှတ်ကြပြန်သည်။ နှစ်စဉ် ရက်ပို ငါးရက်နှင့် လေးနှစ်တကြိမ် ပိုသည့်ရက် ခြောက်ရက်တွင်



ပျော်ပွဲ ရှင်ပွဲများ ပြုလုပ်လျက် နှစ်သစ်ကူးပွဲများ ကျင်းပလေ့ရှိကြ၏။ ယခုအခါ အနောက်နိုင်ငံများ၌ ဒီဇင်ဘာလ ၃၁ ရက်ညဉ့်တွင် နှစ်ကူးပွဲတော်များ ကျင်းပခြင်း၊ မြန်မာလူမျိုးနှင့် ဟိန္ဒူလူမျိုးတို့သည်လည်း နှစ်ဟောင်း ကုန်၍ နှစ်သစ်ကူးအချိန်တွင် သင်္ကြန်အခါတော် ရေပွဲသဘင်များ ကြိုဆိုကျင်းပခြင်းတို့သည် ရှေးရှေးကပင် ပြုလုပ်ခဲ့သော အစဉ်အလာများဖြစ်ကြသည်။

ရှေးဣဂျစ်ပက္ခဒိန် တီထွင်ခဲ့စဉ်က တနင်္ဂနွေ၊ တနင်္လာစသော နေ့အမည်များ မရှိသေးချေ။ ရက်ပေါင်း သုံးဆယ်ရှိသော လကို သုံးပိုင်း ခွဲ၍ တပိုင်းတွင် ဆယ်ရက်စီ ရှိသော 'ဒီကိတ်' ဟူ၍ ဒီကိတ် သုံးခု ထားရှိ၏။ ထိုအခါ၌ ရာသီဥတုသုံးပိုင်း ထား၍ ဥတု တပိုင်းတွင် လေးလ ရှိ၏။ ဥတု သုံးပါးမှာ ရေတက် ရာသီ၊ ကောက်စိုက် ရာသီ၊ ကောက်သိမ်းရာသီများ ဖြစ်၏။

## ၃။ ရှမာနှစ် ပက္ခဒိန်

ဥရောပလူမျိုးတို့၏ ရှေးအလွန်ကျသော ပက္ခဒိန်သည် ရောမလူမျိုးတို့ အသုံးပြုသကဲ့သို့ ဆယ်လရှိ၍ အင်္ဂလိပ်ဘာသာအခေါ်အားဖြင့် မတ်လ ၃၁ ရက်၊ ဧပြီလ ၂၉၊ မေလ ၃၁၊ ဇွန်လ ၂၉၊ ကွင်းတီးလစ်လ ၃၁၊ စက္ကစတီးလစ်လ ၂၉၊ စက်တင်ဘာလ ၂၉၊ အောက်တိုဘာလ ၃၁၊ နိုဝင်ဘာလ ၂၉ နှင့် ဒီဇင်ဘာလ ၂၉ ပေါင်း ၂၉၈ ရက်ရှိ၏။ ကျန်သော နှစ်ပိုင်း၏ ရက်များသည် အလွန်ချမ်းမြေ့လျက် ဆောင်းရာသီ၏ ဆီးနှင်းများ ဖုံးလွှမ်းမှုကြောင့် လုပ်ငန်းကိစ္စအရပ်ရပ်များထမ်းဆောင်

ခြင်း မပြုနိုင်။ ထို့ကြောင့် ကျန်သောရက်များအတွက် ပက္ခဒိန်ရက်များ အတည်တကျ မရှိချေ။ အုပ်ချုပ်သော မင်းများ၏ သဘောအရ အစီအစဉ် ပြုရသည်။ ရောမပြည်ကို စိုးစံသော နုမာပွန်ပီလီရပ်ဘုရင်ခေတ်တွင် ဇန်နဝါရီလ ၂၉ နှင့် ဖေဖော်ဝါရီလ ၂၈ တိုးပြီးလျှင် ရက်ပေါင်း ၃၅၅ ရက်ရှိသော ပက္ခဒိန် သတ်မှတ်၍ 'နုမာခေတ် ပက္ခဒိန်' တီထွင်ခဲ့၏။ ယင်း နုမာ ပက္ခဒိန်သည် လေးနှစ်တဲ့ ပက္ခဒိန် ဖြစ်၍ တဘက်တွင် ဖော်ပြပါ အတိုင်း ဖြစ်ပါသည်။

## ၄။ ဂျူလီယန် ပက္ခဒိန်

ဘီစီ ၄၅ ခုနှစ် မတိုင်မီခေတ်၌ ရှေးရောမ လူမျိုးတို့တွင် ပက္ခဒိန်စီစဉ်မှုသည် အတည်တကျ မရှိသေးချေ။ ထိုအခါ၌ တနှစ်ကာလ အပိုင်းအခြားသည် နေသွားဖြင့် သတ်မှတ်၍၊ လအပိုင်းအခြားများသည် လသွားဖြင့် သတ်မှတ်သောကြောင့် မြန်မာပက္ခဒိန်ကဲ့သို့ နေလသွားပက္ခဒိန် (Luni-Solar Calendar) ဖြစ်၏။ သုံးနှစ်တကြိမ် နှစ်နှစ်တကြိမ် လထပ် ပြုရသည်။ ထို့ကြောင့် ရံဖန်ရံခါ နှစ်ဦးလများသည် ရာသီဥတုများနှင့်မညီသောနှစ်များရှိခဲ့၏။ ဂျူးလယပ်ဆီဇာသည် ဘီစီ ၄၄ ခုနှစ်တွင် ဤဂျစ်ပြည်ကို သိမ်းပိုက်သော အချိန်၌ ဤဂျစ်နက္ခတ်ပညာရှိ 'စိုးဆီးဂျင်းနစ်' ၏ အကြံပေးချက်ဖြင့် တနှစ်တွင် ရက်ပေါင်း ၃၆၅ ¼ ရှိသော ပက္ခဒိန် အသုံးပြုခဲ့ရာ၊ သာမန်နှစ်တွင် ၃၆၅ ရက်ပြု၍ လေးနှစ်တကြိမ်တွင် ၃၆၆ ရက်ရှိသော ပက္ခဒိန်ကို ပြုပြင်အသုံးပြုခဲ့၏။ မူလ ဤဂျစ်ပက္ခဒိန်များတွင် ပါရှိသော 'ကွင်းတီးလစ်လ'ကို 'ဂျူးလယပ်ဆီဇာ'အား ဂုဏ်ပြုသော



ဇယားအမှတ် [ ၁ ]

| လအမည် | တလတွင်ရှိသော ရက်များ | | | | မှတ်ချက် |
|---|---|---|---|---|---|
| | ပဌမ နှစ် | ဒုတိယ နှစ် | တတိယ နှစ် | စတုတ္ထ နှစ် | |
| ဇန်နဝါရီလ | ၂၉ | ၂၉ | ၂၉ | ၂၉ | |
| ဖေဖော်ဝါရီလ | ၂၈ | ၂၃ | ၂၈ | ၂၄ | |
| ဒု ဖေဖော်ဝါရီလ | — | ၂၇ | — | ၂၇ | ဒုတိယနှစ်နှင့် |
| မတ်လ | ၃၁ | ၃၁ | ၃၁ | ၃၁ | စတုတ္ထနှစ် |
| ဧပြီလ | ၂၉ | ၂၉ | ၂၉ | ၂၉ | လထပ်နှစ် |
| မေလ | ၃၁ | ၃၁ | ၃၁ | ၃၁ | |
| ဇွန်လ | ၂၉ | ၂၉ | ၂၉ | ၂၉ | |
| ကွင်းတီးလစ်လ | ၃၁ | ၃၁ | ၃၁ | ၃၁ | |
| စက္ကစတီးလစ်လ | ၂၉ | ၂၉ | ၂၉ | ၂၉ | |
| စက်တင်ဘာလ | ၂၉ | ၂၉ | ၂၉ | ၂၉ | |
| အောက်တိုဘာလ | ၃၁ | ၃၁ | ၃၁ | ၃၁ | |
| နိုဝင်ဘာလ | ၂၉ | ၂၉ | ၂၉ | ၂၉ | |
| ဒီဇင်ဘာလ | ၂၉ | ၂၉ | ၂၉ | ၂၉ | |
| ရက်ပေါင်း | ၃၅၅ | ၃၇၇ | ၃၅၅ | ၃၇၈= | ၁၄၆၅ |

အားဖြင့် 'ဇူလိုင်လ' ဟူ၍ရှင်း၊ 'စက္ကစတိုင်းလစ်လ' ကို 'ဩဂတ်စတပ်' အား ဂုဏ်ပြုသောအားဖြင့် 'ဩဂုတ်လ' ဟူ၍ရှင်း လအမည်များ ပြောင်းခဲ့၏။

ဘီစီ ၄၆ ခုနှစ်၌ နှစ်ဆန်းကာလသည် နွေရာသီဥတုအတွင်းသို့ ချဉ်းနင်းကျရောက်သဖြင့် ရာသီဥတုများနှင့် ညီညွတ်သော ပက္ခဒိန်ဖြစ်ရန် မူလ ပက္ခဒိန်တွင် ရက်ပေါင်း ကိုးဆယ်နှော၍ (နိုဝင်ဘာလနှင့် ဒီဇင်ဘာလအတွင်း ၆၇ ရက်နှင့် ဖေဖော်ဝါရီလတွင် ၂၃ ရက်) ဘီစီ ၄၅ နွေကူးရာသီမတ်လမှ အစပြု၍ ပက္ခဒိန်ကို ပြောင်းလဲ ပြုပြင်ခဲ့၏။ ပက္ခဒိန်လများသည်လည်း နှစ်စဉ် ရာသီဥတုများနှင့် ညီညွတ်စေရန် ဇန္နဝါရီလ၊ မတ်လ၊ မေလ၊ ဇူလိုင်လ၊ ဩဂုတ်လ၊ အောက်တိုဘာလနှင့် ဒီဇင်ဘာလများတွင် ၃၁ ရက်။ ဧပြီလ၊ ဇွန်လ၊ စက်တင်ဘာလ၊ နိုဝင်ဘာလများတွင် ၃၀ ရက်ထားရှိပြီးလျှင် ဖေဖော်ဝါရီလတွင် ၂၈ ရက်ဖြင့် သာမန်နှစ် ပက္ခဒိန်ပြု၏။ လေးနှစ်တကြိမ် ဖေဖော်ဝါရီလတွင် ၂၉ ရက်ဖြင့် 'ရက်ငင်နှစ်' ပြုပြင်ခဲ့၏။

## ၅။ ဂရက်ဂိုရီယန် ပက္ခဒိန်

ရှေးဥရောပလူမျိုးတို့၏ ပက္ခဒိန်ကို ပြုပြင်သော ဂျူလီယန် ပက္ခဒိန်၏တနှစ်ကာလအပိုင်းအခြားသည် ဥရောပနက္ခတ်ပညာရှိများတိုင်းသော ၃၆၅ ရက်နှင့် ၆ နာရီဖြစ်ရာ၊ ခရစ်နှစ် ၁၆ ရာစုတွင် ရာသီဥတုနှစ်ကာလသည် ၃၆၅ ရက်နှင့် ၅ နာရီ ၄၈ မိနစ် ၄၆ စက္ကန့်ဖြစ်ကြောင်း တွေ့ရှိသောအခါ၌၊ ခရစ်တော် မွေးနေ့ပွဲတော်ရက်များ အလွဲလွဲအမှားမှားဖြစ်ကြောင်း တွေ့ရှိရလေသည်။ ထိုအခါ ပက္ခဒိန်ပြုပြင်ရန် ရဟန်းမင်းကြီး 'ဂရက်ဂိုရီ (၁၃)' ကဆောင်ရွက်၍ ဂရက်ဂိုရီယန်ပက္ခဒိန်ဟု အမည်တွင်ခဲ့လေသည်။ ခရစ်နှစ် ၁၅၈၂ အောက်တိုဘာလ ၅ ရက် သောကြာနေ့အား အောက်တိုဘာလ ၁၅ ရက် သောကြာနေ့



ဟုသတ်မှတ်၍ ပက္ခဒိန်များကို ပြုပြင်သုံးစွဲရမည်ဟု အမိန့်တရပ်ထုတ်ခဲ့၏။ ထိုအခါ ပြက္ခဒိန်မူဟောင်းနှင့် ပက္ခဒိန်မူသစ်ဟူ၍ ခေါ်ခဲ့၏။ အဆိုပါပက္ခဒိန်မူသစ်တွက်နည်းသည် လီယီယပ်(စ်) ဆိုသူ ဆေးဆရာတဦး၏တွက်နည်းဖြစ်၏။

အဆိုပါတွက်နည်းမှာ–

၁။ နှစ်စဉ် အသုံးပြုသော ပက္ခဒိန်၏ ခရစ်နှစ်ကိုတည်၍ ၄ ခုနှင့်စားသော် စားကြွင်း ၁၊ ၂၊ ၃ ရှိသောနှစ်သည် သာမန်နှစ်ဖြစ်၍ ဖေဖော်ဝါရီလတွင် ၂၈ ရက်ရှိ၏။ ၁၂ လတွင် ရက်ပေါင်း ၃၆၅ ရက်ရှိ၏။

၂။ စားကြွင်းမရှိသော နှစ်များသည် ရက်ငင်နှစ် ဖြစ်၍ ဖေဖော်ဝါရီလတွင် ၂၉ ရက်ရှိ၏။ ၁၂ လတွင် ရက်ပေါင်း ၃၆၆ ရက်ရှိ၏။

၃။ နှစ်ပေါင်း ၁၀၀ ကျသောနှစ်သည် ၄ ခုစား၍အကြွင်းမရှိသော်လည်း ရက်ငင်နှစ်မဟုတ်ချေ။ ဖေဖော်ဝါရီလတွင် ရက်တိုးမရှိချေ။ သို့သော် ခရစ်နှစ်ကို ၄၀၀ နှင့်စား၍ အကြွင်းမရှိသောနှစ်သည် ရက်ငင်နှစ်များ ဖြစ်သည်။ သို့အတွက် ခရစ်နှစ် ၁၆၀၀ ပြည့်နှစ်သည် ရက်ငင်နှစ်ဖြစ်၍ ၁၇၀၀/၁၈၀၀/၁၉၀၀ ပြည့်နှစ်များသည် ရက်ငင်နှစ်များမဟုတ်ချေ။ သို့သော် ခရစ်နှစ် ၂၀၀၀ ပြည့်နှစ်သည် ရက်ငင်နှစ်ဖြစ်၍ ဖေဖော်ဝါရီလတွင် ၂၉ ရက်ရှိရမည်။ ခရစ်နှစ် ၂၁၀၀/ ၂၂၀၀/နှင့် ၂၃၀၀ သည် ရက်ငင်နှစ်များမဟုတ်ချေ။

ဂရက်ဂိုရီယန် ပက္ခဒိန်သည် ပြုပြင်သုံးစွဲရန် အမိန့်ထုတ်သော ခရစ်နှစ် ၁၅၈၂ မှစ၍ ဥရောပတိုက်ရှိ ကက်သလစ်ဘာသာဝင် တိုင်းပြည်များတွင် အသုံးပြုရန် လက်ခံကြသည်။ ဗြိတိန်နိုင်ငံ၌မူ အေဒီ ၁၇၅၂ စက်တင်ဘာလ ၃ ရက်ကို ၁၄

ရက်ဟု သတ်မှတ်၍ သုံးစွဲခဲ့၏။ ပြင်သစ်နိုင်ငံတွင် အေဒီ ၁၇၉၃ မှ ၁၈၀၅ အတွင်း တော်လှန်ရေးခေတ် ပက္ခဒိန်ဟူ၍ သုံးစွဲခဲ့၏။ တရုတ်နိုင်ငံနှင့် အယ်လဗေးနီးယားနိုင်ငံများ၌ အေဒီ ၁၉၁၂၊ ဗူလဂေးရီးယားနိုင်ငံ၌ အေဒီ ၁၉၁၆၊ ရုရှနိုင်ငံ၌ အေဒီ ၁၉၁၈၊ ရူမေးနီးယားနိုင်ငံနှင့် ဂရိနိုင်ငံ၌ အေဒီ ၁၉၂၄ နှင့် တူရကီနိုင်ငံ၌ အေဒီ ၁၉၂၇ များမှစ၍ ဂရက်ဂိုရီယန် ပက္ခဒိန်မူသစ်ကို အသီးသီး လက်ခံသုံးစွဲခဲ့ကြသည်။ ယင်း ပက္ခဒိန်သည် ယခု အခါ ကမ္ဘာတခုလုံးရှိ နိုင်ငံအသီးသီးမှ လက်ခံ သုံးစွဲသော ပက္ခဒိန်ဖြစ်၍ "ကမ္ဘာသုံး ပက္ခဒိန်" ဟူ၍ ခေါ်လိုက်၏။

\+ + + +

## အနောက်နိုင်ငံ ပက္ခဒိန်ရာဇဝင်နှစ်များ

| | | |
|---|---|---|
| ရှေးဣဂျစ် ပက္ခဒိန်အစကနဦးတီထွင်မှု | ဘီစီ | ၄၂၃၆ |
| ဂျူလီယန် ပက္ခဒိန် | ဘီစီ | ၄၅ |
| ဂရက်ဂိုရီယန် ပက္ခဒိန် | အေဒီ | ၁၅၈၂ |
| ဗြိတိန်နိုင်ငံ | အေဒီ | ၁၇၅၂ |
| ပြင်သစ်နိုင်ငံ | အေဒီ | ၁၈၀၆ |
| အယ်လဗေးနီးယားနိုင်ငံနှင့်တရုတ်နိုင်ငံ | အေဒီ | ၁၉၁၂ |
| ဗူလဂေးရီးယားနိုင်ငံ | အေဒီ | ၁၉၁၆ |
| ရုရှနိုင်ငံ | အေဒီ | ၁၉၁၈ |
| ရူမေးနီးယားနိုင်ငံနှင့် ဂရိနိုင်ငံ | အေဒီ | ၁၉၂၄ |
| တူရကီနိုင်ငံ | အေဒီ | ၁၉၂၇ |



## ဇယားအမှတ် [၂]

ဂျူးလယပ်ဆီဇာ လက်ထက် ဘီစီ ၄၅ တွင် ပြုပြင်ခဲ့သော ဂျူလီယန် ပက္ခဒိန်။

| အမှတ်စဉ် | ရှေးဣဂျစ် ပက္ခဒိန် | | ဂျူလီယန် ပက္ခဒိန် | |
|---|---|---|---|---|
| | လအမည် | ရက် | လအမည် | ရက် |
| ၁ | ဇန်နဝါရီ | ၂၉ | ဇန်နဝါရီ | ၃၁ |
| ၂ | ဖေဖော်ဝါရီ | ၂၈ | ဖေဖော်ဝါရီ | ၂၈++ |
| ၃ | မတ် | ၃၁ | မတ် | ၃၁ |
| ၄ | ဧပြီ | ၂၉ | ဧပြီ | ၃၀ |
| ၅ | မေ | ၃၁ | မေ | ၃၁ |
| ၆ | ဇွန် | ၂၉ | ဇွန် | ၃၀ |
| ၇ | ကွင်းတီးလစ် | ၃၁ | ဇူလိုင် | ၃၁ |
| ၈ | စက္ကစတီးလစ် | ၂၉ | ဩဂုတ် | ၃၁ |
| ၉ | စက်တင်ဘာ | ၂၉ | စက်တင်ဘာ | ၃၀ |
| ၁၀ | အောက်တိုဘာ | ၃၁ | အောက်တိုဘာ | ၃၁ |
| ၁၁ | နိုဝင်ဘာ | ၂၉ | နိုဝင်ဘာ | ၃၀ |
| ၁၂ | ဒီဇင်ဘာ | ၂၉ | ဒီဇင်ဘာ | ၃၁ |
| | ရက်ပေါင်း — | ၃၅၅ | | ၃၆၅ |

မှတ်ချက်။ ++ ရက်ငင်နှစ်၌ ဖေဖော်ဝါရီလတွင် ၂၉ ရက်ရှိသည်။

## ၇။ ကမ္ဘာ့ ပက္ခဒိန် 'မူသစ်'

အနောက်နိုင်ငံများမှ ပညာရှိတစုနှင့် အမေရိကန် ပြည်ထောင်စုမှ ပညာရှိ အချို့တို့က ဦးဆောင်ကာ ကမ္ဘာ့ ပက္ခဒိန် 'မူသစ်'တခု တီထွင်ရေးဆွဲ၍ ကုလသမဂ္ဂတွင် ကမ္ဘာတလွှားလုံး အသုံးပြုရန် အဆို တင်သွင်း ရေးကို ကြိုးပမ်းလျက် ရှိ၏။ ထိုပက္ခဒိန်သည် နှစ်စဉ်နှစ်စဉ် အသွင်တမျိုးတည်းသာ ဖြစ်၍ ပက္ခဒိန်သစ်များ ရိုက်နှိပ်ရန် မလိုချေ။ ပက္ခဒိန်တခုတည်းဖြင့် နှစ်စဉ်နှစ်တိုင်း အသုံးပြုနိုင်သည်။ မှတ်သားရန် အလွန်လွယ်ကူပေသည်။

ကမ္ဘာ့ပက္ခဒိန်မူသစ်သည် လတိုင်းတွင် အလုပ်လုပ်သောရက် ၂၆ ရက် အညီအမျှ ရှိခြင်း၊ စာရင်းအင်း၊ ဘဏ်တိုးငွေကိစ္စတို့၌ လတိုင်း၊ သို့မဟုတ် သုံးလပတ်၊ ခြောက်လပတ် စသည်နှစ်၏ အစိတ်အပိုင်း ရက်များ ညီညွတ်ခြင်း၊ ရုံးကိစ္စ၊ အလုပ်ကိစ္စ တရားစီရင်မှုနှင့် ရက်ချိန်းများ မှတ်သားမှု၌ လွယ်ကူခြင်း၊ စာချုပ် စာတမ်းများ၌လည်း ရက်နေ့များ မှတ်သားမှု၌ လွယ်ကူခြင်း၊ မွေးနေ့ ကျင်းပလိုသော သူများသည် နှစ်စဉ် မိမိ၏ အမှန်တကယ်ဖြစ်သော မွေးရက် မွေးနေ့တွင် ကျင်းပနိုင်၍ မှတ်သားရန် လွယ်ကူသဖြင့် လူမျိုးတိုင်း အသုံးပြုရန် လွယ်ကူစေသည်။

ကမ္ဘာ့ပက္ခဒိန် မူသစ်၏ သဘောမှာ ယခု အသုံးပြုသော ဂရက်ဂိုရီယန် ပက္ခဒိန်နှစ်ကဲ့သို့ သာမန်နှစ်၌ ၃၆၅ ရက်ရှိ၍ လေးနှစ်တကြိမ်ကျသော ရက်ငင်နှစ်၌ ၃၆၆ ရက်ရှိ၏။ သို့သော် ပက္ခဒိန်၏ ထူးခြားချက်မှာ နှစ်ဆန်းတရက်သည် တနင်္ဂနွေနေ့၌ အစဉ်အမြဲကျစေ၏။ တနှစ်တွင် လေးရာသီရှိ၍ တရာသီတွင် သုံးလရှိ၏။ ထိုသုံးလရာသီတွင် ရက်ပေါင်း ၉၁ ရက်စီ ရှိသဖြင့် လေးရာသီတွင် ၃၆၄ ရက်ရှိ၏။ တရာသီတွင် ၉၁ ရက်ရှိသောကြောင့် ခုနစ်နေ့ရှိသောအပတ် တဆယ့်သုံးပတ် ရှိ၏။ လေးရာသီတွင် ၅၂ ပတ်ရှိ၏။ ယခု အသုံးပြုသော ပက္ခဒိန်တွင် နှစ်ဆန်းနေ့သည် တနင်္ဂနွေနေ့ ဖြစ်ခဲ့သော် နောက်နှစ်၏ နှစ်ဆန်းနေ့သည် တနင်္လာ ဖြစ်၏။ ကမ္ဘာ့ပက္ခဒိန် မူသစ်၌မူ နှစ်ဆန်းတရက်နေ့သည် တနင်္ဂနွေဖြစ်စေလိုပါက နေ့တခုဖျောက်ရသည်။ ဤတရက်သည် ဒီဇင်ဘာလ ၃၀ ၏ နောက်တွင် ဒီဇင်ဘာလ ၃၁ ရက် ရှိသော်လည်း နေ့အမည်အားဖြင့် ကမ္ဘာ့အလုပ်သမား အနားယူနေ့ဟူ၍ သတ်မှတ်၍ 'W'အမှတ်အသား ပြုထားသည်။ ရှင်းရှင်းဆိုရလျှင် နေ့အစီအစဉ် ဖျောက်ထားသည်။ နှစ်စဉ် ရက်ပိုင်းများ ညီညွတ်သော်လည်း နေ့အစီအစဉ် ပျောက်သော အချက်တခုသာလျှင် ချို့ယွင်း၏။ လေးနှစ်တကြိမ် ရက်ငင်သောနှစ်၌ ဇွန်လတွင် ၃၁ ဖြင့် တရက်တိုးလျက် ဤသို့ တိုးသည့်ရက်ကိုလည်း "ကမ္ဘာ့ အလုပ်သမားများ အထူးနေ့"ဟု နေ့စဉ် အမည် ပျောက်၍ ရက်အမည် ' W 'ဟူ၍ အမည်ပေးထား၏။

မှတ်ချက်။ သာမန်နှစ်များ၌ ဒီဇင်ဘာလ ၃၁ ရက်သည် ကမ္ဘာ့ အလုပ်သမားများ အနားယူသောနေ့ ဖြစ်သည်။ ဇွန်လတွင် ၃၀ ရက် ရှိသည်။ လေးနှစ်တကြိမ် ရက်ငင်နှစ်၌ ဇွန်လတွင် ၃၁ ရက်ရှိ၍ ကမ္ဘာ့အလုပ်သမားများ အနားယူရန် နေ့ ၂ ရက် ရှိသည်။

ကမ္ဘာ့ပက္ခဒိန် မူသစ်သည် ခရစ်နှစ် ၁၉၅၆ ခု ဇန်နဝါရီလ တရက် တနင်္ဂနွေနေ့မှ စတင် အသုံးပြုရန် ကုလသမဂ္ဂတွင် အမေရိကန်ကိုယ်စားလှယ်က အဆိုတင်သွင်းခဲ့သော် အိန္ဒိယ

ပြည်မှ ထောက်ခံရန် သဘောတူထား၏။ မြန်မာပြည် အစိုးရ ထံသို့လည်း ထောက်ခံ မထောက်ခံ မေးမြန်းလေသည်။ အစိုးရ က ပက္ခဒိန် အကြံပေးအဖွဲ့သို့ အဆိုပါပက္ခဒိန်မူသစ်၏ သဘော များနှင့် အကြံဉာဏ်များ တောင်းခဲ့လေသည်။ ထိုအခါ၌ ပက္ခဒိန်အဖွဲ့တွင် မြန်မာ ဗေဒင် ပညာရှိများနှင့် ပက္ခဒိန်ပညာရှိ ဘုန်းတော်ကြီးတပါး အပါအဝင် ပုဂ္ဂိုလ် ၁၈ ဦး၊ အနောက်နှင့် အရှေ့ နက္ခတ်ပညာရှိ နှစ်ဦးသာ ရှိသော်လည်း ကျန်တဦးမှာ အကြောင်းမညီညွတ်သဖြင့် အစည်းအဝေးသို့ မတက်နိုင်ချေ။ ပက္ခဒိန်အစည်းအဝေးမှ ကမ္ဘာ့ပက္ခဒိန် မူသစ်သည် နေ့ဖျောက် သော ပက္ခဒိန်ဖြစ်၍ မြန်မာဗုဒ္ဓဘာသာများ အသုံးမပြုထိုက်။ တိုင်းပြည် ပျက်စီးရာ ပျက်စီးကြောင်း ဖြစ်စေသဖြင့် ကမ္ဘာ့ ပက္ခဒိန်မူသစ်ကို မြန်မာအစိုးရက ထောက်ခံခြင်း မပြုရန်ဟူ၍ ဆုံးဖြတ်ကြလေသည်။

## ၈။ အိန္ဒိယ ပက္ခဒိန်သစ်

အိန္ဒိယပြည်တွင် ခရစ်နှစ် ၁၉၅၄ မတိုင်မီကာလတွင် ပြည် မနှင့် ပြည်နယ်များ၌ အသုံးပြုကြသော ပြက္ခဒိန်များသည် ရာ ပေါင်းများစွာ ရှိလေသည်။ အခါပွဲတော် ရက်များသည်လည်း တနေရာနှင့် တနေရာ ပြည်နယ် တခုနှင့်တခု မတူကြချေ။ သို့အတွက် သိပ္ပံနှင့် စက်မှုသုတေသနကောင်စီအဖွဲ့မှ ကမ္ဘကထ ပြု၍ ခရစ်နှစ် ၁၉၅၂ နိုဝင်ဘာလတွင် အိန္ဒိယ တနိုင်ငံလုံးရှိ ပက္ခဒိန်များကို ကြည့်ရှုလေ့လာခဲ့သည်။ ထိုနောက် တနိုင်ငံ လုံး၌ အသုံးပြုနိုင်မည့် အောက်ပါအချက်များနှင့် ပြည့်စုံသော အိန္ဒိယပက္ခဒိန်သစ်တခု စီစဉ်လျက် ဗဟိုအစိုးရအဖွဲ့သို့ အစီရင်



## ကမ္ဘာ့ပက္ခဒိန်မူသစ်

JANUARY ဇန္နဝါရီလ၊
APRIL ဧပြီလ၊
JULY ဇူလိုင်လ၊
OCTOBER အောက်တိုဘာလ၊

| SUN | MON | TUE | WED | THU | FRI | SAT |
|---|---|---|---|---|---|---|
| 1 | 2 | 3 | 4 | 5 | 6 | 7 |
| 8 | 9 | 10 | 11 | 12 | 13 | 14 |
| 15 | 16 | 17 | 18 | 19 | 20 | 21 |
| 22 | 23 | 24 | 25 | 26 | 27 | 28 |
| 29 | 30 | 31 | | | | |

FEBRUARY ဖေဖော်ဝါရီလ၊
MAY မေလ၊
AUGUST ဩဂုတ်လ၊
NOVEMBER နိုဝင်ဘာလ၊

| SUN | MON | TUE | WED | THU | FRI | SAT |
|---|---|---|---|---|---|---|
| | | | 1 | 2 | 3 | 4 |
| 5 | 6 | 7 | 8 | 9 | 10 | 11 |
| 12 | 13 | 14 | 15 | 16 | 17 | 18 |
| 19 | 20 | 21 | 22 | 23 | 24 | 25 |
| 26 | 27 | 28 | 29 | 30 | | |

MARCH မတ်လ၊
JUNE ဇွန်လ၊
SEPTEMBER စက်တင်ဘာလ၊
DECEMBER ဒီဇင်ဘာလ၊

| SUN | MON | TUE | WED | THU | FRI | SAT |
|---|---|---|---|---|---|---|
| | | | | | 1 | 2 |
| 3 | 4 | 5 | 6 | 7 | 8 | 9 |
| 10 | 11 | 12 | 13 | 14 | 15 | 16 |
| 17 | 18 | 19 | 20 | 21 | 22 | 23 |
| 24 | 25 | 26 | 27 | 28 | 29 | 30 |

W

31 ဒီဇင်ဘာလတွင် ရက်ပို၊

32 ရက်ငင်နှစ် ဇွန်လတွင် ရက်ပို၊

ခံရန် ပက္ခဒိန်သစ်တခု ဖြစ်ပေါ်ရေးအတွက် ရှာဖွေလေ့လာရေး ကော်မီတီတခု ဖွဲ့စည်းလိုက်၏။

၁။ သက္ကရာဇ်နှစ်သည် သာယနနှစ်ဖြစ်စေရမည်။ ထိုအပြင် တနှစ် ကာလသည် ရာသီ ဥတုနှစ် (Tropical Year) ၃၆၅.၂၄၂၂ ရက်ဖြစ်ရမည်။

၂။ နှစ်ဆန်းရက်သည် သာယန တနင်္ဂနွေ၊ ဒက္ခိဏာ ယာဉ်လမ်းမှ ဥတ္တရ ယာဉ်လမ်းသို့ အကူး အီကွေတာ မဇ္ဈိမျဉ်း၌ရှိစဉ် နှစ်ဆန်းရမည်။

၃။ သာကခေတ် သက္ကရာဇ်နှစ်များကို အသုံးပြုသည်။

၄။ ပက္ခဒိန်သည် အိန္ဒိယစံတော်ချိန် တည်သောဌာန၊အရှေ့လောင်ဂျီတွဒ် ၈၂ အံသာ၊ ၃၀ လိတ္တာကို ဗဟိုပြု၍ မြောက်လတ္တီတွဒ် ၂၃ အံသာ၊ ၁၁ လိတ္တာဥဂျိန်းမြို့ တည်ရာ ဒေသန္တရ နေထွက်နေဝင်ဌာန ဖြစ်စေရမည်။

၅။ ရက်များသည် ယနေ့ သန်းကောင်မှ နောက်တနေ့ သန်းကောင်အထိ ဖြစ်စေ၍ အခါပွဲတော်များအတွက် မိမိတို့၏ ဒေသန္တရနေထွက်နာရီကို အသုံးပြုစေရမည်။

ပက္ခဒိန်သစ် ရှာဖွေလေ့လာရေး ကော်မီတီသည် အစည်းအဝေး သုံးကြိမ်ပြုလုပ်၍ ခရစ်နှစ် ၁၉၅၄ ခု စက်တင်ဘာလတွင် နောက်ဆုံးအစည်းအဝေး ကျင်းပပြုလုပ်ပြီးလျှင် အောက်ပါ ထောက်ခံချက်များကို အစိုးရထံသို့ တင်သွင်းခဲ့၏။

၁။ အိန္ဒိယတနိုင်ငံလုံးအတွက် နေ့၊ ရက်၊ လများ၊ တိထိများနှင့် နက္ခတ်များပါဝင်သော ပက္ခဒိန်သစ်ကို ငါးနှစ်တင်ကြို၍ အစီအစဉ်ပြုရန်။

၂။ အိန္ဒိယနက္ခတ် ပက္ခဒိန်တခုနှင့် တနင်္ဂနွေ၊ တနင်္လာဂြိုဟ်များအပြင် အခြားဂြိုဟ်များ နက္ခတ်များပါဝင်သော နက္ခတ်ဂြိုဟ်စဉ် ပက္ခဒိန်တခုကို အစိုးရဌာနတခုမှ အစီအစဉ်ပြုလုပ်၍ နှစ်စဉ်ထုတ်ဝေရန်။

၃။ သင့်တော်သော ဒေသန္တရ၌ အမျိုးသား နက္ခတ်ကြည့်မျှော်စင်တခုတည်ဆောက်၍ ခေတ်မီပစ္စည်းများ အပြည့်အစုံထားရှိပေးရန်။



## အိန္ဒိယပက္ခဒိန်သစ်တွင် ပါဝင်သောအင်္ဂါရပ်များ

အိန္ဒိယ ပက္ခဒိန်သစ်၏ သက္ကရာဇ်နှစ်သည် သာကခေတ် သက္ကရာဇ်ကို အသုံးပြု၏။ ယင်းသာကနှစ်သည် ခရစ်နှစ် ၇၈ မတ်လ၁၅ရက်မှအစပြုသည်။မြန်မာပြည်တွင်သရေခေတ္တရာမင်းဆက် သုမုန္ဒြီမင်းလက်ထက်၌ သာသနာနှစ်၆၂၂(ဒေါဒေါရသ) ဖြိုနှစ်နှင့် တချိန်တည်းဘွင် အိန္ဒိယနိုင်ငံ၌ မယူရမင်းသည် သက္ကရာဇ်ဖြို၍ "သာကနှစ်" အစပြုခဲ့သည်။ သို့အတွက် ယခု မြန်မာသက္ကရာဇ်တွင် နှစ်ပေါင်း ၅၆၀ နှောသော် အိန္ဒိယ ပက္ခဒိန်၏ သာကနှစ်ဖြစ်၏။

အိန္ဒိယပက္ခဒိန်သစ် ကော်မီတီကတင်သွင်းသော ပက္ခဒိန်သစ်သည် သာကနှစ် ၁၇၇၆၊ ခရစ်နှစ် ၁၉၅၄ မတ်လ ၂၂ ရက်၊ တနင်္လာနေ့မှ အစပြုသည်။ တနှစ်ကာလသည် ခေတ်သစ်နက္ခဗေဒကျမ်းကို အမှီပြုသော ကိန်းဖြစ်သည်။ ယခုအခါ ထိုကိန်း၏ တနှစ်ကာလသည် ၃၆၅.၂၄၁၉၅၅ သို့မဟုတ် ၃၆၅ ရက် ၅ နာရီ၊ ၄၈ မိနစ်၊ ၅၄.၇စက္ကန့်ရှိ၏။

အိန္ဒိယပြည်နယ်များတွင် မြန်မာပြည်ကဲ့သို့ နေလသွား ပက္ခဒိန်ကို အသုံးပြုခဲ့ကြသဖြင့် တိထိ၊ နက္ခတ်များကို လက်မလွှတ်နိုင်ချေ။ ဟိန္ဒူဘာသာပွဲတော်ရက်များသည် တိထိရက်

များနှင့် စန်းယှဉ်သော နက္ခတ်ပွဲတော်များ ဖြစ်၏။ ပက္ခဒိန် ကော်မီတီကမူကား နေလသွားပက္ခဒိန်အသုံးပြုခဲ့သော် အောက်ပါပြဿနာများ ဖြစ်လာမည်ဟု ဖော်ပြခဲ့၏။

၁။ လထပ် ရက်ငင် ပြဿနာများ မကြာမကြာဖြစ်နိုင်ခြင်း။

၂။ လပြည့်လကွယ် တိထိများသည် ဝေါဟာရ လပြည့်လကွယ်များနှင့် ညီညွတ်ရန်ခဲယဉ်းခြင်း၊ သို့အတွက် ပွဲတော်ရက်များသည် အချို့ပြည်နယ်များ၌တရက်၊ နှစ်ရက်ကွာ၍ ကျင်းပမည်ဖြစ်သောကြောင့် ပြဿနာအများအပြား ဖြစ်ပေါ်လာပေမည်။

၃။ ယခုပက္ခဒိန်သစ်သည် အိန္ဒိယတနိုင်ငံလုံး၌ အုပ်ချုပ်ရေးနှင့် ပေါင်းသင်း ဆက်ဆံရေး အတွက်သာဖြစ်သည်။ ယခင်က သူရိယမာသပက္ခဒိန်ကို အသုံးပြုရန် အစီရင်ခံခဲ့သဖြင့် အိန္ဒိယ ဗဟိုအစိုးရက လက်ခံသုံးစွဲလျက်ရှိ၏။ သို့အတွက် အိန္ဒိယပက္ခဒိန်သစ်သည် သူရိယမာသ၏ နှစ်၊ လ၊ ရက်များတွင် တနင်္လာဂြိုဟ်၏ တိထိနက္ခတ်နှင့် ပွဲတော်ရက်များ၊ လပြည့်လကွယ်များနှင့် နေကြတ်၊ လကြတ်ရက်များ ဖော်ပြသော ပက္ခဒိန်ဖြစ်၍၊ မည်သူမျှအငြင်းပွားရန်မဖြစ်နိုင်ချေ။ ပက္ခဒိန်သစ်၏ နှစ်ဦးသည် သာယနမိဿရာသီဝင်သော ရက်ဖြစ်သော်လည်း ဘာသာရေးပွဲတော်များနှင့် သင်္ကြန်ပွဲတော်များ အတွက် နှစ်သက်ရာနိရာယနရာသီဝင်သော ရက်များ၌ ကျင်းပနိုင်သည်။ ရက်ငင်သော ရက်သည် အင်္ဂလိပ်ပက္ခဒိန်ရက်ငင်နှစ်နှင့် ကိန်းအတူတူဖြစ်၏။



သို့သော် နှစ်ပေါင်း ၃၃၀၀ ကျော်လျှင် တရက်ကွာဖြစ်မည်။ ရက်ငင်နှစ်တွက်နည်းမှာ သာကနှစ်တွင် ၇၈ နှစ်နှောကိန်းတည်၍ ၄ ခုနှင့်စား၍ အကြွင်းသုညဖြစ်သော် ရက်ငင်နှစ်ဖြစ်၏။ သို့သော် ထိုနှောရကိန်းသည် ၁၀၀ နှင့် စားနိုင်သော်လည်း၊ ရက်ငင်နှစ်မဟုတ်ချေ။ ၄၀၀ နှင့် စားနိုင်သော နှစ်များသာလျှင် ရက်ငင်နှစ်ဖြစ်၏။ ရက်ငင်သောအခါ ပဌမ စိတြလတွင် တရက်တိုးရသည်။ သာမန်နှစ်၌ ၃၀ ရက်လဖြစ်၍ ရက်ငင်နှစ်၌ ၃၁ ရက် လဖြစ်သည်။

ပက္ခဒိန်သစ်၏ လဆန်းရက်များသည် ဇယားအမှတ် ၄ တွင် ဖော်ပြထားသည့်အတိုင်း အင်္ဂလိပ်ပက္ခဒိန်နှင့် အစဉ်အမြဲတူ၏။ သို့သော် ရက်ငင်နှစ်တွင် စိတြလဆန်းရက်သည် မတ်လ ၂၂ သို့မဟုတ် ၂၁ ရက်သာဖြစ်၏။ သူရိယမာသလများကို အသုံးပြုခြင်းကြောင့် ရာသီဥတုများသည် နှစ်စဉ်ညီညွတ်လျက်ရှိ၏ မြန်မာဗုဒ္ဓဘာသာနေ့များသည် ဝေါဟာရမာသလပြည့်များ၌ ပြုသဖြင့် သူရိယမာသနှင့် သက်ဆိုင်သောရက်သည် နှစ်သစ်ကူးသင်္ကြန် အခါရက်သာဖြစ်၏။ သို့သော် အိန္ဒိယပြည်ဟိန္ဒူဘာသာတို့၏ သူရိယမာသပွဲတော်များသည် သာယန တနင်္ဂနွေရာသီဝင် သင်္ကြန်အခါပွဲတော်များကျင်းပခြင်းကြောင့် သဘာဝနှင့် ညီညွတ်ပေသည်။ ယင်းပက္ခဒိန်သစ်တွင် ဝေါဟာရလပြည့်လကွယ်ဟူ၍ မရှိချေ။ တိထိ ၁၅ ပြည့်သော ရက်များတွင် မုချစန္ဒရမာသလပြည့်သောကြောင့် ဝေါဟာရလပြည့်နှင့် သဘာဝမုချလပြည့်ကွဲပြားမှုများမရှိချေ။ တိထိတလုံးနှင့်တလုံး ကူးပြောင်းချိန်ကို စံတော်ချိန်နာရီဖြင့်ပြ၏။ နက္ခတ်များလည်း တခုနှင့်တခုကူးပြောင်းချိန်ကို တိထိကူးပြောင်းချိန်ကဲ့သို့ပြ၏။ သို့သော် နက္ခတ်တခုသည် တဆယ့်နှစ်

ဇယားအမှတ် [၄]

## အိန္ဒိယ ပက္ခဒိန်သစ်၏ သူရိယမာသ လအမည်များ

| အမှတ်စဉ် | လအမည် | ရက် | ရာသီ | ခရစ်ပက္ခဒိန် | | ဥတုအမည် | |
|---|---|---|---|---|---|---|---|
| | | | | လ | ရက် | | |
| ၁ | စိတြ | ၃၀* | မိဿ | မတ် | ၂၂ | စပရင်း | ဒုတိယ |
| ၂ | ဝိသာခါ | ၃၁ | ပြိဿ | ဧပြီ | ၂၁ | ဆန်းမား | ပထမ |
| ၃ | ဇေဋ္ဌ | ၃၁ | မေထုန် | မေ | ၂၂ | ။ | ဒုတိယ |
| ၄ | အသာဓ | ၃၁ | ကရကဋ် | ဇွန် | ၂၂ | မိုးသီး | ပထမ |
| ၅ | သရဝဏ် | ၃၁ | သိဟ် | ဇူလိုင် | ၂၃ | ။ | ဒုတိယ |
| ၆ | အဒြ | ၃၁ | ကန် | ဩဂုတ် | ၂၃ | အော်ထွန် | ပထမ |
| ၇ | အဿဝဏီ | ၃၀ | တူ | စက်တင်ဘာ | ၂၃ | ။ | ဒုတိယ |
| ၈ | ကြတ္တိကာ | ၃၀ | ဗြိစ္ဆာ | အောက်တိုဘာ | ၂၃ | ဟေမန္တ | ပထမ |
| ၉ | အဂြဟာယန | ၃၀ | ဓနု | နိုဝင်ဘာ | ၂၂ | ။ | ဒုတိယ |
| ၁၀ | ပေါဿ | ၃၀ | မကာရ | ဒီဇင်ဘာ | ၂၂ | ဝင်းတား | ပထမ |
| ၁၁ | မာဃ | ၃၀ | ကုန် | ဇန်နဝါရီ | ၂၁ | ။ | ဒုတိယ |
| ၁၂ | ဖလဂုန | ၃၀ | မိန် | ဖေဖော်ဝါရီ | ၂၀ | စပရင်း | ပထမ |
| | ရက်ပေါင်း | ၃၆၅ | | | | | |

မှတ်ချက်။ ။*စိတြလတွင် ရက်ငင်နှစ်၌ ရက်ပေါင်း ၃၁ ရှိသည်။



ရာသီတွင် ၁၃ အံသာ၊ ၂၀ လိတ္တာစီ အညီအမျှ ခွဲဝေထားသောနည်းကို အသုံးပြုသည်။ သို့သော် အဆိုပါဘောဂလိတ္တာစီးများနှင့် နီးကပ်သော နက္ခတ်များကို အသုံးပြုထားသဖြင့် သူရိယသိဒ္ဓန္တကျမ်းနှင့် အနည်းငယ်ကွာ၏။

အိန္ဒိယနက္ခတ်စီးအံသာကို ဇယားအမှတ် ၅ တွင် ဖော်ပြထားသည်။ အိန္ဒိယပက္ခဒိန်သစ်၏ နှစ်ဆန်းရက်သည် သာကနှစ်၏ နှစ်ဆန်းစိတြလ၏ လဆန်းတရက်ဖြစ်၍ အင်္ဂလိပ်ပက္ခဒိန်၏ မတ်လ ၂၂ ရက်တွင် နှစ်စဉ်ကျမြဲဖြစ်သော်လည်း မိမိတို့ဘာသာရေး၌နှစ်ကူးရေသဘင်ပွဲတော်သည် နိရာယနမိဿရာသီဝင်၊ ဧပြီလ ၁၃ ရက်၌ ကျင်းပနိုင်သည်ဟု အစီရင်ခံထားသည်။ အနောက်နိုင်ငံ နက္ခတ်ပညာများနှင့် ညီညွတ်စေရန် ဆိုခဲ့ပြီးသောအချက်တခုဖြစ်သည့် တနင်္ဂနွေဂြိုဟ်၊ သာယနမိဿဝင်စ၊ မဇ္ဈေလမ်း ရောက်ပြီးအချိန်၏ နောက်တရက်ကို နှစ်ဆန်းရက်ဟူ၍ သတ်မှတ်၏။ ဤကဲ့သို့သတ်မှတ်ခြင်းသည် သူရိယသိဒ္ဓန္တကျမ်း၏ မူအတိုင်းပြုရသည်ဟုဆို၏။ ယင်းကျမ်း၌ နှစ်ဆန်းရက်သည် မိဿရာသီဝင်ချိန်ဖြစ်ရမည်။ (ခရစ်နှစ် ၄၀၀)ကျမ်းပြုစဉ်အချိန်ကာလ မိဿရာသီအစသည် ရွေ့လျားခြင်းသဘောရှိ၍ ယင်းရွေ့လျားခြင်းအလိုက် တိုင်းတာ၍ရသည့်အတိုင်းဖြစ်ရမည်ဟု ဆို၏။ ဤအချက်မှာ ဘာသာပြန်မြန်မာသူရိယသိဒ္ဓန္တကျမ်းတွင် မပါချေ။ မူလအိန္ဒိယသူရိယသိဒ္ဓန္တကျမ်းတွင် ဂါထာပေါင်း ငါးရာကျော်ပါ၏။ အခဏ်းပေါင်းတဆယ့်လေးခဏ်းဖြင့် ဖော်ပြထားသည်။ မြန်မာသူရိယသိဒ္ဓန္တဘာသာပြန်ကျမ်းသည် မူရင်းအိန္ဒိယကျမ်း၏ ဂါထာအပြည့်အစုံကို ဘာသာပြန်မည်မဟုတ် ဟု ယူဆရသည်။ အနောက်နက္ခတ်ကျမ်း၌ ခရစ်နှစ် ၁၆ ရာစုတွင် မိဿရာသီရွေ့သည် ဟု အသိအမှတ်ပြုကြသည်။

အိန္ဒိယ ပက္ခဒိန်သစ်၏ နက္ခတ် ၂၇ လုံး အံသာစီး (ခရစ်နှစ် ၁၉၅၆) ဇယားအမှတ် [၅]

| | နက္ခတ်အမည် | သာယနအံသာ | | နက္ခတ်စီးအံသာ | | | နက္ခတ်အမည် | သာယနအံသာ | | နက္ခတ်စီးအံသာ | |
|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | အဿဝဏီ | ၃၃ | ၂၂ | ၂၃ | ၁၅ | ၁၅ | သွာတိ | ၂၀၃ | ၃၈ | ၂၀၉ | ၅၅ |
| ၂ | ဘရဏီ | ၄၇ | ၃၆ | ၃၆ | ၃၅ | ၁၆ | ဝိသာခါ | ၂၂၄ | ၂၈ | ၂၂၃ | ၁၅ |
| ၃ | ကြတ္တိကာ | ၅၉ | ၂၃ | ၄၉ | ၅၅ | ၁၇ | အနုရာဓ | ၂၄၁ | ၅၈ | ၂၃၆ | ၃၅ |
| ၄ | ရောဟဏီ | ၆၉ | ၁၁ | ၆၃ | ၁၅ | ၁၈ | ဇေဋ္ဌ | ၂၄၉ | ၉ | ၂၄၉ | ၅၅ |
| ၅ | မိဂသီ | ၈၃ | ၆ | ၇၆ | ၃၅ | ၁၉ | မူလာ | ၂၆၃ | ၅၉ | ၂၆၃ | ၁၅ |
| ၆ | အဒြ | ၈၈ | ၉ | ၈၉ | ၅၅ | ၂၀ | ပုဗ္ဗာသာဠ် | ၂၇၃ | ၅၈ | ၂၇၆ | ၃၅ |
| ၇ | ပုဏ္ဏဗသု | ၁၁၂ | ၃၇ | ၁၀၃ | ၂၅ | ၂၁ | ဥတ္တရသာဠ် | ၂၈၁ | ၄၇ | ၂၈၉ | ၅၅ |
| ၈ | ဖုသျှ | ၁၂၈ | ၇ | ၁၁၆ | ၃၅ | ၂၂ | သရဝဏ် | ၃၀၁ | ၁၀ | ၃၀၁ | ၁၅ |
| ၉ | အသလိဿ | ၁၃၃ | ၂ | ၁၂၉ | ၅၅ | ၂၃ | မနသိဒ္ဓ | ၃၁၅ | ၄၄ | ၃၁၆ | ၃၅ |
| ၁၀ | မာဃ | ၁၄၉ | ၁၃ | ၁၄၃ | ၁၅ | ၂၄ | သတ္တဗိသျှ | ၃၄၀ | ၅၈ | ၃၂၉ | ၅၅ |
| ၁၁ | ပုဗ္ဗာဘရဂုဏီ | ၁၆၀ | ၄၂ | ၁၅၆ | ၃၅ | ၂၅ | ပုဗ္ဗာဘဒြပိုဒ် | ၃၅၂ | ၅၃ | ၃၄၃ | ၁၅ |
| ၁၂ | ဥတ္တရဘရဂုဏီ | ၁၇၁ | ၁ | ၁၆၉ | ၅၅ | ၂၆ | ဥတ္တရဘဒြပိုဒ် | ၈ | ၃၃ | ၃၅၆ | ၃၅ |
| ၁၃ | ဟဿတ | ၁၉၂ | ၅၁ | ၁၈၃ | ၁၅ | ၂၇ | ရေဝတီ | ၁၉ | ၁၆ | ၉ | ၅၅ |
| ၁၄ | စိတြ | ၂၀၃ | ၁၄ | ၁၉၆ | ၃၅ | | | | | | |

မှတ်ချက်။ ။နက္ခတ်စီးအံသာများသည် တဆယ့်နှစ်ရာသီတွင် နက္ခတ် ၂၇ လုံး အညီအမျှခွဲဝေထားသော အံသာများဖြစ်၏။



ဤသို့ရွေ့ခြင်းသည် "အာယန"ပင် ဖြစ်၏။ သို့သော်သူရိယသိဒ္ဓန္တကျမ်း၏ အာယနအံသာနှင့် အနောက်နက္ခတ်ကျမ်း၏ အာယနအံသာတို့သည် လိတ္တာအနည်းငယ် ကွာခြားသည်ကို သတိချပ်သင့်၏။

အိန္ဒိယပြည် ဟိန္ဒူလူမျိုးတို့၏ ဗုဒ္ဓဇယန္တီ ပွဲတော်သည် ဝိသာခါလတွင် လပြည့်သောရက်၌ အစဉ်ကျင်းပ၏။ ထိုနေ့သည် အင်္ဂလိပ်ပက္ခဒိန်၌ မေလ၌ အစဉ်ကျရောက်မြဲ ဖြစ်၏။ ထို့ကြောင့် အိန္ဒိယပက္ခဒိန်သစ်သည် အုပ်ချုပ်ရေးနှင့် လူမှုဆက်ဆံရေး၌သာမက၊ ဘာသာရေးများနှင့်လည်း အလွန်ညီညွတ်သော ပက္ခဒိန်တခု ဖြစ်ပေသည်။

အကျယ်သိလိုသော ပုဂ္ဂိုလ်များသည် အိန္ဒိယအစိုးရက ထုတ်ဝေသော အိန္ဒိယပက္ခဒိန်သစ် အစီရင်ခံစာကို ကြည့်ရှုတော်မူကြပါကုန်။

# ဒုတိယပိုင်း

# ပက္ခဒိန်များ၏ အင်္ဂါရပ်များ

## ၁။ တနင်္ဂနွေ၊ တနင်္လာစသော နေ့များအကြောင်း

ဘီစီ ၄၅ ခု၊ ဂျူလီယန် ပက္ခဒိန်စတင်၍ အသုံးပြုစဉ်ကာလ၌ တနင်္ဂနွေ၊ တနင်္လာနေ့ စသောနေ့အမည်များ မရှိသေးချေ။ ရာဇဝင်မှတ်တမ်းအရ၊ ယင်းနေ့များအမည်ကို ခရစ်နှစ် ၃၂၁ တွင် တီထွင်အသုံးပြုခဲ့၏။ ထိုနှစ်မတိုင်မီကာလ၌ ခရစ်ယန်ဘာသာဝင်တို့သည် ရှစ်ရက် လပြည့် လကွယ်နေ့များတွင် မိမိတို့ ဘာသာအယူဝါဒအရ ဥပုသ်ဆောက်တည်ကြသည်။ ထိုနောက် နေ့အမည်များတီထွင်၍ တနင်္ဂနွေနေ့၌ ဘာသာရေးကိစ္စများကို ဆောင်ရွက်ကြရန် ရောမဘုရင်ကွန်စတင်တိုင်၏ ဘုန်းတော်ကြီးတပါးက တီထွင်ဆောင်ရွက်ကြောင်း ရာဇဝင်မှတ်တမ်းတွင် တွေ့ရပါသည်။ အချို့ ဘာသာဝင် များသည် ကြာသပတေးနေ့၊ သောကြာနေ့၊ စနေနေ့များ၌ မိမိတို့၏ ဘာသာအရ ဥပုသ်ပြုကြ၏။ ဗုဒ္ဓဘာသာဝင်တို့သည် ရှစ်ရက်၊ လပြည့်၊ လကွယ်နေ့များ၌ ဥပုသ်စောင့်ထိန်းကြ၏။ မြတ်စွာဘုရားမွေးနေ့၊ ဗောဓိပင်နှင့် ရွှေပလ္လင်ကို အောင်မြင်တော်မူ၍ ဘုရားဖြစ်တော်မူသောနေ့၊ မြတ်စွာဘုရားပရိနိဗ္ဗာန် ပြုတော်မူသောနေ့များသည် ကဆုန်လပြည့်နှင့်ကြုံ၏။ မြတ်စွာဘုရား၏



ပဋိသန္ဓေရက်၊ ဓမ္မစကြာတရားဟောတော်မူသောရက် စသည်များလည်း ဝါဆိုလပြည့်နှင့် ကြုံကြိုက်၏။

နက္ခတ်နှင့် ဗေဒင်ပညာစတင်ပေါ်ခဲ့သော ဘီစီခြောက်ရာစုခေတ်၌ တနင်္ဂနွေ၊ တနင်္လာစသော ဂြိုဟ်များကို နေနတ်သား၊ လနတ်သားဟူ၍ တင်စားမှည့်ခေါ်ခဲ့ကြ၏။ ဥပမာ....အင်္ဂါဂြိုဟ်ကို မီးနတ်သား၊ စစ်နတ်သားဟူ၍၎င်း၊ ဗုဒ္ဓဟူးဂြိုဟ်ကို လေနတ်သားဟူ၍၎င်း၊ သောကြာဂြိုဟ်ကို အချစ်နတ်သမီးဟူ၍၎င်း အနောက်နိုင်ငံ နက္ခတ်ကျမ်းများတွင် ရေးသားကြ၏။

ရှေးလူတို့က စကြာဝဠာအကြောင်းကိုဖော်ပြသောစာတမ်းများတွင် ကမ္ဘာကို ဗဟိုပြု၍ တနင်္လာဂြိုဟ်၊ ဗုဒ္ဓဟူးဂြိုဟ်၊ သောကြာဂြိုဟ်၊ တနင်္ဂနွေဂြိုဟ်၊ အင်္ဂါဂြိုဟ်၊ ကြာသပတေးဂြိုဟ်၊ စနေဂြိုဟ် စသည်တို့သည် အစီအစဉ်အတိုင်း တည်နေသည်ဟူ၍ အသိအမှတ်ပြုကြသည်။

[**မှတ်ချက်။** ။ယူရေနပ်၊ နက်ပကျွန်း၊ ပလူတိုး ဂြိုဟ်တို့သည် ခရစ်နှစ် ၁၆၀၀ ကျော်ကာလနောက်ပိုင်းကျမှ တွေ့မြင်ကြရခြင်းကြောင့် ရှေးနက္ခတ်ကျမ်းများတွင် ဖော်ပြလေ့မရှိကြပေ။]

နက္ခတ်ဗေဒင်ကျမ်း၊ ဟူးရားဗေဒင်ကျမ်းများသည် စကြာဝဠာသဘာဝအတိုင်း ဂြိုဟ်နက္ခတ်များကို မူတည် ရေးသားကြခြင်းကြောင့် သူရဇ္ဇ၊ သောကြ၊ ဗုဒ္ဓ၊ စန္ဒရော၊ သောရီ၊ ဂုရု၊ ဘောမဟူ၍ ဂြိုဟ်တို့၏အစိုးရသော နာရီအပိုင်းအခြားများကို ဖော်ပြလေ့ရှိကြ၏။

စကြာဝဠာပုံစံတွင် တနင်္ဂနွေဂြိုဟ်မှ ရေသော် (ပုံစံ အမှတ်–အ) တနင်္ဂနွေ၊ သောကြာ၊ ဗုဒ္ဓဟူး၊ တနင်္လာ၊ စနေ၊ ကြာသပတေး၊ အင်္ဂါ စသည်ဖြင့် ဂြိုဟ်စဉ်နေရာကို ဟူးရား ဗေဒင်ကျမ်း၌ ဖော်ပြထားလေ့ရှိကြ၏။ တနင်္ဂနွေဂြိုဟ်သည်





အားအကြီးဆုံးသော ဂြိုဟ်ဖြစ်၍ ထိုဂြိုဟ်မှစ၍ ရေတွက်၏။ သို့သော် တနင်္ဂနွေ၊ တနင်္လာ၊ အင်္ဂါ၊ ဗုဒ္ဓဟူး၊ ကြာသပတေး၊ သောကြာ၊ စနေ စသော ခုနစ်နေ့၏ အစီအစဉ်သည် ကောင်းကင်သဘာဝစကြဝဠာ၏ဂြိုဟ်များသွားလာမှုနှင့်မသက်ဆိုင်ဟု စာရေးဆရာကြီး ဒဗလျူ-အက်စ်-ဘီ-ဝူးဟောက် W. S. B, Wool House သည် အင်ဆိုင်ကလိုပီးဒီးယား ဗြိတန်နီးကားခေါ် ဗြိတိန်ပြည် စွယ်စုံကျမ်းတွင် ဖော်ပြထား၏။ သို့သော် မြန်မာတို့၏ အင်္ဂဝိဇ္ဇာ ကျမ်းရင်းများနှင့် ဟူးရားဗေဒင် ကျမ်းများတွင် တနင်္ဂနွေဂြိုဟ်သည် တနင်္ဂနွေနေ့၌ ပဌမနာရီပိုင်းကို အစိုးရ၏။ ထို့အတူ တနင်္လာဂြိုဟ်သည် တနင်္လာနေ့၌ ပဌမနာရီပိုင်းကို အစိုးရ၏။ဤနည်းဖြင့် အင်္ဂါ၊ဗုဒ္ဓဟူး၊ကြာသပတေး၊သောကြာ၊ စနေဂြိုဟ်တို့သည်လည်း ၎င်းတို့ဆိုင်ရာ အသီးသီးနေ့ရက်များ၏ ပဌမ နာရီပိုင်းကို အစိုးရကြသည်ဟု ဖော်ပြထား၏။

စက်နာရီမပေါ်မီကာလ၌ တရက်တွင် နေ့နာရီ ၃၀ နှင့် ညဉ့်နာရီ ၃၀ ရှိနာရီ ၆၀ ရှိကြောင်းဆိုကြ၏။ ထိုနာရီ ၆၀ ကို အပိုင်း ၁၀ ပိုင်းပြု၍ တပိုင်းတပိုင်းတွင် အစိုးရသော ဂြိုဟ်တို့ကို အောက်ပါအဇယားအစဉ်အတိုင်း ပြထားလေသည်။

ဇယားအမှတ် (၆) ကို ကြည့်ပါ။

ရှေးရှေးကာလများ၌ သဲနာရီ၊ ဆီနာရီ၊ နေနာရီများကို သုံးစွဲကြ၏။ အချို့သင်္ကေတိုင်ဖြင့် ဘဝါးနာရီတို့ကို သုံးစွဲ၏။ စက်နာရီတီထွင်သောအခါ၌ ၂၄ နာရီပိုင်းခြင်းသည် အထက်ပါ ဂြိုဟ်တို့၏ နာရီပိုင်းစီစဉ်မှုမှ ဖြစ်ပေါ်လာသော စနစ်ဖြစ်ဟန် ရှိလေသည်။

ဇယားအမှတ် [၆]

| | သူရဋ္ဌ | သောကြာ | ဗုဒ္ဓ | • စန္ဒရော | သောရိ | ဂုရု | ဘောမ |
|---|---|---|---|---|---|---|---|
| တနင်္ဂနွေနေ့ | ပဌမနာရီ ၈ | ၂ ၉ | ၃ ၁၀ | ၄ | ၅ | ၆ | ၇ |
| တနင်္လာနေ့ | ၅ | ၆ | ၇ | ပဌမနာရီ ၈ | ၂ ၉ | ၃ ၁၀ | ၄ |
| အင်္ဂါနေ့ | ၂ ၉ | ၃ ၁၀ | ၄ | ၅ | ၆ | ၇ | ပဌမနာရီ ၈ |
| ဗုဒ္ဓဟူးနေ့ | ၆ | ၇ | ပဌမနာရီ ၈ | ၂ ၉ | ၃ ၁၀ | ၄ | ၅ |
| ကြာသပတေးနေ့ | ၃ ၁၀ | ၄ | ၅ | ၆ | ၇ | ပဌမနာရီ ၈ | ၂ ၉ |
| သောကြာနေ့ | ၇ | ပဌမနာရီ ၈ | ၂ ၉ | ၃ ၁၀ | ၄ | ၅ | ၆ |
| စနေနေ့ | ၄ | ၅ | ၆ | ၇ | ပဌမနာရီ ၈ | ၂ ၉ | ၃ ၁၀ |

## ၂၄ စက်နာရီတွင် အစိုးရသော ဂြိုဟ်များ

ဇယားအမှတ် [၇]

| စက်နာရီ | တနင်္ဂနွေ | တနင်္လာ | အင်္ဂါ | ဗုဒ္ဓဟူး | ကြာသပတေး | သောကြာ | စနေ |
|---|---|---|---|---|---|---|---|
| ပဌမနာရီ — ၁ | ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၀ |
| ၂ | ၆ | ၀ | ၁ | ၂ | ၃ | ၄ | ၅ |
| ၃ | ၄ | ၅ | ၆ | ၀ | ၁ | ၂ | ၃ |
| ၄ | ၂ | ၃ | ၄ | ၅ | ၆ | ၀ | ၁ |
| ၅ | ၀ | ၁ | ၂ | ၃ | ၄ | ၅ | ၆ |
| နေထွက် — ၆ | ၅ | ၆ | ၀ | ၁ | ၂ | ၃ | ၄ |
| ၇ | ၃ | ၄ | ၅ | ၆ | ၀ | ၁ | ၂ |
| ၈ | ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၀ |
| ၉ | ၆ | ၀ | ၁ | ၂ | ၃ | ၄ | ၅ |
| ၁၀ | ၄ | ၅ | ၆ | ၀ | ၁ | ၂ | ၃ |
| ၁၁ | ၂ | ၃ | ၄ | ၅ | ၆ | ၀ | ၁ |
| မွန်းတည့် — ၁၂ | ၀ | ၁ | ၂ | ၃ | ၄ | ၅ | ၆ |
| ၁ | ၅ | ၆ | ၀ | ၁ | ၂ | ၃ | ၄ |
| ၂ | ၃ | ၄ | ၅ | ၆ | ၀ | ၁ | ၂ |
| ၃ | ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၀ |
| ၄ | ၆ | ၀ | ၁ | ၂ | ၃ | ၄ | ၅ |
| ၅ | ၄ | ၅ | ၆ | ၀ | ၁ | ၂ | ၃ |
| နေဝင် — ၆ | ၂ | ၃ | ၄ | ၅ | ၆ | ၀ | ၁ |
| ၇ | ၀ | ၁ | ၂ | ၃ | ၄ | ၅ | ၆ |
| ၈ | ၅ | ၆ | ၀ | ၁ | ၂ | ၃ | ၄ |
| ၉ | ၃ | ၄ | ၅ | ၆ | ၀ | ၁ | ၂ |
| ၁၀ | ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၀ |
| ၁၁ | ၆ | ၀ | ၁ | ၂ | ၃ | ၄ | ၅ |
| သန်းခေါင် — ၁၂ | ၄ | ၅ | ၆ | ၀ | ၁ | ၂ | ၃ |

## ၂။ သက္ကရာဇ်နှစ်များအကြောင်း။

အိန္ဒိယပြည်သက (သာက) မင်းဆက်ကို အကြောင်းပြု၍ သာက သက္ကရာဇ် ပေါ်ပေါက်လာကြောင်းပြခဲ့ပြီးဖြစ်၏။ ကံနီ အတွင်းဝန်ရေးသားသည့် မကာရန္တဗေဒင် လက်ရိုးဋီကာတွင် နှစ်အရေအတွက်ကို အရိုအသေပြု မှတ်သားခြင်းဟု ဆိုသည်။ အချို့ကလည်း 'သိကြားဟောအယူ' တတ်စွမ်းနိုင်သော ပညာရှိများ၏အစီအစဉ်ကိုယူသည်။ ဝိဂြိုဟ်အားဖြင့် အမျိုးမျိုး ကွဲပြားကြသည်။ အရှင်တိက္ခပဏ္ဍိတစီရင်သော **"ဝါထပ်ရက်ငင် အဆုံးအဖြတ်ကျမ်း"** ၌ သက္ကရာဇ်ဝိဂြိုဟ်ရှစ်မျိုးပြထားသည်ကို တွေ့ရှိရ၏။

အိန္ဒိယနိုင်ငံသမိုင်းအရ၊ သာကခေတ် နှစ်မျိုးရှိ၏။ သာက ခေတ်ဟောင်းသည် ခရစ်မဖွားမီ ဘီစီ ၁၂၃ မှစသည်။ ဒုတိယ 'သာကခေတ်'သည် ခရစ်ဖွားပြီး အေဒီ ၇၈ မှစ၍ ရေတွက်သည်။ ထို့ကြောင့် 'သက္ကရာဇ်'သည် ဂေါတမ မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုပြီးကာလ ၄၀၀ ကျော်နှစ်တွင်ဖြစ်ပေါ်ခဲ့၏။ ထိုနှစ် မတိုင်မီခေတ်တွင် 'ကလိယုဂ်နှစ်' နှင့် 'သာသနာနှစ်' စသည်တို့ ကို အသုံးပြုကြ၏။

သူရိယသိဒ္ဓန္တကျမ်းတွင် စတုယုဂ်နှစ် အသုံးပြုထားသည်။ စတုယုဂ်တခုတွင် ယုဂ်လေးပါးပိုင်းခြားထားသည်။

| | | | |
|---|---|---|---|
| (၁) | ကတယုဂ်။ | နှစ်ပေါင်း | ၁၇၂၈၀၀၀ |
| (၂) | တြေတာယုဂ်။ | နှစ်ပေါင်း | ၁၂၉၆၀၀၀ |
| (၃) | ဒွါပရာယုဂ်။ | နှစ်ပေါင်း | ၈၆၄၀၀၀ |
| (၄) | ကလိယုဂ်။ | နှစ်ပေါင်း | ၄၃၂၀၀၀ |



ယခုမြန်မာနိုင်ငံ၌ အသုံးပြုသော သက္ကရာဇ်နှစ်သည် စတုယုဂ်နှစ်များမှ မင်းအဆက်ဆက်ဖို့ခဲ့သော သက္ကရာဇ်နှစ်ဖြစ်၏။

**ပထမသက္ကရာဇ်ဖို့ကိန်း**

| | |
|---|---|
| အာကာရဋ္ဌမင်း၊ မဟာသုဒ္ဓဝယပ္ပကိန်း | ၁၁၄၉၇၈ ၅ ဖို့နှစ် |
| ကုသမင်း၊ နာတိမဇ္ဈလဒ္ဓိဝိယကိန်း | ၁၄၉၃၈၅၆၀ ။ |
| ဘိုးတော်အဥ္စနမင်း၊ မာဃစန္ဒေကိန်း | ၈၆၄၅ ။ |
| အဇာတသတ်မင်း၊ ဒေဝိယကိန်း | ၁၄၈ ။ |
| သုမုန္ဒြီမင်း၊ ဒေါဒေါရသကိန်း | ၆၂၂ ။ |
| ပုပ္ပါးစောရဟန်းမင်း၊ ခဆပဥ္စ(အလံဗိက) ကိန်း | ၅၆၀ ။ |
| မိုးညှင်းမင်း၊ အဋ္ဌနဝသတ္တကိန်း | ၇၉၈ ။ |

(မအောင်မြင်)

**ဒုတိယသက္ကရာဇ်ဖို့ကိန်း**

ကလိယုဂ်နှစ်ဆန်းမှဖို့သော သက္ကရာဇ်။

| | |
|---|---|
| ဓမ္မရာဇာမင်း။ | ၁၈၁၂ ဖို့နှစ်။ |
| နန္ဒမင်း။ | ၅၀၀ ။ |
| ဂေါဓမ္မမင်း။ | ၄၀၀ ။ |
| သောကပါလ။ | ၃၆၀ ။ |
| မယူရမင်း။ | ၁၀၇ ။ |
| ပုပ္ပါးစောရဟန်းမင်း။ | ၅၆၀ ။ |
| ကလိယုဂ်။ | ၃၇၃၉ နှစ်ပေါင်း။ |

အထက်ပါ သက္ကရာဇ်ဖို့ကိန်း နှစ်ခုတွင် မြန်မာသက္ကရာဇ်

ဆင်းသက်သော သက္ကရာဇ်ဖြိုကိန်းသည် ဘိုးတော် အဥ္စနမင်း ဖြိုသော နှစ်ပေါင်း ၈၆၄၈ ထည်းမှ ဒွါပရယုဂ်၏ နှစ်ကြွင်း ၆၂၃၉ နှစ်ကိုနုတ်လျှင် ကလိယုဂ် နှစ်ပေါင်း ၂၄၀၉ ဖြစ်၏။ ထို့ကြောင့် ဘိုးတော်အဥ္စနမင်းဖြိုပြီး 'မဟာသက္ကရာဇ်' ခေါ်၏။ မဟာသက္ကရာဇ် ၆၈ တွင် မြတ်စွာဘုရားအလောင်းတော် ဖွားမြင်တော်မူ၍ သက်တော် ၈၀၊ ဝါတော် ၄၅ ဝါ၊ မဟာသက္ကရာဇ် ၁၄၈ တွင် ပရိနိဗ္ဗာန် ပြုတော်မူသည်။ ယင်းသည့်နောက် အရှင်မဟာကဿပ အမှူးပြု၍ ပဌမ သင်္ဂါယနာတင်ပြီးလျှင် အဇာတသတ်မင်းသည် မဟာသက္ကရာဇ် ၁၄၈ ကိုဖြိုတော်မူ၍ သာသနာနှစ်ပြုတော်မူသည်။ သက္ကရာဇ်ဖြိုခြင်းသည် နက္ခတ်ကိန်းခမ်းများ မျက်မြင်အရတိမ်းပါးချွတ်ချော်သဖြင့် ညီညွတ်ရန် ကိန်းညှိခြင်းများပြုလိုသဖြင့် သက္ကရာဇ်ဖြိုခြင်းဖြစ်၏။ အဇာတသတ်မင်းဖြိုသော သက္ကရာဇ်သည် နက္ခတ်ကိန်းခမ်းကြောင့် မဟုတ်ပေ။ သာသနာခေတ်ပြုရန်သက်သက် ဖြိုခြင်းဖြစ်၏။ ထို့နောက် သရေခေတ္တရာပြည်မင်းဆက် ၂၅ မြောက် သုမုန္ဒြီမင်း လက်ထက်တော်၌ နက္ခတ်ကိန်းခမ်းများ မညီညွတ်မှုကြောင့် ပြုပြင်ရန် ဒေါဒေါရသသာသနာနှစ် ၆၂၂ ကိုဖြိုခဲ့၏။ ဤဖြိုသော နှစ်နှင့် တချိန်တည်းမှာပင် အိန္ဒိယနိုင်ငံ၌ မယူရမင်း လက်ထက်တွင် နှစ်ပေါင်း ၁၀၇ ကိုဖြို၍ 'သာကနှစ်' အစပြုခဲ့၏။ ထို့နောက် ပုဂံပြည်ပုပ္ပါးစောရဟန်းမင်းလက်ထက် ခဆပဥ္စနှစ်ပေါင်း ၅၆၀ ကို ဖြိုခဲ့သည်။ ယင်းသက္ကရာဇ် ၈၀၀ သို့ ရောက်သောအခါ ရတနာပူရ၊ အင်းဝပြည်တွင် မိုးညှင်းမင်းတရား လက်ထက် သက္ကရာဇ် (၂)ခုအကြွင်းထားပြီးလျှင် အဋ္ဌနဝသတ္တနှစ်ပေါင်း ၇၉၈ ကိုဖြိုခဲ့ရာ မအောင်မြင်ချေ။ သက္ကရာဇ်ဟောင်းအခေါ် မပျောက်ချေ။ မြန်မာစာနိုင်ငံလုံး ပုဂံခေတ် သက္ကရာဇ်ကိုသာ



ဆက်လက်၍ ယနေ့တိုင်အောင် အသိအမှတ်ပြုခဲ့သည်။ ထိုအခါမှစ၍ 'သက္ကရာဇ်ရှည်' 'သက္ကရာဇ်တို' ဟု သက္ကရာဇ်နှစ်ရပ် ဖြစ်ခဲ့၏။

ယခုရောက်ရှိလျက်ရှိသော ကောဇာသက္ကရာဇ်ရှည်တွင် ၅၆၀ နှောလျှင် သုမုန္ဒြီခေတ်သက္ကရာဇ်ဖြစ်၏။ အိန္ဒိယနိုင်ငံသုံး ပက္ခဒိန်၏ သာကနှစ်လည်းဖြစ်၏။ ယင်းမြန်မာမင်း သုမုန္ဒြီသက္ကရာဇ်နှစ်တွင် ၆၂၂ နှောလျှင် ဂေါတမမြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုပြီးနောက် သာသနာနှစ်ဖြစ်၏။ သီဟိုဠ်လူမျိုးတို့၏ပက္ခဒိန်တွင် အသုံးပြုသော သာသနာ သက္ကရာဇ်ဖြစ်၏။ ယင်းတွင် ၂၅၅၇ နှောလျှင် ကလိယုဂ်နှစ်ဖြစ်၏။

ဥပမာ။ သက္ကရာဇ် ၁၃၂၅ + ၅၆၀ = ၁၈၈၅ သုမုန္ဒြီသက္ကရာဇ်။

 ။ ၁၈၈၅ + ၆၂၂ = ၂၅၀၇ သာသနာနှစ်။

 ။ ၂၅၀၇ + ၂၅၅၇ = ၅၀၆၄ ကလိယုဂ်နှစ်။

သက္ကရာဇ်ဖြိုခြင်းမှာ သက္ကရာဇ် အများထက် အနည်းကို အလွယ်တကူ မှတ်သားနိုင်ခြင်း၊ ဝေါဟာရ ပက္ခဒိန်တွင် လထပ်ရက်ငင်ပြုခဲ့သော်လည်း မညီညွတ်ခြင်း၊ နေလနက္ခတ် ဂြိုဟ်သွားတို့ တိမ်းပါးခြင်းစသော လက္ခဏာများ ပေါ်ပေါက်ခဲ့သော်၊ တွက်ပုံကိန်းများနှင့် မျက်မြင်များ ညီညွတ်စေရန်၊ တိုင်းပြည်အုပ်ချုပ်သော မင်းများသည် နက္ခတ်ပညာရှိများနှင့် တိုင်ပင်နှီးနှောပြီးလျှင် သက္ကရာဇ်များ ဖြိုရပေသည်။ တိုင်းပြည် အုပ်ချုပ်သောမင်းများသည် မိမိတို့ အစိုးရသောခေတ် ထင်ရှားစေရန်အတွက်လည်း သက္ကရာဇ် ဖြိုလေ့ရှိကြ၏။ မြန်မာနိုင်ငံလွတ်လပ်ရေးရသောနှစ်မှ အစပြု၍ 'အောင်ဆန်းခေတ်' ပြုရန် မန္တလေးမှ ဒေါက်တာဆိုနီသည် သက်ဆိုင်ရာ အာဏာပိုင်များထံ အကြံပေးခဲ့ပါသည်။ သို့သော် ပက္ခဒိန် အကြံပေးအဖွဲ့တွင်

အယူသည်းသောပုဂ္ဂိုလ်တစုက သက္ကရာဇ်ဖို့သောမင်း နတ်ရွာစံ တတ်သည်ဟု ပြောကြသဖြင့် ထိုအကြံ မအောင်မြင်ခဲ့ချေ။

ဗေဒင်တွက်ရိုးကို စီရင်သော ကျမ်းများတွင် သက္ကရာဇ် အများကို အနည်းဖြစ်အောင်ပြု၍ စီရင်ကြသည်မှာ သက္ကရာဇ် ဖို့ခြင်းမမည်။ ကျမ်းပြုကိန်းသာမည်၏။ ဥပမာ၊ သန္ဒိဋ္ဌကျမ်း ၌ ကောဇာသက္ကရာဇ်တွင် ၃၇၃၉ နှော ကလိယုဂ် ဖြစ်၏။ ယင်းတွင် ၄၇၃၉ ချေ၊ သေသနှစ်ကြွင်းရသဖြစ်၏။ ဤရသ နှစ်သည် သက္ကရာဇ်ဖို့နှစ်မဟုတ်ချေ။ အတာဗိုလ်တွက် ချေလွယ် ကူစေရန် ချုံးထားသော ကိန်းဂဏန်းမျှသာဖြစ်၏။

## ၃။ လက်ာဒေသန္တရအကြောင်း။

အနောက်နိုင်ငံများ၌ထုတ်သော နက္ခတ်ပက္ခဒိန်တွင် ဂရင်း နစ်မြို့၏ မွန်းတည့်နာရီဖြင့် ဂြိုဟ်နက္ခတ်များ၊ ရာသီ၊ အံသာ များ၏ ဗဟိုဋ္ဌာနပြုသကဲ့သို့ မြန်မာနေ့စဉ်ကြယ်နက္ခတ်ပက္ခဒိန် သည်လည်း အမရပူရမြို့၏သန်းခေါင်နာရီဖြင့် ဗဟိုဋ္ဌာနပြုထား သည်။ ထို့အတူ သူရိယသိဒ္ဓန္တကျမ်း၏အခြေခံ တွက်ကိန်းများ သည်လည်း လက်ာဒေသန္တရ၏ သန်ကောင်နာရီဖြင့် ဗဟိုဋ္ဌာန ပြုထားသည်။

ကံနီအတွင်းဝန်မင်းကြီးရေးသော 'မကာရန္တဗေဒင် လက်ရိုးဋီကာ' တွင်.... "သူရိယသိဒ္ဓန္တ စသော လက်ရိုး ကျမ်းကြီးတို့တွင် မြင့်မိုရ်တောင်နှင့် လက်ာသီဟိုဠ် ကျွန်း တောင်မြောက် အတည့်မျဉ်းကို မဇ္ဈလေခ အ လယ်ရေးမျဉ်း ခေါ်သည်။ မျဉ်းပေါ်၌ ကုရုတိုင်း၊ အဝန္တီတိုင်း၊ ဥဇ္ဇေနီပြည်၊ ကိဋ္ဌိသီ၊ သနဟိတရပ်၊ သိ



တာတောင်၊ အနော်ဝတတ်အိုင်တို့သည် တည်၏။".... ဟု ဖော်ပြထားလေသည်။

အထက်ဖော်ပြပါ 'မြင့်မိုရ်တောင်' သည် မြောက်ဝင်ရိုးစွန်း ဒေသဖြစ်၏။မဇ္ဈလေခ အလယ်ရေးမျဉ်းသည် မရီးဒီယန်း **(Meridian Longitude)** ဖြစ်၏။ ဥဇ္ဇေနီပြည်သည် ယခု ဥဂျိန်း မြို့ **(Ujjain)** ဖြစ်၍ အိန္ဒိယပြည် မဒ္ဒယာဘာရပ်နယ်တွင်ရှိ၏။

မြန်မာ သူရိယသိဒ္ဓန္တကျမ်းတွင် ဥဇ္ဇေနီပြည် ဟူ၍ မပြ၊ လက်ာဟူ၍ပြသည်။ လက်ာဒေသန္တရသည် မြောက်ဝင်ရိုးစွန်း မှ ဥဂျိန်းမြို့တည်သော တောင်မြောက်သွားလောင်ဂျီတွဒ်မျဉ်း နှင့် အီကွေတာခေါ် မဇ္ဈေမျဉ်းတို့ ဖြတ်သော 'သင်္ကေတ' အမှတ်ပြု ဒေသန္တရဖြစ်သည်။ ကျွန်းမြေရာမရှိ၊ အချို့ဆရာတို့ သည် သီဟိုဠ်ကျွန်းနှင့် ထိုအနီးရှိ လက္ကဒိပ်၊ မော်လဒိက်ကျွန်း ကို အယူရှိ၏။ အထက်ပါ ကံနီအတွင်းဝန်၏ ကောက်နုတ် ချက်ဖြင့် 'လက်ာသီဟိုဠ်ကျွန်း' ဟု ဖော်ပြသဖြင့် အချို့ဗေဒင် ပညာရှိတို့သည် သီဟိုဠ်ကျွန်းကိုပင် လက်ာဒေသန္တရဟု ရေးကြ သည်။ ရှေးအခါ၌ အိန္ဒိယနက္ခတ်ပညာရှိများသည် ဥဂျိန်းမြို့မှ နက္ခတ်ကြည့်ရန် အဆောက်အဦများ ဆောက်လုပ်၍ သူရိယ သိဒ္ဓန္တကျမ်းကို စီရင်ရေးသားခဲ့၏။ အိန္ဒိယပြည်ကို အင်္ဂလိပ် များသိမ်းစဉ်ကလည်း ဥဂျိန်းမြို့၌ နက္ခတ်ကြည့် မျှော်စင် အ ဆောက်အဦများအထင်အရှားတည်ရှိကြောင်း ရာဇဝင် မှတ် တမ်းများတွင် တွေ့ရပေသည်။ ထို့အတွက် ဥဂျိန်းမြို့တည်သော လောင်ဂျီတွဒ်အမှန်သိရန်လိုအပ်ပေသည်။

မြန်မာဝေါဟာရ ပက္ခဒိန်တွင် ဥဂျိန်းမြို့နှင့် သက်ဆိုင်သော အချက်သည် နှစ်ဟောင်းမှ နှစ်သစ်သို့ကူးပြောင်းချိန်သတ်မှတ် သော နာရီဖြစ်သည်။ ဒုတိယကမ္ဘာစစ်မတိုင်မီ ကာလတွင်

မြန်မာ နှစ်သစ်ပြောင်းချိန်သည် ရှေးအစဉ်အလာအရ အမရပူရဒေသန္တရဖြင့် နာရီကြားသည်။လွတ်လပ်ရေးခေတ်အစတွင် ပက္ခဒိန်အကြံပေးအဖွဲ့မှ နှစ်သစ်ကူးချိန်ကို မြန်မာစံတော်ချိန် နာရီဖြင့် ကြားရန်ဆုံးဖြတ်သည့် အလျောက် ဥဂ္ဂိန်းမြို့တည်သော လောင်ဂျီတွဒ်အံသာ အဆုံးအဖြတ်ပြုရန် ဆွေးနွေးကြရပြန်သည်။ယင်းသို့ ဆွေးနွေးရာတွင် အောက်ပါအချက်အလက်များတင်ပြဆွေးနွေးကြပါသည်။

၁။ အင်္ဂလိပ်ဘုန်းတော်ကြီး အီးဘားဂျက် ( E. Burgess ) ၏ အင်္ဂလိပ်ဘာသာပြန် သူရိယ သိဒ္ဓန္တကျမ်းတွင် ဥဂ္ဂိန်းမြို့သည် အရှေ့လောင်ဂျီတွဒ် ၇၅ အံသာ၊ ၄၇ လိတ္တာတွင်တည်ရှိကြောင်း အိန္ဒိယဂေဇက်တွင် ကြေညာသည်ဟု ရေးသားထားသည့်အချက်။

၂။ အိန္ဒိယပြည်ရှိ နက္ခတ်ဆရာကြီး လဟီရီး ( Lahiri ) ၏ နက္ခတ်ပက္ခဒိန်တွင် ဥဂ္ဂိန်းမြို့၏ လောင်ဂျီတွဒ်သည် အရှေ့ ၇၅ အံသာ၊ ၄၅ လိတ္တာတွင် တည်သည့်အချက်။

၃။ နက္ခတ်ပညာရှိ ဦးကျော်ငြိမ်းထုတ်သော ကန်ဦးသံဒိဋ္ဌစကားပြေကျမ်းတွင် လက်ာသည် အရှေ့လောင်ဂျီတွဒ် ၇၅ အံသာ၊ ၅၃ လိတ္တာ၊ ၁၅ ဝိလိတ္တာဟု ဖော်ပြသည့်အချက်။

၄။ သံဒိဋ္ဌနေ့စဉ်ကြယ်ထုတ်သော ပုဏ္ဏားပညာရှိ ဦးလှမောင်၏အလိုမှာ လက်ာသည် အရှေ့လောင်ဂျီတွဒ် ၇၆ အံသာ၊ ၃၇ လိတ္တာ၊ ၅၉ ဝိလိတ္တာ၊၄၃ အနုလိတ္တာ၊ ၂၀ မနုလိတ္တာစသဖြင့် ကမ္ဘာ့စံတော်ချိန် မှတ်တမ်းတွင်ဖော်ပြခြင်းအချက် ဟူ၍တည်နေရာ ကွဲပြားမှုများကို တင်ပြကြသည်။



သို့သော်လည်း ဥဇ္ဇေနီခေါ် လက်ာဒေသသည် မြန်မာနှစ်ဆန်းတွက်ရန် အရှေ့လောင်ဂျီတွဒ် ၇၆ အံသာ၊ ၁၆ လိတ္တာ၌တည်သည်ဟု ပြည်ထောင်စုမြန်မာနိုင်ငံပက္ခဒိန်အကြံပေးအဖွဲ့မှ အဖွဲ့ဝင်အချင်းချင်း သဘောမတိုက်ဆိုင် မညီညွတ်မှုကြောင့် ယာယီသတ်မှတ်ရန် အများသဘောတူဆုံးဖြတ်ကြသည်။

ဤအချက်များကို သိသာလွယ်စေရန် အကျဉ်းအားဖြင့် တင်ပြရသော်....

| | အံသာ | လိတ္တာ | ဝိလိတ္တာ |
|---|---|---|---|
| ၁။ သူရိယသိဒ္ဓန္တအင်္ဂလိပ်ဘာသာ ပြန်သူ အီးဘားဂျက် | ၇၅ | ၄၇ | ၀ |
| ၂။ အိန္ဒိယနက္ခတ်ဆရာ လဟီရီး | ၇၅ | ၄၅ | ၀ |
| ၃။ ဦးကျော်ငြိမ်း၏သံဒိဋ္ဌစကားပြေ | ၇၅ | ၅၃ | ၁၅ |
| ၄။ ဦးလှမောင်၏ကမ္ဘာ့စံတော်ချိန် မှတ်တမ်း | ၇၆ | ၃၃ | ၅၉ |
| ၅။ ပက္ခဒိန်အကြံပေးအဖွဲ့ | ၇၆ | ၀၆ | ၀ |

ခရစ်နှစ် ၁၉၅၂ တွင်ထုတ်သော "The Citizen's Atlas of The World" မြေပုံစာအုပ်မှကူးယူထားသော ဥဂ္ဂိန်းမြို့တည်ရှိသော ပြည်နယ်မြေပုံကို ပူးတွဲတင်ပြထားပါသည်။ (စာမျက်နှာ ၆၄) ၎င်းမြေပုံသည် မြေပုံထုတ်လုပ်ရေး၌ တိုင်းပြည်အများ၏အသိအမှတ်ပြုခြင်းခံရသော Mr. John Bartholomew, M.C., M.A., F.R.A.S., F.R.G.S., ကြီးကြပ်ရိုက်နှိပ်ထုတ်သောမြေပုံဖြစ်ပါသည်။ ဥဂ္ဂိန်းမြို့သည် အရှေ့လောင်ဂျီတွဒ် ၇၆ အံသာထက်လျော့သည်မှာ အထင်အရှား ဖြစ်ပေသည်။ မြေပုံတွင် ဥဂ္ဂိန်းမြို့သည် ၇၅ အံသာ၊ ၄၇ လိတ္တာနှင့် နီးစပ်သဖြင့် စာရေးသူအနေဖြင့် အီးဘားဂျက်၏ သူရိယ

ပုံစံအမှတ် [အ၁]




ဥဂျိန်းမြို့ မြေပုံ။



သိဒ္ဓန္တဘာသာပြန်ကျမ်းတွင်ဖော်ပြသော အရှေ့လောင်ဂျီတွဒ် ၇၅ အံသာ၊ ၄၇ လိတ္တာကိုအသိအမှတ်ပြုလိုပါသည်။

မြန်မာဗေဒင်လောကတွင် လင်္ကာဒေသန္တရ၏ မဇ္ဈလေခ အံသာမညီညွတ်သော အကြောင်းမှာ အိန္ဒိယပြည်၌ သူရိယ သိဒ္ဓန္တကျမ်းမှတပါး၊ အခြားသိဒ္ဓန္တကျမ်းများရှိ၏။ ထိုကျမ်း များက တွက်ချက်သော ဗဟိုဒေသန္တရများတွင် အသုံးပြုကြ သည့် နက္ခတ်ကြည့်ကြိယာနှင့် အဆောက်အအုံ များသည် ဥဂျိန်းမြို့၌သာမက ဂျေပူမြို့၊ ဗာရာဏသီမြို့များ၌လည်း ယနေ့ တိုင်တွေ့မြင်နိုင်ပါသည်။ သူရိယသိဒ္ဓန္တပါဠိဘာသာကျမ်းတခု ကို ဘိုးတော်ဘုရားလက်ထက် အမရပူရ နေပြည်တော်သို့ သက္ကရာဇ် ၁၁၄၈ တွင် ယူဆောင်ခဲ့သည်။ ဒုတိယအကြိမ်•သူရိယ သိဒ္ဓန္တနာဂရီဘာသာကျမ်းသည် မြန်မာပြည်သို့ မင်းတုန်းမင်း လက်ထက်တွင် ရောက်ခဲ့၏။ သက္ကရာဇ် ၁၂၃၀ တွင် ကံနီအ တွင်းဝန်မင်းကြီးသည် ဗေဒင်ကိန်းများတိမ်းပါးမှုရှိမရှိစစ်ဆေး ရေးသားဆက်သွင်းသော "ဗိုလ်ဋီကာမကာရန္တ ဗေဒင်လက်ရိုး ဋီကာ"၏ အောက်ပါကောက်နုတ်ချက်ကိုတင်ပြပါသည်။

"× × × အရှေ့အနောက်ယူဇနာ၊ ဘူပရိဓိဒေသန္တရနာရီတွက်ယူနည်း များကို သိဒ္ဓန္တကျမ်းရင်းလင်္ကာ ဋီကာများတွင်ဆို၏။ မဇ္ဈ (ဈ) လေခအလယ်ရေးမျဉ်းမှ သုနာပရန် တမ္ဗဒိပ တိုင်းမချက်ချာ၊ ရတနာပုံရွှေပြည်တော်ကြီးသို့ ၃ နာရီကွာ၏ × × ဟူ၍" ရေး သားထား၏။

ရတနာပုံရွှေမြို့တော်နှင့် လင်္ကာဒေသန္တရသည် မြန်မာနာရီ ၃ နာရီကွာသည်။ စက်နာရီ ၁ နာရီ ၁၂ မိနစ်ဖြစ်၍ အံသာ အားဖြင့် ၁၈ အံသာကွာ၏။ ရွှေမြို့တော်၏ မဇ္ဈလေခသည် အရှေ့လောင်ဂျီတွဒ် ၉၆ အံသာ၊ ၁၆ လိတ္တာရှိ၏။ သို့အတွက်

လင်္ကာဒေသန္တရ၏မဏ္ဍလေခသည် ၇၆ အံသာ၊ ၁၆ လိတ္တာဖြစ်၏ ဟူ၍ ကံနီ၏ကျမ်းကို အမှီပြုသောအချက်သည် ခေတ်မမီသောအချက်ဟုယူဆဖွယ်ဖြစ်ပါသည်။ ကံနီ၏အဆိုမှာ.... လွန်ခဲ့သောနှစ်ပေါင်း တရာကျော်တွင် ထွန်းကားသည့် အတိုင်းအတာပညာနှင့်ပြုသောလင်္ကာ၏ မဏ္ဍလေခဖြစ်၏။ ပူးတွဲပါ တင်ပြသောမြေပုံသည် တကမ္ဘာလုံးက အသိအမှတ်ပြုခံရသော ပုဂ္ဂိုလ်တို့၏ တိုင်းတွာရိုက်နှိပ်သောမြေပုံဖြစ်သည်။ ထို့ကြောင့် ဥဂျိန်းမြို့တည်သော ဒေသန္တရမဏ္ဍလေခမျဉ်းများကို ကြည့်ရှုလေ့လာပြီးလျှင် အမှန်သို့ရောက်ရှိအောင် စူးစမ်းဆင်ခြင်ကြရန် လိုမည်ထင်ပါသည်။

## ၄။ တဆယ့်နှစ်ရာသီခွင်နှင့် နက္ခတ်များ

ရာသီဥတုကြည်လင်သော ညဥ့်အခါ အာကာသမိုးကောင်းကင်တွင် ငွေကြယ်ကလေးများသည် အစုလိုက် အပြုံလိုက် အဆောက်အဦများဖွဲ့၍ ထွန်းလင်းတောက်ပနေခြင်းကို လူတိုင်းသတိပြုမိကြပေလိမ့်မည်။ ယင်း ငွေကြယ်အဆောက်အဦများ၏ တည်နေရာများသည် တညဥ့်နှင့်တညဥ့်၊ တပတ်နှင့် တပတ်၊ တလနှင့်တလ မတူကြချေ။ ဤသို့ တွေ့မြင်သော အစိတ်အပိုင်းသည် တဆယ့်နှစ်ရာသီခွင်၏ အစိတ်အပိုင်းတခုဖြစ်၏။ ဤရာသီစက်ဝိုင်းတွင် တနင်္ဂနွေဂြိုဟ် နေသွားလမ်းကို အမှီပြု၍ 'ကမ္ဘာနေလမ်း'(Ecliptic) စက်ဝိုင်းဟု အမှတ်ပြုကြလေသည်။ ထိုစက်ဝိုင်းသည် ဝမ်းဘဲဥပုံသဏ္ဌာန် ရှိပြီးလျှင် ဝန်းဝိုင်း၍ နေ၏ ဗဟိုချက်၌ အံသာ ၃၆၀ ရှိ၍ တဆယ့်နှစ်ရာသီ ပိုင်းခြားထားသာဖြင့် တရာသီတွင် အံသာ ၃၀ စီရှိ၏။ ထိုရာသီများသည်



မိမိတို့ သက်ဆိုင်ရာ ကြယ်ကလေးများဖြင့် သရုပ်ဆောင်ကာ ရာသီများ ခွဲခြား သတ်မှတ်ထား၏။ ဗို့ဟတ်နီသျှနန်းတွင်းမှူးတွင် အောက်ပါအတိုင်း ဖော်ပြလေသည်။

| ရာသီအမည် | သရုပ်ဆောင်သောအမည် |
|---|---|
| မိဿ | ဆိတ် |
| ပြိဿ | နွားလား |
| မေထုန် | မောင်မယ်အမွှာ |
| ကရကဋ် | ပုဇွန်လုံး |
| သိဟ် | ခြင်္သေ့ |
| ကန် | အမျိုးသမီးကောက်လှိုင်းတံစဉ်ကိုင် |
| တူ | ချိန်ခွင် |
| ဗြိစ္ဆာ | ကင်းမြီးကောက် |
| ဓနု | မြင်းခြေနှင့်လူကိုယ်လေးစွဲသူ |
| မကာရ | သမင်မျက်နှာရှိသောမကာရ်ငါး |
| ကုံ | အိုးထမ်းယောကျာ်း |
| မိန် | ငါးနှစ်ကောင် |

ကျွန်ုပ်တို့၏ ကမ္ဘာမြေကြီးသည် တောင်မြောက် ဝင်ရိုးမဏ္ဍိုင်ဖြင့် တည့်တည့်မတ်မတ် ရပ်တည်၍လည်ခြင်းမဟုတ်ချေ။ ဝင်ရိုးမဏ္ဍိုင် အနည်းငယ် တိမ်းစောင်းလျက် ရှိသောကြောင့် ကမ္ဘာ့နေလမ်းကြောင်းသည် ဥတ္တရာယဉ် (မြောက်ဖက်လမ်း) နှင့် ဒက္ခိဏာယဉ်(တောင်ဖက်လမ်း)ဟူ၍ နေလမ်းနှစ်မျိုး ဖြစ်ပေါ်လာ၏။ တဖန် တောင်ဖက်လမ်းမှ မြောက်ဖက်လမ်း၊ သို့မဟုတ် မြောက်ဖက်လမ်းမှ တောင်ဖက်လမ်းသို့ ကူးပြောင်း

သောအခါ မဇ္ဈေမျဉ်း (အီကွေတာ)၌ ဖြတ်၍ သွားစဉ် ဗဟို မဇ္ဈေလမ်းဟူ၍ ဖြစ်ပေါ်လာ၏။ ထို့အတွက် သူရိယ သိဒ္ဓန္တ ကျမ်းတွင် နေသွားလမ်းသုံးမျိုးဟူ၍ ဖော်ပြထားသည်။ ပုံစံ အမှတ်(၇)။ ကမ္ဘာ၏ တိမ်းပါးမှုကြောင့် နေသွားလမ်း၊ ဥတ္တရ၊ မဇ္ဈေ၊ ဒက္ခိဏာယာဉ်လမ်းနှင့် နက္ခတ်များ ရွေ့လျားပုံကို ကြည့်ရှုပါ။ အထက်ဖော်ပြပါကမ္ဘာဝင်ရိုးမတ္တိုင် တိမ်းစောင်းမှုသည် သူရိယသိဒ္ဓန္တကျမ်းတွင် 'ကြန္တိ' (Declination) ခေါ်၏။ ယခု ခေတ် ကာလတွင် ၂၃ အံသာ၊ ၂၇ လိတ္တာရှိ၏။ အနောက်နက္ခတ် ကျမ်းတွင် ကမ္ဘာဝင်ရိုးတိုင် တိမ်းစောင်းမှုကို (Ecliptic Inclination)ဟု ခေါ်၏။ သူရိယသိဒ္ဓန္တကျမ်းပြုစဉ်ကာလ၌ ကြန္တိ ၂၄ အံသာ ဖြစ်၏။ မင်းတုံးမင်းတရားကြီး လက်ထက် ကံနီအတွင်းဝန် မင်းကြီးမဟာမင်းခေါင်သခ်ယ တိုင်းသောကာလ၌ ကြန္တိ ၂၃ အံသာ၊ ၂၈ လိတ္တာခန့် ရ၏ဟု မကာရန္တဗေဒင်လက်ရိုး ဋီကာတွင် ဖော်ပြထား၏။

တဆယ့်နှစ်ရာသီခွင် စက်ဝိုင်းသည် နက္ခတ်တာရာများနှင့် အကွ အရှေ့မိုးကုတ်စက်ဝိုင်းမှ အနောက်မိုးကုတ် စက်ဝိုင်းသို့ တဖြည်းဖြည်း ရွေ့လျက်ရှိစဉ် ကျွန်ုပ်တို့၏ ကမ္ဘာမြေကြီးနှင့် အနီး စပ်ဆုံးဖြစ်သော စန္ဒရလမင်းအပါအဝင် ဂြိုဟ်ကြီးများ သည်လည်း အနောက်မှအရှေ့သို့ ရွေ့လျားသွားလာနေကြောင်း တွေ့မြင်ရပေမည်။ သို့သော် တဆယ့်နှစ်ရာသီစက်ဝိုင်း၏ သွား လာမှုသည် ဂြိုဟ်တို့၏ သွားလာမှုထက် လျင်မြန်သောကြောင့် အမှတ်မဲ့ ကြည့်ရှုလေ့လာသော်ဂြိုဟ်တို့သည် အရှေ့မှ အနောက် သို့ သွားသည်ဟု ထင်မှတ်ရပေသည်။ တဆယ့်နှစ်ရာသီ ခွင်၏ နက္ခတ်တာရာများကို နောက်ခံပြု၍ ကြည့်ရှုလေ့လာမှသာလျှင် ဂြိုဟ်တို့သည် အနောက်မှ အရှေ့သို့ ရွေ့လျားသွားကြောင်း



ထင်ရှားစွာ တွေ့ရသည်။ တဆယ့်နှစ်ရာသီ၏ မိဿရာသီ၊ ပြိဿ ရာသီနှင့် နက္ခတ်များကို မှတ်သားရာ၌ အနောက်မှအရှေ့သို့ အစဉ်လိုက် မှတ်သားရပေသည်။

သူရိယသိဒ္ဓန္တကျမ်းတွင် တနင်္ဂနွေဂြိုဟ်အပါအဝင် ဂြိုဟ်ကြီး ၇ လုံးသာ ဖော်ပြထားသည်။ ယင်းကျမ်းကို ပြုစဉ်အခါက နက္ခတ်တာရာတို့ကို မျက်စိဖြင့်သာလျှင် လေ့လာနိုင်သော ခေတ်ဖြစ်၍ အနောက်နိုင်ငံနက္ခတ်ကျမ်းများတွင် ဖော်ပြလေ့ ရှိသော ယူရေနပ်(စ)၊ နက်ပကျွန်း၊ ပလူတိုးဂြိုဟ်များ၏ တွက်ကိန်း ဟောကိန်းများကို မြန်မာနက္ခတ်ဗေဒင်ကျမ်းများ တွင် မဖော်ပြနိုင်ချေ။ ထိုဂြိုဟ်များသည် ခရစ်နှစ် ၁၆ ရာစု ခေတ် မှန်ပြောင်းတီထွင်ပြီးသည့်နောက်ကာလတွင် တွေ့ရှိသော ဂြိုဟ်များဖြစ်၏။ စန္ဒရလမင်းသည် ကမ္ဘာ၏ဂြိုဟ်ပွား(Moon) တခုဖြစ်သကဲ့သို့ အင်္ဂါဂြိုဟ်ပွား ၂ လုံး၊ ကြာသပတေး၌ ၁၂ လုံး၊ စနေ၌ ၉ လုံးရှိသည့်အပြင် စနေဂြိုဟ်၌ကွင်းချပ်ပြား (Saturn's Ring) ၃ ချပ်၊ ယူရေနပ်(စ)ဂြိုဟ်၌ ဂြိုဟ်ပွား ၅ လုံး အသီးသီး ရှိကြသည်။ ထိုဂြိုဟ်ပွားများနှင့် စနေဂြိုဟ်ကွင်းချပ် ပြားများကို အားကောင်းသောမှန်ပြောင်းဖြင့် ကြည့်ရှုတွေ့မြင် နိုင်သည်။ စာရေးသူသည် မိမိတွင်ရှိသည့် ၄ဂ လက်မမှန်ပြောင်း ဖြင့် အင်္ဂါ၊ ကြာသပတေးနှင့် စနေဂြိုဟ်တို့၏ ဂြိုဟ်ပွားများနှင့် စနေဂြိုဟ်ကွင်းချပ်ပြားကို တွေ့မြင်ဖူးပေသည်။

တဆယ့်နှစ်ရာသီခွင်တွင် ဂြိုဟ် နက္ခတ် တာရာများအပြင် အခြား သွားလာရွေ့လျားလျက်ရှိသော ကြယ်တံခွန်များရှိ၏။ သူရိယသိဒ္ဓန္တကျမ်းတွင် နက္ခတ်တာရာများ ရွေ့လျားသွားလာ ခြင်းအကြောင်းအရာများနှင့် စပ်လျဉ်း၍ ဖော်ပြထားခြင်းမရှိ ချေ။ ယခု ခေတ်မီနက္ခတ်ကျမ်းများတွင် နက္ခတ်များသည်

အလွန် နှေးသောသွားခြင်းဖြင့် သွားလာလှုပ်ရှားမှုရှိကြောင်း ဖော်ပြထား၏။ ဥပမာ အဿဝဏီနက္ခတ် (β. Aeritis) သည် တနှစ်လျှင် ၄၉.၆ ဝိလိတ္တာသွားသဖြင့် သူရိယသိဒ္ဓန္တကျမ်းပြုစဉ် လွန်ခဲ့သော နှစ်ပေါင်းတထောင်ကျော်လောက်ကာလ၌ အဿဝဏီနက္ခတ်၏ အံသာစီးသည် ၈ အံသာ၊ ၁၀ လိတ္တာရှိမည်ဟု ခန့်မှန်းရ၏။ ယခုခေတ်တွင် ၁၀ အံသာ၊ ၇ လိတ္တာရှိသည်။

မြန်မာ့ယဉ်ကျေးမှုစာပေများတွင် စန္ဒရ လပြည့်နှင့်ယှဉ်သောနက္ခတ်များကို ရာသီဘွဲ့၊ ပျို့၊ အဲ၊ အိုင်၊ တေးထပ်၊ ဘောလယ် စသည်များ၌ ရာသီအလိုက် ထည့်သွင်းသီကုံးရေးသားဖွဲ့ဆိုကြသည်။ မြန်မာပက္ခဒိန်စီစဉ်ရေး၌လည်း ရာသီလများ၏ စန်းယှဉ် နက္ခတ်များကို လိုက်နာရပေသည်။ အထူးသဖြင့် လထပ်ရက်ငင်ပြဿနာ အဆုံးအဖြတ်ပြုရေး၌ ဒုတိယဝါဆိုလပြည့်သည် အသာဠ်နက္ခတ်များဖြစ်သော ပုဗ္ဗါသာဠ်နှင့် ဥတ္တရာသာဠ်နက္ခတ်တလုံးလုံးဖြင့် စန်းယှဉ်စေရမည်ဟူသော စည်းကမ်းချက်ရှိ၏။ သို့အတွက် ထိုနက္ခတ်များ၏တည်ရှိသော အံသာများသည် အလွန် အရေးကြီးပေသည်။

သူရိယသိဒ္ဓန္တကျမ်းတွင် နက္ခတ် ၂၇ လုံး၏ မျက်မြင်အံသာစီးများကို ပြထားသည်။ သဘာဝအားဖြင့် ထိုနက္ခတ်များသည် တလုံးနှင့်တလုံး အကွာအဝေး ညီမျှမှုမရှိချေ။ သို့သော် မြန်မာဗေဒင်လောက၌ ထိုနက္ခတ် ၂၇ လုံးသည် တဆယ့်နှစ်ရာသီ အံသာ ၃၆၀ အပေါ်တွင် အညီအမျှခွဲဝေထားသဖြင့် နက္ခတ်တလုံးနှင့်တလုံးသည် ၁၃ အံသာ၊ ၂၀ လိတ္တာစီရှိ၏။ အဆိုပါ အညီအမျှ ခွဲဝေသည့် နက္ခတ်စီးအံသာများသည် ဗေဒင်လောက၏ နက္ခတ်စီးအံသာဟု ခေါ်ကြလေသည်။ ဇာတာဖွဲ့သောအခါ စင်နက္ခတ်သည် အဆိုပါနက္ခတ်စီးအံသာနှင့် စန်းအံသာများကို



မှီခို၍ တွက်ရပေသည်။ ဝိသောတ္တရီဒသာ၊ နက္ခတ္တိကာဒသာ၊ အာယုစန်း စသော ဗေဒင်ဟောကိန်းများ အတွက် အသုံးပြုသော နက္ခတ်များဖြစ်၍ ဗေဒင်လောကနက္ခတ်ဟု ခေါ်စေခြင်းမှာ မမှားချေ။

ရာဇမတ္တဏ်ကျမ်း၌ လပြည့်စန်းယှဉ်နက္ခတ်များအကြောင်းကို အောက်ပါအတိုင်း ဖော်ပြထားပါသည်။ ယင်းဗေဒင်လောကနက္ခတ်များသည် နက္ခတ် ၂၇ လုံးရှိသော်လည်း ရာသီလများသည် ၁၂ လသာရှိသောကြောင့် အများအားဖြင့် တလလျှင် နက္ခတ် ၂ လုံးစီရှိ၍ တော်သလင်း၊ သီတင်းကျွတ်နှင့် တပေါင်းလများ၌ နက္ခတ် ၃ လုံးစီရှိ၏။ ထိုနက္ခတ်များနှင့် စန်းယှဉ်နက္ခတ်တွက်လိုသော် တနင်္လာဂြိုဟ်၏အံသာတွင် နက္ခတ်စီးအံသာအများနှင့်နုတ်၊ ထိုနက္ခတ်စီးအံသာသည် အဝင်အံသာများဖြစ်၍ ထိုသို့ နုတ်နိုင်သောအံသာ၏နက္ခတ်သည် စန်းယှဉ်နက္ခတ်မည်၏။

**ဥပမာ**။ တနင်္လာဂြိုဟ်၏ အံသာသည် ၄ ရာသီ၊ ၁ အံသာ၊ ၄၅ လိတ္တာရှိ၏။ ၎င်းသည် ၁၂၁ အံသာ၊ ၄၅ လိတ္တာနှင့်ညီမျှ၏။ ဗေဒင်လောက၏ နက္ခတ်စီးရှာလိုသော် ထိုဇယားတွင် နုတ်နိုင်သော နက္ခတ်စီးအံသာနုတ်ရမည်။ မာဃနက္ခတ်သည် အံသာ ၁၂၀ ရှိသဖြင့် အထက်ပါ တနင်္လာဂြိုဟ်သည် မာဃနက္ခတ်စီးသည် မည်၏။

သူရိယသိဒ္ဓန္တကျမ်း၏ မျက်မြင်နက္ခတ် ရှာလိုသော် ထိုမျက်မြင်နက္ခတ် အံသာဇယားတွင် နုတ်နိုင်သော နက္ခတ်စီးအံသာနုတ်။ မာဃနက္ခတ်စီးအံသာသည် ၁၂၉ အံသာ၊ ၁၁ လိတ္တာရှိ၍ မနုတ်နိုင်ချေ။ အသလိဿ နက္ခတ်စီးအံသာ ၁၁၈၊ လိတ္တာ-၁၂ ရှိ၍ အထက်ပါ တနင်္လာဂြိုဟ်တွင် နုတ်နိုင်၏။ သို့အတွက် မျက်

မြင်အားဖြင့် စန်းယှဉ်နက္ခတ်သည် အဿလိဿ နက္ခတ်စီးသည် မည်၏။

ဤသို့ ဗေဒင်လောကနှင့် မျက်မြင်နက္ခတ်သည် အံသာစီး များအရ နက္ခတ်တလုံး ကွာခြားနေပေသည်။

ရာဇမတ္တဏ်ကျမ်း၊ သူရိယသိဒ္ဓန္တ ကျမ်းများ၌ လဆပ် စည်းကမ်းချက်တွင် ဒုတိယ ဝါဆိုလပြည့်သည် ပြုပ္ပါသဠ်နှင့် ဥတ္တရာသဠ် နက္ခတ် နှစ်လုံးတွင် တလုံး လုံးနှင့် စန်းယှဉ် စေရ မည်ဆိုရာ၌........၊

က။ နက္ခတ်များသည် ဗေဒင်လောက၏နက္ခတ်နှင့်သဘာဝ အံသာစီးနက္ခတ် (ဥပမာ – သူရိယ သိဒ္ဓန္တ ကျမ်း၏ အံသာစီးနက္ခတ်။)

ခ။ လပြည့်များသည်လည်း ပက္ခဒိန်၏ ဝေါဟာရ လပြည့် နှင့် ကောင်းကင်သဘာဝ၏ မှချ လပြည့် (တိထိ ၁၅ လုံးနှင့် ယှဉ်သောလပြည့်။)

ဟူ၍ နက္ခတ်အံသာစီး နှစ်မျိုးနှင့် လပြည့်ခြင်း နှစ်မျိုးရှိရာ ယင်းတို့သည် မည်သည့်သဘောဟူ၍ ထိုကျမ်းများတွင် ရှင်းလင်း မဖော်ပြချေ။ သို့အတွက် ဤအခြင်းအရာများကြောင့် စန်းယှဉ်နက္ခတ် ပြဿနာလေးမျိုး ပေါ်လာရလေသည်။

၁။ ဝေါဟာရလပြည့်နှင့် ဗေဒင်လောက၏ နက္ခတ်
၂။ ဝေါဟာရလပြည့်နှင့် သဘာဝနက္ခတ်
၃။ သဘာဝလပြည့်နှင့် သဘာဝနက္ခတ်
၄။ သဘာဝလပြည့်နှင့် ဗေဒင်လောကနက္ခတ်

အထက်ပါ လပြည့်စန်းယှဉ် နက္ခတ်များထဲမှ ဝေါဟာရ လပြည့်နှင့် ဗေဒင်လောက၏နက္ခတ်ကိုသာ ယခုမြန်မာပက္ခဒိန်၌ အသုံးလည်းပြုလျက်ရှိသည်။ သို့သော် တိုင်းသူပြည်သားတို့သည်

အညီအမျှဝေထားသော ဗေဒင်လောက၏ အံသာများနှင့် သူရိယသိဒ္ဓန္တကျမ်းနှင့် အိန္ဒိယပက္ခဒိန် မျက်မြင်နက္ခတ်စီး အံသာများနှင့် အဝင်နက္ခတ်အံသာ အပိုအလို

ဇယားအမှတ် [၈]

| နက္ခတ်အမည် | ဗေဒင်လောက | သူရိယသိဒ္ဓန္တ | အံသာပို (နက္ခတ်ဝင်) | အံသာလို | အိန္ဒိယ ပက္ခဒိန် |
|---|---|---|---|---|---|
| ၁ အဿဝဏီ | ၀—၀ | ၀—၁၀ | ၀—၁၀ | | ၁၀—၇ |
| ၂ ဘရဏီ | ၁၃—၂၀ | ၁၀—၁၀ | ၄—၅၀ | | ၂၄—၂၁ |
| ၃ ကြတ္တိကာ | ၂၆—၄၀ | ၃၄—၁၆ | ၇—၃၆ | | ၃၆—၀ |
| ၄ ရောဟိဏီ | ၄၀—၀ | ၄၆—၁၂ | ၆—၁၂ | | ၄၅—၅၄ |
| ၅ မိဂသီ | ၅၃—၂၀ | ၆၁—၁၄ | ၇—၅၄ | | ၅၉—၅၁ |
| ၆ အဒြ | ၆၆—၄၀ | ၆၅—၅ | | ၁—၃၅ | ၆၄—၅၆ |
| ၇ ပုဏ္ဏဗသု | ၈၀—၀ | ၉၂—၂၇ | ၁၂—၂၇ | | ၈၉—၂၂ |
| ၈ ဖုဿျ | ၉၃—၂၀ | ၁၀၆—၁၄ | ၁၂—၅၄ | | ၁၀၄—၅၂ |
| ၉ အသလိဿ | ၁၀၆—၄၀ | ၁၁၈—၁၂ | ၁၁—၃၂ | | ၁၀၉—၄၇ |
| ၁၀ မာဃ | ၁၂၀—၀ | ၁၂၉—၁၁ | ၉—၁၁ | | ၁၂၅—၅၈ |
| ၁၁ ပြုပ္ပါဘရဂုဏီ | ၁၃၃—၂၀ | ၁၄၅—၁၆ | ၁၁—၅၆ | | ၁၃၇—၂၇ |

## ရာဇမတ္တဏ်ကျမ်း၏ လပြည့်စန်းယှဉ် နက္ခတ်များ
ဇယားအမှတ် [၉]

| လအမည် | နက္ခတ်များ | လအမည် | နက္ခတ်များ |
|---|---|---|---|
| တန်ခူး | ၁၄ စိတြ | သီတင်းကျွတ် | ၂၇ ရေဝတီ |
| | ၁၅ သွာတိ | | ၁ အဿဝဏီ |
| ကဆုန် | ၁၆ ဝိသာခါ | | ၂ ဘရဏီ |
| | ၁၇ အနုရာဓ | တန်ဆောင်မုန်း | ၃ ကြတ္တိကာ |
| နယုန် | ၁၈ ဇေဋ္ဌ | | ၄ ရောဟိဏီ |
| | ၁၉ မူလာ | နတ်တော် | ၅ မိဂသီ |
| ဝါဆို | • ၂၀ ပြုဗ္ဗါသဠ် | | ၆ အဒြ |
| | ၂၁ ဥတ္တရာသဠ် | ပြာသို | ၇ ပုဏ္ဏဗသု |
| ဝါခေါင် | ၂၂ သရဝဏ် | | ၈ ဖုသျှ |
| | ၂၃ ဓနသိဒ္ဓိ | တပို့တွဲ | ၉ အသလိဿ |
| တော်သလင်း | ၂၄ သတ္တဘိသျှ | | ၁၀ မာဃ |
| | ၂၅ ပြုဗ္ဗါဘဒြပိုဒ် | တပေါင်း | ၁၁ ပြုဗ္ဗါဘရဂုဏီ |
| | ၂၆ ဥတ္တရာဘဒြပိုဒ် | | ၁၂ ဥတ္တရာဘရဂုဏီ |
| | | | ၁၃ ဟဿတ |

နှိုင်းယှဉ်လေ့လာ၍ စာရေးသူ၏ သဘောဖြင့် တူညီသည်ဟု အထင်ရရှိသော နက္ခတ်များ၏ စာရင်းကို Star Catalogue ဖော်ပြထားပါသည်။ နက္ခတ်များသည် နှေးသော သွားခြင်းဖြင့် သွား၏။ ကံနီအတွင်းဝန်၏ လေ့လာချက်လည်း ဤအတိုင်းပင်၊ သို့သော် သူရိယသိဒ္ဓန္တကျမ်း ပြုစုကာလ၌ နက္ခတ်ကြည့်မှန်ပြောင်းများ မပေါ်သေး။ အတိုင်းကြိယာများလည်း ခေတ်မီ ဖဟုတ်သေးသည်ကိုလည်း သတိချပ်သင့်၏။

## သူရိယသိဒ္ဓန္တကျမ်း၏ နက္ခတ်များနှင့် ခေတ်သစ်နက္ခတ်ကျမ်း၏ နက္ခတ်စာရင်း။
ဇယားအမှတ် [၁၀]

| နက္ခတ်အမည် | သူရိယသိဒ္ဓန္တကျမ်း (က) | (ခ) | ဒိက် | ကြန္တီ | ခေတ်သစ် နက္ခတ်စာရင်း |
|---|---|---|---|---|---|
| ၁။ အဿဝဏီ | ၈–၁၈ | ၈–၃၀ | ဥ | ၂၂–၀၂ | α Aeritis |
| ၂။ ဘရဏီ | ၁၈–၁၀ | ၁၈–၃၂ | ဥ | ၂၈–၂၂ | 39 Aeritis |
| ၃။ ကြတ္တိကာ | ၃၄–၁၆ | ၃၃–၃၅ | ဥ | ၂၂–၃၂ | n Tauri |
| ၄။ ရောဟိဏီ | ၄၆–၁၂ | ၄၅–၃၆ | ဥ | ၁၅–၅၇ | α Tauri |
| ၅။ မိဂသီ | ၆၀–၁၄ | ၆၀–၂၄ | ဥ | ၁၀–၀၂ | λ Orionis |
| ၆။ အဒြ | ၆၅–၀၅ | ၆၅–၁၀ | ဥ | ၈–၀၂ | α Orionis |
| ၇။ ပုဏ္ဏဗသု | ၉၂–၂၇ | ၉၀–၅၉ | ဥ | ၂၇–၃၂ | β Gemirium |
| ၈။ ဖုသျှ | ၁၀၆–၁၄ | ၁၀၇–၃၂ | ဥ | ၁၈–၃၂ | δ Cancri |
| ၉။ အသလိဿ | ၁၀၈–၁၂ | ၁၀၈–၁၇ | ဥ | ၅–၃၂ | ϵ Hydrae |
| ၁၀။ မာဃ | ၁၂၉–၁၁ | ၁၂၉–၀၆ | ဥ | ၁၂–၃၂ | α Leonis |
| ၁၁။ ပြုဗ္ဗါဘရဂုဏီ | ၁၄၅–၁၆ | ၁၄၅–၃၈ | ဥ | ၂၀–၁၂ | δ Leonis |

| | | | | | | |
|---|---|---|---|---|---|---|
| ၁၂။ | ဥတြဘာရဂုဏ် | ၁၅၄—၀၉ | ၁၅၃—၂၅ | ဥ | ၁၅—၂၂ | β Leonis |
| ၁၃။ | ဟဿတ | ၁၆၄—၁၀ | ၁၆၅—၂၇ | ဒ | ၁၅—၂၀ | δ Corvi |
| ၁၄။ | စိတြ | ၁၇၉—၁၅ | ၁၇၀—၁၄ | ဒ | ၁၀—၅၂ | a Virginis |
| ၁၅။ | သွာတိ | ၁၉၂—၁၃ | ၁၉၀—၁၆ | ဥ | ၁၆—၅၂ | a Bootis |
| ၁၆။ | ဝိသာခါ | ၂၁၃—၂၁ | ၂၀၉—၁၀ | ဥ | ၂၆—၂၂ | β Cr:B |
| ၁၇။ | အနုရာဓ | ၂၂၄—၁၁ | ၂၁၆—၃၅ | ဒ | ၂၂—၂၀ | δ Scorpii |
| ၁၈။ | ဇေဋ္ဌ | ၂၂၆—၀၅ | ၂၂၃—၂၁ | ဒ | ၂၆—၂၀ | a Scorpii |
| ၁၉။ | မူလာ | ၂၄၂—၁၃ | ၂၄၀—၂၄ | ဒ | ၃၀—၃၀ | λ Scorpii |
| ၂၀။ | ပြုဗ္ဗါသာဠ် | ၂၅၇—၁၅ | ၂၃၇—၁၂ | ဒ | ၂၇—၀၀ | φ Sagaritis |
| ၂၁။ | ဥတြသာဠ် | ၂၆၂—၀၅ | ၂၆၂—၀၀ | ဒ | ၂၀—၀၁ | § Sagaritis |
| ၂၂။ | သရဝဏ် | ၂၇၅—၁၃ | ၂၇၄—၃၀ | ဥ | ၈—၃၂ | a Aquilae |
| ၂၃။ | ဓနသိဋ္ဌ | ၂၈၇—၁၂ | ၂၈၇—၁၄ | ဥ | ၁၃—၃၂ | β Delphini |
| ၂၄။ | သတ္တဘိသျှ | ၃၁၃—၂၆ | ၃၁၄—၂၃ | ဥ | ၀—၃၂ | π Aquiri |
| ၂၅။ | ပြုဗ္ဗါဘဒြပိုဒ် | ၃၂၃—၁၀ | ၃၂၃ ၀၆ | ဥ | ၁၄—၃၂ | a Pegasi |
| ၂၆။ | ဥတြဘဒြပိုဒ် | ၃၃၉—၁၆ | ၃၃၉—၄၀ | ဥ | ၁၄—၃၂ | γ Pegasi |
| ၂၇။ | ရေဝတီ | ၃၅၀—၁၁ | ၃၄၉—၁၇ | ဥ | ၈—၃၂ | δ Piscium |

မှတ်ချက်။ (က) သူရိယသိဒ္ဓန္တကျမ်း စာမျက်နှာ ၁၀၀/၁၀၁ မှ နက္ခတ်ဗီးအံသာ၊ လိတ္တာ။
(ခ) ။ ။ ။ ။ ၁၁၇/၁၂၇ ။ ။ ။

မြန်မာဝေါဟာရ လပြည့်စန်းယှဉ်နက္ခတ်များနှင့်
ဆယ့်နှစ်ရာသီခွင် စက်ဝိုင်း

ပုံစံအမှတ် [၉]



အဿဝဏီနက္ခတ် *β. Aeritis* သည် ခရစ်နှစ် ၁၉၂၀ တွင် သာယန ၂၄ အံသာ၊ ၃၃ လိတ္တာ၊ ၁၅ ဝိလိတ္တာ ရှိပြီးလျှင် တနှစ်တွင် ၄၉.၆ ဝိလိတ္တာ ရွေ့ရှားသည်။

၎င်း၏ကြန္တိသည်လည်း ဥတ္တရဒိဂ် ၂၀ အံသာ၊ ၂ လိတ္တာ၊ ၃ ဝိလိတ္တာရှိပြီးလျှင် တနှစ်တွင် ၁၇.၇ ဝိလိတ္တာ ရွေ့သည်။ ထို့ကြောင့် သူရိယသိဒ္ဓန္တကျမ်း၏ အံသာစီးများနှင့် ကြန္တိများသည်လည်း ပြုပြင်ရန်လိုနေသေးကြောင်း တွေ့ရပေသည်။

သူရိယသိဒ္ဓန္တကျမ်း၏နက္ခတ်များနှင့် အနောက်နိုင်ငံ နက္ခတ်စာရင်းများ Nautical Almanac မှလေ့လာ၍ ဇယားအမှတ် ၁၀ တွင် တင်ပြထားပါသည်။ ခေတ်မီ အိန္ဒိယ ပက္ခဒိန်သစ်တွင် အသိအမှတ်ပြုသော နက္ခတ်များနှင့် အနောက်နက္ခတ်စာရင်းများကိုလည်း ဇယားအမှတ် ၁၁ တွင် ဆက်လက်တင်ပြထားပါသည်။

## ၅။ ၁၉ နှစ် လထပ်ကိန်း (Metonic Cycle)

အနောက်နိုင်ငံများ၌ ဂျူလီယန် ပက္ခဒိန်ခေတ် မတိုင်မီ နေလသွားပက္ခဒိန် အသုံးပြုခဲ့သဖြင့် လထပ်ပြဿနာပေါ်ခဲ့သော် ၁၉ နှစ် လထပ်ကိန်းကို အသုံးပြုခဲ့၏။ ရာသီနှစ်ကို အသုံးပြုသဖြင့် လထပ်ကိန်းသည် တည်မြဲမှုဖြစ်၏။ ထိုကိန်းကို ရှေးဘေဘီလိုနီယံနက္ခတ် ပညာရှိ ဘုန်းတော်ကြီး 'ကုတလ'သည် ဘီစီ ၅၂၈ တွင် တီထွင်ခဲ့၏။ ထို့နောက် နက္ခတ်ဆရာကြီး 'ချယ်ဒလင်'က ဘီစီ ၃၈၃ တွင် ထိုကိန်းကို ပြုပြင်သုံးစွဲခဲ့၏။ ကိန်း၏သဘောမှာ သူရိယမာသ ၁၉ နှစ်၏ သာဝနရက်များသည် စန္ဒရမာသ ၂၃၅ လနှင့် ညီညွတ်သည်ဟူ၏။ သို့သော်

## အိန္ဒိယပက္ခဒိန်သစ်တွင် အသိအမှတ်ပြုသော နက္ခတ်များနှင့် ခေတ်သစ်နက္ခတ် ကျမ်း၏ နက္ခတ်စာရင်း။

ယောအမှတ် [၁၁]

| နက္ခတ်အမည် | အံသာစီး အံ လိတ္တာ | စက်နာရီ နာ မိ | ကြန္တီ ဒိက် | ကြန္တီ အံ လိတ္တာ | ခေတ်သစ် နက္ခတ်စာရင်း |
|---|---|---|---|---|---|
| ၁။ အဿဝဏီ | ၁၈ – ၀၇ | ၀ – ၀၀ | ဥ | ၂၀ – ၃၅ | β Aeritis |
| ၂။ ဘရဏီ | ၂၇ – ၂၀ | ၀ – ၅၅ | ဥ | ၂၇ – ၀၅ | 41 Aeritis |
| ၃။ ကြတ္တိကာ | ၃၆ – ၀၈ | ၁ – ၅၃ | ဥ | ၂၃ – ၅၈ | η Tauri |
| ၄။ ရောဟိဏီ | ၄၅ – ၅၆ | ၂ – ၄၁ | ဥ | ၁၆ – ၂၅ | α Tauri |
| ၅။ မိဂသီ | ၅၉ – ၅၁ | ၃ – ၄၁ | ဥ | ၉ – ၅၄ | λ Orionis |
| ၆။ အဒြ | ၆၄ – ၅၄ | ၄ – ၀၁ | ဥ | ၇ – ၂၄ | α Orionis |
| ၇။ ပုဏ္ဏဗသု | ၈၉ – ၂၂ | ၅ – ၅၀ | ဥ | ၂၀ – ၀၀ | β Gemirium |
| ၈။ ဖုသျှ | ၁၀၄ – ၅၂ | ၆ – ၅၀ | ဥ | ၁၈ – ၁၉ | δ Cancri |
| ၉။ အသလိဿ | ၁၀၉ – ၄၇ | ၆ – ၅၂ | ဥ | ၆ – ၃၅ | ε Hydrea |
| ၁၀။ မာဃ | ၁၂၅ – ၅၈ | ၈ – ၁၄ | ဥ | ၁၂ – ၁၁ | α Leonis |
| ၁၁။ ပြုပ္ပါဘရဂုဏီ | ၁၃၇ – ၂၇ | ၉ – ၂၀ | ဥ | ၂၀ – ၄၆ | δ Leonis |
| ၁၂။ ဥတ္တြဘရဂုဏီ | ၁၄၇ – ၄၅ | ၉ – ၅၅ | ဥ | ၁၄ – ၄၉ | β Leonis |
| ၁၃။ ဟဿတ | ၁၆၉ – ၃၆ | ၁၀ – ၃၅ | ဒ | ၁၆ – ၁၆ | δ Corvi |
| ၁၄။ စိတြ | ၁၇၉ – ၅၉ | ၁၁ – ၃၁ | ဒ | ၁၀ – ၅၆ | α Virginis |
| ၁၅။ သွာတိ | ၁၈၀ – ၂၃ | ၁၂ – ၂၀ | ဥ | ၁၉ – ၂၅ | α Bootis |
| ၁၆။ ဝိသာခါ | ၂၀၁ – ၁၄ | ၁၂ – ၅၆ | ဒ | ၁၅ – ၅၁ | α Librea |
| ၁၇။ အနုရာဓ | ၂၁၈ – ၄၃ | ၁၄ – ၀၆ | ဒ | ၂၂ – ၃၀ | δ Scorpii |
| ၁၈။ ဇေဋ္ဌ | ၂၂၅ – ၅၄ | ၁၄ – ၃၅ | ဒ | ၂၆ – ၂၀ | α Scorpii |
| ၁၉။ မူဠ | ၂၄၀ – ၄၄ | ၁၅ – ၃၈ | ဒ | ၃၇ – ၀၄ | λ Scorpii |
| ၂၀။ ပြုပ္ပါသာဠ် | ၂၅၀ – ၄၄ | ၁၆ – ၂၆ | ဒ | ၂၉ – ၅၁ | δ Sagartari |
| ၂၁။ ဥတ္တြသာဠ် | ၂၅၈ – ၃၁ | ၁၇ – ၀၀ | ဒ | ၂၆ – ၂၁ | α Sagartari |
| ၂၂။ သရဝဏ် | ၂၇၇ – ၅၅ | ၁၇ – ၅၆ | ဥ | ၈ – ၄၅ | α Aquilae |
| ၂၃။ ဓနသိဒ္ဓ | ၂၉၂ – ၂၉ | ၁၈ – ၄၃ | ဥ | ၁၄ – ၂၆ | β Delphini |
| ၂၄။ သတ္တဘိသျှ | ၃၁၇ – ၄၃ | ၂၀ – ၅၈ | ဒ | ၇ – ၄၉ | λ Aquiri |
| ၂၅။ ပြုပ္ပါဘဒြပိုဒ် | ၃၂၉ – ၃၈ | ၂၁ – ၁၀ | ဥ | ၁၄ – ၅၈ | α Pegasi |
| ၂၆။ ဥတ္တြဘဒြပိုဒ် | ၃၄၅ – ၁၈ | ၂၂ – ၁၉ | ဥ | ၁၄ – ၅၆ | y Pegasi |
| ၂၇။ ရေဝတီ | ၃၅၆ – ၀၁ | ၁၃ – ၁၉ | ဥ | ၇ – ၂၀ | ξ Piscium |

၁၉ နှစ်တွင် သာမန်လပေါင်း ၂၂၈ လရှိသဖြင့် ရာသီဥတု ညီညွတ်ရန် လထပ်လိုသော် ၁၉ နှစ်တွင် လထပ်နှစ် ခုနစ်ကြိမ် ရှိရမည်။ သို့အတွက် ၁၉ ခု လထပ်ကိန်းဟူ၍ ကိန်းတခု ဖြစ်ပေါ်လာ၏။

ယခုခေတ်တွင် သူရိယမာသလပက္ခဒိန်ကို အနောက်နိုင်ငံများ၌ အသုံးပြုသော်လည်း စန္ဒရမာသလဖြင့် သက်ဆိုင်ရာ ဘာသာရေးပွဲတော်များ ပြုလုပ်လိုသောအခါများတွင် ၁၉ နှစ် လထပ်ကိန်းဖြင့် တွက်ကိန်းဆင်၍ သက်ဆိုင်ရာ (Good Friday & Easter Monday) ပွဲတော်များကို လပြည့်ပြီးနောက် အနီးကပ်ဆုံး တနင်္ဂနွေနေ့၌ ကျင်းပကြ၏။ ဤလထပ်ကိန်းကို အိန္ဒိယပြည်မှတဆင့် မြန်မာပြည်သို့ ပုဏ္ဏားဗေဒင်ပညာရှိများ ယူဆောင်ခဲ့သည်။

၁၉ နှစ် လထပ်ကိန်း၏ တွက်နည်းမှာ သက္ကရာဇ်ကို တည်ကိန်းပြု၍ ၁၉ နှစ် စားကိန်းဖြင့် ခဆပဋ္ဌဖို့ပြီးသော် သက္ကရာဇ် ၁ မှအစပြု၍ စားကြွင်း−၂၊ ၅၊ ၈၊ ၁၀၊ ၁၃၊ ၁၆၊ ၁၈ ကြွင်းသော နှစ်များ၌ လထပ်ခဲ့၏။ သက္ကရာဇ် ၇၂၃ အင်းဝခေတ်မှ သက္ကရာဇ် ၁၂၁၆ အမရပူရခေတ်အထိ စားကြွင်း ၂၊ ၅၊ ၇၊ ၁၀၊ ၁၂၊ ၁၅၊ ၁၈ ကြွင်းသော နှစ်များ၌ လထပ်ခဲ့၏။ ဤကဲ့သို့ နှစ်ပေါင်း ၆၀၈ ကျော်မျှ စားကြွင်းများ မပြုမပြင်ပဲ ကိန်းသေ လထပ်ခဲ့ခြင်းကြောင့် ဝါဟာရ လပြည့် လကွယ်များသည် သဘာဝ လပြည့်လကွယ်များနှင့် မညီညွတ်တော့ချေ။

၁၉ နှစ် လထပ်ကိန်း၏ အခြေခံမှုသည် အဓိမာသပြိုကိန်း နှင့် အတူတူဖြစ်၏။ ၁၉ နှစ် (ရာသီနှစ်)၏ ရက်ပေါင်း ၆၉၃၉.၆၀၁၇၇ ကို တည်ကိန်းပြု၍ ၇ နှင့် စားသော် ၉၉၁ ရက်



၈ နာရီ၊ ၃၄ မိနစ်၊ ၅၁ စက္ကန့်ရှိသည်။ သူရိယသိဒ္ဓန္တကျမ်း၏ အဓိမာသပြိုကိန်းထက် ၁ ရက်ခန့်ပို၏။

ဂျူလီယန်ပက္ခဒိန် (ရာသီနှစ်)

| | | |
|---|---|---|
| ၁၉ နှစ် | ရက်ပေါင်း | ၆၉၃၉.၆၀၁၇၇ |
| စန္ဒရမာသ ၂၃၅ ။ | ။ | ၆၉၃၉.၆၈၈၂၃ |

၁၉ နှစ်တွင် ၂ နာရီခန့်ကွာ၏။ စန္ဒရမာသနှင့် သူရိယမာသ ညီညွတ်သဖြင့် ရက်ငင်ရန် မလိုချေ။

ဂျူလီယန် (ရာသီနှစ်) ၅၂၁ နှစ်၏

| | | |
|---|---|---|
| | ရက်ပေါင်း | ၁၉၀၂၉၅.၂၅၀ |
| စန္ဒရမာသ ၆၄၄၄ လ၏ | ။ | ၁၉၀၂၉၅.၁၀၉ |

၃ နာရီ ၂၂ မိနစ်လျော့၏။

နှစ်ပေါင်း ၃၇၀၀ တွင် တရက်သာ ကွာပေမည်။ ထိုအခါ၌ ရက်ငင်တရက်ပြုရမည်။

သူရိယသိဒ္ဓန္တကျမ်း၏ ကိန်းများဖြင့် တွက်ကိန်းပြုသော်....

| | | |
|---|---|---|
| သူရိယမာသ ၁၉ နှစ်၏ | သာဝန ရက်ပေါင်း | ၆၉၃၉.၉၁၆၃၆ |
| စန္ဒရမာသ ၂၃၅ လ | ။ | ၆၉၃၉.၆၈၈၂၃ |

၁၉ နှစ် တကြိမ်တွင် သူရိယမာသနှင့် စန္ဒရမာသသည် ၅ နာရီခွဲခန့် ကွာသဖြင့် ၈၃ နှစ်ခန့်တွင် သူရိယမာသနှစ်က တရက်ပိုသည်။ သို့အတွက် ၁၉ နှစ်လထပ်ကိန်းသည် နှစ်ပေါင်း ၈၀ လွန်၍ အတည်အမြဲမရှိနိုင်။ ဤကိန်းဖြင့် ရက်ငင်သော အကြိမ်ပေါင်းကို ထိန်းသိမ်းနိုင်သည်။ လက်တွေ့နည်းဖြင့် ရက်ငင်အကြိမ် ရှာသော်....

သူရိယမာသ ၁၉ နှစ်တွင် သာဝနရက်ပေါင်း ၆၉၃၉.၉၁၆၃၆
စန္ဒရမာသ ၂၃၃ လ 〃 ၆၉၃၉.၆၈၈၂၃

ဝေါဟာရမာသ ၁၉ နှစ်။

| | | | |
|---|---|---|---|
| သာမန်နှစ်။ | ၁၂ × ၃၅၄ | = | ၄၂၄၈ |
| ဝါထပ်နှစ်။ | ၇ × ၃၈၄ | = | ၂၆၈၈ |
| | | | ၆၉၃၆ |
| ရက်ငင်အကြိမ် | | | ၃ |
| | | | ၆၉၃၉ နာရီ |

ကြွင်း ၁၆½ နာရီခန့်။

၁၉ နှစ်တွင် ဝေါဟာရမာသနှင့် စန္ဒရမာသ ညီညွတ်ရန်၊ သာမန်နှစ် ၁၂ နှစ် ဝါငယ်ထပ်နှစ် ၇ နှစ်နှင့် ရက်ငင် အကြိမ်ပေါင်း ၃ ရက်၊ သို့မဟုတ် ၄ ရက်ပြုသော် ညီညွတ်၏။ ၁၉ နှစ် လထပ်ကိန်း ရက်ငင်ဇယားအမှတ်(၁၂)တွင် ဖော်ပြထားသည့် အတိုင်း စီစဉ်ပြီးခဲ့သော မြန်မာပက္ခဒိန်များကို ဤနည်းဖြင့် ရက်ငင်အကြိမ် စစ်ဆေးရန် သက္ကရာဇ် ၁၁၂၂ မှ ၁၃၃၀ အထိ ဝါထပ်နှစ်များနှင့် ရက်ငင်နှစ်များ၏ ဇယားကို ဇယားအမှတ် (၁၃)တွင် ဖော်ပြပါသည်။ ရက်ငင်နှစ်များကို( )ကွင်းနှင့် ပြထားသည်။နှစ်ရှည် ၁၉ နှစ် ငါးကြိမ်၊ နှစ်ပေါင်း ၉၅ နှစ်တွင် ရက်ငင်အကြိမ်ပေါင်း ၁၈ ကြိမ်ရှိရမည်။ ၁၉ နှစ် အစဉ်အတိုင်း မှာ ပဌမ ၁၉ နှစ်တွင် ၄ ကြိမ်စီ၊ဒုတိယတွင် ၃ ကြိမ်၊ တတိယ နှင့် စတုတ္ထနှစ်တွင် ၄ ကြိမ်စီ၊ ပဉ္စမတွင် ၃ ကြိမ်ရှိရမည်။ တနည်း ကြည့်သော် ၉၅ နှစ်တွင် ဝါငယ်ထပ်နှစ်ပေါင်း ၁၇ နှစ်ရှိ၍ ဝါကြီးထပ်နှစ်ပေါင်း ၁၈ နှစ်ရှိရမည်။

နှစ်ပေါင်း ၃၀၄ နှစ်တွင် ဝါငယ်ထပ်နှစ်ပေါင်း ၅၃ နှစ်ရှိ၍ ဝါကြီးထပ်နှစ်ပေါင်း ၅၉ နှစ်ရှိရမည်။ ရက်ငင်ကြိမ်ပိုလျှင်သော်



ငင်း၊ လျော့လျှင်သော်ငင်း ယင်းသည် မှားသော ပက္ခဒိန် ဖြစ်မည်။ နှစ်ပေါင်း ၃၀၄ နှစ်တွင် ၁၆ မိနစ်ခန့်သာ အချိန် ကွာ၏။ သို့အတွက် နှစ်ပေါင်း ၃၀၀ ပက္ခဒိန်ပြုလုပ်နိုင်သည်။

သူရိယမာသ ၃၀၄ နှစ် သာမန်ရက်ပေါင်း။

၃၀၄ × ၃၆၅.၂၅၈၇၅၆ = ၁၁၁၀၃၈.၆၆၃၀၄
၃၇၆၀ × ၂၉.၅၃၀၅၈၈ = ၁၁၁၀၃၅.၀၁၀၈၈

ဝေါဟာရမာသ။ ၃၀၄ နှစ်တွင်

| | | | |
|---|---|---|---|
| သာမန်နှစ်။ | ၁၉၂ × ၃၅၄ | = | ၆၇၉၆၈ |
| ဝါငယ်ထပ်နှစ်။ | ၁၁၂ × ၃၈၄ | = | ၄၃၀၀၈ |
| | | | ၁၁၀၉၇၆ |
| ရက်ငင်အကြိမ် | | | ၅၉ |
| | | | ၁၁၁၀၃၅ |

စန္ဒရမာသနှင့် ညီညွတ်သည်။

သူရိယမာသ ၃၀၄ နှစ်၏ ဝေါဟာရပက္ခဒိန်တွင် သာမန် နှစ်ပေါင်း ၁၉၂ နှစ်ရှိ၍ ဝါထပ်နှစ်ပေါင်း ၁၁၂ နှစ်ရှိ၏။ ရက်ငင် အကြိမ်ပေါင်း ၅၉ ကြိမ်ရှိရမည်။

၁၉ နှစ် လထပ်ကိန်းသည် အင်္ဂမာသ်ပြိုကိန်းပင် ဖြစ်၏။ စားကြွင်းများသည် လထပ်စည်းကမ်း၏မူပေါ် တွင်တည်၏။

၁။ အဓိမာသ်ပြိုသောနှစ်၌ လထပ်သော် တင်ကြို၍ လထပ်ခြင်းမည်၏။အဓိမာသ်ပြိုသောနှစ်ပင်စားကြွင်းကိန်းဖြစ်၏။

၂။ အဓိမာသ်ပြိုပြီး နောက်ဘနှစ်တွင် လထပ်သော်ပြိုပြီး မှ လထပ်ခြင်းမည်၏။ အဓိမာသ်ပြိုသောနှစ် နောက်နှစ်သည် စားကြွင်းကိန်း ဖြစ်၏။ ဤစားကြွင်းကိန်းများသည် အစဉ် တည်မြဲမှုမရှိချေ။ နှစ်ပေါင်း ၈၀ ကျော်တိုင်အောင်သာ အသုံး ပြုနိုင်သည်။

## ၁၉ နှစ် လထပ်ကိန်း၏ ရက်ငင်ဇယား အမှတ်[၁၂]

| ၁၉ နှစ် ပါတ် | နှစ်ပေါင်း | ရက်ငင်အကြွင်း ရက်ပိုင်း၊ ဓသမပိုင်း | ငင်သင့် အကြွင်း | ၁၉ နှစ် ရက်ငင် ကြွင်း | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | ၂၉ | ၃.၆၈၈ | ၄ | ၄ | |
| ၂ | ၃၈ | ၇.၃၇၆ | ၇ | ၃ | |
| ၃ | ၅၇ | ၁၁.၀၆၅ | ၁၁ | ၄ | |
| ၄ | ၇၆ | ၁၄.၇၅၃ | ၁၅ | ၄ | |
| ၅ | ၉၅ | ၁၈.၄၄၁ | ၁၈ | ၃ | |
| ၆ | ၁၁၄ | ၂၂.၁၂၉ | ၂၂ | ၄ | |
| ၇ | ၁၃၃ | ၂၅.၈၁၈ | ၂၆ | ၄ | |
| ၈ | ၁၅၂ | ၂၉.၅၀၆ | ၃၀ | ၄ | |
| ၉ | ၁၇၁ | ၃၃.၁၉၄ | ၃၃ | ၃ | |
| ၁၀ | ၁၉၀ | ၃၆.၈၈၂ | ၃၇ | ၄ | |
| ၁၁ | ၂၀၉ | ၄၀.၅၇၂ | ၄၁ | ၄ | |
| ၁၂ | ၂၂၈ | ၄၄.၂၅၉ | ၄၄ | ၃ | |
| ၁၃ | ၂၄၇ | ၄၇.၉၄၇ | ၄၈ | ၄ | |
| ၁၄ | ၂၆၆ | ၅၁.၆၃၄ | ၅၂ | ၄ | |
| ၁၅ | ၂၈၅ | ၅၅.၃၂၃ | ၅၅ | ၃ | |
| ၁၆ | ၃၀၄ | ၅၉.၀၁၂ | ၅၉ | ၄ | |

ဥပမာ။ ။သက္ကရာဇ် ၁၂၅၅ မှ ၁၃၁၁ အထိ၊ ရွှေလေးရာသီတွင် အဓိမာသ် ပြိုသောနှစ်၌သာ လထပ်၍ ရွှေလေးရာသီကျော်သော် နောက်နှစ်တွင် လထပ်ရသည့်စည်းကမ်းကြောင့် သက္ကရာဇ် ၁၂၅၅၊ ၁၂၆၃၊ ၁၂၆၆ နှစ်များ၌ အဓိမာသ်ပြိုနှစ်၌ လထပ်၏။ သက္ကရာဇ် ၁၂၅၈၊ ၁၂၆၁၊ ၁၂၆၉၊ ၁၂၇၂ နှစ်များ၌ အဓိမာသ်ပြိုပြီးနောက်နှစ်တွင် လထပ်၏။ ထို့ကြောင့် ၁၉ ခုစားကိန်း၏ အကြွင်း ၁ ၄၊ ၇၊ ၉၊ ၁၂၊ ၁၅၊ ၁၈ ကျသောနှစ်များသည် သက္ကရာဇ် ၁၃၁၁ အထိ လထပ်ကိန်းများဖြစ်၏။ ၅၇ နှစ်ရှိ၏။ သို့သော် သက္ကရာဇ် ၁၃၁၇ ၌ လထပ်ကိန်းမူ ပြောင်းသဖြင့်စားကြွင်းပါပြောင်းသွားလေသည်။

## ၆။ ၁၈ နှစ်နေလကြတ်ကိန်း (Saros)

အရှေ့တိုင်းနက္ခတ်ပညာနှင့် အနောက်တိုင်း နက္ခတ်ပညာများ၏သဘောတရားများသည် ကောင်းကင်၏သဘာဝများ လေ့လာ၍ ကိန်းများပြုထားကြသည့်အချက်တွင် တူညီသော်လည်း လေ့လာသော ပစ္စည်းတန်ဆာကရိယာများ ကွာခြားမှုကြောင့် အနောက်တိုင်းနက္ခတ်ပညာသည် အရှေ့တိုင်းနက္ခတ်ပညာထက် တိုးတက် ထွန်းကားလာရလေသည်။ မြန်မာပြည်၌ နက္ခတ်ပညာ လေ့လာသူများသည် သူရိယသိဒ္ဓန္တကျမ်း စသော နက္ခတ် ကျမ်းနှင့် အာကာသသျှတြ ကျမ်းများကိုသာ လေ့လာကြရသဖြင့် တိုးတက်မှုမရှိချေ။ ထို့အပြင် အစိုးရ အကူအညီနှင့်သာ တည်ဆောက်နိုင်သော နက္ခတ်ကြည့်မျှော်စင်

ရှုံတခုမျှမရှိသဖြင့်လည်း မြန်မာတိုင်းရင်းသားများတွင် နက္ခတ်ပညာကျွမ်းကျင်ထွန်းကားသူ အလွန်ရှားပေသည်။ နက္ခတ်ပညာသည် မျက်မြင်လေ့လာမှတ်သား၍ နက္ခတ်ကိန်းများဖြင့် တိုက်ဆိုင်ညှိနှိုင်းရသော ပညာတရပ်ဖြစ်သဖြင့် နက္ခတ်ကြည့်မှန်ပြောင်းစသည့် ကရိယာများ ချို့တဲ့ခြင်းကြောင့် လက်တွေ့လေ့လာရာ၌ ဗဟုသုတအလွန်နည်းပေမည်။ ထို့အပြင် တနှစ်နှစ်နှစ်ကာလ လေ့လာသော်လည်း ပြည့်စုံနိုင်သည့်ပညာမဟုတ်ချေ။ နှစ်ကာလကြာရှည်စွာ လေ့လာမှတ်သားခြင်း ပြုမှသာလျှင် နက္ခတ်ကိန်းများနှင့် သဘာဝတရားများကို အစုံအလင်လေ့လာသိရှိနိုင်ပေမည်။ ထို့ကြောင့် နက္ခတ်ပညာတွင် ရှေးဟောင်းကျမ်းများနှင့် ခေတ်မီကရိယာများဖြင့် လေ့လာခြင်းက သဘာဝနှင့် ညီညွတ်ပိုမိုတိုးတက်ခြင်းကို ငြင်းကွယ်၍မရချေ။

## လပြည့်လကွယ် နေကြတ်လကြတ်တို့၌ တည်ရှိသော နေ လ ကမ္ဘာတို့၏ အခြင်းအရာ

သဘာဝအားဖြင့် နေနှင့် လတည်ရာဌာနအတွင်းသို့ ကျွန်ုပ်တို့၏ကမ္ဘာရောက်သည့်ကာလတွင် လပြည့်အခါဖြစ်၏။ ကျွန်ုပ်တို့သည် လကိုမြင်ကြရာ၌ နေရောင်ရှိသော အပိုင်းမျှသာမြင်သည်။ ထိုအခါ၌ လသည် ကမ္ဘာ၏ နေလမ်းကြောင်း (ECLIPTIC) မှ တိမ်းပါးတည်ရှိသောကြောင့် နေ၏ အလင်းရောင်လမ်းသည် ကမ္ဘာမှ အရိပ်ကင်းစင်နေသဖြင့် 'လပြည့်' အခြင်းအရာအတိုင်း ဝန်းဝိုင်းစွာမြင်ကြရ၏။ ပုံစံအမှတ် (က)။

ထိုအခါ၌ တနင်္ဂနွေနှင့် တနင်္လာဂြိုဟ်တို့သည် တဆယ့်နှစ်ရာသီခွင်၌ သမသတ်ရာသီများ၌ တည်လျက်ရှိ၏။ သို့သော် တရံတခါ ကမ္ဘာ၏နေလမ်းကြောင်းအတွင်းသို့ ကျသောအခါ၌

ပုံစံအမှတ်(၃)

### လပြည့် လကွယ် နေကြတ် လကြတ်အခါ၌ တည်ရှိသော နေ လ ကမ္ဘာ တို့၏ အခြင်းအရာ

ပုံစံ(က)




လပြည့် လကွယ် အခြင်းအရာ၊ စကြာဝဠာ ဘေးတိုက်ကြည့်ပုံ

ပုံစံ(ခ)




လကြတ်အခြင်းအရာ၊ စကြာဝဠာအပေါ်မှ ကြည့်ပုံ

ပုံစံ(ဂ)




နေကြတ် အခြင်းအရာ၊ စကြာဝဠာအပေါ်မှကြည့်ပုံ

နေ၏အလင်းရောင်လမ်းသည် ကမ္ဘာလုံးက ကွယ်နေမှုကြောင့် (တနည်းအားဖြင့်) ကမ္ဘာ၏အရိပ်မကင်းမှုကြောင့် 'လကြတ်' အခြင်းအရာ ဖြစ်ပေါ်လာ၏။ ပုံစံအမှတ် (ခ)။ ထိုအခါ၌ တနင်္ဂနွေနှင့် တနင်္လာဂြိုဟ်တို့သည် သမသတ် ရာသီခွင်များ၌ တည်ရှိ၍ ၎င်းဂြိုဟ်တို့တည်သောရာသီများ၌ ရာဟုဂြိုဟ် တည်ရှိမြဲဖြစ်လေသည်။

လသည် ကျွန်ုပ်တို့၏ ကမ္ဘာနှင့်နေတည်ရှိရာဌာနအတွင်းသို့ ရောက်ရှိသောအချိန်အခါ၌ လကွယ်ချိန်ဖြစ်၏။ ထိုအခါ၌နေ၏ အလင်းရောင် အားကြောင့် လကို မမြင်နိုင်ချေ။ ကမ္ဘာ၏ နေလမ်းကြောင်းမှ တိမ်းပါးမှုကြောင့်သာ နေကိုတွေ့မြင်နိုင်၏။ ထိုအခါ၌ တနင်္ဂနွေနှင့် တနင်္လာဂြိုဟ်တို့သည် တဆယ့်နှစ်ရာသီခွင်တွင် တရာသီ၌ အံသာထပ်တူ တည်ရှိကြ၏။ သို့သော် တခါတရံ လသည် ကမ္ဘာ၏ နေလမ်းကြောင်းအတွင်းကျသောအခါ နေ၏ အလင်းရောင်ကွယ်မှုကြောင့် နေလုံးကို မမြင်နိုင်သောအခါ၌ 'နေကြတ်'ခြင်းဖြစ်၏။ ပုံစံ (ဂ)။ ကမ္ဘာ၏ နေလမ်းကြောင်းတွင် အတိအကျ ရောက်သောအခါ၌ နေလုံးလုံး ကြတ်ခြင်းဖြစ်၍ တခါတရံ အနည်းငယ်မျှ တိမ်းပါးမှုကြောင့် အစိတ်အပိုင်းမျှသာ ကြတ်၏။ ထိုအခါ၌ တနင်္ဂနွေနှင့် တနင်္လာဂြိုဟ်တို့သည် တရာသီခွင်တွင် ထပ်တူတည်သည့်အပြင် ရာဟုဂြိုဟ်သော်၎င်း၊ ရာဟုနှင့် သမသတ်ဖြစ်သော ကိတ်ဂြိုဟ်နှင့်သော်၎င်း တရာသီတွင် အတူတည်ရှိရမည်။ လကြတ်သောအခါ၌ ကောင်းကင် သဘာဝ၏ လပြည့်ချိန်ဖြစ်၍ ကမ္ဘာ၏ ညဥ့်သန်ကောင်ပိုင်းအချိန်၌ (ခ) နေရာဒေသသာ မြင်နိုင်၏။ နေကြတ်သောအခါ၌ ကောင်းကင် သဘာဝ လကွယ်ချိန်ဖြစ်၍ ကမ္ဘာ၏ နေ့မွန်းတည့်အချိန်၌ (ဂ)နေရာဒေသမှသာ မြင်နိုင်



၏။ မြန်မာဝေါဟာရ ပက္ခဒိန်စီစဉ်သောအခါ လပြည့်ရက်၌ လကြတ်၍၊ လကွယ်ရက်၌ နေကြတ်သော် အလွန်မှန်ကန်သော ပက္ခဒိန်ဖြစ်၏။ မြန်မာပြည်မှ အစဉ်သဖြင့် မြင်နိုင်ပေမည်။ တခါတရံ မြန်မာပြည်မှ နေကြတ် လကြတ်မမြင်ရသော်လည်း အခြားဒေသန္တရတခုတွင် နေ လကြတ်နေမည်ဖြစ်၍ ဒေသန္တရနာရီ ကွာခြားမှုကြောင့် လပြည့်ကျော်တရက်၌ လကြတ်၍ လဆန်းတရက်၌ နေကြတ်ခြင်းဖြစ်နေစေကာမူ မြန်မာဝေါဟာရ ပက္ခဒိန်သည် အမှားမခေါ်နိုင်ချေ။ သို့သော် ဝေါဟာရ ပက္ခဒိန်၌ လပြည့်ကျော် နှစ်ရက်သုံးရက်နေ့များ၌ လကြတ်ခြင်း၊ လဆန်းနှစ်ရက်၊ သုံးရက်နေ့များ၌ နေကြတ်သော် မှားသော ပက္ခဒိန်သာ ဖြစ်၏။

နေလကြတ်ခြင်းတို့၏ သဘာဝသည် ကာလအပိုင်းအခြားဖြင့်ပြန်၍ နေလကြတ် အခြင်းအရာတို့ဖြစ်ပေါ်မြဲ ဖြစ်၏။ အနောက်နိုင်ငံနက္ခတ်ကျမ်းတွင် ဆရိုးစ် ( Saros ) ဟူ၍ခေါ်၏။ ထိုကိန်းသည် ၁၈ နှစ်တွင် တခါပြန်၍ ပေါ်လာမှုကြောင့် '၁၈ နှစ်နေလကြတ်ကိန်း' ဟူ၍ ခေါ်စေမည်။ သူရိယသိဒ္ဓန္တကျမ်း၊ ရာဇမတ္တဏ်ကျမ်းနှင့် အခြားမြန်မာ ပက္ခဒိန်တွက်ကိန်း ကျမ်းများတွင် ထိုကိန်းမျိုးမဖော်ပြချေ။ ဤကိန်းဖြင့်ပင် နေ လကြတ်သည့်နေ့ရက်များကို အနှစ်တရာကျော် ကာလအတွက် တင်ကြို၍ တွက်နိုင်သည်။ ဤနေလကြတ်တွက်ကိန်း၏ သဘောတရားကိုအမှီပြု၍ သူရိယသိဒ္ဓန္တကျမ်း၏ အခြေခံကိန်းများဖြင့် မြန်မာပက္ခဒိန်ရေးဆွဲစီစဉ်ရေး၌ နေလကြတ်ရက်များ စိစစ်ရန် အလွန်အသုံးဝင်သော ကိန်းတခုဖြစ်ပေသည်။

နေလကြတ်ချိန်တို့၏ သဘာဝမှာ တကြိမ်နှင့်တကြိမ်သာဝနှ ရက်ပေါင်း ၆၅၈၅ ရက် ၇ နာရီ၊ ၄၂ မိနစ်၊ ၂၆ စက္ကန့်ကွာ၏။

မြန်မာဝေါဟာရပက္ခဒိန်၏ သက္ကရာဇ်နှစ် ၁၈ နှစ်နှင့်ညီမျှသည်။ ဥပမာ....သက္ကရာဇ် ၁၃၂၄ ၌ ဝါဆိုလပြည့်ကျော်တရက် ညနေ ၆ နာရီ ၁၁ မိနစ်တွင် လကြတ်၍ ဝါဆိုလကွယ်နေ့စင် မြန်မာ စံတော်ချိန် ၆ နာရီ ၅၅ မိနစ်၌ နေကြတ်၏။ သက္ကရာဇ် ၁၃၀၆ တွင် ဖြစ်ပေါ်ခဲ့သော နေလကြတ်ကိန်းဖြစ်၏။ ထိုကိန်းသည် သက္ကရာဇ် ၁၃၀၆ မတိုင်မီ သက္ကရာဇ် ၁၂၈၈၊ ၁၂၇၀၊ ၁၂၅၂၊ ၁၂၃၄၊ ၁၂၁၆၊ ၁၁၉၈ စသောနှစ်များတွင် နေလကြတ်ခဲ့ဖူး သော ကိန်းဖြစ်၏။ နောင်သောအခါ၌လည်း ဤနေလကြတ် ကိန်းအရ သက္ကရာဇ် ၁၃၄၂၊ ၁၃၆၀၊ ၁၃၇၈၊ ၁၃၉၆၊ ၁၄၁၄ စသောနှစ်များ၌ နေလကြတ်ပေဦးမည်။

ရှေးအခါကာလ မြန်မာဝေါဟာရ ပက္ခဒိန်စီစဉ်ရေးဆွဲသော အခါ၌ နေကြတ်လကြတ်ရက်များသည် လပြည့်ကျော် နှစ်ရက် သုံးရက်နှင့် လဆန်းနှစ်ရက် သုံးရက်နေ့များ၌ နေလကြတ်ခြင်း ဖြစ်သည်။ ပက္ခဒိန်မမှန်ခြင်းကို ထင်ရှားစေသည်။ နေကြတ် လကြတ်သည် ဝေါဟာရပက္ခဒိန်၏ မှန်တိုင်ဖြစ်၏။ ဥပုသ်နေ့၌ နေလကြတ်သော် ထိုနှစ်ပက္ခဒိန်မှန်ကန်လှ၏။ နေလကြတ်ခြင်း သည် ဥပုသ်နေ့တွင် မကျရောက်သောနှစ် အများအပြား ရှိ၏။ ထိုအခါ၌ ဝါထပ်ရက်ငင်ပြဿနာ ဆုံးဖြတ်ရာ၌ ဒုတိယ ဝါဆိုလပြည့်၏ တိထိနှင့် အဿဋ္ဌ နက္ခတ် ညီညွတ်မှုကိုသာ အဓိကထားခဲ့၏။ မြန်မာ နေကြတ် လကြတ်တွက်သော သရ ကျမ်း၏ တွက်ကိန်းများသည် သဘောတရား မရှင်းလင်းသည့် အပြင် တွက်ကိန်းဇယားများသည်လည်း အလွန်ကြမ်းသော ကြောင့် တခါတရံ သဘာဝ နေကြတ်လကြတ်များနှင့် နာရီ အလွန်ကွဲပြား၏။ ထို့ကြောင့် ခေတ်မီဝေါဟာရ ပက္ခဒိန်တွင် ဝါထပ်ရက်ငင်ကိန်း မှန်ကန်ညီညွတ်မှုရှိစေရန် ကျရောက်မည့်



နေကြတ်လကြတ်များကို တင်ကြိုတွက်ချက်၍ ပက္ခဒိန်စီစဉ် ရေးဆွဲနိုင်ခဲ့လျှင် အလွန်မှန်ကန် ညီညွတ်သော ပက္ခဒိန်ကို ရရှိမည်မှာ မလွဲချေ။

### ၁၈ နှစ် နေလကြတ်ကိန်း သဘောတရား

သာဝန တရက်၏နေသွားအံသာ
= ၃၆၀÷၃၆၅.၂၅၈၇၅၆=၀.၉၈၅၆၀၂၇ အံသာ။
သာဝန တရက်၏ ရာဟုသွားအံသာ
= ၃၆၀×၃÷၂၀၃၈၃=၀.၀၅၂၉၈၅၉ အံသာ။
တနင်္ဂနွေနှင့် ရာဟုသွား အံသာ
= ၀.၉၈၅၆၀၂၇+၀.၄၂၉၈၅၉=၁.၀၃၈၅၈၈။
တနင်္ဂနွေနှင့် ရာဟုသည် ၁၂ရာသီတပါတ် (ဘဂဏာတခု) အံသာ ၃၆၀ သွားသော ရက်ပေါင်း
= ၃၆၀÷၁.၀၃၈၅၈၈=၃၄၆.၆၂၄၄၅၆ သာဝနရက်ပေါင်း။
၁၈ နှစ် နေလကြတ်ကိန်းတွင် သူရိယမာသ စန္ဒရမာသ နှင့် တနင်္ဂနွေ+ရာဟုသွားတို့၏ သာဝနရက်ပေါင်း။
(က) သူရိယမာသနှစ်
၁၈×၃၆၅.၂၅၈၇၅၆=၆၅၇၄.၆၅၇၆၀၈
(ခ) စန္ဒရမာသလ
၂၂၃×၂၉.၅၃၀၅၈၈=၆၅၈၅.၃၂၁၁၂၄
(ဂ) တနင်္ဂနွေ+ရာဟု (ဘဂဏ)
၁၉×၃၄၆.၆၂၄၄၅၆=၆၅၈၅.၈၆၄၆၆၄
(က) နှင့် (ခ) တို့၏ခြားနားသောရက်ပိုင်း=၁၀.၆၆၃၅၁၆
(ခ) နှင့် (ဂ) တို့၏ခြားနားသောရက်ပိုင်း= ၀.၅၄၄၁၆၇

၁၈ နှစ်နေလကြတ်ကိန်းတကြိမ်သည်တနင်္ဂနွေ+ရာဟုသွား ဘဂဏတခု၏ ကာလထက် ရက်ပိုင်း ၀.၅၄၄၁၆၇ လျော့၏။ နေလကြတ်ကိန်း တကြိမ်ကျပြီးသော် တနင်္ဂနွေဂြိုဟ်သည် ၀.၅၄၄၁၆၇×၀.၉၈၅၆=၀.၅၃၆၃၃၁ အံသာလွန်၍ သွား၏။ သို့အတွက် နေလကြတ်ကိန်းတကြိမ်တွင် တနင်္ဂနွေဂြိုဟ်သည် ၃၂ လိတ္တာ၊ ၁၁ ဝိလိတ္တာလွန်၏။ ထို့ကြောင့် နေကြတ်တကြိမ်နှင့်တကြိမ် အချိန်ကာလအပိုင်းအခြား အနည်းငယ် မညီညွတ်ချေ။ သို့အတွက် နေလကြတ်ချိန်ကို သိလိုလျှင် တနင်္ဂနွေနှင့် တနင်းလာဖုဒ္ဓဂြိုဟ်စဉ်များကို တွက်ချက်သော် နေလကြတ်ချိန်များကို ရရှိပေမည်။

ဆိုခဲ့ပြီးသော နေလကြတ်ကိန်းတခု၏ သာဝနရက် ၆၅၈၅.၃၂၁၁၄ တွင် ဝေါဟာရပက္ခဒိန်စီစဉ်သော်....၊

သာမန်နှစ် ၁၁ နှစ်=၁၁×၃၅၄=၃၈၉၄ သာဝနရက်။

ဝါထပ်နှစ် ၇ နှစ်= ၇×၃၈၄=၂၆၈၈ သာဝနရက်။

ရက်ငင်အကြိမ် ၃ ကြိမ်။ ၃

၆၅၈၅

၁၉ နှစ်လထပ်ကိန်း၏သာဝနရက်.... .... ....= ၆၉၃၉

၁၈ နှစ် နေလကြတ်ကိန်း .... .... .... .... ....= ၆၅၈၅

သာမန်နှစ်တနှစ်၏ သာဝနရက် .... ....= ၃၅၄

ဝေါဟာရပက္ခဒိန်စီစဉ်ရေးသည် ၁၉ နှစ်ဘင်ကြို၍စီစဉ်ရပေမည်။ အထက်ပါကိန်းများဖြင့် ညှိနှိုင်းသော် ၁၉ နှစ်အတွင်း၌ သာမန်နှစ် ၁၂ နှစ်နှင့် ဝါထပ်နှစ် ခုနစ်နှစ်တွင် ရက်ငင် သုံးကြိမ်နှင့် လေးကြိမ်ကို အတိုင်းအဆပြု၍ ဆုံးဖြတ်ရမည်။ သို့သော် နေလကြတ်ကိန်းသည် သာမန်နှစ် ၁၁ နှစ်၊ ဝါငယ်ထပ်နှစ်ခုနစ်နှစ်နှင့် ရက်ငင်သုံးကြိမ်အတွင်း၌သာ ဖြစ်စေရမည်။



ထို့ကြောင့် ၁၉ နှစ် လထပ်ကိန်းတကြိမ်တွင် ရက်ငင် သုံးကြိမ် သို့မဟုတ် လေးကြိမ် အဆုံးအဖြတ်ပြုရာမှာ နာရီကြွင်းကြောင့် ခက်ခဲ၍ ၁၈နှစ် နေလကြတ်ကိန်းဖြင့် ညှိနှိုင်းရပေမည်။

၁၈ နှစ် နေလကြတ်ကိန်းနှင့် ၁၉ နှစ် လထပ်ကိန်း။

၁၉ နှစ် လထပ်ကိန်း ၃ ကြိမ်

= ၃×၆၉၃၉.၆၈၈၂၃ = ၂၀၈၁၉.၀၆၄၆၉

၁၈ နှစ် နေလကြတ်ကိန်း ၃ ကြိမ်

= ၃×၆၅၈၅.၃၂၁၁၂၄ = ၁၉၇၅၅.၉၆၃၃၇

ဒသမရက်ပိုင်းများပယ်သော်

၁၉ နှစ် လထပ်ကိန်း သုံးကြိမ် = ၂၀၈၁၉

၁၈ နှစ် နေလကြတ်ကိန်း သုံးကြိမ် = ၁၉၇၅၆

၁၀၆၃

ကျန်ရက်ပေါင်း ၁၀၆၃ သည် သာမန်နှစ် သုံးနှစ် = ၃× ၃၅၄ = ၁၀၆၂ ရှိ ရက်ပေါင်းနှင့် ရက်ငင်တရက်ကျန်သေး၏။ ထို့ကြောင့် ၁၈ နှစ်လကြတ်ကိန်း သုံးကြိမ်၏ ၅၄ နှစ်တွင်သာဝန ရက်ပေါင်း ၁၉၇၅၇ ရှိရမည်။

ဝေါဟာရပက္ခဒိန် ၅၄ နှစ် =

သာမန် ၃၃ နှစ် = ၃၃×၃၅၄=၁၁၆၈၂

ဝါထပ် ၂၁ နှစ် = ၂၁×၃၈၄= ၈၀၆၄

ရက်ငင်အကြိမ်ပေါင်း ၁၁

၁၉၇၅၇

ဝေါဟာရပက္ခဒိန် သုံးနှစ် = သာမန်နှစ် သုံးနှစ်=

၃×၃၅၄ = .... .... .... .... ၁၀၆၂

ဝေါဟာရပက္ခဒိန် ၅၄ နှစ် = ၁၉ နှစ်

လထပ်ကိန်းသုံးကြိမ် = .... .... .... .... ၂၀၈၁၉

၁၉ နှစ် လထပ်ကိန်း သုံးကြိမ် ၅၇ နှစ်တွင် ၁၈ နှစ် နေလကြတ်ကိန်း သုံးကြိမ်၏ သာမန်နှစ် ၃၃ နှစ်၊ ဝါထပ်နှစ် ၂၁ နှင့် ရက်ငင် ၁၁ ကြိမ်ရှိ၍ ၎င်းအပြင် သာမန်နှစ် ၃ နှစ်ရှိရမည်။ ဤကဲ့သို့ ပြည့်စုံစွာ ညီညွတ်သော ပက္ခဒိန်သာလျှင် မှန်ကန်သော ပက္ခဒိန်ဖြစ်မည်။

နေလကြတ်ကိန်းနှင့် ဝေါဟာရပက္ခဒိန်

၁၈ နှစ် နေလကြတ်ကိန်း။

သူရိယမာသနှစ်

၁၈×၃၆၅.၂၅၈၇၅၆=၆၅၇၄.၆၅၇၆၀၈ သာဝနရက်

စန္ဒရမာသလ ၂၂၃×၂၉.၅၃၀၅၈၈ = ၆၅၈၅.၃၂၁၁၂၄

တနင်္ဂနွေ+ရာဟု(ဘဂဏ)

၁၉×၃၄၆.၆၂၄၄၅၆ = ၆၅၈၅.၈၆၄၆၆၄

ဝေါဟာရပက္ခဒိန် ၁၈ နှစ်တွင်

| | |
|---|---|
| သာမန်နှစ် | ၁၁×၃၅၄ = ၃၈၉၄ |
| ဝါငယ်ထပ် | ၄×၃၈၄ = ၁၅၃၆ |
| ဝါကြီးထပ် | ၃×၃၈၅ = ၁၁၅၅ |
| | ၆၅၈၅ |

၁၈ နှစ် နေလကြတ်ကိန်းအတွင်း၌ သာဝန ၆၅၈၅ ရက် ရှိသည်။ မြန်မာဝေါဟာရ ပက္ခဒိန် ၁၈ နှစ်တွင် ဝါငယ်ထပ်နှစ် လေးနှစ်နှင့် ဝါကြီးထပ်နှစ် သုံးနှစ်ရှိ၏။

၂၉ နှစ် နေလကြတ်ကိန်းနှင့် ဝေါဟာရ ပက္ခဒိန်။

သူရိယမာသ ၂၉ နှစ်၏ သာဝနရက် = ၁၀၅၉၂.၅၀၃၉

စန္ဒရမာသ ၃၅၈ လ၏ သာဝနရက် = ၁၀၅၃၁.၉၅၀၅

တနင်္ဂနွေ+ရာဟု (ဘဂဏ)၃၀½ = ၁၀၅၇၂.၀၄၅၉



ဝေါဟာရ ပက္ခဒိန် ၂၉ နှစ်။

| | |
|---|---|
| သာမန်နှစ်။ | ၁၉×၃၅၄ = ၆၇၂၆ |
| ဝါငယ်ထပ်။ | ၄×၃၈၄ = ၁၅၃၆ |
| ဝါကြီးထပ်။ | ၆×၃၈၅ = ၂၃၁၀ |
| | ၁၀၅၇၂ |

၂၉ နှစ် နေလကြတ်ကိန်းအတွင်း သာဝန ၁၀၅၇၂ ရက် ရှိသည်။ မြန်မာဝေါဟာရ ပက္ခဒိန် ၂၉ နှစ်တွင် ဝါငယ်ထပ် လေးနှစ်နှင့် ဝါကြီးထပ် ခြောက်နှစ်ရှိ၏။

အထက်ပါ ကိန်းများသည် နှစ်တို နေလကြတ်ကိန်း ဖြစ်သည်။ တခါတရံ ရှေးပဝေဏီနှစ်များ၏ နေလကြတ်သော နှစ်များကိုသိလိုသော် နှစ်ရှည် ၅၂၁ နှစ် နေလကြတ်ကိန်းဖြင့် တွက်နိုင်သည်။

၅၂၁ နှစ် နေလကြတ်ကိန်းနှင့် ဝေါဟာရ ပက္ခဒိန်။

သူရိယမာသ ၅၂၁ နှစ် သာဝနရက် = ၁၉၀၁၉၉.၈၁၁၈၇

စန္ဒရမာသ ၆၄၄၄ လ၏ သာဝနရက် = ၁၉၀၂၉၅.၁၀၉၀၇

တနင်္ဂနွေ+ရာဟု(ဘဂဏ)၅၄၉ကြိမ် = ၁၉၀၂၉၆.၈၂၆၁၂

ဝေါဟာရ ပက္ခဒိန် ၅၂၁ - နှစ်။

| | |
|---|---|
| သာမန်နှစ်။ | ၃၂၉×၃၅၄ = ၁၁၆၄၆၆ |
| ဝါငယ်ထပ်။ | ၉၁×၃၈၄ = ၃၄၉၄၄ |
| ဝါကြီးထပ်။ | ၁၀၁×၃၈၅ = ၃၈၈၈၅ |
| | ၁၉၀၂၉၅ |

၅၂၁ နှစ် နေလကြတ်ကိန်းအတွင်း၊ သာဝန ၁၉၀၂၉၅ ရက် ရှိသည်။ မြန်မာဝေါဟာရ ပက္ခဒိန် ၅၂၁ နှစ်တွင် ဝါငယ်ထပ်နှစ် ၉၁ နှစ်နှင့် ဝါကြီးထပ် ၁၀၁ နှစ်ရှိ၏။

ဤတွက်ကိန်းသည် နေလကြတ်သောအခါ၌ မျက်မြင်နှင့်

ညီညွတ်လိုလျှင် ထိုရက်များသည် လပြည့် လကွယ်နေ့ ဥပုသ်နေ့များ၌ဖြစ်ရမည်။ ထို့အပြင် ရက်ငင်အကြိမ်၊ ဝါငယ်ထပ်နှစ်နှင့် ဝါကြီးထပ်နှစ်များလည်း အထက်ပါကိန်းနှင့် ညီညွတ်ရပေမည်။ အထက်ပါကိန်းများနှင့် မညီညွတ်သော် ဝေါဟာရ ပက္ခဒိန်သည် မှားယွင်းချွတ်ချော်သော ပက္ခဒိန်ဖြစ်သည်ဟု မှတ်ယူလေ။

ဥပမာ။ သက္ကရာဇ် ၁၂၇၉ ဝါဆိုလဆန်း ၁ ရက်၊ ခရစ်နှစ် ၁၉၁၇ ခု၊ ဇွန်လ ၂၉ ရက် မွန်းတည့်ခန့်တွင် နေကြတ်သည်။ သက္ကရာဇ် ၁၃၀၇ ခု ပဌမဝါဆိုလဆုတ် ၁၅ ရက်၊ ခရစ်နှစ် ၁၉၄၅ ခု၊ ဇူလိုင်လ ၉ ရက်တွင် နေကြတ်တပါတ် ပြန်၍ကြတ်၏။ ပဌမ နေကြတ်သည်၊ လဆန်း ၁ ရက်ကြတ်၍၊ နောက် ဒုတိယတဖန် ပြန်ကြတ်သောအခါ၌လည်း လကွယ်နေ့၌ ကြတ်၏။ ဤနေကြတ် ကိန်းသည် ဒုတိယ ပြန်ကြတ်ရက်၌ ပက္ခဒိန် မှန်ကန်သော်လည်း ပဌမ နေကြတ်ရက်၌ နယုန်လကွယ်၌သာ ကြတ်ရပေမည်။ သို့သော် လွန်ခဲ့သောနှစ်များ၌ မှားယွင်းသော ပက္ခဒိန်သည် ဤနေကြတ်နှင့် ဒုတိယအကြိမ် နေကြတ်ဖြစ်သောအခါ၌ မှန်ကန်မှု ရှိလာပြန်၏။

ဤ နေကြတ် အပတ်သည် တဖန် သက္ကရာဇ် ၁၃၂၅ ခု၊ ဝါခေါင်လဆန်း ၁ ရက်၊ ခရစ်နှစ် ၁၉၆၃ ခု၊ ဇူလိုင်လ ၂၁ ရက် နေ့၌ တတိယအကြိမ် နေကြတ် ဖြစ်ပေါ်ခဲ့၏။ ထို့ကြောင့် သက္ကရာဇ် ၁၃၀၇ မှ ၁၃၂၅ အတွင်း ရက်ငင်မမှန်၍ လကွယ် ဥပုသ်နေ့၌ မကျရောက်ချေ။ ဤနည်းဖြင့် အခြားသောနှစ်များ၏ နေကြတ် လကြတ် များကိုလည်း စစ်ဆေးကြည့်ရှု နိုင်ပါသည်။



## တွက်နည်းဥပမာ

ပဌမနေကြတ်ရက်။ သက္ကရာဇ် ၁၂၇၉၊ ဝါဆိုလဆန်း ၁ ရက်၊

သုဒ္ဓဒိန် ၇၄။

| | |
|---|---|
| သက္ကရာဇ် ၁၂၇၉ သာဝနရက် | ၆၉၀၅၇ |
| | ၇၄ |
| နေကြတ် သာဝနရက် | ၆၉၁၃၁ |
| | ၆၅၈၅.၃၂ |
| | ၇၅၇၁၆.၃၂=၇၅၇၁၇ |
| သက္ကရာဇ် ၁၃၀၇ သာဝနရက်။ | ၇၅၆၃၁ |
| | ၈၆ |

သုဒ္ဓဒိန်။

ဒုတိယနေကြတ်။ သက္ကရာဇ် ၁၃၀၇၊ (ပ) ဝါဆိုလဆုတ် ၁၅ ရက်

| | |
|---|---|
| | ၇၅၇၁၆ - ၃၂ |
| ခရစ်နှစ် ၁၉၄၅ ခု၊ ဇူလိုင်လ ၉ ရက်။ | ၆၅၈၅ - ၃၂ |
| | ၈၂၃၀၁ - ၆၄ |
| ရက်ပိုင်း တဝက်ပို၍ အဿဒိကထက်။ | ၈၂၃၀၂ |
| သက္ကရာဇ် ၁၃၂၅ ၏ သာဝနရက်။ | ၈၂၂၀၆ |
| | ၉၆ |

သုဒ္ဓဒိန်။

တတိယနေကြတ်။ သက္ကရာဇ် ၁၃၂၅၊ ဝါခေါင်လဆန်း ၁ ရက်။
ခရစ်နှစ် ၁၉၆၃ ခု၊ ဇူလိုင်လ ၂၁ ရက်၊ ည ၈ နာရီ ၄၅ မိနစ်။

## (က) ၁၈ နှစ် ၈၄ - လကြွတ်ကိန်း၏ နေကြွတ်သောရက်များ။

ဇယားအမှတ် [၁၄]

| | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| ၁၂၇၇ | ဝါခေါင် | ဆန်း | ၂ | ၁၂၈၂ | နှောင်းခူး | ဆန်း | ၁ | ၁၂၈၉ | ဝါဆို | ဆန်း | ၁ |
| ။ | ပြာသို | ဆုတ် | ၁၅ | ၁၂၈၃ | တော်သလင်း | ဆုတ် | ၁၅ | ။ | ပြာသို | ။ | ၂ |
| ၁၂၇၈ | ဝါခေါင် | ဆန်း | ၁ | ၁၂၈၃ | နှောင်းခူး | ဆန်း | ၁ | ၁၂၉၀ | နယုန် | ဆန်း | ၁ |
| ။ | ပြာသို | ။ | ၂ | ၁၂၈၄ | တော်သလင်း | ဆုတ် | ၁၅ | ။ | ဝါဆို | ။ | ၂ |
| ။ | တပို့တွဲ | ။ | ၁ | ။ | နှောင်းခူး | ဆန်း | ၁ | ။ | နတ်တော် | ။ | ၁ |
| ၁၂၇၉ | ဝါဆို | ဆန်း | ၁ | ၁၂၈၅ | ဝါခေါင် | ဆုတ် | ၁၅ | ၁၂၉၁ | နယုန် | ဆန်း | ၂ |
| ။ | ဝါခေါင် | ။ | ၁ | ။ | နှောင်းခူး | ဆန်း | ၂ | ။ | သီတင်းကျွတ် | ။ | ၃ |
| ။ | ပြာသို | ။ | ၂ | ၁၂၈၆ | ဝါခေါင် | ဆန်း | ၂ | ၁၂၉၂ | ကဆုန် | ဆန်း | ၃ |
| ၁၂၈၀ | ပ–ဝါဆို | ဆန်း | ၁ | ။ | တော်သလင်း | ။ | ၂ | ။ | သီတင်းကျွတ် | ။ | ၃ |
| ။ | နတ်တော် | ။ | ၁ | ။ | တပို့တွဲ | ။ | ၁ | ၁၂၉၃ | ကဆုန် | ဆန်း | ၃ |
| ၁၂၈၁ | နယုန် | ဆန်း | ၁ | ၁၂၈၇ | ဝါခေါင် | ဆန်း | ၂ | ။ | တော်သသင်း | ။ | ၁ |
| ။ | နတ်တော် | ။ | ၁ | ။ | တပို့တွဲ | ။ | ၂ | ။ | ။ | ဆုတ် | ၁၅ |
| ၁၂၈၂ | နယုန် | ဆန်း | ၂ | ၁၂၈၈ | ပ–ဝါဆို | ဆုတ် | ၁၅ | ။ | တပေါင်း | ဆန်း | ၁ |
| ။ | သီတင်းကျွတ် | ဆုတ် | ၁၄ | ။ | ပြာသို | ဆန်း | ၂ | ၁၂၉၄ | တော်သလင်း | ဆန်း | ၁ |



## (က) နေကြွတ်ကိန်းအဆက်

| | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| ၁၂၉၄ | တပေါင်း | ဆန်း | ၂ | ၁၃၀၀ | နတ်တော် | ဆန်း | ၁ | ၁၃၀၆ | ပြာသို | ဆန်း | ၁ |
| ၁၂၉၅ | တော်သလင်း | ဆန်း | ၂ | ၁၃၀၁ | ကဆုန် | ဆန်း | ၂ | ၁၃၀၇ | ပ–ဝါဆို | ဆုတ် | ၁၅ |
| ။ | တပေါင်း | ။ | ၂ | ။ | တော်သလင်း | ဆုတ် | ၁၅ | ။ | ပြာသို | ဆန်း | ၁ |
| ၁၂၉၆ | ဝါခေါင် | ဆန်း | ၁ | ၁၃၀၁ | နှောင်းခူး | ဆန်း | ၁ | ၁၃၀၈ | နယုန် | ဆန်း | ၁ |
| ။ | ပြာသို | ။ | ၂ | ၁၃၀၂ | သီတင်းကျွတ် | ။ | ၁ | ။ | ဝါဆို | ။ | ၁ |
| ။ | တပို့တွဲ | ။ | ၁ | ။ | တပေါင်း | ။ | ၂ | ။ | ဆောင်မုန်း | ဆုတ် | ၁၅ |
| ၁၂၉၇ | ဝါဆို | ဆန်း | ၂ | ၁၃၀၃ | သီတင်းကျွတ် | ဆန်း | ၂ | ၁၃၀၉ | နယုန် | ဆန်း | ၂ |
| ။ | ဝါခေါင် | ။ | ၁ | ။ | နှောင်းခူး | ။ | ၁ | ။ | ဆောင်မုန်း | ။ | ၁ |
| ။ | ပြာသို | ။ | ၂ | ၁၃၀၄ | ဝါခေါင် | ဆန်း | ၁ | ၁၃၁၀ | နယုန် | ဆန်း | ၂ |
| ၁၂၉၈ | ဝါဆို | ဆန်း | ၁ | ။ | တော်သလင်း | ။ | ၁ | ။ | ဆောင်မုန်း | ။ | ၁ |
| ။ | ပြာသို | ။ | ၃ | ။ | တပို့တွဲ | ။ | ၁ | ၁၃၁၁ | ကဆုန် | ဆန်း | ၂ |
| ၁၂၉၉ | ပ–ဝါဆို | ဆန်း | ၁ | ၁၃၀၅ | ဝါခေါင် | ဆန်း | ၁ | — | — | — | — |
| ။ | နတ်တော် | ။ | ၁ | ။ | တပို့တွဲ | ။ | ၁ | ။ | ဆောင်မုန်း | ။ | ၂ |
| ၁၃၀၀ | နယုန် | ဆန်း | ၁ | ၁၃၀၆ | ဝါဆို | ဆန်း | ၁ | ။ | တပေါင်း | ။ | ၁ |

## (က) နေကြွတ်ကိန်းအဆက်

| | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| ၁၃၁၂ | တော်သလင်း | ဆန်း | ၁ | ၁၃၁၈ | ဆောင်မုန်း | ဆုတ် | ၁၅ | ၁၃၂၅ | ဝါခေါင် | ဆန်း | ၁ |
| ॥ | တပေါင်း | ॥ | ၁ | ၁၃၁၉ | ကဆုန် | ဆန်း | ၁ | ॥ | တပို့တွဲ | ॥ | ၂ |
| ၁၃၁၃ | တော်သလင်း | ဆန်း | ၁ | ॥ | ဆောင်မုန်း | ॥ | ၁ | ၁၃၂၆ | ပ–ဝါဆို | ॥ | ၁ |
| ॥ | တပေါင်း | ॥ | ၁ | ၁၃၂၀ | ကဆုန် | ဆန်း | ၂ | ॥ | ॥ | ဆုတ် | ၁၅ |
| ၁၃၁၄ | တော်သလင်း | ॥ | ၁ | ॥ | သီတင်းကျွတ် | ॥ | ၁ | ॥ | ဆောင်မုန်း | ॥ | ၁၅ |
| ॥ | တပေါင်း | ॥ | ၂ | ॥ | နှောင်းခူး | ॥ | ၁ | ၁၃၂၇ | (၁၁–၅–၆၅) | | ၄၆ |
| — | — | — | — | ၁၃၂၁ | သီတင်းကျွတ် | ဆန်း | ၁ | ॥ | (၂၃–၁၁–၆၅) | | ၂၂၂ |
| ၁၃၁၅ | ပ–ဝါဆို | ဆုတ် | ၁၅ | ॥ | နှောင်းခူး | ॥ | ၁ | ၁၃၂၈ | (၂၀–၅–၆၆) | | ၃၄ |
| ॥ | ဒု–ဝါဆို | ॥ | ၁၄ | — | — | — | — | ॥ | (၁၂–၁၁–၆၆) | | ၂၁၀ |
| ॥ | ပြာသို | ဆန်း | ၁ | ၁၃၂၂ | သီတင်းကျွတ် | ဆန်း | ၂ | ၁၃၂၉ | (၉–၅–၆၇) | | ၂၃ |
| ၁၃၁၆ | နယုန် | ဆုတ် | ၁၄ | ॥ | တပေါင်း | ॥ | ၂ | — | — | — | — |
| ॥ | ပြာသို | ဆန်း | ၁ | ၁၃၂၃ | ဒု–ဝါဆို | ဆုတ် | ၁၅ | ॥ | (၂–၁၁–၆၇) | | ၂၀၀ |
| ၁၃၁၇ | ပ–ဝါဆို | ဆန်း | ၁ | ॥ | တပို့တွဲ | ဆန်း | ၁ | ॥ | (၂၉–၃–၆၈) | | ၃၄၈ |
| ॥ | ဆောင်မုန်း | ဆုတ် | ၁၅ | ၁၃၂၃ | ဒု–ဝါဆို | ဆုတ် | ၁၅ | ၁၃၃၀ | (၂၂–၉–၆၈) | | ၁၆၀ |
| ၁၃၁၈ | ကဆုန် | ဆုတ် | ၁၅ | ॥ | တပို့တွဲ | ဆန်း | ၁ | ॥ | (၁၉–၃–၆၉) | | ၃၃၈ |



## (ခ) ၁၈ နှစ် နေ-လ ကြွတ်ကိန်း၏ လ ကြွတ်သောရက်များ။

ဇယားအမှတ် [၁၅]

| | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| ၁၂၈၂ | ကဆုန် | ဆုတ် | ၂ | ၁၃၀၀ | ကဆုန် | ဆုတ် | ၁ | ၁၃၁၈ | ကဆုန် | ပြည့် | ၁၅ |
| ॥ | သီတင်းကျွတ် | ပြည့် | ၁၅ | ॥ | ဆောင်မုန်း | ॥ | ၂ | ॥ | ဆောင်မုန်း | ဆုတ် | ၁ |
| ၁၂၈၃ | တန်ခူး | ပြည့် | ၁၅ | ၁၃၀၁ | ကဆုန် | ဆုတ် | ၁ | ၁၃၁၉ | ကဆုန် | ဆုတ် | ၁ |
| ॥ | သီတင်းကျွတ် | ॥ | ၁၅ | ॥ | သီတင်းကျွတ် | ॥ | ၁ | ॥ | ဆောင်မုန်း | ॥ | ၁ |
| ၁၂၈၄ | တပေါင်း | ဆုတ် | ၂ | ၁၃၀၂ | တပေါင်း | ဆုတ် | ၂ | ၁၃၂၀ | တပေါင်း | ဆုတ် | ၂ |
| ၁၂၈၅ | ဝါခေါင် | ပြည့် | ၁၅ | ၁၃၀၃ | တော်သလင်း | ဆုတ် | ၁ | — | — | — | |
| ॥ | တပို့တွဲ | ဆုတ် | ၁ | ॥ | တပေါင်း | ॥ | ၃ | ၁၃၂၁ | တပေါင်း | ဆုတ် | ၂ |
| ၁၂၈၆ | ဝါခေါင် | ဆုတ် | ၁ | ၁၃၀၄ | ဝါခေါင် | ပြည့် | ၁၅ | ၁၃၂၂ | တော်သလင်း | ဆုတ် | ၁ |
| ॥ | တပို့တွဲ | ॥ | ၂ | ॥ | တပို့တွဲ | ဆုတ် | ၁ | ॥ | တပေါင်း | ॥ | ၂ |
| ၁၂၈၇ | ဝါခေါင် | ဆုတ် | ၁ | ၁၃၀၅ | ဝါခေါင် | ဆုတ် | ၁ | ၁၃၂၃ | ဝါခေါင် | ပြည့် | ၁၅ |
| ၁၂၈၈ | — | — | | ၁၃၀၆ | — | — | | ၁၃၂၄ | — | — | |
| ၁၂၈၉ | နယုန် | ဆုတ် | ၁ | ၁၃၀၇ | ပ–ဝါဆို | ဆုတ် | ၁ | ၁၃၂၅ | ပြာသို | ဆုတ် | ၁ |
| ၁၂၉၀ | နယုန် | ဆုတ် | ၁ | ၁၃၀၈ | နယုန် | ဆုတ် | ၁ | ၁၃၂၆ | ပ–ဝါဆို | ဆုတ် | ၁ |
| ॥ | နတ်တော် | ॥ | ၁ | ॥ | နတ်တော် | ॥ | ၁ | ॥ | နတ်တော် | ပြည့် | ၁၅ |
| | | | | | | | | | | | ဆုတ္တဒိန် |
| ၁၂၉၁ | — | — | | ၁၃၀၉ | နယုန် | ဆုတ် | ၁ | ၁၃၂၇ | (၁၃–၆–၆၅) | | ၃၉ |
| ॥ | နှောင်းခူး | ဆုတ် | ၁ | ၁၃၁၀ | ကဆုန် | ॥ | ၁ | ၁၃၂၈ | — | | — |

| | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| ၁၂၉၂ | နှောင်းဒုး | ဆုတ် | ၂ | ၁၃၁၀ | နှောင်းဒုး | ဆုတ် | ၁ | ၁၃၂၉ | (၂၄–၄–၆၇) | ၈ |
| ၁၂၉၃ | တော်သလင်း | ဆုတ် | ၁ | ၁၃၁၁ | သီတင်းကျွတ် | ဆုတ် | ၁ | ၁၃၂၉ | (၁၈–၁၀–၆၇) | ၁၈၅ |
| ။ | တပေါင်း | ။ | ၁ | ။ | နှောင်းဒုး | ။ | ၂ | ။ | (၁၃–၄–၆၈) | ၃၆၃ |
| ၁၂၉၄ | တော်သလင်း | ဆုတ် | ၁ | ၁၃၁၂ | တော်သလင်း | ပြည့် | ၁၅ | ၁၃၃၀ | (၆–၁၀–၆၈) | ၁၄၄ |
| ၁၂၉၅ | တပို့တွဲ | ဆုတ် | ၁ | ၁၃၁၃ | တပို့တွဲ | ဆုတ် | ၁ | ၁၃၃၁ | (၂၁–၂–၇၀) | ၃၁၂ |
| ၁၂၉၆ | ဒု–ဝါဆို | ဆုတ် | ၁ | ၁၃၁၄ | တော်သလင်း | ဆုတ် | ၁ | ၁၃၃၂ | (၁၇–၉–၇၀) | ၁၂၃ |
| ။ | ပြာသို | ။ | ၁ | ။ | တပို့တွဲ | ။ | ၁ | ။ | (၁၁–၂–၇၁) | ၃၀၁ |
| ၁၂၉၇ | ဝါဆို | ဆုတ် | ၂ | ၁၃၁၅ | ဒု–ဝါဆို | ပြည့် | ၁၅ | ၁၃၃၃ | (၈–၈–၇၁) | ၁၁၄ |
| ။ | ပြာသို | ။ | ၂ | ။ | ပြာသို | ။ | ၁၅ | ။ | (၃၀–၁–၇၂) | ၂၉၀ |
| ၁၂၉၈ | ဝါဆို | ဆုတ် | ၂ | ၁၃၁၆ | ဝါဆို | ဆုတ် | ၁ | ၁၃၃၄ | (၂၇–၇–၇၂) | ၁၀၃ |
| ၁၂၉၉ | ဆောင်မုန်း | ဆုတ် | ၁ | ၁၃၁၇ | ဆောင်မုန်း | ပြည့် | ၁၅ | ၁၃၃၅ | (၁၁–၁၂–၇၃) | ၂၄၀ |

မှတ်ချက်။ သက္ကရာဇ် ၁၃၂၆ လွန်၍ မြန်မာဝေါဟာရ ပက္ခဒိန်သည် နိုင်ငံတော် အစိုးရ၏ အမိန့်မကျသေး၍ မဖော်ပြနိုင်ချေ။ သုဒ္ဓဒိန်ရက်နှင့် ခရစ် နှစ် လ ရက်များဖြင့်သာ ဖော်ပြထားပါသည်။ လပြည့် လကွယ် ရက်များ၌ နေ-လ ကြွတ်ခြင်းသည် မြန်မာပြည်မှ အများအားဖြင့် မြင်နိုင်ပေသည်။ လဆန်းတရက်နှင့် လပြည့်ကျော်တရက်များ၌ ဒေသန္တရကွာခြားမှုကြောင့် မြန်မာပြည်မှ မမြင်နိုင်ချေ။ သို့သော် "မှန်ကန်သော ပက္ခဒိန်"ဟု ခေါ်ရပေမည်။ လဆန်းနှစ်နှင့် သုံးရက်၊ လဆုတ်နှစ်နှင့် သုံးရက်များ၌ နေ-လ ကြွတ်ခြင်းသည် "မှန်ကန်သော ပက္ခဒိန်" မဟုတ်ချေ။



# တတိယပိုင်း

# မြန်မာဝေါဟာရ ပက္ခဒိန်

## ၁။ မြန်မာပက္ခဒိန်၏ အခြေခံ သဘောတရားများ

မြန်မာပြည်တွင် ကမ္ဘာသုံး ပက္ခဒိန်ကို နိုင်ငံတော်အစိုးရ၏ အုပ်ချုပ်ရေးကိစ္စ၊ တိုင်းခြား သံတမန်များနှင့် ဆက်ဆံရေး၊ တရားရုံး၊ အုပ်ချုပ်ရေးရုံး စသည်တို့၌ အသုံးပြုသော်လည်း မြန်မာ့ယဉ်ကျေးမှု ထုံးတမ်းအရ ဘာသာရေး သာသနာရေး များ ပြုလုပ်ရန်နှင့် ဗုဒ္ဓဘာသာများ ဥပုသ် သီတင်း သီလ ဆောက်တည်နိုင်ရန် အတွက်မှာမူ မြန်မာ လပြည့် လကွယ် စသည့် နေ့ရက်များကို ဖော်ပြသော မြန်မာဝေါဟာရ ပက္ခဒိန် အပါအဝင် နှစ်ဘာသာတွဲ ပက္ခဒိန်ကို မြန်မာပြည်တွင် နေထိုင် ကြကုန်သော အိမ်ထောင်စုများ၏ အိမ်တိုင်း၌ ချိတ်ဆွဲထား ကြောင်း တွေ့ရပေမည်။ မြို့ကြီးများ၌ အင်္ဂလိပ်ရက်နှင့် လများ အသုံးပြုကြသော်လည်း တောရွာဒေသများ၌ မြန်မာ နေ့ရက် လများသာ အသုံးပြုလေ့ရှိကြသည်။ မြန်မာပက္ခဒိန်အားဖြင့် ကျေးရွာတောင်သူများ၏ ဘာသာဓလေ့အရ ရှစ်ရက်၊ လပြည့်၊ လကွယ်များ၌ ဥပုသ်သီတင်းများ စောင့်ထိန်းခြင်း၊ မိမိတို့၏ လယ်ယာကိုင်းကျွန်းများ၏ ပျိုးချိန်၊ စိုက်ချိန်နှင့် ရိတ်ချိန်များ ကို မှတ်သားခြင်း စသည်များ ပြုလေ့ရှိကြသည်။ မြစ်ရေ၊ ချောင်းရေနှင့် အသက်မွေးမှုကြသူများမှာ ရေတက် ရေကျ

တို့၏ အခြင်းအရာများကို လဆန်းရက်၊ လဆုတ်ရက်များဖြင့် အမှတ်ပြုကြသည်။ သို့အတွက် ကမ္ဘာ့ပက္ခဒိန်သည် မည်သို့ပင် တည်တံ့ကောင်းမွန်စေကာမူ မြန်မာ့ခွင်နှင့် အံမဝင်ဘဲ ဖြစ်ရှိနေချေသည်။ ကျွန်ုပ်တို့ မြန်မာလူမျိုးများ အထူးသဖြင့် တောတောင် လယ်ယာကိုင်းကျွန်းကို မှီခိုစားသောက်သူများသည် မြန်မာ ဝေါဟာရ ပက္ခဒိန်ကို လက်လွှတ်ရန် ခဲယဉ်းသည့် အလျောက် မှန်ကန်သောပက္ခဒိန်ကို စီစဉ်ပေးရန်ကိစ္စသည် အလွန်အရေးကြီးသော ကိစ္စတရပ်ဖြစ်ပေသည်။

ဒုတိယကမ္ဘာစစ် မတိုင်မီ အင်္ဂလိပ်အစိုးရ လက်ထက်တွင် ရခိုင်လူမျိုးတို့ အသုံးပြုသော ရခိုင်ပက္ခဒိန် သီးခြားထုတ်ခဲ့၏။ မြန်မာ့လွတ်လပ်ရေးခေတ်၌ ပြည်ထောင်စု အမျိုးသားအချင်းချင်း ညီညွတ်စေရန် မြန်မာဝေါဟာရပက္ခဒိန် တခုတည်းသာ အသိအမှတ် ပြုခဲ့လေသည်။ သင်္ကြန် အခါတော် အချိန်များ၊ ရဟန်းတော်များ၏ ဝါကပ်ရက်များ၊ ဝါငယ်ထပ်နှစ်၊ ဝါကြီး ထပ်နှစ်များကို မြန်မာပက္ခဒိန် အကြံပေးအဖွဲ့နှင့် ဝိနည်းမိုရ် ဆရာတော်ကြီးများ အဖွဲ့၏ အစီအစဉ် အဆုံးအဖြတ်ကို ယူ၍ အစိုးရဂေဇက်မှ တိုင်းပြည်သို့ နှစ်စဉ်ကြေညာလေသည်။

မြန်မာပြည်တွင် အသုံးပြုသော မြန်မာပက္ခဒိန် နှစ်မျိုးရှိ၏။ ယင်းတို့မှာ မြန်မာဝေါဟာရပက္ခဒိန်နှင့် နက္ခတ်ပက္ခဒိန်တို့ဖြစ်၏။

(၁) မြန်မာ ဝေါဟာရ ပက္ခဒိန်သည် မြန်မာကောဇာ သက္ကရာဇ်၏ နှစ်ဆန်းရက်၊ သင်္ကြန်အခါတော်ရက်များ၏ အချိန်နာရီ၊ ဝါငယ်ထပ်နှစ်၊ ဝါကြီးထပ်နှစ်၊ လပြည့် လကွယ်များနှင့် ဗေဒင်အယူရှိသူများအတွက် ရက်ရာဇာ၊ ပြဿဒါးနှင့် အခြား နေ့ကောင်း နေ့ဆိုး စသော ရက်များကို ဖော်ပြသော ပက္ခဒိန် ဖြစ်သည်။



(၂) နက္ခတ်ပက္ခဒိန် (ဝါ) သံဒိဋ္ဌနေ့စဉ်ကြယ်ပက္ခဒိန်သည် မြန်မာ နက္ခတ်ဗေဒင် ပညာရှိများ ဇာတာဖွဲ့ရန်၊ ဂြိုဟ်စီးဒသာ များတွက်ရန်၊ အခါမင်္ဂလာအချိန်ရွေးရန်၊ တနင်္ဂနွေ၊ တနင်္လာ စသော ဂြိုဟ်ကြီးရှစ်လုံးနှင့်တကွ နက္ခတ် ၂၇ လုံး၏ သန်ကောင် စန်းယှဉ်နက္ခတ်များ၊ ဂြိုဟ်တို့၏ရာသီ၊ အံသာများနှင့် ဗျတ္တိဇာ၊ သိဟာဇာ စသည်များ ဖော်ပြထားသည်။ ယင်းပက္ခဒိန်သည် သူရိယသိဒ္ဓန္တ၊ သံဒိဋ္ဌ၊ မကာရန္တ စသော နက္ခတ်တွက်ရိုးကျမ်း ၏ ကိန်းများဖြင့် စီစဉ်ထားသည်။ နက္ခတ် ဗေဒင်ပညာ လိုက်စားသူများသာ ကြည့်နိုင်သော ပက္ခဒိန်ဖြစ်ပေသည်။

အထက်ပါ ပက္ခဒိန်နှစ်မျိုးတွင် မြန်မာတိုင်းရင်းသားတိုင်း သိသင့်သိထိုက် နားလည်အပ်သော ပက္ခဒိန်သည် "မြန်မာဝေါ ဟာရ ပက္ခဒိန်"ဖြစ်ပါသည်။

ဂရက်ဂိုရီယန် ကမ္ဘာသုံး ပက္ခဒိန်သည် သူရိယနေသွား၏ ရာသီနှစ်ကာလ ပမာဏ တခုတည်းသောကိန်းကို အမှီပြုသဖြင့် ရှေးနှစ်ပေါင်း ငါးဆယ်၊ တရာကျော်အထိ ကြိုတင်၍ ပက္ခဒိန် စီစဉ်တွက်ချက်နိုင်သည်။ လထပ်ပြဿနာများ မရှိချေ။ လေးနှစ်တကြိမ် "ရက်ငင်နှစ်"ဟူ၍ ဖေဖော်ဝါရီလတွင် တရက်တိုးသောနှစ် ရှိ၏။ မြန်မာ ဝေါဟာရ ပက္ခဒိန်သည် ကမ္ဘာသုံး ပက္ခဒိန်ကဲ့သို့ နှစ်ပေါင်းငါးဆယ်၊ တရာကျော်အထိ တင်ကြို တွက်ချက်ရန် ပညာရှိပုဂ္ဂိုလ် တဦးကောင်း၊ တယောက်ကောင်း နှင့် မပြုလုပ်နိုင်ချေ။ ဝါထပ်ရက်ငင် ပြဿနာ စည်းကမ်းများ သည် မိမိတို့လိုသလို ဆွဲယူနိုင်သော နည်းလမ်းများ ရှိသည့် အပြင် ပညာရှိတို့အချင်းချင်း မညီမညွတ်မှုကြောင့် နိုင်ငံတော် အစိုးရ၏ အကူအညီဖြင့် ပက္ခဒိန်အက်ဥပဒေပြုလုပ်၍ ထုတ်ဝေမှသာလျှင် ဖြစ်နိုင်သောလုပ်ငန်းတရပ် ဖြစ်ပေသည်။

မြန်မာဝေါဟာရပက္ခဒိန်သည် သူရိယနေသွားကိန်း၊ စန္ဒရလသွားကိန်း၏ သဘာဝ လပြည့်ခြင်း၊ လကွယ်ခြင်း၊ နေ လ ကြွတ်ခြင်းများနှင့် ညီညွတ်နိုင်သမျှ ညီညွတ်စေရန် လထပ်ခြင်း၊ ရက်ငင်ခြင်းများကို စီစဉ်ရသောပက္ခဒိန်ဖြစ်သည်။ ဤကဲ့သို့ စီစဉ်ရေး၌ သူရိယသိဒ္ဓန္တကျမ်း၊ ရာဇမတ္တဏ်ကျမ်း၊ သရကျမ်း၊ သံဒိဋ္ဌကျမ်း စသော မြန်မာနက္ခတ်ဗေဒင် တွက်ရိုးကျမ်းများမှ ကိန်းနှင့်စည်းကမ်းများကို အမှီပြု၍ တွက်ချက်ရသည်။ သို့သော် အထက်ပါ ကျမ်းများတွင် ဖော်ပြသော တွက်နည်းနိသျှများသည် ယခုခေတ် စာပေပညာ လိုက်စားသူများအဖို့ သိနားလည်ရန် အတော်ကြိုးစားယူကြရပေလိမ့်မည်။

မြန်မာဝေါဟာရပက္ခဒိန်တွင် နှစ် လေးမျိုးလေးစား ရှိ၏။

၁။ သူရိယမာသနှစ်

၂။ သာမန်နှစ်

၃။ ဝါငယ်ထပ်နှစ်

၄။ ဝါကြီးထပ်နှစ် (တနည်း) ဝါထပ်ရက်ငင်နှစ်

၁။ သူရိယမာသနှစ်သည် သင်္ကြန်နှစ်များဖြစ်၏။ သူရိယနေသွားကို အမှီပြုသောနှစ် ဖြစ်၏။ ကျွန်ုပ်တို့၏ ကမ္ဘာသည် သူရိယ နေမင်းကို ဗဟိုပြု၍ လှည့်လည်ရာ၌ တပါတ်ပြည့်သော ကာလ ပထမသင်္ကြန်တက်ချိန်မှ နောက်သင်္ကြန်တက်ချိန်အထိ ကာလပမာဏသည် "တနှစ်"မည်၏။ အချိန်ကာလအားဖြင့် ၃၆၅ ရက်၊ ၉ နာရီ၊ ၁၂ မိနစ်၊ ၃၇ စက္ကန့်ရှိ၏။ မိဿရာသီအစမှ မိန်ရာသီအဆုံး တဆယ့်နှစ်ရာသီ စက်ဝိုင်းအတွင်း သူရိယနေမင်း (တနင်္ဂနွေဂြိုဟ်) လှည့်လည်ခြင်း၏ တပါတ်ပြည့်သော အချိန် နှစ်တနှစ်မည်၏။

သူရိယမာသ နှစ်သည် မြန်မာ ဝေါဟာရ ပက္ခဒိန်တွင်



သင်္ကြန်နှစ် အပိုင်းအခြား ဖော်ပြသည်။ သင်္ကြန်တက်ချိန် နှစ်ဆန်းရက်များ ဖော်ပြရန် အသုံးပြုသည်။ သူရိယမာသ လများသည် ရာသီလများဖြစ်၍ မြန်မာဝေါဟာရပက္ခဒိန်တွင် ဖော်ပြခြင်း မရှိချေ။ ထိုရာသီလများသည် အဓိကအားဖြင့် ဗေဒင်ပညာ၊ ဆေးပညာ၊ ဓာတ်ဘိန္ဓောပညာများ၊ ဆေးဆရာများအတွက် အသုံးပြုရသဖြင့် နှစ်စဉ်ထုတ်နေသော နေ့စဉ်ကြယ် ပက္ခဒိန်များ၌ ယင်းအချက်အလက်များကို ထည့်သွင်းဖော်ပြထားသည်။ မြန်မာပက္ခဒိန်တွင် ဝေါဟာရလများဖြစ်သည့် တန်ခူး၊ ကဆုန်၊ နယုန် စသော လများသည် ရာသီလများသာဖြစ်၍ တခါတရံ လထပ်ခြင်းဖြင့် သူရိယမာသနှင့် ညီညွတ်သွား၏။

ကမ္ဘာသုံးပက္ခဒိန်သည် နေသွားပက္ခဒိန်ဖြစ်၍ တနင်္ဂနွေဂြိုဟ် တဆယ့်နှစ်ရာသီအတွင်း လှည့်လည်သောကာလသည် နှစ်စဉ် ညီညွတ်ပေသည်။ အောက်ပါဇယားအမှတ် [၁၆] တွင် ဝေါဟာရမာသ လများနှင့် အင်္ဂလိပ်လများကို ဖော်ပြထားပါသည်။

၂။ "သာမန်နှစ်"၏ လများသည် တန်ခူး၊ ကဆုန်၊ နယုန်၊ ဝါဆို၊ ဝါခေါင်၊ တော်သလင်း၊ သီတင်းကျွတ်၊ တန်ဆောင်မုန်း၊ နတ်တော်၊ ပြာသို၊ တပို့တွဲ၊ တပေါင်း ဟူ၍ တဆယ့်နှစ်လရှိ၏။ ရက်ပေါင်း ၂၉ ရက်ရှိသော ရက်မစုံခြောက်လနှင့် ရက်ပေါင်း သုံးဆယ်ရှိသော ရက်စုံခြောက်လ ပေါင်း ၁၂ လတွင် ရက်ပေါင်း ၃၅၄ ရက်ရှိ၏။

၃။ "ဝါငယ်ထပ်နှစ်"၏ လများသည် အထက်ဖော်ပြပါ တဆယ့်နှစ်လအပြင် ဒုတိယဝါဆိုလဖြင့် လထပ်တခုတိုး၍ တဆယ့်သုံးလရှိ၏။ ရက်ပေါင်း ၂၉ ရက်ရှိသော ရက်မစုံ

ယေားအမှတ် [၁၆]

| ရာသီလ | နက္ခတ်လ | စန္ဒရ-လ | အင်္ဂလိပ်လ | |
|---|---|---|---|---|
| မိဿ | စိတြ | တန်ခူး | မတ် | ၂၁ |
| ပြိဿ | ဝိသာခါ | ကဆုန် | မေပြီ | ၂၁ |
| မေထုန် | ဇေဋ္ဌ | နယုန် | မေ | ၂၂ |
| ကြဋ္ဋ(ကရကဋ္ဋ) | ဥတ္တရာသာဠ် | ဝါဆို | ဇွန် | ၂၂ |
| သိဟ် | သရဝဏ် | ဝါခေါင် | ဇူလိုင် | ၂၃ |
| ကန် | ဘဒြပိုဒ် | တော်သလင်း | ဩဂုတ် | ၂၃ |
| တူ | အဿဝဏီ | သီတင်းကျွတ် | စက်တင်ဘာ | ၂၃ |
| ဗြိစ္ဆာ • | ကြတ္တိကာ | တန်ဆောင်မုန်း | အောက်တိုဘာ | ၂၃ |
| ဓနု | မိဂသီ | နတ်တော် | နိုဝင်ဘာ | ၂၂ |
| မကာရ | ဖုဿျ | ပြာသို | ဒီဇင်ဘာ | ၂၂ |
| ကုံ | မာဃ | တပို့တွဲ | ဇန်နဝါရီ | ၂၁ |
| မိန် | ဘရဂုဏီ | တပေါင်း | ဖေဖော်ဝါရီ | ၂၀ |

မှတ်ချက်။ ဤရက်များသည် နှစ်စဉ် ကျမြဲ မဟုတ်ချေ။ တခါတရံ တရက်ခန့် ကွာတတ်သည်။ ရာသီများသည်လည်း သာယန ရာသီများဖြစ်သည်။ မြန်မာနက္ခတ်ပက္ခဒိန်သည် နိရာယန ရာသီများဖြစ်၏။

ခြောက်လနှင့် ရက်ပေါင်း ၃၀ ရှိသော ရက်စုံ ခုနစ်လ ပေါင်း ၁၃ လတွင် ရက်ပေါင်း ၃၈၄ ရက်ရှိ၏။

၄။ "ဝါကြီးထပ်နှစ်" သည် အထက်ပါ ဝါငယ်ထပ်နှစ်ကဲ့သို့ တဆယ့်သုံးလရှိသော်လည်း နယုန်လတွင် "ရက်ငင်" တရက် တိုး၍ ရက်ပေါင်း ၂၉ ရက်ရှိသောရက်မစုံ ငါးလနှင့် ရက်ပေါင်း ၃၀ ရှိသော ရက်စုံရှစ်လပေါင်း တဆယ့်သုံးလတွင် ရက်ပေါင်း ၃၈၅ ရက် ရှိ၏။



မြန်မာဝေါဟာရ ပက္ခဒိန်၏ လနှင့်ရက်များယေားအမှတ် [၁၇]

| လအမည် | သာမန်နှစ် | ဝါငယ်ထပ်နှစ် | ဝါကြီးထပ်နှစ် |
|---|---|---|---|
| တန်ခူး | ၂၉ | ၂၉ | ၂၉ |
| ကဆုန် | ၃၀ | ၃၀ | ၃၀ |
| နယုန် | ၂၉ | ၂၉ | ၃၀ (ရက်ငင်လ)။ |
| ဝါဆို | ၃၀ | ၃၀ | ၃၀ |
| ဒုတိယဝါဆို | — | ၃၀ (ဝါထပ်လ)။ | ၃၀ (ဝါထပ်လ)။ |
| ဝါခေါင် | ၂၉ | ၂၉ | ၂၉ |
| တော်သလင်း | ၃၀ | ၃၀ | ၃၀ |
| သီတင်းကျွတ် | ၂၉ | ၂၉ | ၂၉ |
| တန်ဆောင်မုန်း | ၃၀ | ၃၀ | ၃၀ |
| နတ်တော် | ၂၉ | ၂၉ | ၂၉ |
| ပြာသို | ၃၀ | ၃၀ | ၃၀ |
| တပို့တွဲ | ၂၉ | ၂၉ | ၂၉ |
| တပေါင်း | ၃၀ | ၃၀ | ၃၀ |
| ရက်ပေါင်း | ၃၅၄ | ၃၈၄ | ၃၈၅ |

## ၂။ ဝေါဟာရပက္ခဒိန်၏ နှစ်ဆန်းရက်။

ကမ္ဘာသုံးပက္ခဒိန်၏ နှစ်ဆန်းရက်သည် နောက်ဆုံးဒီဇင်ဘာ လ ၃၁ ရက်၊ ညဥ့်သန်းကောင် ၁၂ နာရီကျော်သည်နှင့် တပြိုင် နက် နှစ်ဟောင်းမှ နှစ်သစ်သို့ကူးသဖြင့် ဇန်နဝါရီလတရက် သုညနာရီမှစ၍ နှစ်ဆန်းရက်ဖြစ်သည်။ သို့အတွက် နှစ်ဆန်း

ရက်သည် နှစ်စဉ်နှစ်တိုင်း ဇန်နဝါရီလတရက်သာ အစဉ်အမြဲဖြစ်၏။ နှစ်ဆန်းချိန်သည်လည်း အစဉ်သဖြင့် သန်ကောင်၁၂ နာရီဖြစ်၏။ အိန္ဒိယပက္ခဒိန်သစ်၌လည်း စိတြလဆန်း၁ ရက်သည် နှစ်စဉ်နှစ်ဆန်းရက်ဖြစ်၏။

မြန်မာဝေါဟာရပက္ခဒိန်တွင်မူကား တန်ခူးလဆန်း ၁ ရက်သည် နှစ်ဆန်းရက်မဟုတ်ချေ။ သင်္ကြန်တက်သောရက်သည်နှစ်ဟောင်းမှနှစ်သစ်သို့ ကူးပြောင်းသောရက်ဖြစ်၏။ ထိုရက်တွင် နှစ်သစ်ကူးသော်အချိန်နာရီဖြင့်ကူး၏။ ထိုရက်၏ အတိတ်နာရီပိုင်းသည် နှစ်ဟောင်းမှ ကျန်သောရက်ပိုင်းဖြစ်၍ အနာဂတ်နာရီပိုင်းသည် နှစ်သစ်၏ရက်ပိုင်းဖြစ်၏။ ၂၄ နာရီအပြည့်မရှိ(ဝါ)တရက် မပြည့်သောရက်ဖြစ်၍ "နှစ်ဆန်းတရက်" ဟူ၍မဆိုနိုင်။ သို့အတွက်မြန်မာသက္ကရာဇ် နှစ်ဆန်းတရက်ဟူသည်မှာ သင်္ကြန်တက်သောရက်၏ နောက်တရက်သည် နှစ်ဆန်းတရက်ဖြစ်၏။

ဖော်ပြပါ မြန်မာသက္ကရာဇ်နှစ်ဆန်းတရက် ကျရောက်သောလသည် "နှစ်ဦးလ" ဖြစ်သည်။ မြန်မာဝေါဟာရ ပက္ခဒိန်တွင်ယနေ့တိုင် တန်ခူးလနှင့်ကဆုန်လများ၌ နှစ်ဆန်းရက်ကျသည်မှာ သုံးနှစ်တကြိမ် နှစ်နှစ်တကြိမ် ဖြစ်ခဲ့၏။ ကျောင်းသုံးဖတ်စာ စာအုပ်များတွင် တန်ခူးလသည် မြန်မာဝေါဟာရပက္ခဒိန်၏ "နှစ်ဦးလ" ဖြစ်ကြောင်းကို ဘုန်းကြီးကျောင်းများမှအစ အစိုးရအထက်တန်းကျောင်းများအထိ သင်ကြားခဲ့ကြသည်။ သို့အတွက် ထိုကျောင်းသားများ၏ စိတ်ထဲတွင်တန်ခူးလသည် မြန်မာသက္ကရာဇ်နှစ်၏ ပဌမလသာဖြစ်သည်ဟုစိတ်ထဲတွင် စွဲလန်းမှုရှိကြသည်။ ထို့ကြောင့် မြန်မာဝေါဟာရပက္ခဒိန်တွင် တန်ခူးလ၌သာလျှင် နှစ်ဆန်းဖြစ်သော် အလွန်



သဘာဝကျပေမည်။ ယခုသော် ကဆုန်လသည် မြန်မာဝေါဟာရလများတွင် ဒုတိယလဖြစ်၍ ထိုလ၌ နှစ်ဆန်းရက်ကျရောက်ခြင်းသည် သဘာဝနှင့်ဆန့်ကျင်၏။ သို့အတွက်တန်ခူးလအတွင်း၌သာလျှင် သင်္ကြန်နှစ်ဆန်းကျစေရန် မြန်မာပက္ခဒိန်ပညာရှိများ ဆင်ခြင်စဉ်းစားသင့်လေပြီ။

ဥပမာ....စာစစ်ဌာနတခု၌ အမေးပုစ္ဆာတွင် မြန်မာသက္ကရာဇ်၏နှစ်ဦးပဌမလသည် အဘယ်မည်သောလ ဖြစ်သနည်းဟုအမေးပုံခဲ့သော် တန်ခူးလသည် ပဌမနှစ်ဦးလ ဖြစ်သည်ဟုအဖြေပေးသူမှန်သကဲ့သို့ ကဆုန်လသည် ပဌမနှစ်ဦးလ ဖြစ်သည်ဟု အဖြေပေးသူကိုလည်း အမှန်ပေးရပေမည်။ သို့သော်အမေးပုစ္ဆာတခုသည် အဖြေနှစ်မျိုး မရှိနိုင်ချေ။ ကျောင်းသားသူငယ်များ အထင်မှားအမြင်မှား မဖြစ်စေရန် မြန်မာဝေါဟာရပက္ခဒိန်သည် တန်ခူးလ၌သာလျှင် နှစ်ဆန်းသင်္ကြန်တက်သောရက်ဖြစ်စေရန် ကြံဆစီစဉ်သင့်၏။

ဝေါဟာရမာသ နှစ်ဆန်းရက်များဖြင့် လထပ်ရခြင်း၏သဘောတရားကို တင်ပြပေအံ့။ သက္ကရာဇ် ၁၃၂၂ ၏ နှစ်ဆန်းရက်သည် တန်ခူးလဆုတ် ၆ ရက်ဖြစ်၍၊ ဝေါဟာရနှစ်ဆန်းတန်ခူးလဆန်းတရက်ဖြင့် ၂၁ ရက်ကွာ၏။ ထို့ကြောင့် သက္ကရာဇ်၁၃၂၃ တွင် ၁၃ လဖြင့် ဝါထပ်နှစ် ပြုသည့်အတွက် ၁၃၂၄ရောက်ရှိသောအခါတွင် တန်ခူးလဆန်း ၁၃ ရက်တွင် သက္ကရာဇ်နှစ်ဆန်း ၁ ရက်ဖြစ်၏။ ဝေါဟာရ တန်ခူးလဆန်း တရက်ဖြင့်၁၃ ရက်သာကွာသည်။ သို့သော် သက္ကရာဇ် ၁၃၂၃ ခုတွင်ကဆုန်လ၌ သက္ကရာဇ်နှစ်ဆန်းရက်(သင်္ကြန်)ကျခဲ့၏။ အကယ်၍သက္ကရာဇ် ၁၃၂၃ တွင် ဝါထပ်နှစ်မပြုဘဲ၊ သာမန်နှစ်ပြုချေသော်ကဆုန်လဆန်း ၁၄ ရက်နေ့သည် သက္ကရာဇ် နှစ်ဆန်းတရက်

သက္ကရာဇ် ၁၁၁၈ မှ ၁၁၂၆ အထိ သူရိယ နှစ်ဆန်းရက်များနှင့် ဓါဟာရမာသ တန်ခူးလဆန်း
တရက်များ နှိုင်းယှဉ်တင်ပြသော ဇယားအမှတ် [၁၈]

| ဓါဟာရမာသ တန်ခူးလဆန်းတရက် | မြန်မာသက္ကရာဇ်၏ နှစ်ဆန်းတရက် | |
|---|---|---|
| | မြန်မာပက္ခဒိန် | ကမ္ဘာ့ပက္ခဒိန် |
| ၁၉၅၆ ဧပြီလ ၁၁ | ၁၁၁၈ တန်ခူး လဆန်း ၆ | ၁၉၅၆ ဧပြီလ ၁၆ |
| ၅၇ မတ်လ ၃၁ | ၁၉ ။ လဆုတ် ၂ | ၅၇ ။ ၁၆ |
| ၅၈ မတ်လ ၂၀ | ၂၀ ။ လဆုတ် ၁၃ | ၅၈ ။ ၁၇ |
| ၅၉ ဧပြီလ ၈ | ၂၁ ။ လဆန်း ၉ | ၅၉ ။ ၁၇ |
| ၁၉၆၀ မတ်လ ၂၇ | ၂၂ ။ လဆုတ် ၆ | ၆၀ ။ ၁၆ |
| ၆၁ မတ်လ ၁၆ | ၂၃ ကဆုန် လဆန်း ၃ | ၆၁ ။ ၁၆ |
| ၆၂ ဧပြီလ ၅ | ၂၄ တန်ခူး လဆန်း ၁၃ | ၆၂ ။ ၁၇ |
| ၆၃ မတ်လ ၂၅ | ၂၅ တန်ခူး လဆုတ် ၉ | ၆၃ ။ ၁၇ |
| ၆၄ မတ်လ ၁၃ | ၂၆ ကဆုန် လဆန်း ၆ | ၆၄ ။ ၁၆ |



ဖြစ်သွားပေလိမ့်မည်။ နောက်တရက်၌ ကဆုန်လပြည့် ဗုဒ္ဓဟူး နေ့ဖြစ်၍ ကဆုန်ညောင်ရေသွန်း ပွဲတော်ကျင်းပသော် သင်္ကြန် ရေပွဲသဘင်နှင့် တဆက်တည်း ညောင်ရေသွန်းပွဲ ကျင်းပရပေ မည်။ သင်္ကြန်နှစ်ဦးအခါတော်သည် နွေဥတုရာသီအစဖြစ်၍ ညောင်ရေသွန်းပွဲတော်သည် သင်္ကြန်ပွဲတော်နှင့် တဆက်တည်း ဖြစ်ခြင်းမှာ သဘာဝမကျချေ။ သို့အတွက် လထပ်သင့်သော လများတွင် လထပ်ပေးခြင်းဖြင့် ရာသီဦးလသည် သဘာဝနှင့် ညီညွတ်သွားပေသည်။

သက္ကရာဇ် ၁၃၂၆ ၌ ကဆုန် လဆန်း ၅ ရက်နေ့၌ သင်္ကြန်တက်ပြီးနောက် ကဆုန်လဆန်း ၆ ရက်နေ့သည် နှစ်ဆန်း တရက်ဖြစ်၏။ တန်ခူးလဆန်းတရက်မှ ကဆုန်လဆန်း ၅ ရက် အထိ ရက်များမှာ လွန်ခဲ့သော သက္ကရာဇ် ၁၃၂၅ ခုမှ ကြွင်း ကျန်သော ရက်များဖြစ်၍ သက္ကရာဇ် ၁၃၂၅ ၏ နှောင်းရက် များမည်၏။ သို့အတွက် ထိုရက်များသည် သက္ကရာဇ် ၁၃၂၅ ၏ "နှောင်းတန်ခူး" နှင့် "နှောင်းကဆုန်" စသော ရက်များမည်၏။ ဥပမာ....ခရစ်နှစ် ၁၉၆၄ ဧပြီလ ၁၁ ရက်နေ့သည် သက္ကရာဇ် ၁၃၂၅ ၏ "နှောင်းကဆုန်" လဆန်း ၁ ရက်ဖြစ်၏။ ကဆုန်လသို့ ရောက်သော်လည်း သက္ကရာဇ် မကူးသေးချေ။ ထို့ကြောင့် သက္ကရာဇ် ၁၃၂၅ မှ ကျန်သောရက်ဖြစ်၍ နှောင်းကဆုန်ရက် ဟူ၍ သီးခြားခေါ် ဆိုရပေမည်။ "နှောင်း" ဟူသော ပုဒ်ထည့်၍ သုံးလျှင် ထိုခရစ်နှစ် ၁၉၆၄ ဧပြီလ ၁၁ ရက်သည် ခရစ်နှစ် ၁၉၆၃ ခု၊ ဧပြီလ ၂၃ ရက်ဟူ၍ မှတ်ယူကြပေမည်။ နှစ်ဆန်း ပြီးသောအခါမှစ၍ ထိုလ၏ လဆန်းရက်မှ လကွယ်ရက်အထိ ရက်များသည် ဆန်းသော သက္ကရာဇ်၏ နှစ်ဦးလဖြစ်၍ "နှစ်ဦး" ရက်ဖြစ်၏။ "ဦးတန်ခူး"၊ "ဦးကဆုန်" စသည်ဖြင့် မှတ်သား

ရသည်။ ထို့အတွက် ရက်များမှတ်သားလိုလျှင် တနင်္ဂနွေ၊ တနင်္လာ စသောနေ့များကို ထည့်သွင်း မှတ်သားခြင်းအားဖြင့် သက္ကရာဇ်အမှန်ကို သိနိုင်ပေလိမ့်မည်။

မြန်မာပက္ခဒိန်နှင့် ကမ္ဘာသုံးပက္ခဒိန်၏ နှစ်အပိုင်းအခြားသည် နေသွားကာလကို အမှီပြုခြင်း၌ မူအားဖြင့်တူညီသော်လည်း ကမ္ဘာသုံး ပက္ခဒိန်သည် ဥတုကို အဓိကထားသောကြောင့် ရာသီဥတုနှစ်(Tropical Year)အသုံးပြု၏။ ယင်းနှစ်၏ ကာလပမာဏသည် ၃၆၅ ရက်၊ ၅ နာရီ၊ ၄၈ မိနစ်၊ ၃၀ စက္ကန့် (၃၆၅.၂၄၂၂၉၈၈)ရှိ၏။ မြန်မာ ဝေါဟာရ ပက္ခဒိန်၏ သူရိယမာသနှစ်သည် နေသွားနှစ်ဖြစ်၍ တနှစ်၏ ကာလပမာဏသည် ၃၆၅ ရက်၊ ၆ နာရီ၊ ၁၂ မိနစ်၊ ၃၇ စက္ကန့် (၃၆၅.၂၅၈၇၅၆၄၈) ရှိသည်။ သူရိယမာသနှစ် (Sidereal Year)သည် မိဿရာသီအစမှ မိန်ရာသီအဆုံး ကာလဖြစ်၏။

အဆိုပါ ပက္ခဒိန်နှစ်မျိုးတွင် နေသွားနှစ်၏ ကာလပမာဏ ကွာခြားမှုကြောင့် မြန်မာဝေါဟာရ ပက္ခဒိန်၏ သက္ကရာဇ်နှစ်ကူး သင်္ကြန်ကျသောရက်နှင့် သင်္ကြန်တက်သောရက်များသည် ကမ္ဘာသုံး ပက္ခဒိန်တွင် ရွေ့လျောက်ရှိသည်ကို တွေ့ရပေမည်။ နှစ်ပေါင်း တထောင်တွင် ၂၄ ရက်ခန့်ရွေ့သည်။

ဥပမာ။ သိဒ္ဓတ္ထမင်းသားသည် မဟာသက္ကရာဇ် ၆၈ ကဆုန်လပြည့် သောကြာနေ့တွင် ဖွားမြင်တော်မူသဖြင့်၊ မဟာသက္ကရာဇ် ၆၈ ၏ နှစ်ဆန်းရက်သည် တန်ခူးလဆုတ် ၁ရက် တနင်္ဂနွေနေ့၊ ခရစ်မဖွားမီ ဘီစီ ၆၂၅ မတ်လ ၁၀ ရက် တနင်္ဂနွေနေ့ဖြစ်သည်။ ထိုနေ့သည် မဟာသင်္ကြန်တက်သော နှစ်ဆန်းနေ့ ဖြစ်သည်။



မြန်မာနှစ်ဆန်း "သင်္ကြန်အတာတက်" ဝေါဟာရ သက္ကရာဇ်နှင့် ခရစ်နှစ်။

ဇယားအမှတ် [၁၉]

| ခရစ် ဧပြီလ နှစ် | ခရစ် ဧပြီလ ရက် | သက္ကရာဇ် | | လ | ရက် | နေ့ |
|---|---|---|---|---|---|---|
| ၁၈၂၀ | ၁၃ | ၁၁၈၂ | ကဆုန် | ဆန်း | ၂ | ၅ |
| ၂၁ | ၁၃ | ၈၃ | ။ | ။ | ၁၃ | ၆ |
| ၂၂ | ၁၃ | ၈၄ | တန်ခူး | ဆုတ် | ၇ | ၀ |
| ၂၃ | ၁၄ | ၈၅ | ကဆုန် | ဆန်း | ၅ | ၂ |
| ၂၄ | ၁၃ | ၈၆ | တန်ခူး | ဆန်း | ၁၅ | ၃ |
| ၂၅ | ၁၃ | ၈၇ | ။ | ဆုတ် | ၃ | ၄ |
| ၂၆ | ၁၃ | ၈၈ | ကဆုန် | ဆန်း | ၈ | ၅ |
| ၂၇ | ၁၄ | ၈၉ | တန်ခူး | ဆုတ် | ၃ | ၀ |
| ၂၈ | ၁၃ | ၁၁၉၀ | ။ | ။ | ၁၄ | ၁ |
| ၂၉ | ၁၃ | ၉၁ | ကဆုန် | ဆန်း | ၁၁ | ၂ |

| ခရစ် ဧပြီလ နှစ် | ခရစ် ဧပြီလ ရက် | သက္ကရာဇ် | | လ | ရက် | နေ့ |
|---|---|---|---|---|---|---|
| ၁၈၃၀ | ၁၃ | ၁၁၉၂ | တန်ခူး | ဆုတ် | ၆ | ၃ |
| ၃၁ | ၁၄ | ၉၃ | ကဆုန် | ဆန်း | ၄ | ၅ |
| ၃၂ | ၁၃ | ၉၄ | တန်ခူး | ။ | ၁၃ | ၆ |
| ၃၃ | ၁၃ | ၉၅ | ။ | ဆုတ် | ၉ | ၀ |
| ၃၄ | ၁၄ | ၉၆ | ကဆုန် | ဆန်း | ၇ | ၂ |
| ၃၅ | ၁၄ | ၉၇ | တန်ခူး | ဆုတ် | ၂ | ၃ |
| ၃၆ | ၁၃ | ၉၈ | ။ | ဆုတ် | ၁၃ | ၄ |
| ၃၇ | ၁၃ | ၉၉ | ကဆုန် | ဆန်း | ၁၀ | ၅ |
| ၃၈ • | ၁၄ | ၁၂၀၀ | တန်ခူး | ဆုတ် | ၄ | ၀ |
| ၃၉ | ၁၄ | ၁ | ကဆုန် | ဆန်း | ၂ | ၁ |

ဇယား အမှတ်[၁၉] အဆက်

| ခရစ် ပြေလ နှစ် | ခရစ် ပြေလ ရက် | သက္ကရာဇ် | လ | ရက် | နေ့ | ခရစ် ပြေလ နှစ် | ခရစ် ပြေလ ရက် | သက္ကရာဇ် | လ | ရက် | နေ့ |
|---|---|---|---|---|---|---|---|---|---|---|---|
| ၁၈၄၀ | ၁၃ | ၂ | တန်ခူး | ဆန်း ၁၂ | ၂ | ၁၈၅၂ | ၁၃ | ၁၂၁၄ | တန်ခူး | ဆုတ် ၁၀ | ၃ |
| ၄၁ | ၁၃ | ၃ | ။ | ဆုတ် ၈ | ၃ | ၅၃ | ၁၃ | ၁၅ | ကဆုန် | ဆန်း ၇ | ၄ |
| ၄၂ | ၁၄ | ၄ | ကဆုန် | ဆန်း ၆ | ၅ | ၅၄ | ၁၄ | ၁၆ | တန်ခူး | ဆုတ် ၂ | ၆ |
| ၄၃ | ၁၄ | ၅ | တန်ခူး | ဆန်း ၁၅ | ၆ | ၅၅ | ၁၄ | ၁၇ | တန်ခူး | ဆုတ် ၁၃ | ၀ |
| ၄၄ | ၁၃ | ၆ | ။ | ဆုတ် ၁၁ | ၀ | ၅၆ | ၁၃ | ၁၈ | ။ | ဆန်း ၉ | ၁ |
| ၄၅ | ၁၃ | ၇ | ကဆုန် | ဆန်း ၈ | ၁ | ၅၇ | ၁၃ | ၁၉ | ။ | ဆုတ် ၅ | ၂ |
| ၄၆ | ၁၄ | ၈ | တန်ခူး | ဆုတ် ၃ | ၃ | ၅၈ | ၁၄ | ၁၂၂၀ | ကဆုန် | ဆန်း ၃ | ၄ |
| ၄၇ | ၁၄ | ၉ | ။ | ။ ၁၄ | ၄ | ၅၉ | ၁၄ | ၂၁ | တန်ခူး | ။ ၁၂ | ၅ |
| ၄၈ | ၁၃ | ၁၂၁၀ | ကဆုန် | ဆန်း ၁၁ | ၅ | ၁၈၆၀ | ၁၃ | ၂၂ | ။ | ဆုတ် ၈ | ၆ |
| ၄၉ | ၁၃ | ၁၁ | တန်ခူး | ဆုတ် ၆ | ၆ | ၆၁ | ၁၄ | ၂၃ | ကဆုန် | ဆန်း ၆ | ၁ |
| ၁၈၅၀ | ၁၄ | ၁၂ | ကဆုန် | ဆန်း ၄ | ၁ | ၆၂ | ၁၄ | ၂၄ | တန်ခူး | ဆုတ် ၁ | ၂ |
| ၅၁ | ၁၄ | ၁၃ | တန်ခူး | ဆန်း ၁၄ | ၂ | ၆၃ | ၁၄ | ၂၅ | ။ | ။ ၁၂ | ၃ |



ဇယား အမှတ်[၁၉]မှ အဆက်

| ခရစ် ပြေလ နှစ် | ခရစ် ပြေလ ရက် | သက္ကရာဇ် | လ | ရက် | နေ့ | ခရစ် ပြေလ နှစ် | ခရစ် ပြေလ ရက် | သက္ကရာဇ် | လ | ရက် | နေ့ |
|---|---|---|---|---|---|---|---|---|---|---|---|
| ၁၈၆၄ | ၁၃ | ၁၂၂၆ | ကဆုန် | ဆန်း ၉ | ၄ | ၁၈၇၆ | ၁၃ | ၁၂၃၈ | တန်ခူး | ဆုတ် ၅ | ၅ |
| ၆၅ | ၁၄ | ၂၇ | တန်ခူး | ဆုတ် ၄ | ၆ | ၇၇ | ၁၄ | ၃၉ | ကဆုန် | ဆန်း ၃ | ၀ |
| ၆၆ | ၁၄ | ၂၈ | ကဆုန် | ဆန်း ၁ | ၀ | ၇၈ | ၁၄ | ၁၂၄၀ | တန်ခူး | ။ ၁၃ | ၁ |
| ၆၇ | ၁၄ | ၂၉ | တန်ခူး | ။ ၁၁ | ၁ | ၇၉ | ၁၄ | ၄၁ | ။ | ဆုတ် ၉ | ၂ |
| ၆၈ | ၁၃ | ၁၂၃၀ | ။ | ဆုတ် ၇ | ၂ | ၁၈၈၀ | ၁၃ | ၄၂ | ကဆုန် | ဆန်း ၆ | ၃ |
| ၆၉ | ၁၄ | ၃၁ | ကဆုန် | ဆန်း ၅ | ၄ | ၈၁ | ၁၄ | ၄၃ | တန်ခူး | ဆုတ် ၁ | ၅ |
| ၁၈၇၀ | ၁၄ | ၃၂ | တန်ခူး | ။ ၁၄ | ၅ | ၈၂ | ၁၄ | ၄၄ | ။ | ။ ၁၂ | ၆ |
| ၇၁ | ၁၄ | ၃၃ | ။ | ဆုတ် ၁၀ | ၆ | ၈၃ | ၁၄ | ၄၅ | ကဆုန် | ဆန်း ၉ | ၀ |
| ၇၂ | ၁၃ | ၃၄ | ကဆုန် | ဆန်း ၇ | ၀ | ၈၄ | ၁၃ | ၄၆ | တန်ခူး | ဆန်း ၁၅ | ၁ |
| ၇၃ | ၁၄ | ၃၅ | တန်ခူး | ဆုတ် ၂ | ၂ | ၈၅ | ၁၄ | ၄၇ | ကဆုန် | ဆန်း ၁ | ၃ |
| ၇၄ | ၁၄ | ၃၆ | ။ | ။ ၁၃ | ၃ | ၈၆ | ၁၄ | ၄၈ | တန်ခူး | ဆန်း ၁၁ | ၄ |
| ၇၅ | ၁၄ | ၃၇ | ။ | ဆန်း ၉ | ၄ | ၈၇ | ၁၄ | ၄၉ | ။ | ဆုတ် ၇ | ၅ |

## မြန်မာနှစ်ဆန်း "သင်္ကြန်အတက်" ဝေါဟာရသက္ကရာဇ်နှင့် ခရစ်နှစ်။

ဇယားအမှတ် [၂၀]

| ခရစ် ပြိုလ | | သက္ကရာဇ် | လ | | ရက် | နေ့ | ခရစ် ပြိုလ | | သက္ကရာဇ် | လ | | ရက် | နေ့ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| နှစ် | ရက် | | | | | | နှစ် | ရက် | | | | | |
| ၁၈၈၈ | ၁၃ | ၁၂၅၀ | ကဆုန် | ဆန်း | ၄ | ၆ | ၁၉၀၀ | ၁၅ | ၁၂၆၂ | တန်ခူး | ဆုတ် | ၂ | ၁ |
| ၈၉ | ၁၄ | ၅၁ | တန်ခူး | ဆန်း | ၁၅ | ၁ | ၁ | ၁၅ | ၆၃ | ။ | ။ | ၁၃ | ၂ |
| ၁၈၉၀ | ၁၄ | ၅၂ | တန်ခူး | ဆုတ် | ၁၁ | ၂ | ၂ | ၁၅ | ၆၄ | ။ | ဆန်း | ၈ | ၃ |
| ၉၁ | ၁၄ | ၅၃ | ကဆုန် | ဆန်း | ၈ | ၃ | ၃ | ၁၅ | ၆၅ | ။ | ဆုတ် | ၄ | ၄ |
| ၉၂ | ၁၄ | ၅၄ | တန်ခူး | ဆုတ် | ၃ | ၅ | ၄ | ၁၅ | ၆၆ | ကဆုန် | ဆန်း | ၂ | ၆ |
| ၉၃ | ၁၄ | ၅၅ | ။ | ။ | ၁၄ | ၆ | ၅ | ၁၅ | ၆၇ | တန်ခူး | ။ | ၁၂ | ၀ |
| ၉၄ | ၁၄ | ၅၆ | ။ | ဆန်း | ၁၀ | ၀ | ၆ | ၁၅ | ၆၈ | ။ | ဆုတ် | ၈ | ၁ |
| ၉၅ | ၁၄ | ၅၇ | ။ | ဆုတ် | ၆ | ၁ | ၇ | ၁၅ | ၆၉ | ကဆုန် | ဆန်း | ၅ | ၂ |
| ၉၆ | ၁၄ | ၅၈ | ကဆုန် | ဆန်း | ၄ | ၃ | ၈ | ၁၅ | ၁၂၇၀ | တန်ခူး | ဆန်း | ၁၅ | ၄ |
| ၉၇ | ၁၄ | ၅၉ | တန်ခူး | ။ | ၁၃ | ၄ | ၉ | ၁၅ | ၇၁ | ။ | ဆုတ် | ၁၁ | ၅ |
| ၉၈ | ၁၄ | ၁၂၆၀ | ။ | ဆုတ် | ၉ | ၅ | ၁၉၁၀ | ၁၅ | ၇၂ | ကဆုန် | ဆန်း | ၈ | ၆ |
| ၉၉ | ၁၄ | ၆၁ | ကဆုန် | ဆန်း | ၆ | ၆ | ၁၁ | ၁၅ | ၇၃ | တန်ခူး | ဆုတ် | ၂ | ၀ |



ဇယားအမှတ် [၂၀] မှ အဆက်

| ခရစ် ပြိုလ | | သက္ကရာဇ် | လ | | ရက် | နေ့ | ခရစ် ပြိုလ | | သက္ကရာဇ် | လ | | ရက် | နေ့ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| နှစ် | ရက် | | | | | | နှစ် | ရက် | | | | | |
| ၁၉၁၂ | ၁၅ | ၁၂၇၄ | တန်ခူး | ဆုတ် | ၁၄ | ၂ | ၁၉၂၄ | ၁၅ | ၁၂၈၆ | တန်ခူး | ဆန်း | ၁၂ | ၃ |
| ၁၃ | ၁၅ | ၇၅ | ။ | ဆန်း | ၁၀ | ၃ | ၂၅ | ၁၅ | ၈၇ | တန်ခူး | ဆုတ် | ၈ | ၄ |
| ၁၄ | ၁၅ | ၇၆ | ။ | ဆုတ် | ၆ | ၄ | ၂၆ | ၁၅ | ၈၈ | ကဆုန် | ဆန်း | ၅ | ၅ |
| ၁၅ | ၁၅ | ၇၇ | ကဆုန် | ဆန်း | ၃ | ၅ | ၂၇ | ၁၆ | ၈၉ | တန်ခူး | ဆန်း | ၁၅ | ၀ |
| ၁၆ | ၁၅ | ၇၈ | တန်ခူး | ဆန်း | ၁၃ | ၀ | ၂၈ | ၁၅ | ၁၂၉၀ | ။ | ဆုတ် | ၁၁ | ၁ |
| ၁၇ | ၁၅ | ၇၉ | ။ | ဆုတ် | ၉ | ၁ | ၂၉ | ၁၅ | ၉၁ | ကဆုန် | ဆန်း | ၈ | ၂ |
| ၁၈ | ၁၅ | ၁၂၈၀ | ကဆုန် | ဆန်း | ၆ | ၂ | ၁၉၃၀ | ၁၅ | ၉၂ | တန်ခူး | ဆုတ် | ၃ | ၃ |
| ၁၉ | ၁၆ | ၈၁ | တန်ခူး | ဆုတ် | ၂ | ၄ | ၃၁ | ၁၆ | ၉၃ | ကဆုန် | ဆန်း | ၁ | ၅ |
| ၁၉၂၀ | ၁၅ | ၈၂ | ။ | ။ | ၁၃ | ၅ | ၃၂ | ၁၅ | ၉၄ | တန်ခူး | ဆန်း | ၁၀ | ၆ |
| ၂၁ | ၁၅ | ၈၃ | ။ | ဆန်း | ၈ | ၆ | ၃၃ | ၁၅ | ၉၅ | ။ | ဆုတ် | ၆ | ၀ |
| ၂၂ | ၁၅ | ၈၄ | ။ | ဆုတ် | ၄ | ၀ | ၃၄ | ၁၅ | ၉၆ | ကဆုန် | ဆန်း | ၃ | ၁ |
| ၂၃ | ၁၆ | ၈၅ | ကဆုန် | ဆန်း | ၂ | ၂ | ၃၅ | ၁၆ | ၉၇ | တန်ခူး | ဆန်း | ၁၄ | ၃ |

ဇယားအမှတ် [၂၀] မှ အဆက်

| ခရစ် ပြေလ နှစ် | ခရစ် ပြေလ ရက် | သက္ကရာဇ် | လ | | ရက် | နေ့ | ခရစ် ပြေလ နှစ် | ခရစ် ပြေလ ရက် | သက္ကရာဇ် | လ | | ရက် | နေ့ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁၉၃၆ | ၁၅ | ၁၂၉၈ | တန်ခူး | ဆုတ် | ၁၀ | ၄ | ၁၇၄၈ | ၁၅ | ၁၁၁၀ | ကဆုန် | ဆန်း | ၈ | ၅ |
| ၃၇ | ၁၅ | ၉၉ | ကဆုန် | ဆန်း | ၇ | ၅ | ၄၉ | ၁၅ | ၁၁ | တန်ခူး | ဆုတ် | ၃ | ၆ |
| ၃၈ | ၁၅ | ၁၃၀၀ | တန်ခူး | ဆုတ် | ၁ | ၆ | ၁၇၅၀ | ၁၆ | ၁၂ | ကဆုန် | ဆန်း | ၁ | ၁ |
| ၃၉ | ၁၆ | ၁ | ။ | ။ | ၁၃ | ၁ | ၅၁ | ၁၆ | ၁၃ | တန်ခူး | ဆန်း | ၁၀ | ၂ |
| ၁၉၄၀ | ၁၅ | ၂ | ။ | ဆန်း | ၉ | ၂ | ၅၂ | ၁၅ | ၁၄ | ။ | ဆုတ် | ၆ | ၃ |
| ၄၁ | ၁၅ | ၃ | ။ | ဆုတ် | ၅ | ၃ | ၅၃ | ၁၅ | ၁၅ | ကဆုန် | ဆန်း | ၃ | ၄ |
| ၄၂ | ၁၅ | ၄ | ကဆုန် | ဆန်း | ၂ | ၄ | ၅၄ | ၁၆ | ၁၆ | တန်ခူး | ဆန်း | ၁၃ | ၆ |
| ၄၃ | ၁၆ | ၅ | တန်ခူး | ဆန်း | ၁၂ | ၆ | ၅၅ | ၁၆ | ၁၇ | ။ | ဆုတ် | ၉ | ၀ |
| ၄၄ | ၁၅ | ၆ | ။ | ဆုတ် | ၈ | ၀ | ၅၆ | ၁၅ | ၁၈ | ။ | ဆန်း | ၅ | ၁ |
| ၄၅ | ၁၅ | ၇ | ကဆုန် | ဆန်း | ၅ | ၁ | ၅၇ | ၁၅ | ၁၉ | ။ | ဆုတ် | ၁ | ၂ |
| ၄၆ | ၁၅ | ၈ | တန်ခူး | ဆန်း | ၁၄ | ၂ | ၅၈ | ၁၆ | ၁၁၂၀ | ။ | ။ | ၁၃ | ၄ |
| ၄၇ | ၁၆ | ၉ | ။ | ဆုတ် | ၉ | ၄ | ၅၉ | ၁၆ | ၂၁ | ။ | ဆန်း | ၉ | ၅ |



ယခု မြန်မာပက္ခဒိန်တွင် ပုပ္ပား စောရဟန်းမင်း၊ ခဆပဥ္စဖိုပြီး၊ သက္ကရာဇ် ၁၃၂၆ ကဆုန်လဆန်း ၅ ရက်၊ ဗုဒ္ဓဟူးနေ့၊ ခရစ်နှစ် ၁၉၆၄ ဧပြီလ ၁၅ ရက်၊ ဗုဒ္ဓဟူးနေ့သည် မဟာသင်္ကြန်တက်သော နှစ်ဆန်းနေ့ ဖြစ်သည်။

ဇယားအမှတ် ၁၉ နှင့် ၂၀ တွင် သက္ကရာဇ် ၁၂၈၂ မှ ၁၃၂၁ အထိ မြန်မာသင်္ကြန်တက်သော ရက်များနှင့် ကမ္ဘာ့ပက္ခဒိန်၏ နှစ် လ ရက်များ တင်ပြထားသည်ကို ကြည့်ရှု လေ့လာသော် ကမ္ဘာသုံး ပက္ခဒိန်၏ရက်များ ရွေ့လျားသည်ကို တွေ့ရပေမည်။ ဤကဲ့သို့ ရွေ့ခြင်းကြောင့် မြန်မာသက္ကရာဇ် နှစ်ဆန်းသည် နွေရာသီမှ မိုးရာသီသို့ ဝင်မည်ဟု အင်္ဂလိပ်အစိုးရ လက်ထက်၌ မြေတိုင်းမင်းကြီး ကလင်စီက ရေးသားဘူးပါသည်။ ယခု ခရစ်နှစ် ၂၀ ရာစုနှစ်တွင် ဧပြီလ ၁၆ ရက်သည် မြန်မာနှစ်ဆန်း နေ့ ဖြစ်သော်လည်း ၃၀ ရာစုနှစ်များတွင် မေလ ၂ ရက်၊ ၄၀ ရာစုနှစ်များတွင် မေလ ၁၉ ရက်နှင့် ၅၀ ရာစုနှစ်များတွင် ဇွန်လ ၅ ရက်နေ့များ၌ သက္ကရာဇ်နှစ်ဆန်းမည်ကို ကြိုတင်သိနိုင်ကြပါသည်။

သူရိယ သိဒ္ဓန္တကျမ်းသည် ခရစ်နှစ် ၁၆၀၀ မှန်ပြောင်း တီထွင်မှုမတိုင်မီ ကာလတွင် ပြုစုပြီးစီးခဲ့သော နက္ခတ်ကျမ်း ဖြစ်သော်လည်း အနောက်နိုင်ငံ ခေတ်မီနက္ခတ်ကျမ်း (Modern Astronomy) ၏ ကိန်းများနှင့် အနည်းငယ်မျှသာ ကွာခြား ပေသည်။ မြန်မာဝေါဟာရ ပက္ခဒိန်အမျိုးပြုသော နေ့သွားနှစ် (Sidereal Year) ၏ ကာလပမာဏများမှာ....၊

၁။ သူရိယသိဒ္ဓန္တကျမ်းနေသွားနှစ်။

| ရက်ပေါင်း၊ | | ရက်၊ | နာရီ၊ | မိနစ်၊ | စက္ကန့်၊ |
|---|---|---|---|---|---|
| ၃၆၅.၂၅၈၇၅၆၄၈ | = | ၃၆၅ | ၆ | ၁၂ | ၃၇ |

၂။ ခေတ်မီနက္ခတ်ကျမ်း (**Modern Astronomy**)။

| ရက်ပေါင်း၊ | | ရက်၊ | နာရီ၊ | မိနစ်၊ | စက္ကန့်၊ |
|---|---|---|---|---|---|
| ၃၆၅.၂၅၆၃၆၀၄ | = | ၃၆၅ | ၆ | ၉ | ၁၀ |

၃။ ဍာသီနှစ် (**Tropical Year**)

| ရက်ပေါင်း၊ | | ရက်၊ | နာရီ၊ | မိနစ်၊ | စက္ကန့်၊ |
|---|---|---|---|---|---|
| ၃၆၅.၂၄၂၁၉၈၈ | = | ၃၆၅ | ၅ | ၄၈ | ၃၀ |

ယခုတင်ပြသော မြန်မာဝေါဟာရ ပက္ခဒိန်သည် ယနေ့တိုင် သူရိယသိဒ္ဓန္တကျမ်း၏ ကိန်းများဖြင့် ပက္ခဒိန် စီစဉ်ခဲ့သဖြင့် ထိုကျမ်း၏ ကိန်းများသာလျှင် ဖြစ်ပေသည်။

မြန်မာဝေါဟာရ ပက္ခဒိန်သည် တနှစ်လျှင် သာဝနရက် ၃၆၅ ရက်ဖြင့် သင္ခဒိန်ရက် အစဉ်များသတ်မှတ်၍ နှစ်စဉ် ကျန်သော နာရီမိုင်းတို့ကို စုပေါင်းပေးခြင်း၊ တရက်ပြည့် မြောက်သောနှစ်တွင် သင္ခဒိန် ၃၆၆ ရက်ဖြင့် ရက်စဉ်မှတ်၏။ ဤတွင် ကမ္ဘာသုံး ပက္ခဒိန်ကဲ့သို့ နှစ်များ၏ ရက်စဉ်များ အသုံးပြု၏။ သို့သော် ကမ္ဘာသုံး ပက္ခဒိန်ကဲ့သို့ လေးနှစ် တကြိမ်တွင် ရက်တိုးသော ကိန်းမဟုတ်ချေ။

သင်္ကြန်အခါကာလ မြန်မာသင်္ကြန်ကျချိန်မှ သင်္ကြန်တက် ချိန်ကာလသည် နှစ်ပေါင်းတရာအတွင်း သင်္ကြန်အခါကာလ အပြောင်းအလဲမရှိ။ နှစ်စဉ် အတူတူကဲ့သို့ပင်ဖြစ်၏။ လွန်ခဲ့ သော မြန်မာမင်းများ လက်ထက်တွင် သင်္ကြန်အခါကာလ သည် ၂ ရက်၊ ၄ နာရီ၊ ၁ မိနစ်၊ ၁၂ စက္ကန့်ဖြစ်၏။ ယခုအခါ မြန်မာပက္ခဒိန်အကြံပေးအဖွဲ့မှ အသိအမှတ်ပြုသော သင်္ကြန်



အခါကာလသည် ၂ ရက်၊ ၄ နာရီ၊ ၄ မိနစ်၊ ၄၁ စက္ကန့်ဖြစ်၏။ ယင်းသင်္ကြန် အခါကာလသည် တနင်္ဂနွေဂြိုဟ် မန္ဒဥစ် (Apogee) ရောက်သောရာသီကို အမှီပြု၍တွက်သောကြောင့် သင်္ကြန်သတ်မှတ်ရမည့် အခါကာလသည် တဖြည်းဖြည်း တိုး၍သာ အချိန်ပိုလာသည်။

အချို့ပုဂ္ဂိုလ်များက မြန်မာသက္ကရာဇ် နှစ်ဆန်းသည် တန်ခူး လဆန်းတရက်နေ့တွင် ဖြစ်ခဲ့သော် အလွန်သဘာဝကျသော် လည်း သင်္ကြန်ကျသောအခါ၌ တပေါင်းလဆုတ် ၁၂ ရက် ၁၃ ရက် ၁၄ ရက်များတွင် သင်္ကြန်ကျခဲ့သော် သဘာဝကျမည် မဟုတ်ဟူ၍ စောဒကတက်ရန် အကြောင်းရှိ၏။ နှစ်ဆန်း ချိန်သည် သင်္ကြန်တက်သောအချိန်၌ နှစ်ဦး ပဌမ တန်ခူးလ၏ လဆန်းတရက်တွင် ဖြစ်ခဲ့သော် အလွန်သဘာဝကျပေသည်။ ထို့အပြင် သင်္ကြန်ကျချိန်မှ သင်္ကြန်တက်ချိန်အထိ ဖြစ်သော သင်္ကြန်ကာလသည် နှစ်သစ်ကြိုသော ကာလဖြစ်၏။ ယင်း ကာလသည် နှစ်၏နောက်ဆုံး တပေါင်းလတွင် ကျရောက် ခဲ့သော် အလွန်သဘာဝကျပေမည်။ ကမ္ဘာသုံး ပက္ခဒိန်တွင် ဒီဇင်ဘာလ ၃၁ ရက်ညဉ့်သည် နှစ်ဆန်းတရက်၏ အကြိုကာလ ဖြစ်၍ အနောက်နိုင်ငံများ၌ ယင်းတို့၏ ဝါဒကို နှစ်သက်သူ များသည်။ ပျော်ပွဲ ရှင်ပွဲ ဆုတောင်းပွဲများဖြင့် အချိန်ကုန် စေပြီး နှစ်သစ်ကူးချိန် ညဉ့်သန်းခေါင်၌ စိတ်ပျော်ရွှင်စွာဖြင့် နှစ်ဟောင်းမှ နှစ်သစ်သို့ ကူးပြောင်းလေ့ရှိကြ၏။ ထို့အတူ နှစ်ဟောင်းလဖြစ်သော တပေါင်းလဆုတ်ရက်များတွင် နှစ်ကြို သင်္ကြန်အခါ ကျရောက်အောင် စီစဉ်မည်ဆိုလျှင် အလွန် သဘာဝကျ၍ မှန်ကန်သောဝါဒဟု ဆိုရပေမည်။

### ဆောင်ပုဒ်။

၁။ မြန်မာသက္ကရာဇ်နှစ်ဦး ပဌမလသည် တန်ခူးလ။
တန်ခူးလသည် မြန်မာဝေါဟာရလများ၏ ပဌမလ။

၂။ ကဆုန်လသည် မြန်မာဝေါဟာရ လများ၏ ဒုတိယလ။
မြန်မာ ဗုဒ္ဓဘာသာများ၏ အလွန်အရေးကြီးသော လ ဖြစ်၏။
အကြောင်းမှာ....၊
(က) သိဒ္ဓတ္ထမင်းသား အလောင်းတော် မွေးဖွားသောလ
(ခ) မြတ်စွာဘုရား ဗောဓိပင်နှင့် ရွှေပလ္လင်ကို အောင်မြင်တော်မူ၍ ဗုဒ္ဓဘုရား ဖြစ်တော်မူသောလ
(ဂ) မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုသောလ၊ ဤအချက်များကြောင့် ကဆုန်လသည် ဗုဒ္ဓဝါဒီ ယုံကြည်လေးစားသူများအတွက် အလွန်အရေးကြီးသောလ ဖြစ်၏။

၃။ တန်ခူးလ၌ သင်္ကြန် နှစ်ဆန်းကျခြင်းသည် သဘာဝကျသော်လည်း၊ ကဆုန်လတွင် သင်္ကြန်နှစ်ဆန်းကျလေ့ရှိခြင်းသည် သဘာဝကျ မကျ ဆင်ခြင်ရန်သင့်၏။

### ၃။ နိရာယနနှင့် သာယနနှစ်ဆန်း

မြန်မာပက္ခဒိန်သည် နိရာယနရာသီကို အမှီပြုသော လဆန်းလဆုတ် ပက္ခများဖြင့် စီစဉ်သော ပက္ခဒိန်ဖြစ်သောကြောင့် ယင်းပက္ခဒိန်အရ ကျသောနှစ်ဆန်းသည် နိရာယန နှစ်ဆန်းမည်၏။ သင်္ကြန်နှစ်ဆန်းအခါနှင့် စပ်လျဉ်း၍ နေ့ဥတုရာသီ၌



သာ၊ ကျသင့်သောသင်္ကြန်သည် နှစ်ပေါင်းများစွာကြာသော် မိုးတွင်း အခါ၌လည်း သင်္ကြန်နှစ်ဆန်း ကျပေလိမ့်မည်။ သာယန နှစ်ဆန်းပြုသော် နှစ်ပေါင်းမည်မျှ ကြာစေကာမူ နွေရာသီအခါ၌သာ သင်္ကြန်နှစ်ဆန်းအခါ ကျရောက်မြဲ ဖြစ်ပေမည်။ သင်္ကြန်အခါတွင်း နေ့ရက်များသည် နွေရာသီ အလွန်ပူပြင်းသော ရက်များဖြစ်၍ သက်ကြီးဝါကြီးများအား အေးမြကြည်လင်သော ရေများဖြင့် ကန်တော့သော မင်္ဂလာ့ထုံးစံ ဖြစ်လာခဲ့လေသည်။ အကယ်၍ နိရာယန နှစ်ဆန်းသည် မိုးရာသီ၌ သင်္ကြန်ကာလကျရောက်သော် ထုံးတမ်းအစဉ်အလာအရ ရေကန်တော့ခြင်းသည် လိုအပ် ပြုအပ်သော ကိစ္စ ဖြစ်လိမ့်မည် မဟုတ်ပေ။

မြန်မာနှစ်ဆန်းသည် အဘယ်အကြောင်းကြောင့် နိရာယန နှစ်ဆန်းဖြစ်ခဲ့ရသနည်း။ မြန်မာဗေဒင်လောကသည် နိရာယန တာဆယ့်နှစ်ရာသီကို အသုံးပြုခြင်းကြောင့် နိရာယန နှစ်ဆန်း ဖြစ်ခဲ့လေသည်။ ဗေဒင်ဟောကိန်းများသည် နိရာယနတာဆယ့် နှစ်ရာသီ၏ ဂြိုဟ်နေဟောကိန်းများသာဖြစ်၏။ ထို့ကြောင့် ဇာတာဖွဲ့သောအခါ နိရာယနရာသီ၏ ဂြိုဟ်များဖြင့် ဇာတာဖွဲ့ရပေသည်။ မြန်မာပက္ခဒိန်သည် ဗေဒင်ပညာရှိများ၏ စီမံတွက်ချက်မှုဖြင့် ဖြစ်ပေါ်လာ၏။ ဗေဒင်ဟောကိန်းများအတွက် နက္ခတ် ပက္ခဒိန်ကို နိရာယန တနင်္ဂနွေ၊ တနင်္လာဂြိုဟ်တို့၏ ရာသီဖြင့် စီစဉ်ကြသည်။ မြန်မာ့ဝေါဟာရ ပက္ခဒိန်တွက်ချက်ရာ၌လည်း၊ ထိုနိရာယန တနင်္ဂနွေ၊ တနင်္လာဂြိုဟ်တို့၏ ရာသီဖြင့် တွက်သောကြောင့် နိရာယနနှစ်ဆန်း ဖြစ်ခဲ့ရသည်။ မလမာသအမ္ဗဝါသီ စသည့် အခြင်းအရာများလည်း နိရာယန ရာသီများဖြင့်သာ ကြည့်ရှုကြပေသည်။ မှချအားဖြင့် သာယန ရာသီ

များဖြင့် ကြည့်ရှုမှသာလျှင် သဘာဝနှင့် ညီညွတ်ပေမည်။ ဗေဒင်ပညာရှိများသည် ဇာတာဖွဲ့သောအခါ၌ လက်တွက်ကိန်းများကို သာယန တနင်္ဂနွေဂြိုဟ်ဖြင့် မွေးဖွားသောရက်၏ နေသွားတက္ကာလ နာရီသော်ငြင်း၊ နေထွက်နေဝင် နာရီများသော်ငြင်း မှတည်၍ တွက်ရပေသည်။ ထို့ကြောင့် ကမ္ဘာ့နေသွားစက်ဝိုင်းသည် သာယန ရာသီစက်ဝိုင်းသာဖြစ်၏။ ယင်းရာသီစက်ဝိုင်းတွင် ဥတ္တရာယဉ်၊ ဒက္ခိဏာယဉ်နှင့် မဇ္ဈေယာဉ်ဟူ၍ နေလမ်းသုံးပါးတွင် မဇ္ဈေယာဉ် နှစ်ကြိမ် ဖြစ်မြဲရှိ၏။ ပဌမအကြိမ်သည် ဒက္ခိဏာယဉ်မှ ဥတ္တရာယဉ်သို့ ပြောင်းသော မိဿမဇ္ဈေယာဉ်၊ တဖန် ဒုတိယအကြိမ်သည် ဥတ္တရာယဉ်မှ ဒက္ခိဏာယဉ်သို့ ပြောင်းသော တူမဇ္ဈေယာဉ်ဟူ၍ မဇ္ဈေယာဉ် နှစ်မျိုးတွင် မိဿမဇ္ဈေယာဉ်ရောက်သောအချိန်သည် သာယန မိဿ ရာသီသို့ တနင်္ဂနွေဖုဒ္ဓဂြိုဟ်စဉ်ဝင်သော အချိန်ဖြစ်၏။ အိန္ဒိယ ပက္ခဒိန်သစ်၏ နှစ်ဆန်းရက်မှာ တနင်္ဂနွေဖုဒ္ဓဂြိုဟ်စဉ် သာယနမိဿ ရာသီသို့ ဝင်သောရက်၏ နောက်ရက်သည် နှစ်ဆန်းတရက်ဖြစ်၏။ သာယနမိဿရာသီသို့ တနင်္ဂနွေဖုဒ္ဓဂြိုဟ်စဉ် ဝင်သောရက်နှင့် နိရာယနမိဿရာသီသို့ တနင်္ဂနွေဖုဒ္ဓဂြိုဟ်စဉ် ဝင်သောရက်သည် ၂၃ ရက်ခန့် ကွာခြားသည်။

သာယနသင်္ကြန် နှစ်ဆန်းနှင့် နိရာယနသင်္ကြန် နှစ်ဆန်းစသည်မှာ နှစ်၏ အာယနအံသာ ကွာခြားသောအချိန်ပိုင်းကို ဆိုလို၏။ အိန္ဒိယ ပက္ခဒိန်သစ် အစီရင်ခံစာတွင် ဖော်ပြသည်မှာ ဂါထာပေါင်း ၅၀၀ နှင့် အခန်းကြီး ၁၄ ခန်း ပါဝင်သော မူလသူရိယ သိဒ္ဓန္တကျမ်း၌ နှစ်သစ်သင်္ကြန်သည် သာယန နှစ်သစ်အခါ၌သာ ဖြစ်ရမည်ဟု ဖော်ပြကြောင်း အစီရင်ခံထားလေသည်။ သို့သော် မြန်မာဝေါဟာရ ပက္ခဒိန်၏ အမှီပြုရာ



ဖြစ်သော မြန်မာသူရိယ သိဒ္ဓန္တကျမ်းတွင် ဤအကြောင်းအရာများ မပါချေ။ ထို့ကြောင့် မြန်မာသူရိယသိဒ္ဓန္တကျမ်းသည် မူရင်းကျမ်းလာ ဂါထာများကို အပြည့်အစုံ ဘာသာပြန်မှု ပြန်ဆိုခဲ့သလောဟု သံသယ ရှိလာရပေသည်။

## ၄။ လထပ်ခြင်း သဘောတရား

မြန်မာဝေါဟာရ ပက္ခဒိန်၌ နှစ်လေးမျိုးရှိသည်ကို ဖော်ပြခဲ့ပြီးဖြစ်၏။ သူရိယမာသနှစ်၊ သာမန်နှစ်၊ ဝါငယ်ထပ်နှစ်၊ ဝါကြီးထပ်နှစ်များဖြစ်၏။

သူရိယမာသနှစ်သည် သဘာဝ နေသွားအချိန်ကာလကို အမှီပြု၍ မှတ်သားထားသော နှစ်ဖြစ်သောကြောင့် အချိန်ကာလသည် သဘာဝအမှန်အတိုင်း ဖြစ်ပေသည်။ ကျန်ရှိသော ဝေါဟာရနှစ်များသည် ကောင်းကင်သဘာဝ၊ စန္ဒရ လပြည့်လကွယ် အခြင်းအရာများကို အမှီပြုသောနှစ်ဖြစ်၏။ သို့အတွက် မြန်မာဝေါဟာရပက္ခဒိန်တွင် နေသွားခြင်းကို အမှီပြုသော သူရိယမာသနှစ်နှင့် လ၏အခြင်းအရာကို မူတည်သော စန္ဒရမာသနှစ်ဟူ၍ သဘာဝနှစ်များရှိ၏။

သူရိယမာသ တနှစ်တွင် ရက်ပေါင်း ၃၆၅.၂၅၇၇၅၆၄၈ ရှိ၏။ စက်နာရီအားဖြင့် ၃၆၅ ရက်၊ ၆ နာရီ၊ ၁၂ မိနစ်၊ ၃၇ စက္ကန့်ရှိ၏။

စန္ဒရမာသ တလသည် ရက်ပေါင်း ၂၉.၅၃၀၅၇၇၉၅ ရှိ၏။ စက်နာရီအချိန်ဖြင့် ၂၉ ရက်၊ ၁၂ နာရီ၊ ၄၄ မိနစ်၊ ၃ စက္ကန့်ရှိ၏။ သို့အတွက် စန္ဒရမာသ ၁၂ လရှိသောနှစ်တွင် ရက်ပေါင်း

၃၅၄.၃၆၇၀၅၅၄ ရှိ၏။ စက်နာရီအချိန်ဖြင့် ၃၅၄ ရက်၊ ၈ နာရီ၊ ၄၈ မိနစ်၊ ၃၄ စက္ကန့်ရှိ၏။

| | ရက် | နာရီ | မိနစ် | စက္ကန့် |
|---|---|---|---|---|
| သူရိယမာသတနှစ် = | ၃၆၅ | ၆ | ၁၂ | ၃၇ |
| စန္ဒရမာသ ၁၂ လ = | ၃၅၄ | ၈ | ၄၈ | ၃၄ |
| စန္ဒရမာသ၏ ရက်လို။ | ၁၀ | ၂၁ | ၂၄ | ၃ |

ဝါဟာရမာသ၏ ရက်များသည် ပဌမ တလ၌ ၂၉ ရက်၊ ဒုတိယတလ၌ ၃၀ ရက် စသည်ဖြင့် စီစဉ်၍ စန္ဒရမာသ သဘာဝ လဖြင့် နှိုင်းယှဉ်သော်....

စန္ဒရမာသ= ၂ လတွင် ၅၉ ရက်၊ ၁ နာရီ၊ ၂၈ မိနစ်၊ ၆ စက္ကန့်
ဝါဟာရမာသ= ၂ လတွင် ၅၉ ရက်၊ ၀ နာရီ၊ ၀ မိနစ်၊ ၀ စက္ကန့်

ဝါဟာရမာသသည် ပဌမတလတွင် သဘာဝစန္ဒရမာသ ထက် နာရီဝက်သာသာလျော့၍ ဒုတိယလတွင် သဘာဝနှင့် တနာရီကျော်ကျော်လျော့သဖြင့် ဝါဟာရပက္ခဒိန်တွင် ရက် မစုံလနှင့် ရက်စုံလပြု၍ သဘာဝနှင့် ညီညွတ်နိုင်သမျှ ညီညွတ် မှုရရှိရန်ထားရပြန်သည်။ ဤသို့ဖြင့် တနှစ်တွင် လပြည့် ၁၂ ကြိမ် ရှိရာ၌ ၆ ကြိမ်သာလျှင် သဘာဝလပြည့်နှင့် ညီညွတ်မှုရရှိပေ မည်။ ထိုအခါ၌ ဝါဟာရပက္ခဒိန်သည် မှန်ကန်၏ဟု လက်ခံ ရပေမည်။

| | ရက် | နာရီ | မိနစ် | စက္ကန့် |
|---|---|---|---|---|
| စန္ဒရမာသ ၁၂ လ= | ၃၅၄ | ၈ | ၄၈ | ၃၄ |
| ဝါဟာရမာသ ၁၂လ= | ၃၅၄ | ၀ | ၀ | ၀ |
| | | ၈ | ၄၈ | ၃၄ |

ဝါဟာရမာသ ၁၂ လတွင် ၈ နာရီ၊ ၄၈ မိနစ်၊ ၃၄ စက္ကန့် လို၏။ လထပ်သောအခါ၌ ၂၉ ရက်လဖြင့် လထပ်ခဲ့သော်....



| | ရက် | နာရီ | မိနစ် | စက္ကန့် |
|---|---|---|---|---|
| စန္ဒရမာသ ၁၃ လ | ၃၈၃ ရက်၊ | ၂၁ နာရီ၊ | ၃၂ မိနစ်၊ | ၃၇ စက္ကန့်။ |
| ဝါဟာရမာသ ၁၃ လတွင် (၂၉ ရက် လထပ်) | ၃၈၃ | ၀ | ၀ | ၀ |
| | | ၂၁ နာရီ၊ | ၃၂ မိနစ်၊ | ၃၇ စက္ကန့်။ |

ဤနည်းဖြင့် ၂၁ နာရီခွဲကျော်ကျော် လိုသေးရကား၊ လထပ် သောအခါ၌ ၃၀ ရက်ရှိသော လထပ်ပြုရပေမည်။

ဖော်ပြခဲ့ပြီးသော သူရိယမာသတနှစ်တွင် စန္ဒရမာသ ၁၂ လရှိသော်လည်း သူရိယမာသ တနှစ်ပြည့်ရန် ၁၀ ရက်၊ ၂၁ နာရီ၊ ၂၄ မိနစ်၊ ၃ စက္ကန့်လိုသဖြင့် တနှစ်၏ 'ရက်လို'ဟူ၍ ခေါ်၏။ အကြမ်းတွက်နည်းအားဖြင့် နှစ်နှစ်တွင် ၂၁ ရက်၊ ၁၉ နာရီ ခန့်လို၍၊ သုံးနှစ်တွင် ၃၂ ရက်၊ ၁၆ နာရီကျော် လိုပေမည်။ ထိုအခါ၌ သူရိယမာသနှင့် ဝါဟာရမာသတို့သည် ညီညွတ်မှု ရှိစေရန် ဝါဟာရပက္ခဒိန်တွင် ၁၃ လရှိသော လထပ်နှစ်ပြုရ လေသည်။ ရာသီဥတုသည်လည်း သူရိယမာသကို အကြောင်း ပြုရသဖြင့် လထပ်ပြုပြီးသောကာလ၌ ဝါဟာရလများသည် လည်း ရာသီဥတုနှင့် ညီညွတ်၏။ ကောင်းကင်နေလ သဘာဝ အားဖြင့် လထပ်ကိန်းကျသော အချိန်ကာလသည် သာဝန ရက်ပေါင်း ၉၉၀ ရက်၊ ၇ နာရီ၊ ၄၅ မိနစ်၊ ၃၇ စက္ကန့်တွင် စန္ဒရ မာသ တလပိုရန် အချိန်ရောက်၏။ ယင်းသည် 'အဓိမာသ်ပြို ချိန်'ဟူ၍မည်၏။ ဤကိန်းသည် သဘာဝလလွန်ပြိုချိန် ဖြစ်၍ စန္ဒရမာသ၏ သာဝနရက်များဖြင့် တွက်သော်....

| | ရက် | နာရီ | မိနစ် | စက္ကန့် |
|---|---|---|---|---|
| သူရိယမာသ ၃၃ လ | ၁၀၀၄ | ၁၁ | ၄ | ၁၅ |
| စန္ဒရမာသ ၃၄ လ | ၁၀၀၄ | ၀ | ၅၇ | ၃၅ |

ဝေါဟာရမာသ ၃၄ လတွင်

$$\left.\begin{array}{l} ၁၆ \times ၂၉ = ၄၆၄ \\ ၁၈ \times ၃၀ = ၅၄၀ \end{array}\right\} \quad ၁၀၀၄$$

သဘာဝအလျောက် အဓိမာသပြို့ချိန်သည် ၉၉၀ ရက်၊ ၈ နာရီခန့်တွင်ဖြစ်၏။ ပြို့ချိန်ကာလ၌ သူရိယမာသ ၃၂ လနှင့် ၃၃ လအတွင်း၌ရင်း၊ စန္ဒရမာသ ၃၃ လနှင့် ၃၄ လအတွင်း၌ရင်း ကျသော်လည်း မုချသူရိယမာသ ၃၃ လနှင့် မုချစန္ဒရမာသ ၃၄ ကျရောက်သောအခါ၌ စန္ဒရမာသ တလပိုဖြင့် ညီညွတ်ပေသည်။ ဝေါဟာရမာသအားဖြင့်လည်း ရက်မစုံ ၁၆ လနှင့် ရက်စုံ ၁၈ လ ပေါင်း ၃၅ လတွင် သဘာဝအဓိမာသပြို့ချိန်နှင့် ညီညွတ်၏။ သို့သော် မြန်မာဝေါဟာရ ပက္ခဒိန်တွင် ဝေါဟာရလများဖြင့် လထပ်၍ စန္ဒရမာသဖြင့် လထပ်မပြုခြင်းကြောင့် ဝေါဟာရလလွန်ပြို့ကိန်းတွက်ရန် လိုပေမည်။

| | ရက် | နာရီ | မိနစ် | စက္ကန့် |
|---|---|---|---|---|
| သူရိယမာသတနှစ်၏ သာဝနရက် | ၃၆၅ | ၆ | ၁၂ | ၃၇ |
| ဝေါဟာရမာသ ၁၂ လ (သာမန်နှစ်) | ၃၅၄ | | | |
| | ၁၁ | ၆ | ၁၂ | ၃၇ |

သူရိယမာသ တနှစ်တွင် ဝေါဟာရမာသ ရက်လို ၁၁ ရက်၊ ၆ နာရီ ကျော်ကျော်လိုသဖြင့် ရက်လို ၃၀ ပြည့်သောအခါသည် ၉၇၃ ရက်၊ ၁၆ နာရီ၊ ၄ မိနစ်၊ ၅၉ စက္ကန့်ဖြစ်၏။ ဝေါဟာရမာသလလွန်ပြို့ချိန်ဟု ခေါ်၏။



| | ရက် | နာရီ | မိနစ် | စက္ကန့် |
|---|---|---|---|---|
| ဝေါဟာရမာသလလွန်ပြို့ | ၉၇၃ | ၁၆ | ၄ | ၅၉ |
| စန္ဒရမာသ ၃၃ လ | ၉၇၄ | ၁၂ | ၁၃ | ၃၂ |

ဝေါဟာရမာသ ၃၃ လတွင်

$$\left.\begin{array}{l} ၁၆ \times ၂၉ = ၄၆၄ \\ ၁၇ \times ၃၀ = ၅၁၀ \end{array}\right\} \quad ၉၇၄$$

ထို့ကြောင့် ဝေါဟာရမာသ ၃၃ လ သို့မဟုတ် စန္ဒရမာသ ၃၃ လတွင် ဝေါဟာရရက်လွန်ပြို့ကြောင်းကို အထင်အရှား သိရပေသည်။ ဝေါဟာရလလွန်ပြို့ချိန်ရောက်သောအခါ စန္ဒရမာသသည် နေ့ဝက်ပိုသည်။ သို့အတွက် ရက်စုံ ၃၀ ရက်ဖြင့် လထပ်ပြုခြင်းဖြင့် ဝေါဟာရမာသနှင့် စန္ဒရမာသနှစ်ပါး ညီညွတ်မှုရှိ၏။ အထက်ဖော်ပြပါ သဘာဝအဓိမာသ်ပြို့ချိန်ဖြင့်ရင်း၊ ဝေါဟာရမာသလလွန်ပြို့ချိန်ဖြင့်ရင်း သူရိယမာသ ၃၃ လတွင် စန္ဒရမာသသည်ရင်း၊ ဝေါဟာရမာသသည်ရင်း ၃၄ လရှိရပေမည်။ ဥပမာ....သူရိယမာသ ၃၃ လပြည့်ချိန် မကာရရာသီအဆုံး ကုံရာသီသို့ ဝင်ချိန်၌ ဝေါဟာရမာသအားဖြင့် ၃၄ လဖြစ်၍ ပြာသိုလတွင် ဒုတိယပြာသိုလဖြင့် လထပ်ပြုရပေမည်။ နောက်တကြိမ် လလွန်ပြို့သည် တူရာသီ၌ကြုံသော် ဝေါဟာရမာသ သီတင်းကျွတ်လဖြစ်၍ ဒုတိယသီတင်းကျွတ်အားဖြင့် လထပ်ပြုရပေမည်။

ဤသို့ သူရိယမာသ ၃၃ လရောက်တိုင်း ဝေါဟာရလထပ်ပြုခဲ့လျှင် ရာသီဥတုများနှင့် ဝေါဟာရမာသလများ မှန်ကန်ညီညွတ်စွာရှိသဖြင့် အလွန်မှန်ကန်သော ပက္ခဒိန်ဖြစ်မည်။ သို့သော် ဒုတိယလအမျိုးမျိုးဖြင့် လထပ်ရမည်ဖြစ်၍ သာမန်ပုဂ္ဂိုလ်များ

## အဓိမာသပြို့သောနှစ်များ၌ လထပ်ခြင်း

| လအမည်များ | ပထမအကြိမ် | ဒုတိယအကြိမ် | တတိယအကြိမ် | စတုတ္ထအကြိမ် |
|---|---|---|---|---|
| တန်ခူး | | | | ဒုတိယတန်ခူး |
| ကဆုန် | | | | |
| နယုန် | | | | |
| ဝါဆို | | | ဒုတိယဝါဆို | |
| ဝါခေါင် | | | | |
| တော်သလင်း | | | | |
| သီတင်းကျွတ် | | ဒုတိယ သီတင်းကျွတ် | | |
| တန်ဆောင်မုန်း | | | | |
| နတ်တော် | | | | |
| ပြာသို | ဒုတိယပြာသို | | | |
| တပို့တွဲ | | | | |
| တပေါင်း | | | | |

အမှတ်ပြုရန် မလွယ်ကူချေ။ အိန္ဒိယပြည်နယ်အချို့တွင် ဤနည်းဖြင့် လထပ်ကြ၏။ သို့အတွက် သူတို့၏ ဘာသာပွဲတော် လများသည် ညီညွတ်မှုရှိ၏။ မြန်မာဝေါဟာရ ပက္ခဒိန်သည် ဘာသာရေးအတွက် အဓိကထားသဖြင့် ဗုဒ္ဓဘာသာ ထုံးတမ်းစဉ်လာအားဖြင့် ဝါတွင်း၌ ဘုန်းတော်ကြီးများ ဝါဆိုသောအကြောင်းနှင့် မိုးဥတုရာသီ ညီညွတ်စေရန်အပြင် ဝေါဟာရပက္ခဒိန်သည် အများ ပြည်သူတို့ သိမှတ်ရန် လွယ်ကူစေလိုသောကြောင့် ဒုတိယဝါဆိုဖြင့် လထပ်ပြုရမည်ဟူ၍ ရာဇမတ္တဏ်ကျမ်းတွင် ဖော်ပြထားသည်။



အနောက်နိုင်ငံတွင် ဂျူလီယန်ပက္ခဒိန်အသုံးမပြုမီကာလ၌ နေလ နှစ်ပါးကို အမှီပြုသော နေလသွား ပက္ခဒိန် **Luni-Solar Calendar** ကို အသုံးပြုစဉ် မြန်မာပက္ခဒိန်ကဲ့သို့ လထပ်ပြဿနာများ ပေါ်ပေါက်ခဲ့ဘူး၏။ ထိုအခါ၌ ဖေဖော်ဝါရီလတွင် လထပ်ခဲ့ခြင်းဖြင့် နွေရာသီဥတု ညီညွတ်သည့်အပြင် အီစတာပွဲတော်အတွက်လည်း အချိန်ကာလ အဆင်ပြေ၏။ အိန္ဒိယပြည်ရှိ ဟိန္ဒူဘာသာဝင်တို့၏ ပက္ခဒိန်တွင် အချို့ပြည်နယ်များ၌ စိတ္တလကို လထပ်ပြုခြင်းဖြင့် ဝိသာခါလသည် ဗုဒ္ဓဇယန္တိပွဲတော်နှင့် ညီညွတ်ပေသည်။ အချို့ပြည်နယ်များ၌ မလမာသလထပ်ချိန် ရောက်သောလ၌ လထပ်ပြုကြ၏။ ရခိုင်လူမျိုးတို့၏ ပက္ခဒိန်၌လည်း ပဌမနှစ်ဦးတန်းခူးလ၌ လထပ်ပြု၏။

မြန်မာဝေါဟာရ ပက္ခဒိန်သည် သဘာဝ အဓိမာသပြို့ချိန်၌သော်၎င်း၊ ဝေါဟာရ လလွန်ပြို့ချိန်၌သော်၎င်း လထပ် မပြုရပေ။ ဝါဆိုလ၌သာ ဒုတိယဝါဆိုလဖြင့် လထပ်ခြင်းပြု၏။ ထို့ကြောင့် လထပ်ခြင်းအကြောင်း နှစ်မျိုး ဖြစ်ပေါ်၏။

၁။ လလွန်ပြို့ချိန်ကျသောနှစ်၌ လထပ်ခြင်း

၂။ လလွန်ပြို့ချိန်ကျသော်လည်း ထိုနှစ်၌ လထပ်ခြင်း မပြုဘဲ နောင်လာမည့်နှစ်တွင် လထပ်ခြင်း

မြန်မာပက္ခဒိန် စီစဉ်ခဲ့သော ကာလ တလျှောက်တွင် ပုပ္ပားစောရဟန်းမင်းကြီး ခဆပဥ္စကိန်းကို ဖြိုပြီးနောက် သက္ကရာဇ် တခုမှစ၍ ယခုကာလတိုင် ဝေါဟာရပက္ခဒိန်၏ လထပ်စည်းကမ်းများသည် ခေတ်သုံးခေတ် ပြောင်းခဲ့၏။

ပဌမခေတ်။ သက္ကရာဇ် ၁ မှစ၍ သက္ကရာဇ် ၁၂၁၆ အထိ ၁၉ ခုစား အဓိမာသ်ကိန်း စားကြွင်း မူသေ ပြု၍ ဝါထပ်နှစ်များ သုံးဖြတ်ခဲ့ခြင်း။
(ခရစ်နှစ် ၆၃၉၊ ၁၈၅၄)

ဒုတိယနှစ်။ အဓိမာသပြုသောနှစ်၌ ရွှေလေးရာသီ အတွင်းတွင် ပြုခဲ့သော် ထိုပြုသောနှစ်၌ပင် လထပ်ခြင်း၊ နောက် ရှစ်ရာသီအတွင်း ပြုခဲ့သော် လာလတံ့သော နှစ်၌ လထပ်ခြင်း၊ ဤနည်းမှာ ညောင်ကန်ဆရာတော် ဘုရားကြီးသည် သက္ကရာဇ် ၁၂၁၇ တွင် လထပ်အဆုံးအဖြတ်ပေးရာ၌ နှလုံးသွင်းတော်မူခဲ့သော 'မူ' ဖြစ်၏။ ထိုအခါ၌ ကဆုန်လ သင်္ကြန်ကင်းစေရမည် ဟူ၍ မိန့်ကြားတော်မူခဲ့သော်လည်း နောင် ပက္ခဒိန်များ ပြုလုပ်ခဲ့ရာတွင် ၃ နှစ်တကြိမ်၊ ၂ နှစ်တကြိမ် ကဆုန်လတွင် သင်္ကြန် ကျခဲ့၏။ သက္ကရာဇ် ၁၂၁၇ မှ ၁၃၁၆ အထိ။
(ခရစ်နှစ် ၁၈၅၅၊ ၁၉၅၄)

တတိယခေတ်။ အဓိမာသပြုသောနှစ်၌ ရွှေရှစ်ရာသီအတွင်းပြုခဲ့သော် ထိုပြုသော နှစ်၌ပင် လထပ်ခြင်း၊ နောက် လေးရာသီအတွင်း ပြုခဲ့သော် လာလတံ့သောနှစ်၌ လထပ်ခြင်း။

မြန်မာနိုင်ငံ ပက္ခဒိန် အကြံပေးအဖွဲ့၏ မူသစ်ကို သက္ကရာဇ် ၁၃၁၇ (ခရစ်နှစ် ၁၉၅၅) မှ အစပြုခဲ့သည်။

အထက်ပါ ခေတ်သုံးခေတ်တွင် လထပ် စည်းကမ်းများ



ခေတ်အလျောက် ပြုပြင်ပြောင်းလဲခဲ့သော်လည်း လထပ်သောနှစ်၌ ဒုတိယဝါဆိုလပြည့်သည် အဿဇ္ဇီနက္ခတ်နှင့် ယှဉ်ခြင်း၊ ပုဏ္ဏမီတိထိပြည့်ခြင်း (ဝေါဟာရ လပြည့်လကွယ်နှင့် သဘာဝ လပြည့်လကွယ်ညီညွတ်ခြင်း) တို့သည် အလွန် အရေးကြီးသော အချက်များ ဖြစ်လေသည်။ လထပ်သောအခါ၌ ဤစည်းကမ်းချက်များဖြင့် ညီညွတ်ရန် ပြုလုပ်စီစဉ်ခဲ့သော်လည်း ယင်းစည်းကမ်းချက်များနှင့် ညီသည် မညီသည်များ ကြည့်ရှုနိုင်ရန် သက္ကရာဇ် ၁၂၆၀ မှစ၍ ၁၃၂၅ အထိ ဝါဆိုလပြည့် သန်ကောင်တိထိနှင့် နက္ခတ်များကို ဇယားအမှတ် [၇၁] တွင် ကြည့်ရှုစစ်ဆေးကြပါကုန်။

မြန်မာနိုင်ငံသည် ဆဋ္ဌ သင်္ဂါယနာတင် ဆောင်ရွက်မှုကြောင့် နိုင်ငံခြား ဗုဒ္ဓဘာသာလောကတွင် မြန်မာပြည်၏ ဗုဒ္ဓဝါဒီကို လေးစားမှုကို ခံယူရရှိခဲ့သည်။ ထို့ကြောင့် မြန်မာ ဗုဒ္ဓဝါဒ ဓလေ့များအရ ကျင်းပသော အခါကြီး ရက်များသည် နိုင်ငံခြား ဗုဒ္ဓပွဲတော်ရက်များနှင့် တညီတညွတ်တည်း ဖြစ်ရှိစေသင့်သည်။ သို့မှသာလျှင် ကမ္ဘာ့ဗုဒ္ဓနေ့ ဖြစ်ပေမည်။ အထူးသဖြင့် အလောင်းတော် မွေးဖွားသောနေ့၊ ဗောဓိပင်နှင့် ရွှေပလ္လင်ကို အောင်မြင်တော်မူ၍ ဘုရား ဖြစ်တော်မူသောနေ့နှင့် မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုတော်မူသောနေ့များ ဖြစ်သည့် ကဆုန်လပြည့်နေ့သည် ဗုဒ္ဓဘာသာတို့၏အဖို့ အလွန်အရေးကြီးသောနေ့ရက်ဖြစ်၏။ သီဟိုဠ်ကျွန်းသည် ဗုဒ္ဓဘာသာနိုင်ငံ ဖြစ်သည့်အလျောက် သာသနာသက္ကရာဇ်ကို ယနေ့အထိ အသုံးပြုဆဲဖြစ်၏။ ထို့ကြောင့် ကဆုန်လပြည့်နေ့သည် မြန်မာဝေါဟာရပက္ခဒိန်တွင် တိကျမှန်ကန်ဖို့ လို၏။ ယင်းသို့ မှန်ကန်ရန် အချက်နှစ်ချက်ဖြင့် ညီညွတ်ဖို့ လိုပေသည်။ ပဌမအချက်မှာ

ကဆုန်လပြည့်သည် မုချ လပြည့်နှင့်ညီညွတ်စေခြင်း၊ ဒုတိယ အချက်မှာ ကဆုန်လပြည့် ဗုဒ္ဓနေ့သည် ကမ္ဘာတဝှန်းလုံးရှိ ဗုဒ္ဓ ဘာသာတို့ ကျင်းပသော ဗုဒ္ဓနေ့များနှင့် ညီညွတ်စေခြင်းတို့ ဖြစ်၏။ ရှေးမြန်မာ ပက္ခဒိန်တွင် ကဆုန်လပြည့်သည် အထက်ပါ အချက်ကြီး နှစ်ချက်နှင့် ပြည့်စုံခြင်း မရှိခဲ့ပေ။ တလကွာ တရက်ကွာ နှစ်ရက်ကွာ ဖြစ်ခဲ့၏။ အိန္ဒိယပြည်တွင် ဗုဒ္ဓဇယန္တီ နေ့များသည် မုချ လပြည့်နေ့များ၌သာ ကျင်းပလေသည်။ သက္ကရာဇ် ၁၂၆၀ မှ ၁၃၂၅ အထိ နှစ်စဉ် ပက္ခဒိန်၏ လပြည့် တိထိ ဇယားအမှတ်(၂၁-၂၂)၌ ကဆုန်လပြည့်နေ့များသည် နှစ်ပေါင်း ၆၆ နှစ် လွတ်လပ်ရေးမတိုင်မီခေတ်အထိ တိထိပြည့် သောနှစ်သည် လေးနှစ်သာ ရှိ၍ လွတ်လပ်ရေးခေတ် ၂၆ နှစ် တွင် လေးနှစ်သာ ရှိ၏။ အများအားဖြင့် လဆုတ် နှစ်ရက်နေ့ များ၌ မုချ လပြည့် ကျခဲ့၏။

သက္ကရာဇ် ၁၃၁၇ ၌ရက်လွန် ၂၄ ပင်ဖြစ်သော်လည်း ရှေး အခါများ၌ ရှေလေးရာသီတွင် အဓိမာသ်ပြုသောနှစ်မှာသာ လ ထပ်ပြုခဲ့၏။ လွတ်လပ်ရေးခေတ်တွင် သက္ကရာဇ် ၁၃၁၇ မှစ၍ ရှေရှစ်ရာသီတွင် အဓိမာသ်ပြုသောနှစ်၌ လထပ်ပြု၍ စည်းကမ်း ပြုပြင်ခဲ့၏။ ရှေးဟောင်းစည်းကမ်းသည် ခေတ်နှင့်မလျော်ညီ သဖြင့် ပြုပြင်ရခြင်းဖြစ်သည်။ ထိုသို့ သက္ကရာဇ် ၁၃၁၇ ၌ လထပ် ခြင်းအကြောင်းကြောင့် ထိုနှစ် ဒုတိယ ဝါဆိုလပြည့်သည် သဘာဝ လပြည့်နှင့် ညီညွတ်ခဲ့၏။ သက္ကရာဇ် ၁၃၁၈ ၌ ကဆုန် လပြည့်သည်လည်း သင်္ကြန်အတာနှစ်သစ်ကူးချိန်နှင့် ရက်ပေါင်း ၃၉ ရက်ကွာ၍ ထိုလပြည့်ညဉ့်၌ လကြတ်ဖြစ်သဖြင့် အလွန် မှန်ကန်သော ပက္ခဒိန်နှစ်ဖြစ်၏။ ထိုအခါမှစ၍ ရှေးဟောင်း အစဉ်အလာ လထပ်စည်းကမ်းကို တော်လှန်ခဲ့၏။ အထူးအံ့ဖွယ်

တရပ်မှာ သက္ကရာဇ် ၁၂၁၇ ၌ ညောင်ကန် ဆရာတော်သည် ရှေး ၁၉ ခုစား လထပ်စည်းကမ်းကိုတော်လှန်၍ ရှေးလေးရာသီ အဓိမာသပြိုကိန်းဖြင့် လထပ်ခဲ့၏။ ထိုအခါ၌ ကဆုန်လတွင် သင်္ကြန်ကင်းစေရမည်ဟု မိန့်ကြားတော်မူခဲ့၏။ ကဆုန်လတွင် သင်္ကြန်ကင်းလိုသော် တန်ခူးလ၌သာ သင်္ကြန်ကျရပေမည်။ ဗုဒ္ဓနေ့သည် အများအားဖြင့် သင်္ကြန်နှင့် ရက်ပေါင်းလေးဆယ်ကွာ၍ မေလဘွင် ကျရောက်ခြင်းကြောင့် ကမ္ဘာ့ဗုဒ္ဓနေ့နှင့် ညီညွတ်ပေသည်။ ယခုလည်း နှစ်တရာပြည့်ချိန် ကာလ သက္ကရာဇ် ၁၃၁၇ ၌ ရှေးလထပ်ကိန်းကို တဖန် တော်လှန်ခဲ့ပြန်သည်။ ဤသို့ပြုခြင်းကြောင့် ဖြစ်ပေါ်လာသည့် အကျိုးကျေးဇူးမှာ....

၁။ သက္ကရာဇ်၁၃၁၈ ၌ ဆဋ္ဌသင်္ဂါယနာတင် ကျင်းပပြီးဆုံးသော ကဆုန်လပြည့် ဗုဒ္ဓနေ့သည် သဘာဝ လပြည့်နှင့် ညီညွတ်သဖြင့် နိုင်ငံခြား ဗုဒ္ဓနေ့များနှင့် ညီညွတ်ခြင်းကြောင့် ကမ္ဘာ့ဗုဒ္ဓဘာသာလောကတွင်သင့်တင့်လျောက်ပတ်စွာ ဆဋ္ဌသင်္ဂါယနာတင်ခြင်းကိစ္စ အပြီးတိုင်ရောက်ခဲ့၏။

၂။ သက္ကရာဇ် ၁၃၁၈ ဝါဆိုလပြည့်သည်လည်း သဘာဝ လပြည့်နှင့် ညီညွတ်ခဲ့၏။

၃။ သက္ကရာဇ် ၁၃၁၈၊ ၁၃၁၉၊ ၁၃၂၀၊ ၁၃၂၁၊ ၁၃၂၂ များ၌လည်း ကဆုန်လတွင် သင်္ကြန်ကင်းခဲ့၏။

၄။ အထက်ပါနှစ်များ၌ ကဆုန်လပြည့် ဗုဒ္ဓနေ့သည်လည်း နိုင်ငံခြား ဗုဒ္ဓနေ့များ ကျင်းပသော လများနှင့် ညီညွတ်၍ သက္ကရာဇ် ၁၃၁၈၊ ၁၃၁၉ များတွင် နေ့ရက်များပါ ညီညွတ်၏။ သို့သော် ကျန်နှစ်များ၌

တရက်ကွာသော ပြဿနာသာလျှင် ပေါ်ခဲ့၏။ ထို တရက်ကွာ ပြဿနာသည် 'ရက်ငင်' စည်းကမ်း ပြုပြင်နိုင်သော် ယင်းတရက်ကွာ ပြဿနာသည်လည်း မပေါ်နိုင်ချေ။

## ၅။ ရက်ငင်ခြင်းသဘောတရားအကြောင်း

နက္ခတ် ပက္ခဒိန်နှင့် ပြည်တော်သုံးဝေါဟာရ ပက္ခဒိန်စီစဉ်ရေး၌ 'သာဝနရက်' သည် အလွန် အရေးကြီးပေသည်။ အနောက်တိုင်းနှင့် အရှေ့တိုင်း နက္ခတ် ပညာရှင်များသည် ဤအချက်၌ အယူအဆတူတူဖြစ်ကြသည်။ ကမ္ဘာသည် မိမိ၏ဝင်ရိုးစွန်းပေါ်တွင် လည်၍နေ၏။ ထိုအခါ၌ မိမိတို့၏ နေရပ် ဒေသန္တရ၏ သန်ကောင်မှ နောက်သန်ကောင်အထိ တပတ်ပြည့်ချိန်သည် 'သာဝနတရက်' မည်၏။ အနောက်နိုင်ငံ နက္ခတ်ကျမ်းတွင် 'ဂျူလီယန်နေ့' (Julian Day) မည်၏။ ယင်းရက်များသည် လူတို့၏ ယဉ်ကျေးမှုသမိုင်းတွင် နေလနက္ခတ် အကြောင်း သိရှိနားလည်သော အခါမှစ၍ ရေတွက်ခဲ့သော ရက်များဖြစ်၏။ အနောက်နိုင်ငံနက္ခတ် ပက္ခဒိန်တွင် ခရစ်နှစ် ၁၉၆၄ ဇန်နဝါရီလ ၁ ရက်၊ ဂရင်းနစ် မွန်းတည့်ချိန်၌ ဂျူလီယန် ရက်ပေါင်း ၂၄၃၈၃၉၆ ၁/၂ ရက်ရှိ၏။ ထို့နည်းတူ သူရိယသိဒ္ဓန္တကျမ်းတွင် ကလိယုဂ်နှစ်ဆန်းမှစ၍ ရေတွက်ခဲ့သော သာဝနရက်များရှိ၏။ မြတ်စွာဘုရား၏ဘိုးတော်အဥ္စန မင်းကြီးသည် ကလိယုဂ်မတိုင်မီ၊ ဒွါပရယုဂ်မှ နှစ်ပေါင်း ၆၂၃၆ နှင့် ကလိယုဂ်နှစ်မှ နှစ်ပေါင်း ၂၄၀၉ နေ၍ နှစ်ပေါင်း ၈၆၄၅ ဖို့၍၊ မဟာသက္ကရာဇ်နှစ်များ ပြုခဲ့၏။ ထို့ကြောင့် သူရိယသိဒ္ဓန္တကျမ်းတွင်



ဒွါပရယုဂ်အဆုံး ကလိယုဂ်နှစ်ဆန်းမှစ၍ ယခုတိုင် ရေတွက်ခဲ့သော သာဝနရက်များကို ဖော်ပြရလျှင် သက္ကရာဇ် ၁၃၂၆ သည် ကလိယုဂ်နှစ်ဆန်း ၅၀၆၅ ဖြစ်၍ သာဝနရက်သည် ၁၈၅၀၀၃၅ ရက်၊ ၁၄ နာရီ၊ ၂၇ မိနစ်၊ ၃၆ စက္ကန့်၊ ဥဂျိန်း ဒေသန္တရနာရီ ဖြစ်သည်။

ရက်ငင်ခြင်းသဘောသည် သူရိယမာသနှစ်၊ စန္ဒရမာသနှစ်၊ ဝေါဟာရမာသနှစ်များ ညီညွတ်စေရန် ရက်ညှိသော သဘောပင်ဖြစ်၏။ တိထိနှင့် နက္ခတ်များ ညီညွတ်စေရန် ဝေါဟာရ ပက္ခဒိန်တွင် တရက်တိုးရပေသည်။ ဤသို့ ညီညွတ်စေရန် ရက်တိုးခြင်းသည် 'ရက်ငင်' ခြင်းမည်၏။ ဝေါဟာရ ပက္ခဒိန်၏ ရက်များသည် ရက်ပိုင်းမရှိချေ။ ရက်ပြည့်ကိန်းဖြင့် စီစဉ်ရသဖြင့် သူရိယမာသ၊ စန္ဒရမာသ အချိန်ကာလထက် အစဉ်နောက်ကျမြဲဖြစ်၏။ ရက်ပိုင်းအကြွေးတင်လျက်ရှိ၏။ သူရိယမာသတနှစ်တွင် စန္ဒရမာသ၏တိထိရက်လွန်နှင့် ဝေါဟာရမာသ၏ သာဝနရက်လွန်ဟူ၍ ရက်လွန်ရှိရာ တိထိရက်ထက် သာဝနရက်သည် အစဉ်နောက်ကျ၏။ သူရိယမာသ တနှစ်တွင် သာဝနရက်သည် တိထိရက်ထက် ၄ နာရီ၊ ၁၉ မိနစ်၊ ၁၅ စက္ကန့် နောက်ကျ၏။ ဤသို့ နာရီပိုင်းမှ ၂၄ နာရီ တရက်ပြည့်သော အချိန်၊ တနည်း ရက်ငင် တကြိမ်ပြုချိန်၊ ဗေဒင်စကားဖြင့် အဗျာဟရက်ငင်ပြုချိန်ခေါ်၏။ ယင်းကာလသည် ၁၈၈၃ ရက်၊ ၁၂ နာရီ၊ ၃၃ မိနစ်၊ ၂၅ စက္ကန့်တွင် တကြိမ် ဖြစ်ပေါ်သည်။ ဤသို့ 'ရက်ငင်' တရက်တိုးခြင်းအားဖြင့် ဝေါဟာရလပြည့်နှင့် သဘာဝလပြည့်တို့ ညီညွတ်စေသည်။ နေလ ကြတ်ခြင်းသည်လည်း ဝေါဟာရမာသ လပြည့်လကွယ်နှင့်ညီညွတ်ပေသည်။

| | ရက် | နာရီ | မိနစ် | စက္ကန့် |
|---|---|---|---|---|
| သဘာဝရက်ငင်တကြိမ်ပို | ၁၈၈၃ | ၁၂ | ၃၃ | ၂၅ |
| စန္ဒရမာသ ၆၄ လ | ၁၈၈၉ | ၂၂ | ၅၈ | ၄၉ |
| ဝေါဟာရမာသ ၆၄ လ | | | | |

၃၁×၂၉=၈၉၉

၃၃×၃၀=၉၉၀ ၁၈၈၉

ရက်ငင်တကြိမ်အတွင်း ဝါထပ်နှစ်ကြိမ်ဖြစ်၏။ သို့အတွက် ဝေါဟာရမာသ ၆၄ လတွင် ဝါထပ်နှစ်ကြိမ်ရက်စုံ လသတ်ရသဖြင့်၊ စန္ဒရမာသ ၆၄ လသည် ဝေါဟာရမာသ ၆၄ လထက် ရက်ပိုင်း ၂၃ နာရီခန့် ပိုလေသည်။ ဝေါဟာရ ပက္ခဒိန်တွင် 'ရက်ငင်' တရက်ပြုခြင်းဖြင့် ဝေါဟာရမာသ၊ စန္ဒရမာသသည် ညီညွတ်ပေသည်။ ရက်ငင်ကိန်းသည် လထပ်ကိန်းကဲ့သို့ ရက်ငင်ပိုသောအချိန်အခါ၌ ရက်ငင်ရသော် သဘာဝနှင့်အထူးညီညွတ်မှုရှိပေမည်။ သို့သော် မြန်မာ ဝေါဟာရ ပက္ခဒိန်၏ ရက်ငင်စည်းကမ်းသည်....

၁။ နယုန်လ၌သာ ရက်ငင်ရခြင်း

၂။ လထပ်သောနှစ်များ၌သာ ရက်ငင်ရခြင်း

(က) ရက်ငင်ကြိမ် ကြုံသော်လည်း လထပ်နှစ်မဟုတ်သော် ထိုနှစ်၌ ရက်ငင်ခြင်းမပြုရချေ။

(ခ) ရက်ငင်ကြိမ် ကြုံသော်လည်း လွန်ခဲ့သောနှစ်၌ ရက်ငင်ကြုံခဲ့၍ငင်း၊နောင်လာလတံ့သောနှစ်၌ ရက်ငင်ကြုံခဲ့ရမည်ဖြစ်၍ငင်း ထိုနှစ်၌ ရက်ငင်သင့်လျှင် ရက်ငင်၍ ဝါကြီးထပ်နှစ် ပြုရမည်။

၃။ ဒုတိယ ဝါဆိုလပြည့်သည် သာမန်အားဖြင့် တိထိ ၁၅ အား ပြည့်သော် ရက်ငင်မပြုရချေ။ တိထိ ၁၅ အား မပြည့်သော် ရက်ငင်ရချေသည်။



ဤသို့ စည်းကမ်းပြုထားသောကြောင့် ဝေါဟာရမာသ ၆၄ လကြုံသော်လည်း ရက်မငင်နိုင်ချေ။ ယခုအချိန်အထိ ပြုခဲ့ပြီးသော ဝေါဟာရ ပက္ခဒိန်များကို စစ်ဆေးသောအခါ ရက်ငင်တကြိမ်နှင့်တကြိမ်သည် သုံးနှစ်မှ ခြောက်နှစ်အထိ ကွာခြားခဲ့ကြောင်း တွေ့ရသည်။ တခါတရံ ရှစ်နှစ်အထိပင် စောင့်၍ ရက်ငင်ခဲ့၏။ သက္ကရာဇ် ၁၃၁၂ တွင် ရက်ငင်၍ ဝါကြီးထပ်နှစ်ပြုခဲ့ပြီးနောက် သက္ကရာဇ် ၁၃၁၅ တွင် သုံးနှစ်ခြား၍ ဝါကြီးထပ်ခဲ့ပြန်၏။ တဖန် ထိုကာလနောက်ပိုင်း၌ သက္ကရာဇ် ၁၃၁၇ နှင့် ၁၃၂၀ တွင် ဝါထပ်နှစ်ဖြစ်ခဲ့သော်လည်း ရက်ငင်ခြင်းမပြုဘဲ သက္ကရာဇ် ၁၃၂၃ ခုအထိ ရှစ်နှစ်ကြာကာလတိုင် စောင့်၍ ဝါကြီးထပ်နှစ် ပြုခဲ့ပေသည်။

ဝေါဟာရ ပက္ခဒိန်တွင် ရက်ငင်တကြိမ်နှင့်တကြိမ် အတွင်းရှိသော သာဝနရက်များမှာ ........၊

| | | | | |
|---|---|---|---|---|
| ၃ နှစ်တကြိမ် | ရက်ငင်သော် | (ဝါထပ်တကြိမ်) | သာဝနရက် | ၁၀၉၃ |
| ၄ နှစ် | ။ | ။ | ။ | ၁၄၄၇ |
| ၅ နှစ် | ။ | ။ | ။ | ၁၈၃၁ |
| ၅ နှစ် | ။ | (ဝါထပ်နှစ်ကြိမ်) | ။ | ၁၈၆၁ |
| ၆ နှစ် | ။ | ။ | ။ | ၂၂၁၅ |
| ၇ နှစ် | ။ | ။ | ။ | ၂၅၆၉ |
| ၈ နှစ် | ။ | ။ | ။ | ၂၉၂၃ |

သဘာဝ ရက်ငင်ပိုချိန်သည် ၁၈၉၀ ရက်နီးပါးဖြစ်၍ သဘာဝနှင့် ညီညွတ်လိုလျှင် ရက်ပေါင်း ၁၈၉၀ ကျရောက်တိုင်း ဝေါဟာရပက္ခဒိန်တွင် တရက်တိုးရပေမည်။ သို့သော်

ဝါထပ်သော နှစ်များ၌သာ ရက်ငင်ရသောကြောင့် ငါးနှစ်တကြိမ်၊ သို့မဟုတ် ခြောက်နှစ်တကြိမ် ရက်ငင်သော် သဘာဝနှင့် နီးစပ်ပေမည်။

ရက်ငင်စည်းကမ်းတခုမှာ ဒုတိယဝါဆိုလပြည့်နေ့၌ တိထိပြည့် မပြည့်ကိုကြည့်၍ ရက်ငင်သင့်မငင်သင့် ဆုံးဖြတ်ရမည်ဟု ဆို၏။ ဤစည်းကမ်းသည် ဒုတိယဝါဆိုလပြည့်ကိုသာ အဓိကထား၍ ရက်ငင်ခြင်းကြောင့် လျော်ကန်သော ဝါဒမဟုတ်ချေ။ ရက်ငင်ကြုံသောနှစ်များသည် တနှစ်လုံး၏ လပြည့် လကွယ်ပက္ခတိုင်းလိုပင် တိထိမပြည့်ချေ။ ထိုအခါ၌ ရက်ငင်သော် တနှစ်လုံး၏ ပက္ခများ အင်အားကောင်းလာ၏။ သို့အတွက် ဒုတိယဝါဆိုလပြည့်သာ မဟုတ်၊ တနှစ်လုံး၏ လပြည့် လကွယ်ပက္ခများကိုကြည့်၍လည်း ရက်ငင်သင့်၏။ ယခုအသုံးပြုသော ရက်ငင်စည်းကမ်းအရ နယုန်လ၌သာ ရက်ငင်သော် လထပ်သော နှစ်၌ ကဆုန်လပြည့်၏ တိထိကိုကြည့်၍ တိထိ အားအလွန်ယုတ်သောအခါ၌သာ ဝါကြီးထပ်နှစ် ပြုရပေမည်။ အကြောင်းဆိုသော် ကဆုန်လပြည့်မှ နယုန်လပြည့်အထိ ရက်ပေါင်း ၃၀ ရှိ၏။ ထို့အတူ နယုန်လပြည့်မှ ပထမဝါဆိုလပြည့်အထိ ရက်ပေါင်း ၃၀၊ ပထမဝါဆိုလပြည့်မှ ဒုတိယဝါဆိုလပြည့်အထိ ရက်ပေါင်း ၃၀၊ ထိုဒုတိယဝါဆိုလပြည့်မှ ဝါခေါင်လပြည့်အထိ ရက်ပေါင်း ၃၀၊ ကဆုန်လပြည့်မှ ဝါခေါင်လပြည့်အထိ ရက်ပေါင်း ၁၂၀ ရှိ၏။ စန္ဒရမာသ တလသည် ပျမ်းမျှသွားခြင်းဖြင့် ၂၉ ရက် ၁၂ နာရီကျော်ခန့် သွား၏။ ထို့ကြောင့် လေးလတွင် ၁၁၈ ရက်၊ ၃ နာရီခန့်သာသွား၏။ ဝါကြီးထပ်သော နှစ်၌မူကား ကဆုန်လပြည့်၌ တိထိပြည့်သော် ပထမဝါဆို၊ ဒုတိယဝါဆိုနှင့် ဝါခေါင်လပြည့်၏ သန်ကောင်တိထိများသည် အလွန်



ပိုလျော့သွားချေမည်။ ကဆုန်လပြည့်၌ တိထိမပြည့်သော် ရှင်းလပြည့်များ၏ တိထိသင့်မြတ်ပေမည်။ ထို့ကြောင့် ကဆုန်လပြည့်ဗုဒ္ဓနေ့သည် ကမ္ဘာ့ဗုဒ္ဓနေ့များနှင့် ညီညွတ်မှုပြုလုပ်၍ နယုန်လတွင် ရက်ငင်ခြင်းသည် ဝါဆိုလပြည့်များတွင် အလွန်အပြစ်မကင်းနိုင်ချေ။ ထို့ကြောင့် တန်ခူးလတွင် ရက်ငင်ပြုလုပ်ရန် အလွန်သင့်လျော်ပေသည်။ အကျိုးမှာ နိုင်ငံခြား ဗုဒ္ဓနေ့များနှင့် တရက်ကွာ ပြဿနာဖြေရှင်းပြီးသား ဖြစ်ပေမည်။

အချို့ဆရာများသည် ရက်ငင်ပြုကြ၍ လလွန်ပို့နှစ် မကြုံသော်လည်း ရက်ချည်းသက်သက်ငင်ရလျှင် အကောင်းဆုံးဝါဒဖြစ်၏။ ဤနည်းအရ ရက်ချည်းသက်သက် ငင်ပေးလျှင် ဝါမထပ်သောနှစ် ဝါထပ်သောနှစ်တိုင်း လပြည့်များတွင် တိထိပြည့်သာများ၍ တိထိ ၁၄ လုံးအောက် လျော့သော လများမပါနိုင်ဟု ဆိုနိုင်၏။ ဤဝါဒသည် အလွန်ကောင်းသော ဝါဒဖြစ်၏။ သို့သော်လည်း အချို့သော ဝိနည်းဓိုရ်ဆရာတော်အဖွဲ့တွင် ပါဝင်သော ဆရာတော်ကြီးများသည် ခေတ်မီ ပက္ခဒိန်ကို အလိုရှိသော်လည်း ရှေးထုံးကို မပယ်ရန်လည်း မိန့်တော်မူ၏။ သို့အတွက် ဤနှစ်ဖက်စွန်း ညီညွတ်ရန် အလွန်ခဲယဉ်းသော ကိစ္စဖြစ်သည်။ ဝေါဟာရပက္ခဒိန်တွင် လပြည့်များ တိထိပြည့်ရန်သာလျှင် ပဓာနဖြစ်သည်။

အချို့ပက္ခဒိန်ပညာရှိတို့သည် လထပ်ရက်ငင် ပြဿနာ၌ ရက်ငင်တကြိမ်ပိုသည် လိုသည်ဟု တိကျသော တွက်ကိန်းမရှိသဖြင့် ရက်ငင်တကြိမ်လိုသည် ပိုသည်ကို အလွယ်တကူ ရှင်းပြနိုင်ရန် ခဲယဉ်းကြ၏။ အချို့ပုဂ္ဂိုလ်တို့သည် ထိုခဲယဉ်းချက်ကို လက်ကိုင်ပြုလျက် မျက်စိမှိတ်ပြီး ငြင်းဆိုနေကြသည်ဟု စွပ်စွဲရေးသားကြ၏။ ဤရက်ငင်ပိုသည် လိုသည်ကို စစ်ဆေးရန်

နည်းလမ်းများ သူရိယသိဒ္ဓန္တကျမ်းတွင် မတွေ့ရချေ။ စာရေးသူ၏အဖွိုမှာမူကား ဤ ၁၉ နှစ် လထပ်ကိန်းနှင့် ၁၈ နှစ် နေလကြွတ်ကိန်းသည် ရက်ငင်အကြိမ် ထိန်းသိမ်းသောနည်းဖြစ်၍ ရက်ငင်လိုသည် ပိုသည်များ ရှင်းလင်းစွာ တွက်ယူနိုင်သည်ကို တွေ့ရပေသည်။

အထက်ဖော်ပြပါ စည်းကမ်းများနှင့် မိမိတို့ လိုသလို ဆွဲယူနိုင်သော ဝါဒများကြောင့် ဝါထပ်ရက်ငင် ပြဿနာတွင် ရက်ငင်သင့်မငင်သင့် ပြဿနာသည် အကြိမ်ကြိမ် အငြင်းပွားခဲ့ကြရသည်။ ဤစည်းကမ်းချက်များကို ခေတ်မီနည်းဖြင့် မပြုပြင်သေးသမျှကာလပတ်လုံး အငြင်းပွားမှုများသည် ဆက်လက်၍ အစဉ်ပေါ်ပေါက်နေမည်မှာ မလွဲချေ။ ခေတ်မီ ပက္ခဒိန် စီစဉ်မှု၏ အလွန်အရေးကြီးသော အချက်တွင် ပါဝင်သည့် နေကြွတ်လကြွတ်ကျသောရက်များသည် ဝေါဟာရပက္ခဒိန်တွင် လပြည့် လကွယ်များ၌သာ ကျရောက်စေရမည်။ ဝေါဟာရပက္ခဒိန်၏ လပြည့်ရက်၌ သဘာဝလကြွတ်နှင့် ညီညွတ်လျှင်ရင်း၊ ဝေါဟာရပက္ခဒိန်၏ လကွယ်ရက်၌ သဘာဝနေကြွတ်နှင့် ညီညွတ်လျှင်ရင်း အလွန်မှန်ကန်သော ပက္ခဒိန်ဖြစ်ချေမည်။ သို့သော် ဒေသန္တရကြောင့် လဆန်းတရက်၌ နေကြွတ်ခြင်း၊ လဆုတ်တရက်၌ လကြွတ်ခြင်းတို့ကို အခါအားလျော်စွာ လက်ခံရပေမည်။ တနှစ်တွင် အနည်းဆုံး နေလကြွတ် သုံးကြိမ်၊ အများဆုံး နေလကြွတ် ခုနစ်ကြိမ်ဖြစ်နိုင်၍ အများအားဖြင့် လပြည့် လကွယ်ရက်များ၌ နေလကြွတ်မှသာလျှင် အလွန်မှန်ကန်သော ပက္ခဒိန်ဖြစ်ပေမည်။ ထို့ကြောင့် ခေတ်မီပက္ခဒိန်ဟူသည် အောက်ပါ အချက်များနှင့် ပြည့်စုံသင့်၏ဟု ယူဆမိပေသည်။



၁။ သက္ကရာဇ် နှစ်ဆန်းရက်များသည် မြန်မာဝေါဟာရပက္ခဒိန်၏ ပဌမလဖြစ်သော တန်ခူးလ၌သာ သင်္ကြန်နှစ်ဆန်းရက်ကျစေရမည်။

၂။ ကဆုန်လပြည့်နေ့သည် ဗုဒ္ဓဘာသာဝင်တို့၏ အလွန်အရေးကြီးသောနေ့ဖြစ်၏။ မြန်မာပြည်၌ ကျင့်သုံးသော ဗုဒ္ဓနေ့သည် နိုင်ငံခြား ဗုဒ္ဓဘာသာဝင်တို့ ကျင့်သုံးသော ဗုဒ္ဓနေ့နှင့် ညီညွတ်စေရမည်။

၃။ ဝါမထပ်သော သာမန်နှစ်များ၏ ဝါဆိုလပြည့်ရက်နှင့် ဝါထပ်သောနှစ်၏ ဒုတိယဝါဆိုလပြည့်ရက်များ၌ ပုဏ္ဏမီတိထိ ၁၅ လုံးအတွင်း ရှိစေရမည်။

၄။ နေကြွတ်သော ရက်သည် လကွယ်ရက်တွင်ရင်း၊ လကြွတ်သောရက်သည် လပြည့်ရက်တွင်ရင်း အစဉ်ကျစေရမည်။ သို့သော် ဒေသန္တရကို အကြောင်းပြု၍ လဆန်းတရက်၌ နေကြွတ်ခြင်း၊ လဆုတ်တရက်နေ့၌ လကြွတ်ခြင်းတို့ကို လက်ခံနိုင်သည်။

၅။ ရက်ငင်ပြို့ အကြိမ်များသည် အလို အပိုမရှိစေရ။ ယင်းရက်ငင်ကို ထိန်းသိမ်းသော ၁၉ နှစ်လထပ်ကိန်း၊ နေလကြွတ်ကိန်းများနှင့် ညီညွတ်စေရမည်။

အထက်ပါ အချက်ကြီး ငါးချက်နှင့် ပြည့်စုံသော ပက္ခဒိန်သာလျှင် ခေတ်မီ ပက္ခဒိန်ဖြစ်ပေမည်။ မည်သို့သော နည်းနှင့်ဖြစ်စေ ကြံစည်အားထုတ်သူ ပညာရှိများ ပေါ်ပေါက်ရန်သာ အရေးကြီးပေသည်။

ဝိနည်းဓိုရ်ဆရာတော်များ အလိုရှိတော်မူသော ပက္ခဒိန်သည် အောက်ဖော်ပြပါ စည်းကမ်းချက်များ ပြည့်စုံစေရမည်ဟု ဆိုပါသည်။

(က) ရှေးဗေဒင် ကျမ်းဟောင်းကြီးများနှင့်လည်း ညီညွတ်စေရမည်။

(ခ) ဘုရားရှင်၏ ဝိနည်းအာဏာဒေသနာတော် ကျမ်းဂန်များနှင့်လည်း ညီညွတ်စေရမည်။

(ဂ) မြန်မာတို့၏ ထုံးတမ်းစဉ်လာနှင့်လည်း ညီညွတ်စေရမည်။

(ဃ) ပြည်ထောင်စု မြန်မာနိုင်ငံ တဝှမ်းလုံးရှိ တိုင်းရင်းသား ပြည်သူတို့ကလည်း လက်ခံနိုင်လောက်စေရမည်။

(င) ပြည်ထောင်စု အစိုးရ၏ လိုလားချက်နှင့်လည်း ကိုက်ညီစေရမည်။

အထက်ပါ အချက်များကို ထပ်မံ ရှင်းလင်းရသော် အောက်ပါအတိုင်း ဖြစ်ပါသည်။

(က) ရှေးဗေဒင် ကျမ်းဟောင်းကြီး များနှင့်လည်း ညီညွတ်စေရမည်ဟုဆိုရာ၌ သူရိယသိဒ္ဓန္တကျမ်းသည် ရှိရှိသမျှသော သိဒ္ဓန္တကျမ်းများတွင် သဘာဝနှင့် အလွန်နီးစပ်သော ကျမ်းဖြစ်၏။ ယခုမြန်မာပြည်၌ အသုံးပြုသော သူရိယသိဒ္ဓန္တကျမ်းသည် ညောင်ကန်ဆရာတော် ဘာသာပြန်သော ကျမ်းဖြစ်၏။ပက္ခဒိန်တွက်ရာ၌ အသုံးပြုသော တနင်္ဂနွေဂြိုဟ်နှင့် တနင်္လာဂြိုဟ်သွားကာလများသည် အနောက်နိုင်ငံ ခေတ်မီ နက္ခတ်ကျမ်းနှင့် အနည်းငယ်မျှသာ တိမ်းပါးလျက် ရှိသောကြောင့် ပက္ခဒိန်တွက်ကိန်းများကို သူရိယသိဒ္ဓန္တ၏ကိန်းများဖြင့် တွက်နိုင်ပေသည်။

(ခ) ဘုရားရှင်၏ ဝိနည်းအာဏာ ဒေသနာတော် ကျမ်းဂန်များနှင့်လည်း ညီညွတ်စေရမည် ဆိုရာ၌ လထပ်သော်



ဒုတိယဝါဆိုလဖြင့်သာ လထပ်ပြုရမည်။ အိန္ဒိယပြည်နယ်အချို့၌ အသုံးပြုကြသော မလမာသ ရောက်ချိန် လထပ်ခြင်း၊ ဝိသာခါလ၌ လထပ်ခြင်း၊ ရခိုင်လူမျိုးတို့၏ ပက္ခဒိန်ကဲ့သို့ တန်ခူးလ၌ လထပ်ခြင်းတို့မှာ မပြုကောင်းသော အရာများဖြစ်၏။ သို့သော် ဘုရားရှင် မိန့်တော်မူခဲ့သည်မှာ 'ရာဇာပဋ္ဌာန်' မင်းတို့ ပြဋ္ဌာန်းခြင်းသာလျှင် အကြောင်းရင်း ဖြစ်၏။ မင်းတို့၏ အစီအမံ အအုပ်အချုပ်ကိုမှီ၍ ပညာရှိများ ပေါ်ထွန်းလာရမြဲ ဖြစ်သည်။ ထို့ကြောင့် ထိုပညာရှိများဖြင့် စီစဉ်သော ပက္ခဒိန်သည် 'ရာဇာပဋ္ဌာန်' မင်းသာလျှင် ပြဋ္ဌာန်းခြင်း ရှိသဖြင့် ဘုရားအလိုတော်ကျ၊ ဝိနည်းအာဏာဖြင့် ညီညွတ်ခြင်း ရှိသည်ဟုလည်း ယူနိုင်ပါသည်။

(ဂ) မြန်မာတို့၏ ထုံးတမ်းစဉ်လာနှင့်လည်း ညီညွတ်စေရမည် ဟူရာ၌ ဗုဒ္ဓဘာသာ မြန်မာတို့သည် ဝါတွင်း ရှစ်ရက် လပြည့် လကွယ်များ၌ ဥပုသ်သီတင်းများ ဆောက်တည်၏။ ကဆုန်လပြည့်၌ ဗုဒ္ဓနေ့ဖြစ်သည့်အလျောက် ဥပုသ်ဆောက်တည်ခြင်း၊ ညောင်ရေသွန်းလောင်းခြင်း စသော ကျင့်ဝတ်များကို အခါရက်များ ကျင်းပကြ၏။ နှစ်ဆန်း သင်္ကြန်အခါ၌လည်း အခါတော်၏ အချိန်နာရီများသည် မှန်ကန်သော အချိန်နာရီများဖြစ်စေမှသာလျှင် ထိုဝါတွင်း ရှစ်ရက်၊ လပြည့်၊ လကွယ်နှင့် ကဆုန်လပြည့်ရက်များသည် သဘာဝနှင့် ညီညွတ်ပေမည်။ သို့မှသာလျှင် ဥပုသ်ဆောက်တည်ခြင်း၏ အကျိုးကျေးဇူးကို ရနိုင်စေသည်။ ထို့ကြောင့် ဤ ရှစ်ရက်၊ လပြည့်၊ လကွယ် ညီညွတ်နိုင်သော ပက္ခဒိန်ဖြစ်မြောက်ရေး နည်းလမ်းများကို ရှာဖွေလေ့လာသင့်ကြ၏ဟု ယူဆပါသည်။

(ဃ) ပြည်ထောင်စု မြန်မာနိုင်ငံ တဝှမ်းလုံးရှိ တိုင်းရင်း

သား ပြည်သူတို့ကလည်း လက်ခံနိုင်လောက်စေရမည် ဆိုရာ၌ အထက်ဖော်ပြပါ အချက်များနှင့် ပြည့်စုံသော ပက္ခဒိန်ဖြစ်ခဲ့ မြီးလျှင် မျက်မြင် လပြည့်လကွယ် နေကြတ် လကြတ်များနှင့် ညီညွတ်ခဲ့သော် ပြည်ထောင်စုရှိ တိုင်းရင်းသားတိုင်း လက်ခံ ပေမည်။

(င) ပြည်ထောင်စု အစိုးရ၏ လိုလားချက်နှင့် ကိုက်ညီ စေရမည်ဟု ဆိုရာ၌ မြန်မာပြည်သည် ဗုဒ္ဓဘာသာ ကိုးကွယ် သော တိုင်းရင်းသား အများဆုံး ပါဝင်သည့် ဗုဒ္ဓဘာသာ တိုင်းပြည်ဖြစ်၏။ ထို့ကြောင့် ပြည်ထောင်စု အစိုးရ၏ လိုလား ချက်သည် ဗုဒ္ဓဇယန္တိနေ့၊ ကဆုန်လပြည့် ဗုဒ္ဓနေ့များသည် နိုင်ငံ ခြား ဗုဒ္ဓဘာသာ တိုင်းပြည်များ၏ ဗုဒ္ဓနေ့များနှင့် ညီညွတ် စေရမည်။ သို့မှသာလျှင် ဗုဒ္ဓဘာသာ တိုင်းပြည်များ၏ အ လယ်တွင် တင့်တယ်၍ ဂုဏ်ယူနိုင်ပေမည်။

အထက်ဖော်ပြပါ ဝိနည်းမိုရ်ဆရာတော်ကြီးများ၏ စည်း ကမ်းချက်ကို ထပ်မံ အကျဉ်းချုပ်၍ ဖော်ပြရသော် မြန်မာ ဝေါဟာရ ပက္ခဒိန်တွင် အောက်ပါ အချက်များဖြင့် ပြည့်စုံရ ပေလိမ့်မည်။

၁။ သင်္ကြန်အခါတော်၌ သင်္ကြန်ကျချိန်နှင့် သင်္ကြန်တက် သော အချိန်နာရီများ မှန်ကန်မှု ရှိစေခြင်း။

၂။ ကဆုန်လ သင်္ကြန်ကင်းစေခြင်း။

၃။ ကဆုန်လပြည့်သည် ကမ္ဘာ့ ဗုဒ္ဓနေ့နှင့် ညီညွတ် စေခြင်း။

၄။ ဝါဆိုလပြည့်သည် သဘာဝ လပြည့်နှင့် ညီညွတ် စေခြင်း။



၅။ ဝါတွင်းသုံးလ၏ ရှစ်ရက် လပြည့် လကွယ် ဥပုသ်နေ့ များသည် သဘာဝနှင့် ညီညွတ်စေခြင်း။

၆။ နေကြတ် လကြတ်နှင့် တိုက်ဆိုင်သော လပြည့် လ ကွယ်များသည် သဘာဝနှင့် ညီညွတ်စေခြင်း။

သက္ကရာဇ် ၁၂၆၀ မှ ၁၃၂၅ အထိ နှစ်ပေါင်း ၆၅ နှစ် အတွင်း မြန်မာဝေါဟာရ ပက္ခဒိန်၏ လပြည့်များ (ဇယားအ မှတ် ၂၁ နှင့် ၂၂)ကို ကြည့်ရှုသော နည်းမှာ

(က) မြန်မာသက္ကရာဇ်များ။

(ခ) ဝါထပ်နှစ်များအတွက် ဝါငယ်ထပ်နှစ်၌ 'ငယ်' ဟူ၍ ၎င်း၊ ဝါကြီးထပ်နှစ်၌ 'ကြီး' ဟူ၍၎င်း ရေးသား ထားသည်။ အခြားနှစ်များသည် သာမန်နှစ်များ သာ ဖြစ်၏။

(ဂ) တန်ခူးလဆန်း ၁ ရက်ကျသော ခရစ် နှစ် လ ရက်များ။

(ဃ) တနင်္ဂနွေ၊ တနင်္လာ စသော နေ့များ။

(င) ကျန်သော ဇယားများတွင် သက်ဆိုင်ရာ လပြည့် များ၏ သန်ကောင်တိထိများ ဖြစ်၏။

ဝေါဟာရလပြည့်များ၌ (က) သဘာဝ လမပြည့်ခြင်း။
(ခ) သဘာဝ လပြည့်နှင့် ညီ ညွတ်ခြင်း။
(ဂ) သဘာဝ လ ပြည့် ထက် လွန်ခြင်း။

(က) သဘာဝ လမပြည့်ခြင်းနှင့် စပ်လျဉ်း၍ တိထိ ၁၂.၃၀ မှ ၁၃.၃၀ အတွင်း ရှိသော ဝေါဟာရ လပြည့်သည် လဆုတ် ၂ ရက်၌သာ သဘာဝ

လပြည့်သည်။ တိထိ ၁၃.၃၀ မှ ၁၄.၃၀ အတွင်း ရှိသော ဝေါဟာရ လပြည့်သည် လဆုတ် ၁ ရက်၌သာ သဘာဝ လပြည့်သည်ကို သိရှိရန်လို၏။

(ခ) သဘာဝလပြည့်နှင့် ညီညွတ်ခြင်းသည် တိထိ ၁၄.၃၀ မှ ဝ.၃၀ အတွင်း ရှိသည်။ ဝေါဟာရ လပြည့်နေ့၏ မွန်းတည့်မှ လပြည့်ကျော် ၁ ရက်နေ့ မွန်းတည့်အတွင်း၌ သဘာဝ လပြည့်သည်ဟူ၍ မှတ်ယူရသည်။

(ဂ) သဘာဝလပြည့်ထက် လွန်ခြင်းသည် တိထိ ဝ.၃၀ မှ ၁.၃၀ အတွင်း ရှိမှသာ ဝေါဟာရလပြည့်၍ လဆန်း ၁၄ ရက်၌ သဘာဝလပြည့်သည်။

ဥပမာ။ သက္ကရာဇ် ၁၂၆၁ သည် ဝါငယ်ထပ်သောနှစ်ဖြစ်၍ တန်ခူးလဆန်း ၁ ရက်သည် ခရစ်နှစ် ၁၈၉၉၊ မတ်လ ၁၁ ရက် စနေနေ့ ဖြစ်သည်။ ကဆုန်လ၏ ဝေါဟာရ လပြည့်၌ သဘာဝ လပြည့်နှင့် မညီညွတ်ချေ။ တိထိ ၁၂.၅၄ ရှိသဖြင့် လဆုတ်နှစ်ရက်၌သာ သဘာဝ လပြည့်သည်။ ထိုနှစ်တွင် ဒုတိယ ဝါဆိုလပြည့်သည်လည်း သဘာဝ လပြည့်နှင့် မညီညွတ်ချေ။ တိထိ ၁၃.၄၃ ရှိသည်။ လထပ် စည်းကမ်း၌ လထပ်သောနှစ်များ၌ ဝါဆိုလပြည့်သည် တိထိမပြည့်သော် ရက်ငင်ရမည်ဟူ၍ ရှိသည်။

# စတုတ္ထပိုင်း
# ဝေဖန်ချက်များ

## ၁။ သင်္ကြန်အကြောင်း

သင်္ကြန်ဟူသော ပုဒ်သည် အိန္ဒိယဘာသာ 'သင်္ကရန္တိ' SAMKARANTI ဟူသောပုဒ်မှ သင်္ကြန္တိ=သင်္ကြန်ဟူ၍ ဖြစ်၏။ တနင်္ဂနွေဂြိုဟ်သည် ကမ္ဘာ့နေသွားလမ်း တဆယ့်နှစ်ရာသီခွင်တွင် (၁) ပျမ်းမျှသွားမြဲ "တနင်္ဂနွေမဇ္ဈဂြိုဟ်" MEAN LONGITUDE OF SUN နှင့် (၂) အမှန်သွား'တနင်္ဂနွေဖုဋ္ဌဂြိုဟ်စင်ကြယ်' TRUE LONGITUDE OF SUN ဟူ၍ နှစ်မျိုး ရှိ၏။ သင်္ကြန်ကျသော အချိန်အခါ၌ တနင်္ဂနွေ၊ ဖုဋ္ဌဂြိုဟ်စဉ်မိဿရာသီဝင်ချိန် ဖြစ်၏။ သင်္ကြန်တက်သော အချိန်အခါ၌ တနင်္ဂနွေမဇ္ဈဂြိုဟ်မိဿရာသီဝင်ချိန် ဖြစ်၏။

စကြာငွေ၏ သဘာဝအရ တနင်္ဂနွေဂြိုဟ်မင်းကို ဗဟိုပြုလျက် ဂြိုဟ်နက္ခတ်အပေါင်းတို့ လှည့်လည်လျက် ရှိသည်။ တနင်္ဂနွေဂြိုဟ် တည်သောဌာနသည် အလယ်ဗဟို မဟုတ်ချေ။ တဖက်သို့ အနည်းငယ်ရွှေ့လျက်ရှိသဖြင့် အကွာအဝေး နှစ်မျိုး ရှိ၏။ အနောက် နက္ခတ်ကျမ်း၏ သဘောတရားတွင် ပဲရီဂီး PERIGEE ကမ္ဘာသွားလမ်းသည် နေနှင့် အနီးဆုံးတည်ရာနှင့် အပိုးဂီး APOGEE ကမ္ဘာသွားလမ်းသည် နေနှင့် အဝေးဆုံးတည်ရာဟူ၍ ရှိ၏။ ယင်းတို့အနက် သူရိယသိဒ္ဓန္တကျမ်းတွင်

ဖော်ပြသော တနင်္ဂနွေမန္ဒဥစ်သည် အပိုးဂိုးခေါ် အဝေးဆုံး တည်ရာ ဖြစ်၏။ ယင်းတနင်္ဂနွေမန္ဒဥစ်ကြောင့် တဆယ့်နှစ်ရာသီခွင်တွင် တနင်္ဂနွေဖုဋ္ဌဂြိုဟ်စဉ်သည် မိဿရာသီသို့ ဝင်ပြီးသော အချိန်ကျမှသာ တနင်္ဂနွေမဇ္ဈဂြိုဟ် မိဿရာသီသို့ ဝင်၏။ ထို့ကြောင့် သင်္ကြန်ကာလသည် တနင်္ဂနွေဖုဋ္ဌဂြိုဟ်စဉ် မိဿရာသီဝင်ချိန်မှ တနင်္ဂနွေမဇ္ဈမိဿရာသီဝင်လာချိန်အထိဖြစ်၍ တနင်္ဂနွေမန္ဒဥစ်ဂြိုဟ်သွားကာလ ပမာဏကို အမှီပြုရလေသည်။ ဤတနင်္ဂနွေမန္ဒဥစ်သည် တဆယ့်နှစ်ရာသီခွင်၌ အစဉ် တရွေ့ရွေ့ သွားလျက်ရှိသဖြင့် ကလိယုဂ်နှစ်ဆန်းစတွင် ထိုမန္ဒဥစ် ရောက်သော ရာသီမှာ ပြိဿရာသီ ၁၇ အံသာ၊ ၇ လိတ္တာ၊ ၄၈ ဝိလိတ္တာဖြစ်၍ သက္ကရာဇ် ၁၃၂၅ တွင် ပြိဿရာသီ ၁၇ အံသာ၊ ၁၇ လိတ္တာ၊ ၃၆ ဝိလိတ္တာ ရှိသဖြင့် နှစ်ပေါင်း ၅၀၀၀ ကျော်တွင် ၁၀ လိတ္တာခန့် ရွေ့သည်။ သင်္ကြန်ကာလသည် နှစ်ပေါင်းတရာတွင် ငါးစက္ကန့်သာသာမျှ ကွာခြားသဖြင့် သင်္ကြန်ကာလ တွက်ရန် နှစ်ပေါင်းတရာအတွက် မန္ဒဥစ် ကိန်းသေပြုထားနိုင်သည်။ ဥပမာ....သက္ကရာဇ် ၁၃၀၀ မှ ၁၄၀၀ အတွင်း၌ သက္ကရာဇ် ၁၃၅၀ ၏ တနင်္ဂနွေမန္ဒဥစ် တည်သော ပြိဿရာသီ ၁၇ အံသာ၊ ၁၇ လိတ္တာ၊ ၃၉ ဝိလိတ္တာဖြင့် သက္ကရာဇ် ၁၄ ရာစုနှစ်၏ သင်္ကြန်အခါကာလကို ကိန်းသေ တွက်ထားနိုင်သည်။ ရှေးအခါကာလများ၌ သင်္ကြန်ကာလသည် ယခုခေတ်ကာလထက် အနည်းငယ်လျော့သည်။

အိန္ဒိယပြည်၌ တနင်္ဂနွေဖုဋ္ဌဂြိုဟ်စဉ် မိဿရာသီသို့ ဝင်ချိန်ကို သင်္ကြန် နှစ်သစ်ကူးပြောင်းချိန် သတ်မှတ်၍ မြန်မာပြည်၌ တနင်္ဂနွေမဇ္ဈဂြိုဟ် မိဿရာသီ ဝင်ချိန်ကို သင်္ကြန် နှစ်သစ်ကူး ပြောင်းချိန် သတ်မှတ်သည်။ တဖန် အိန္ဒိယပြည်၌ ဟိန္ဒူဘာသာ






ပုံစံအမှတ်(၃)

တနင်္ဂနွေဂြိုဟ်မန္ဒဥစ်၏ သဘာဝ။

ဝင်တို့၏ သင်္ကြန်ပွဲတော် လေးမျိုး ရှိ၏။ မိဿသင်္ကြန်၊ ကြဋ္ဌသင်္ကြန်၊ တူသင်္ကြန်နှင့် မကာရသင်္ကြန်များ ဖြစ်၏။

မိဿသင်္ကြန်သည် တနင်္ဂနွေဖုဋ္ဌဂြိုဟ်စဉ် ဒက္ခိဏာယာဉ်လမ်းမှ ဥတ္တရာယာဉ်လမ်းသို့ ကူးပြောင်းစဉ် အီကွေတာခေါ် မဇ္ဈေယာဉ်လမ်းသို့ ရောက်ချိန်၌ မိဿရာသီသို့ ဝင်သဖြင့် ထိုသင်္ကြန်ကို မိဿသင်္ကြန် မည်၏။ တဖန် တနင်္ဂနွေဖုဋ္ဌဂြိုဟ်စဉ်သည် ဥတ္တရာယာဉ်လမ်း၌ ကြွန္တိဆုံးလျက် ကြဋ္ဌရာသီသို့ဝင်ချိန်တွင် ကြဋ္ဌသင်္ကြန် မည်၏။ တဖန် တနင်္ဂနွေဖုဋ္ဌဂြိုဟ်စဉ်သည်

ဥတ္တရယာဉ်လမ်းမှ အီကွေတာ မဇ္ဈေယာဉ်လမ်းသို့ ရောက်ချိန် တူရာသီသို့ ဝင်သဖြင့် တူသကြန် မည်၏။ ထိုမှတဖန် ဒက္ခိဏ ယာဉ်လမ်း၌ ကြွတ္တိ ဆုံးလျက် မကာရရာသီသို့ ဝင်ချိန်တွင် မကာရသကြန် မည်၏။ ဤသို့သော သကြန် လေးပါးတွင် မြန်မာဗုဒ္ဓဘာသာများ အလေ့အထပြုသောနှစ်သစ်ကူးသကြန် သည် မိဿသကြန် မည်၏။

အထက်ပါ သကြန် လေးမျိုးသည် သာယနတနင်္ဂနွေဖုဋ္ဌ ဂြိုဟ်စဉ်ဖြင့်ထွက်သော ရာသီဝင်ချိန်များ ဖြစ်၍ 'သာယန သကြန်'ဖြစ်၏။ မြန်မာပြည်၌ နိရာယန တနင်္ဂနွေမဇ္ဈဂြိုဟ်ဖြင့် ထွက်သော နိရာယနမိဿရာသီဝင်ချိန် ဖြစ်၍ နိရာယန သကြန် ဖြစ်၏။ ဤကဲ့သို့ နိရာယနသကြန် ဖြစ်ခြင်းမှာ ဗေဒင်လောက တွင် ရာသီခွင် တည်မြဲမှုသဘောတရားကြောင့် ဖြစ်ပေသည်။ ရာသီခွင်အကြောင်းကို 'တဆယ့်နှစ်ရာသီ'အခဏ်းတွင် ရှုပါ။

သာယနမိဿ သကြန်သည် ကမ္ဘာ့ပက္ခဒိန်တွင် နှစ်စဉ် မတ်လ ၂၂ ရက်ခန့်၌ နှစ်ဆန်းသကြန် ဖြစ်ပေမည်။ ရှေးအခါ၌ နိရာယနသကြန်သည် မတ်လ ၂၂ ရက်၌ ကျသော်လည်း မြန်မာ ပက္ခဒိန်၏ နှစ်ကာလသည် ကမ္ဘာ့ ပက္ခဒိန်၏ နှစ်ကာလထက် အနည်းငယ် ကွာ၏။ ထို့ကြောင့် မြန်မာနှစ်ဆန်း သကြန်သည် ကမ္ဘာ့ပက္ခဒိန်တွင် ရွေ့ရှားလျက်ရှိ၏။ သို့သော် သာယနသကြန် ပြုလုပ်လိုခဲ့လျှင် ကမ္ဘာ့ပက္ခဒိန်နှစ်ကာလကို အသုံးပြုရပေမည်။ မြန်မာသူရိယသိဒ္ဓန္တကျမ်း၏ အာယနအံသာဖြင့် သာယနမိဿ ရာသီဝင်ချိန် တွက်လိုသော် တနင်္ဂနွေဖုဋ္ဌဂြိုဟ် သာယနမိဿ သုညရာသီကျသောရက်ဖြင့် တွက်၍ ထိုရက်၏ တနင်္ဂနွေဖုဋ္ဌ ဘုတ္တိဖြင့်တွက်ရပေသည်။ ဥပမာ....ခရစ်နှစ် ၁၉၆၄ ၏ တနင်္ဂနွေ ဖုဋ္ဌဂြိုဟ်စဉ် သာယနမိဿရာသီဝင်ချိန် တွက်လိုသော် သက္ကရာဇ်



၁၃၂၅ ၏ သာယနအံသာတွင် ၅၁ လိတ္တာနှောသော် သက္ကရာဇ် ၁၃၂၅ ခု၏ သာယနမိဿရာသီဝင်၊ အာယနအံသာ အစင် အကြွယ် ဖြစ်၏။ ၎င်းအာယနအံသာကို ၁၂ ရာသီတွင် နုတ် သော် နုတ်ကြွင်းသည် သာယနမိဿရာသီဝင်ချိန် နိရာယန တနင်္ဂနွေဖုဋ္ဌဂြိုဟ်စဉ်ရာသီ အံသာ ဖြစ်၏။ ယင်း တနင်္ဂနွေဂြိုဟ် စဉ်ဖြင့် နေ့စင်ကြယ် ပက္ခဒိန်၏ တနင်္ဂနွေဂြိုဟ်ရာသီ၊ အံသာ လိတ္တာနုတ်နိုင်သော ရက်၏ ရာသီအံသာဖြင့်နုတ်၊ ထိုနုတ်ကြွင်း သည် ထိုနေ့ သန်ကောင်ကျော်လွန်သော တနင်္ဂနွေဖုဋ္ဌဂြိုဟ်စဉ် လိတ္တာပုံ ဖြစ်၏။ ယင်းလိတ္တာပုံကို ၂၄ နာရီဖြင့်မြှောက်၍ ၆၀ လိတ္တာပုံနှင့်စားသော် ရလဒ်သည် သာယနမိဿရာသီဝင်ချိန် နာရီ ဖြစ်၏။ ကြွင်းသော လိတ္တာသည် မိနစ် ဖြစ်၏။

ဥပမာ .... သက္ကရာဇ် ၁၃၂၅ ၏ အာယနအံသာ ၂၃၊ လိတ္တာ ၁၆ နှင့် ဝိလိတ္တာ ၄၈ ရှိ၏။ ယင်းတွင် ၅၁ ဝိလိတ္တာ နှော၊ အာယန ၂၃ အံသာ၊ ၁၇ လိတ္တာ၊ ၃၉ ဝိလိတ္တာ၊ ၎င်း အံသာကို တဆယ့်နှစ်ရာသီတွင် နုတ်၊ ၁၁ ရာသီ၊ ၆ အံသာ၊ ၄၂ လိတ္တာ၊ ၂၀ ဝိလိတ္တာ၊ ၎င်းရာသီ အံသာများမှ သက္ကရာဇ် ၁၃၂၆ ၏ နေ့စင်ကြယ် ပက္ခဒိန်တွင် ခရစ်နှစ် ၁၉၆၄ ခု၊ မတ်လ ၁၉ ရက်၊ သက္ကရာဇ် ၁၃၂၅၊ နှောင်းတန်ခူးလဆန်း ၇ ရက်၊ ကြာသပတေးနေ့ သန်ကောင် တနင်္ဂနွေဖုဋ္ဌ ဂြိုဟ်စဉ် ၁၁ ရာသီ၊ ၅ အံသာ၊ ၄၉ လိတ္တာဖြင့် နုတ်။

| ရာသီ | အံသာ | လိတ္တာ | ဝိလိတ္တာ။ |
|---|---|---|---|
| ၁၁ | ၆ | ၄၂ | ၂၀ |
| ၁၁ | ၅ | ၄၉ | ၀ |
| | | ၅၃ | ၂၀ = ၅၃ ၃၅ လိတ္တာ။ |

$$\text{သာယနမိဿရာသီဝင်ချိန်} = \frac{၅၃.၃၅ \times ၂၄}{၆၀} = ၂၁\ \text{နာရီ၊}$$

၃၂ မိနစ်၊ ၂၄ စက္ကန့် တနင်္ဂနွေဖုဒ္ဓဂြိုဟ်စဉ် သာယနမိဿရာသီဝင်ချိန် သက္ကရာဇ် ၁၃၂၅ နှောင်းတန်ခူးလဆန်း ၈ ရက်၊ ခရစ်နှစ် ၁၉၆၄ မတ်လ ၂၀ သောကြာနေ့ည ၉ နာရီ၊ ၃၂ မိနစ်၊ ၂၄ စက္ကန့်တွင်ဝင်၏။

အနောက်နိုင်ငံရာဖီနယ်ဂွဟ်ပက္ခဒိန်၏ အချိန်နာရီသည် ခရစ်နှစ် ၁၉၆၄ မတ်လ ၂၀ ရက်၊ သောကြာနေ့ ည ၉ နာရီ ၁၃ မိနစ်ဖြစ်၏။

[မှတ်ချက်။ မြန်မာတွက်နည်း၌ အနည်းငယ် ကွာခြားမှုသည် တနင်္ဂနွေမဇ္ဈဂြိုဟ်သွားသဘော အနည်းငယ် ကွာသည့်အပြင် အထက်ပါတွက်နည်းသည် ပက္ခဒိန်မှ ယူသော တနင်္ဂနွေဂြိုဟ်စဉ် ဖြစ်သောကြောင့် အနည်းငယ်ကွာပေမည်။]

## မြန်မာသင်္ကြန်ကျသောအချိန်နှင့်နှစ်သစ်ကူးသင်္ကြန်တက်သော အချိန်တွက်နည်း

မြန်မာသင်္ကြန်ကျသောအချိန်သည် နိရာယနမိဿရာသီဖြင့် တွက်ရသည်။ တနင်္ဂနွေဖုဒ္ဓဂြိုဟ်စဉ်မိဿရာသီ ဝင်ချိန်သည် သင်္ကြန်ကျသောအချိန်ဖြစ်၍ တနင်္ဂနွေမဇ္ဈဂြိုဟ် မိဿရာသီဝင်ချိန်သည် နှစ်သစ်ကူးသင်္ကြန်တက်သောအချိန်ဖြစ်၏။

သင်္ကြန်ကျသောအချိန်တွက်နည်းနှစ်မျိုးရှိသည်။

ပဌမတွက်နည်း။ တနင်္ဂနွေမဇ္ဈဂြိုဟ်ဖြင့် သင်္ကြန်တက်သောအချိန်ကိုတွက်၍ ထိုသင်္ကြန် တက်သောအချိန်မှ



သင်္ကြန်ကာလ အချိန်ကို နုတ်သော် သင်္ကြန်ကျသော အချိန်နာရီ စသည်ရ၏။ သင်္ကြန်အခါ ကာလသည် တနင်္ဂနွေမန္ဒဥစ်မှ ထွက်သဖြင့် ဖော်ပြပြီးအတိုင်း ယခုအခါကာလတွင် သက္ကရာဇ် ၁၄ ရာစု၏ မန္ဒဥစ်ပြိုဿရာသီ ၁၇ အံသာ၊ ၁၇ လိတ္တာ၊ ၃၉ ဝိလိတ္တာဖြင့် ထွက်ရမည်။

ဒုတိယနည်း။ သင်္ကြန်ကျသောအချိန်မရောက်မီနှင့် သင်္ကြန်ကျသော အချိန် ရောက်သော ရက်များ၏ တနင်္ဂနွေဖုဒ္ဓ သန်ကောင်ဂြိုဟ်စဉ်ထွက်၍ ထိုနေ့များ၏ တနင်္ဂနွေဘုတ္တိဖြင့် မိဿရာသီသို့ ဝင်ချိန်တွက်သော် သင်္ကြန်ကျသောအချိန် နာရီများရသည်။ သင်္ကြန်တွက်ချိန်ကာလကို ပဌမတွက်နည်း တနင်္ဂနွေမဇ္ဈဂြိုဟ်ဖြင့် တွက်ရမည်။

သင်္ကြန်ကျသော အချိန်တွက်နည်း တခုကို အလျဉ်းသင့်၍ ဖော်ပြလိုက်ပါသည်။ တွက်နည်းမှာ....တနင်္ဂနွေဂြိုဟ်သည် မိဿရာသီ ဝင်သည်မှ မိန်ရာသီဆုံး၍ တဖန်မိဿရာသီ ဝင်သောအချိန်သည် မြန်မာသက္ကရာဇ်တနှစ်ဖြစ်၏။ ကာလအားဖြင့် ၃၆၅ ရက်၊ ၆ နာရီ၊ ၁၂ မိနစ်၊ ၃၇ စက္ကန့်ရှိ၏။ နှစ်ပေါင်းတရာအတွင်း သင်္ကြန်အခါကာလသည် နှစ်စဉ် အတည်အမြဲ ရှိ၏။ ထို့ကြောင့် ယမန်နှစ် သင်္ကြန်ဟောင်း၏ သင်္ကြန်ကျချိန်နှင့် နှစ်သစ်ကူးသင်္ကြန်တက်ချိန်နာရီများဖို့သော်၊ ၎င်းတွင် ၆ နာရီ၊ ၁၂ မိနစ်၊ ၃၇ စက္ကန့်နှောလျှင် ယခုနှစ်

သင်္ကြန်ကျချိန်နှင့် သင်္ကြန်တက်သော အချိန် နာရီ များ ဖြစ်၏။

| | နာရီ | မိနစ် | စက္ကန့် |
|---|---|---|---|
| ဥပမာ။ သက္ကရာဇ် ၁၃၂၅ ၏ သင်္ကြန်ကျချိန် | ၅ | ၃၃ | ၅၅ |
| တနှစ်၏ရက်ပိုင်းနှော | + ၆ | ၁၂ | ၃၇ |
| သက္ကရာဇ် ၁၃၂၆ ၏သင်္ကြန်ကျချိန် | ၁၁ | ၄၆ | ၃၂ |

လွန်ခဲ့သောသင်္ကြန်ကာလ၏ အချိန်နာရီများ မရနိုင်သော် သူရိယသိဒ္ဓန္တကျမ်း၏ ကိန်းများဖြင့် တွက်ရချေမည်။ အဆိုပါကိန်းသည် ဥဂျိန်းဒေသန္တရ၏ ကိန်းဖြစ်၍ လိုသောဒေသန္တရ၏ နာရီတွက်ရန် ဥဂျိန်းဒေသန္တရ၏ မျဉ်းလေခအံသာ (လောင်ဂျီတွဒ်) တည်ရာသည် အလွန်အရေးကြီး၏။ ယခုတွက်ကိန်းတွင် ဥဂျိန်းဒေသန္တရ၏ မျဉ်းလေခသည် ၇၅ အံသာ ၄၇ လိတ္တာဖြင့် တွက်သည်။

မြန်မာသက္ကရာဇ်သည် ကလိယုဂ်နှစ်ဆန်း(ဘီစီ ၃၁၀၁)မှ အစပြု၍ ဥဂျိန်းမြို့တည်ရှိရာ ဒေသန္တရသန်ကောင်မှ တွက်ရသည်။ သက္ကရာဇ် ၁၃၂၅ သည်ကလိယုဂ်နှစ်(၁၃၂၅ + ၃၇၃၉) = ၅၀၆၄ နှင့်ညီမျှသဖြင့် တနှစ်အတွင်း ရက်ပိုင်းနာရီကြွင်း ၆ နာရီ၊ ၁၂ မိနစ်၊ ၃၇ စက္ကန့် (၀.၂၅၇၈၅၆၄၈)ရှိ၍ ကလိယုဂ်နှစ် ၅၀၆၄ ၏ နှစ်ကူးအချိန်တွက်သော်............၊

နှစ်ပေါင်း ၅၀၀၀ × ၀.၂၅၇၈၅၆၄၈ = ၀.၇၈၂၄၀၅

၆၄ = ၀.၅၆၀၄၁၅

* ၀.၃၄၂၇၂၀

(*ရက်ပြည့်များကို ချေထားသည်။)



ဥဂျိန်းဒေသန္တရ၏နှစ်ကူးချိန် = ၈ နာရီ၊ ၁၃ မိနစ်၊ ၄၀ စက္ကန့်၊

| | | |
|---|---|---|
| မြန်မာစံတော်ချိန်မျဉ်းလေခ | ၉၇ အံသာ၊ | ၃၀ လိတ္တာ |
| ဥဂျိန်းဒေသန္တရချိန်မျဉ်းလေခ | ၇၅ ။ | ၄၇ ။ |
| | ၂၁ | ၄၃ ဒေသန္တရကွာခြားမှု |

နာရီကိန်းသည် ၁၅ အံသာတွင် တနာရီကွာသဖြင့် ၂၁ အံသာ၊ ၄၃ လိတ္တာတွင် ၁ နာရီ၊ ၂၆ မိနစ်၊ ၅၂ စက္ကန့်ကို ဥဂျိန်းဒေသန္တရနာရီတွင် နှောသော်၊ မြန်မာစံတော်ချိန်နာရီဖြစ်၏။

| | | နာရီ | မိနစ် | စက္ကန့် |
|---|---|---|---|---|
| ဥဂျိန်းဒေသန္တရနှစ်ကူးချိန် | | ၈ | ၁၃ | ၄၀ |
| နာရီပြောင်းနှောကိန်း | + | ၁ | ၂၆ | ၅၂ |
| မြန်မာစံတော်နှစ်ကူးချိန် | = | ၉ | ၄၀ | ၃၂ |

မြန်မာနိုင်ငံပက္ခဒိန်အကြံပေးအဖွဲ့၏ ဥဂျိန်းဒေသန္တရမျဉ်းလေခသည် ၇၆ အံသာ၊ ၁၆ လိတ္တာဖြစ်၏။ မြန်မာစံတော်ချိန်နာရီပြောင်းနှောကိန်းသည် ၁ နာရီ၊ ၂၄ မိနစ်၊ ၅၆ စက္ကန့်ဖြစ်၍ သင်္ကြန်တက်မြန်မာစံတော်ချိန်သည် ၉ နာရီ၊ ၃၈ မိနစ်၊ ၃၆ စက္ကန့်ဖြစ်၏။ ဤသို့သင်္ကြန်တက်ချိန်အနည်းငယ် ကွဲပြားမှုဖြစ်ရခြင်းသည် ဥဂျိန်းမြို့၏ ဒေသန္တရမျဉ်းလေခ တိမ်းပါးမှုကြောင့်တည်း။

## သင်္ကြန်ကျသော အချိန်နာရီ တွက်နည်း

ရှေးရှေး မြန်မာမင်းများလက်ထက်မှ အစပြု၍ ဒုတိယကမ္ဘာစစ်ကြီးကာလအထိ မြန်မာပြည်၌ အစဉ်အသုံးပြုခဲ့သော သင်္ကြန်အခါကာလသည် ၂ ရက်၊ ၄ နာရီ၊ ၁ မိနစ်၊ ၁၂ စက္ကန့်ဖြစ်ခဲ့၏။ ထိုကိန်းသည် နှစ်ပေါင်း ၅၀၀၀ ကျော်၊ ကလိယုဂ်

နှစ်ဆန်း မန္ဒဥစ်၊ ၇၇ အံသာ၊ ၇ လိတ္တာ၊ ၄၈ ဝိလိတ္တာ၏ သင်္ကြန်ကာလ ဖြစ်သော်လည်း ဤအတိုင်းပင် အသုံးပြုခဲ့၏။ မြန်မာနိုင်ငံ လွတ်လပ်ရေးခေတ်တွင် ပက္ခဒိန် အကြံပေးအဖွဲ့မှ သင်္ကြန်အခါကာလကို ပြုပြင်ခဲ့သည်မှာ ၂ ရက်၊ ၄ နာရီ၊ ၄ မိနစ်၊ ၅၁ စက္ကန့် ဖြစ်၏။

သင်္ကြန်အခါကာလသည် တနင်္ဂနွေဖုဋ္ဌဂြိုဟ်စဉ်မိဿရာသီသို့ ရောက်ချိန်ဖြစ်၍ သင်္ချာသဘောဖြင့် တနင်္ဂနွေမန္ဒဥစ်ရာသီ အံသာသည် သင်္ကြန်အခါကာလ၏ အတိုင်းအတာ ဖြစ်သည်။ ထို့ကြောင့် သင်္ကြန်ကျချိန်၌ တနင်္ဂနွေ ဖုဋ္ဌဂြိုဟ် မိဿရာသီဝင်ချိန်ကာလမှ သင်္ကြန်တက်ချိန် တနင်္ဂနွေမဇ္ဈ မိဿရာသီသို့ ဝင်ချိန်၌ တည်ရှိသော တနင်္ဂနွေဖုဋ္ဌဂြိုဟ်စဉ်၏ အံသာသည် သင်္ကြန်အခါကာလအတွင်းသွားသော တနင်္ဂနွေဖုဋ္ဌဂြိုဟ်စဉ်အံသာများ ဖြစ်၍ ထိုနေ့များ၏ တနင်္ဂနွေဖုဋ္ဌဂြိုဟ်စဉ်တရက်တက်ဘုတ္တိနှင့် စားသော် သင်္ကြန်အခါတော်၏ ရက်ပိုင်းအချိန်နာရီကို ရပေမည်။

သက္ကရာဇ် ၁၃၀၀ မှ ၁၄၀၀ အတွင်း ကိန်းသေမန္ဒဥစ် ၇၇ အံသာ၊ ၁၇ လိတ္တာ၊ ၃၉ ဝိလိတ္တာဖြင့် တနင်္ဂနွေမဇ္ဈဂြိုဟ် မိဿရာသီဝင်ချိန် အခါ၌ တနင်္ဂနွေဖုဋ္ဌဂြိုဟ်စဉ် တွက်သော် အောက်ပါအတိုင်း ဖြစ်၏။

| | အံသာ | လိတ္တာ | ဝိလိတ္တာ |
|---|---|---|---|
| တနင်္ဂနွေမန္ဒဥစ် | ၇၇ | ၁၇ | ၃၉ |
| တနင်္ဂနွေမဇ္ဈ | ၀ | ၀ | ၀ |
| ကိန္ဒြ | ၇၇ | ၁၇ | ၃၉ |
| ဝိဝရ | ၂ | ၇ | ၂၉ |
| တနင်္ဂနွေဖုဋ္ဌ | ၂ | ၇ | ၂၉=၂.၁၂၃၁၂၅၅ အံသာ |



ဤဖုဋ္ဌဂြိုဟ်စဉ်သည် သင်္ကြန်အခါကာလ အပိုင်းအခြား ဖြစ်၏။ ၎င်းကို တည်ကိန်းပြု၍ တနင်္ဂနွေဖုဋ္ဌဂြိုဟ်စဉ်၏ တရက်တက်ဘုတ္တိနှင့်စားသော် သင်္ကြန်ကာလ၏ ရက်နာရီ စသည်ကို ရ၏။ သို့သော် တနင်္ဂနွေဖုဋ္ဌဂြိုဟ်စဉ်၏ တရက်သွားဘုတ္တိမှာ တရက်နှင့်တရက် မတူချေ။ ထို့ကြောင့် သင်္ကြန်ကျသောရက်မှ သင်္ကြန်တက်သော ရက်များ၏ သန်ကောင် ဂြိုဟ်စဉ်များကို တွက်၍ တရက်သွား ဘုတ္တိများ၏ ပျမ်းမျှကိုတွက်၊ အထက်ပါ တနင်္ဂနွေဖုဋ္ဌဂြိုဟ်စဉ်တွင် စားသော် သင်္ကြန်ကာလ အပိုင်း အခြားအမှန်ကို ရပေမည်။

**သက္ကရာဇ် ၁၃၂၅ ၏ သင်္ကြန်အခါကာလ တွက်နည်း**

(က) ခရစ်နှစ် ၁၉၆၃၊ ဧပြီလ ၁၆ ရက် သင်္ကြန်တက် နှစ်သစ်ကူးချိန်၏ အနာဂတ်ရက်ကြွင်း၊ ဥဂျိန်း ဒေသန္တရ = ၀.၆၅၇၂၈၀

(ခ) တနင်္ဂနွေမဇ္ဈဂြိုဟ်၏တရက်တက်ဘုတ္တိ ၅၉လိတ္တာ၊ ၈ ဝိလိတ္တာ = ၀.၉၈၅၆၀၃ အံသာ။

သို့အတွက် နှစ်သစ်ကူးသင်္ကြန်တက်သောနေ့(၁၆-၄-၆၃) ဥဂျိန်း ဒေသန္တရ၌ရှိသော တနင်္ဂနွေမဇ္ဈဂြိုဟ် = ၀.၆၅၇၂၈ × ၀.၉၈၅၆၀၃ = ၀.၆၄၇၈၇ = ၀ အံသာ၊ ၃၈ လိတ္တာ၊ ၅၂ ဝိလိတ္တာ။

တနင်္ဂနွေမဇ္ဈဂြိုဟ် မိဿရာသီသို့ ရောက်စဉ် တနင်္ဂနွေဖုဋ္ဌဂြိုဟ်စဉ်သည် ၂ အံသာ၊ ၇ လိတ္တာ၊ ၂၉ ဝိလိတ္တာ ရသည်။ တနင်္ဂနွေဖုဋ္ဌဂြိုဟ်စဉ် တရက်ပျမ်းမျှတက်ဘုတ္တိသည် ၅၈ လိတ္တာ၊ ၄၁ ဝိလိတ္တာ ဖြစ်၏။ ထို့ကြောင့် သင်္ကြန်အခါကာလသည်

# သင်္ကြန်အခါတွင်း၏ တနင်္ဂနွေဂြိုဟ်စဉ်နှင့် ဘုတ္တိတွက်ကိန်း

ဇယား အမှတ် [၂၃]

| | ၁၃-၄-၆၃ | | | ၁၄-၄-၆၃ | | | ၁၅-၄-၆၃ | | | ၁၆-၄-၆၃ | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | အံသာ၊ | လိတ္တာ | ဝိလိတ္တာ၊ | အံသာ၊ | လိတ္တာ၊ | ဝိလိတ္တာ၊ | အံသာ၊ | လိတ္တာ၊ | ဝိလိတ္တာ၊ | အံသာ၊ | လိတ္တာ၊ | ဝိလိတ္တာ၊ |
| ဓနုဥစ် | ၇၇ | ၁၇ | ၃၉ | ၇၇ | ၁၇ | ၃၉ | ၇၇ | ၁၇ | ၃၉ | ၇၇ | ၁၇ | ၃၉ |
| တနင်္ဂနွေမဇျ | ၃၅၇ | ၄၁ | ၂၈ | ၃၅၈ | ၄၀ | ၃၆ | ၃၅၉ | ၃၉ | ၄၄ | ၀ | ၃၈ | ၅၂ |
| ကိန္ဒရ | ၇၉ | ၃၆ | ၁၁ | ၇၈ | ၃၇ | ၃ | ၇၇ | ၃၇ | ၅၅ | ၇၆ | ၃၈ | ၄၇ |
| ဝိဝရ | ၂ | ၈ | ၂၅ | ၂ | ၈ | ၀ | ၂ | ၇ | ၃၃ | ၂ | ၇ | ၄ |
| **တနင်္ဂနွေဖုဋ္ဌ** | ၃၅၉ | ၄၉ | ၅၃ | ၀ | ၄၈ | ၃၆ | ၁ | ၄၇ | ၁၇ | ၂ | ၄၅ | ၅၆ |
| **ဘုတ္တိလိတ္တာ** | | ၅၈ | ၄၃ | | ၅၈ | ၄၁ | | ၅၈ | ၃၉ | | | |



**တနင်္ဂနွေဖုဋ္ဌဂြိုဟ်စဉ်ကိုတည်၍ တနင်္ဂနွေဖုဋ္ဌဘုတ္တိနှင့် စားသော် သင်္ကြန်အခါတော်ကာလအစင်အကြယ်ကို ရသည်။**

**ဝိလိတ္တာပုံပြု၍စား** = ၇၆၄၃.၂၅ ÷ ၃၅၂၂
= ၂ ရက်၊ ၂၄ နာရီ၊ ၅ မိနစ်၊ ၅၄ စက္ကန့်။

[**မှတ်ချက်။** အထက်ပါ ကိန္ဒရမှ ဝိဝရ တွက်နည်းများသည် သူရိယသိဒ္ဓန္တကျမ်း၏ တွက်ကိန်းကို အမှီပြု၍ ခေတ်သစ်ချာတြိဂေါနော်မယ်ထရီ ဇယားများဖြင့် တွက်သည်။ သူရိယ သိဒ္ဓန္တကျမ်း၏ တနင်္ဂနွေဂြိုဟ်စဉ်တွက်သော ၂၄ ဇယားနှင့် တွက်သော် အဖြေအနည်းငယ် ကွာပေမည်။ ယခုတွက်သော နည်းမှာ ဇယား ၅၄၀၀ နှင့်ညီမျှသော တြိဂေါနော်မယ်ထရီ၊ ကမ္ဘဇယား ဖြစ်သည်။ ]

## သင်္ကြန်ကျသောအချိန် တွက်နည်း

| | | နာရီ၊ | မိနစ်၊ | စက္ကန့် |
|---|---|---|---|---|
| **သက္ကရာဇ် ၁၃၂၅ ၏ နှစ်ကူးချိန်။** | | | | |
| | ခရစ်နှစ် ၁၉၆၃ ဧပြီလ ၁၆ ရက် | ၉ | ၄၀ | ၃၂ |
| | သင်္ကြန်ကာလ နှစ် ၂ | ၄ | ၅ | ၅၄ |
| **သင်္ကြန်ကျသောအချိန်၊** | ၁၉၆၃ ဧပြီလ ၁၄ | ၅ | ၃၄ | ၃၈ |

မြန်မာစံတော်ချိန်။

**ဒုတိယတွက်နည်း။** ခရစ်နှစ် ၁၉၆၃ ဧပြီလ ၁၃ ရက်၏ သန်းခေါင် တနင်္ဂနွေဖုဋ္ဌဂြိုဟ်စဉ်သည် ၃၅၉ အံသာ၊ ၄၉ လိတ္တာ၊ ၅၃ ဝိလိတ္တာ ရှိသည်။ မိဿရာသီသို့ ဝင်ရန် **၁၀** လိတ္တာ၊ ၇ ဝိလိတ္တာ လိုသေးသည်။ ၎င်းကို **၂၄** နာရီနှင့် မြှောက်၍ တရက်တက်ဘုတ္တိ ၅၈ လိတ္တာ၊

၄၃ ဝိလိတ္တာနှင့် စားသော် တနင်္ဂနွေ ဖုဒ္ဓဂြိုဟ်စဉ်၊ မိဿရာသီသို့ ဝင်ချိန် သင်္ကြန်ကျသော အချိန် နာရီ ရသည်။

၁၀ လိတ္တာ − ၇ ဝိလိတ္တာ = ၆၀၇ ဝိလိတ္တာ။
၅၈ ၄၃ = ၃၅၂၃

သင်္ကြန်ကျသောအချိန်

=၆၀၇×၂၄−၃၃၂၃ = ၄ နာရီ၊ ၈ မိနစ်၊ ၆ စက္ကန့်။

| | | | |
|---|---|---|---|
| ၎င်းအချိန်သည် ဥဂျိန်း ဒေသန္တရနာရီဖြစ်၍ (+) | ၁ | ၂၆ | ၅၂ |
| မြန်မာ့သင်္ကြန်ကျသောအချိန် | ၅ | ၃၄ | ၅၈ |

မြန်မာစံတော်ချိန်။

အထက်ပါ တွက်ကိန်းနှင့်ယှဉ်သော် ဒုတိယနည်းသည် စက္ကန့် ၂၀ ခန့်သာ မြန်၏။

ပက္ခဒိန်အဖွဲ့၏ သင်္ကြန်ကာလ

| | | | |
|---|---|---|---|
| သင်္ကြန်ကျချိန် | ၅ နာရီ၊ | ၃၃ မိနစ်၊ | ၅၅ စက္ကန့်။ |
| သင်္ကြန်တက်ချိန် | ၉ | ၃၈ | ၃၆ |

စာရေးသူ၏ သင်္ကြန်ကာလ

| | | | |
|---|---|---|---|
| သင်္ကြန်တက်ချိန် | ၅ နာရီ၊ | ၃၄ မိနစ်၊ | ၃၈ စက္ကန့်။ |
| သင်္ကြန်တက်ချိန် | ၉ | ၄၀ | ၃၂ |

ဤကား သင်္ကြန်ကျသောအချိန်နှင့် သင်္ကြန်တက်သော အချိန် အစင်အကြယ် တွက်နည်းများကို ဥပမာများနှင့်တကွ ဖော်ပြခြင်း ဖြစ်ပါသည်။ ပက္ခဒိန်အကြံပေးအဖွဲ့၏ အချိန် အနည်းငယ်ကွာခြားမှုသည် ဥဂျိန်းမြို့၏ ဒေသန္တရ မချလော၊ လောင်ဂျီတွဒ်ကွာခြားမှုနှင့် သင်္ကြန်အခါကာလ ကွာခြားမှု ကြောင့် ဖြစ်ပေသည်။



**ဒေသန္တရနာရီ၏ မှတ်ချက်များ**

၁။ ဥဂျိန်းမြို့ (လက်ံဒေသန္တရ)သည် လောင်ဂျီတွဒ် (ရှေ့)
၇၅ အံသာ၊ ၄၇ လိတ္တာ။

၂။ ဥဂျိန်းမြို့ ။ လတ္တီတွဒ် (မြောက်)
၂၃ ၁၁

၃။ မြန်မာပြည် စံတော်ချိန်နာရီ
လောင်ဂျီတွဒ်(ရှေ့) ၉၇ ၃၀

၄။ လက်ံဒေသန္တရနှင့် မြန်မာစံတော်ချိန်နာရီ
၁ နာရီ၊ ၂၆ မိနစ်၊ ၅၂ စက္ကန့်။

၅။ သင်္ကြန်ကာလ။ ၂ ရက်၊ ၄ နာရီ၊ ၅ မိနစ်၊ ၅၄ စက္ကန့်။

## ၂။ ကဆုန်လသင်္ကြန်နှင့် ကဆုန်လပြည့်ဗုဒ္ဓနေ့။

သုရိယသိဒ္ဓန္တကျမ်းကို မူလနာဂရီဘာသာမှ မြန်မာဘာသာသို့ ပြန်ဆိုတော်မူသော ညောင်ကန် ဆရာတော်ဘုရားကြီး သည် သက္ကရာဇ် ၁၂၁၇ ၌ အဓိမာသ်ပို့ဖြင့် လထပ်အဆုံး အဖြတ် ပေးတော်မူသောအခါ "အဓိမာသ် ခုနစ်ပါးလုံးသည် ပို့သောနှစ်၌သာတင်၍ လထပ်ခြင်းသည် ကဆုန်လ၌ သင်္ကြန် ကင်း၏" ဟု မိန့်တော်မူခဲ့၏။ သို့အတွက် သုရိယသိဒ္ဓန္တကျမ်းအရ ကဆုန်လ၌ သင်္ကြန်ကျခြင်းကို ညောင်ကန် ဆရာတော်ဘုရား နှစ်ခြိုက်တော်မမူကြောင်း သိရ၏။ ကဆုန်လ သင်္ကြန်ကင်းစေ ခြင်းငှာ တင်၍လထပ်ခြင်းကို အလိုရှိပေသည်။ ညောင်ကန် ဆရာတော် အဆုံးအဖြတ် ပေးတော်မူသောကာလ၌ ကဆုန် လပြည့်သည် မြန်မာပြည်တွင်း၌သာ ဗုဒ္ဓနေ့ကျင်းပ၏။ နိုင်ငံ ခြား ဗုဒ္ဓဘာသာဆိုလျှင် သီဟိုဠ် ဗုဒ္ဓဘာသာများနှင့်သာ

အဆက်အသွယ်ရှိ၍ ဗုဒ္ဓပွဲတော်နေ့များ အတူတကွကျင်းပလို သော် ကဆုန်လ၌ သင်္ကြန်ကင်းစေရန် အဓိမာသ်ပြုသောနှစ်၌ လထပ်သောစည်းကမ်းကို ကေန်မုချ ပြုလုပ်ခဲ့မည်မှာ မလွဲချေ။

အိန္ဒိယပြည် ဟိန္ဒူများ၏ပက္ခဒိန်တွင်ပဌမစိတြလ၌ လထပ် ပြုသဖြင့် နှစ်တိုင်း ဝိသာခါလပြည့် ဗုဒ္ဓဇယန္တီနေ့ အစဉ်ညီညွတ် သည်။ ရခိုင်ပက္ခဒိန်သည်လည်း တန်ခူးလတွင် လထပ်သော ကြောင့် ကဆုန်လပြည့်သည် ဗုဒ္ဓနေ့နှင့် အစဉ်ညီညွတ်သည့် အပြင် ကဆုန်လ၌ သင်္ကြန်အစဉ်ကင်း၏။

ညောင်ကန်ဆရာတော်သည် သက္ကရာဇ် ၁၂၁၇ ၌ ရက်လွန် ၂၇ ဖြစ်၍ သုဒ္ဓဒိန် ၉၀ ရက်၊ မေထုန်ရာသီ၊ ၂၈ အံသာကျော်၊ နယုန်လရာသီတွင် အဓိမာသ်ပြုသောကြောင့် ထိုနှစ်ဝါဆိုလတွင် ဒုတိယ ဝါဆိုလထပ်ပြုရန် အဆုံးအဖြတ်ပေးခဲ့၏။ မေထုန်၊နယုန် လ ရာသီအဆုံးခန့်တွင် အဓိမာသ်ဖြစ်သဖြင့် နယုန်လတွင် လထပ်ပြုရပေမည်။ သို့သော် ဒုတိယ ဝါဆိုလဖြင့်သာ လထပ် သောစည်းကမ်း ရှိသောကြောင့် နယုန်လတွင် လထပ်မပြုရပေ။ သူရိယသိဒ္ဓန္တကျမ်းသည် သက္ကရာဇ် ၁၂၀၃ တွင် မြန်မာပြည်သို့ ရောက်သော်လည်း၊ သက္ကရာဇ် ၁၂၈၉ တွင် ရက်လွန်(၂၈ ဒိုင်) ၂၉ ရှိ၍ သုဒ္ဓဒိန် ၄၁ ရက် ပြိဿရာသီတွင် အဓိမာသ်ပြုခဲ့သော် လည်း· ထိုနှစ်၌ လထပ်နှစ်မပြုခဲ့ချေ။သက္ကရာဇ် ၁၂၁၀ ၌သာ လထပ်နှစ်ပြုခဲ့၏။ ဤသို့ဖြစ်ရခြင်းမှာ ထိုအခါ၌ ၁၉ နှစ် လထပ် ကိန်း မှုသေစားကြွင်းဖြင့် လထပ်ရမည်ဟူသော ဝါဒ၏ဖုံးလွှမ်း မှု ရှိနေသည့်အပြင် သူရိယသိဒ္ဓန္တကျမ်း ရှိသော်လည်း ထိုကျမ်း ၏ ပညာပြန့်ပွားမှု အရှိန်အဝါ နည်းပါးနေခြင်းကြောင့်လည်း ဖြစ်ပေမည်။ သက္ကရာဇ် ၁၂၁၇ မှအစပြု၍ ညောင်ကန် ဆရာ တော်၏ လထပ်စည်းကမ်း၌ ကဆုန်လ သင်္ကြန်ကင်းစေရမည်ဟု



အဆိုရှိခဲ့သော်လည်း နှစ်ပေါင်း ၁၀၀ တွင် အကြိမ်ပေါင်း ၃၀ ကျော် ကဆုန်လ၌ သင်္ကြန်ဖြစ်ပေါ်ခဲ့၏။ အကြောင်းမှာ ရွှေ့ လေးရာသီ၌ အဓိမာသ်ပြုသောနှစ် ရက်လွန် ၂၆ ရှိသော နှစ်များ၌သာ လထပ်ပြုခဲ့ခြင်းကြောင့် ပေတည်း။ ကဆုန်လ တိုင်း၌ သင်္ကြန်အစဉ်အမြဲကင်းလိုလျှင် ရက်လွန် ၁၉ ကျသော နှစ်များ၌ လထပ်ပြုရပေမည်။

သက္ကရာဇ် ၁၃၁၇ တွင် လထပ်ပြုရခြင်းအကြောင်း တင်ပြ ခဲ့ပြီးဖြစ်၏။ နိုင်ငံခြား ဗုဒ္ဓနေ့နှင့် တလကွာဖြစ်မှုကြောင့် ထိုနှစ် ၌ ရက်လွန် ၂၄ မပြည့်သော်လည်း (၂၃-၇၆၂၆) လထပ်ခဲ့ရ ပေသည်။ ညောင်ကန် ဆရာတော်သည် သက္ကရာဇ် ၁၂၁၇ ၌ လထပ်စည်းကမ်းကို တော်လှန်သကဲ့သို့ မြန်မာ့လွတ်လပ်ရေး ခေတ် သက္ကရာဇ် ၁၃၁၇ နှစ်တရာပြည့်သောနှစ်၌ ခေတ် အလျောက် လထပ်စည်းကမ်းကို တော်လှန်ခဲ့ရပေသည်။ ရှေး အခါများ၌ လထပ်ရက်ငင် ပြဿနာသည် မကြာခဏ အငြင်း အခုံဖြစ်ကြသော်လည်း သက္ကရာဇ် ၁၃၁၇ တွင် လထပ်စည်း ကမ်းသည် လုပ်ရိုးလုပ်စဉ်အတိုင်းမဟုတ်ဘဲ မူသစ်တမျိုးပြုခဲ့ သော်လည်း အများလက်ခံနိုင်သော အကြောင်းရှိ၍ အငြင်း ပွားမှုပြဿနာများ မပေါ်ပေါက်ခဲ့ချေ။ အကြောင်းမူကား ကဆုန်လပြည့်သည် မှုမှန်သောနေ့ကျခြင်းနှင့် ကဆုန်လ၌ သင်္ကြန်ကင်းခြင်းကို အများနှစ်သက်သည်မှာ ထင်ရှားလှ၏။ အထူးသဖြင့် ဆရာတော် သံဃာတော်များ နှစ်သက်ခြင်း ကြောင့်ပေတည်း။ ဤမူသည် ထိုဆုံးဖြတ်သော သက္ကရာဇ် ၁၃၁၇ ၏ ရက်လွန်ဖြင့်သာ အခြေခံပြုကြ၏။ သက္ကရာဇ် ၁၃၂၂ တွင် ရက်လွန် ၁၉ ဖြစ်၍ လထပ်မပြုခဲ့ပေ။ သက္ကရာဇ် ၁၃၂၅ ၌ လည်း ရက်လွန် ၂၃ ဖြစ်၍ လထပ်မပြုခဲ့ပေ။ အဓိမာသ်ပြုသော

သုဒ္ဓဒိန် ၂၅၃ ရက်ဖြင့် ဓနုရာသီ ၁၁ အံသာတွင်ပို၏။ ပဌမ ရှစ်ရာသီထက်လွန်သောကြောင့် ဝါဘပ်မပြုခဲ့။ သို့သော် ကဆုန် လ သကြံန်ကင်းရန်အပြင် ကဆုန်လပြည့် ဗုဒ္ဓနေ့မှုမှန်နှင့် မညီ ညွတ်မှုများကို မကြည့်ချေ။

နောင်လာမည့်သက္ကရာဇ် ၁၃၃၃ နှင့် ၁၃၄၁ များ၌ ရက်လွန် ၂၃ နှင့် ၂၀ ရှိ၍ ထိုနှစ်များ၌ လထပ်မပြုသော် သက္ကရာဇ် ၁၃၃၄ နှင့် ၁၃၄၂ တို့၌ ကဆုန်လသကြံန်နှင့် ကဆုန်လပြည့် ဗုဒ္ဓနေ့ တလကွာပြဿနာဖြစ်မည်။ ထိုအတူ သက္ကရာဇ် ၁၃၄၄ ၌ ရက် လွန် ၂၃ (၂၂.၄၄၈) သုဒ္ဓဒိန် ၂၅၀ ဓနုရာသီ ၆ အံသာ၌ အဓိ မာသ်ပို့သည်။ ရှေ့ရှစ်ရာသီအတွင်း၌ အဓိမာသ်မပို့ချေ။ မည်ကဲ့ သို့ လထပ်အဆုံးအဖြတ်ပြုမည်ကိုစောင့်၍ ကြည့်ရပေမည်။

ကဆုန်လတွင် သကြံန်အမြဲကင်း၍ ကဆုန်လပြည့်သည် လည်း မှုမှန်ဗုဒ္ဓနေ့နှင့်ညီညွတ်သော မြန်မာဝေါဟာရ ပက္ခဒိန် ဖြစ်လိုသော်(ဝါ) "သားရှေ့အိုးထမ်းလာသည်ကို မြင်လိုသော်" အောက်ပါတင်ပြသော လထပ်စည်းကမ်းနှစ်မျိုးတွင် သင့်လျော် သော စည်းကမ်းကို လိုက်နာသင့်ပါသည်။

၁။ ရက်လွန် ၁၉ ရှိသောနှစ်များ၌ လဘပ်ခြင်းသည် တင်ကြို၍ လထပ်ခြင်းသဘောဖြစ်၏။ ဤနေရာ၌ အဓိမာသ် ပို့သောရာသီများကို စိစစ်ရန်မလိုချေ။ ယခုကျင့်သုံးလျက်ရှိသော ဒုတိယဝါဆိုလ ဖြင့် လထပ် ပြုနိုင်သည်။ ညောင်ကန် ဆရာတော် မိန့်ကြားတော် မူခဲ့သည်မှာ တင်ကြို၍ လထပ်ခြင်း သည် ကဆုန်လ၌ သကြံန်ကင်းစေ၏။

၂။ အထက်ပါရက်လွန် ၁၉ ရှိသောနှစ်များ၌ လထပ်မပြု လိုသော် ယခုလက်ရှိ လဘပ်စည်းကမ်းအတိုင်းထား



၍ ဒုတိယဝါဆို၌သာ လထပ်လိုသော် ကဆုန်လ၌ သကြံန်မကင်းချေ။ ထို့ကြောင့် ဒုတိယဝါဆိုဖြင့် လဘပ်မပြုပဲ ဒုတိယတန်ခူးနှင့်ဖြစ်စေ၊ဒုတိယကဆုန် ဖြစ်စေ လဘပ်ပြုရပေမည်။ရက်ငင်သော် တန်ခူးလ တွင် ရက်ငင်ရမည်။ အကြောင်းမူကား ယခုရှိရင်း စည်းကမ်းဖြစ်သည့် နယုန်လ၌ ရက်ငင်ခြင်းသည် ဒုတိယဝါဆိုလပြည့်၌ တိထိနက္ခတ်များ ညီညွတ်စေ ရန် ရက်ငင်ရသကဲ့သို့ တန်ခူးလ၌ ရက်ငင်ခြင်းဖြင့် ကဆုန်လပြည့်နှင့် ဝါဆိုလပြည့်များ၌ တိထိနှင့် နက္ခတ်များ ညီညွတ်မှုရနိုင်လေသည်။

အထက်ပါ လဘပ်စည်းကမ်း နှစ်မျိုးတွင် တစ်အချက် သည် ဒုတိယဝါဆိုလဖြင့် လထပ်သောမှုကို မပြောင်းချေ။ ဒုတိ ယဝါဆိုလဖြင့် လထပ်ခြင်းသည် ပိဋကတ်တော် အလာနှင့် ညီညွတ်သည်ဟု အဆိုရှိ၏။ ထို့အပြင် အဓိမာသ်ပို့သောနှစ်၌ လဘပ်သော ဝါဒသည် မြတ်စွာဘုရားလက်ထက်၌ ကျင့်သုံး သော ဝါဒအစစ်ဖြစ်ကြောင်း သဘောပေါက်မိတန်ပါပြီ။

ကဆုန်လပြည့်၌ ဗုဒ္ဓနေ့ သတ်မှတ်ခြင်းသည် အကြောင်း သုံးပါး ရှိ၏။

၁။ မဟာသက္ကရာဇ် ၆၈၊ ကဆုန်လပြည့် သောကြာနေ့ တွင် ဘုရားအလောင်းတော် သိဒ္ဓတ္ထမင်းသားကို ဖွားတော်မူသည်။

၂။ မဟာသက္ကရာဇ် ၁၀၃၊ ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့တွင် ဗောဓိပင်နှင့် ရွှေပလ္လင်ကို အောင်မြင်တော်မူသည်။

၃။ မဟာသက္ကရာဇ် ၁၄၈၊ ကဆုန်လပြည့် အင်္ဂါနေ့တွင် ကုသိနာရုံပြည်၌ ပရိနိဗ္ဗာန် ပြုတော်မူသည်။

အထက်ပါ မြတ်စွာဘုရားနှင့် သက်ဆိုင်သော အချက်ကြီး သုံးချက်သည် ကဆုန်လပြည့်များနှင့် တိုက်ဆိုင်သောကြောင့် ဗုဒ္ဓဘာသာ လောကတွင် 'ကဆုန်လပြည့်နေ့' သည် အလွန်ထူး မြတ်သော နေ့ဖြစ်သည့် အလျောက် မုချ လပြည့်သော ထိုနေ့ ၌သာလျှင် ဗုဒ္ဓမြတ်စွာဘုရားအား ပူဇော်လိုကြပေမည်။ သို့ အတွက် မြန်မာဗုဒ္ဓဘာသာတို့၏ ယဉ်ကျေးမှုတရပ် ဖြစ်သော မြန်မာဝေါဟာရ ပက္ခဒိန်သည်လည်း မုချ လပြည့်နှင့် မူမှန် ဗုဒ္ဓနေ့ဖြင့် ခေတ်မီပက္ခဒိန် ပြုပြင်သင့်ပြီ။ ဤသို့ မူမှန် ဗုဒ္ဓနေ့ ဖြင့် မြန်မာပက္ခဒိန် ပြုပြင်ခဲ့သော် ဗုဒ္ဓဝင်နှင့်လည်း ညီညွတ် ပြည့်စုံပြီး ဖြစ်ပေလိမ့်မည်။ 'ခေတ်မီပက္ခဒိန်' ဆိုငြားလည်း ကေန်အာမှန်မှာ ဘုရားလက်ထက်တော်၌အသုံးပြုခဲ့သော ပက္ခဒိန် စည်းကမ်းကို ပြန်လည် လိုက်နာစေခြင်းပင် ဖြစ်၏။

မဟာသက္ကရာဇ်၁၄၈၊ကဆုန်လပြည့် အင်္ဂါနေ့တွင် ကုသိ နာရုံပြည်၌ ပရိနိဗ္ဗာန် ပြုတော်မူသော အချက်ကို အခြေ ခံ၍ စစ်ဆေးသော် မဟာသက္ကရာဇ် ၁၄၇ ၌ ဝါဆပ်နှစ် ပြုခဲ့သောကြောင့် ကဆုန်လပြည့်နှင့် အင်္ဂါနေ့ ညီညွတ် လျက် ရှိ၏။ ထိုအခါကာလက ဝါဆပ်စည်းကမ်းသည် အဘယ်စည်းကမ်း ဖြစ်သည်ကို ဆင်ခြင် စူးစမ်းသင့်၏။

## ၃။ မူမှန် ဗုဒ္ဓနေ့။

မူမှန်ဗုဒ္ဓနေ့ဟူသည် အဘယ်နေ့ကို ဆိုလိုသနည်း။ မည် သည့် အခြေအမြစ်ဖြင့် မူမှန်ဗုဒ္ဓနေ့ဟူ၍ ဆိုလိုသနည်း ဟူ၍ အမေးရှိခဲ့သော် အဖြေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

စာရေးသူသည် မြတ်စွာဘုရားနှင့် စပ်လျဉ်းသော အဆို



ပါ သက္ကရာဇ်များ၏ ပက္ခဒိန်နှင့် ကမ္ဘာ့ပက္ခဒိန်၏ နှစ်လရက် များကို စီစဉ်ရန်ကြံဆခဲ့၏။ ပက္ခဒိန်မည်သည် လွန်ခဲ့သော နှစ် ကာလကိုတွက်ရန် နည်းနိသျှများဖြင့် တွက်နိုင်သကဲ့သို့ ရှေ့လို သောနှစ်များ၏ အချိန်ကာလ ပက္ခဒိန်များကိုလည်း တွက်ချက် နိုင်ရပေမည်။ သို့သော် မြန်မာဝေါဟာရ ပက္ခဒိန်တွင် ရှေ့တင်ကြို ၍ ပက္ခဒိန်စီစဉ်ရန် ကိစ္စမှာ အလွန်ခဲယဉ်း၍ မဖြစ်နိုင်သေးပေ။ ထို့အတူ လွန်ခဲ့သော နှစ်များ၏ ပက္ခဒိန်ကို သူရိယသိဒ္ဓန္တကျမ်း ၏ တွက်နည်းဖြင့်တွက်သော်လည်း နှစ်တိုင်းအတွက်တွက်ချက် ၍မရချေ၊ အချို့နှစ်များအတွက်သာရရှိ၏။ သို့သော် သူရိယ သိဒ္ဓန္တကျမ်း၏ တွက်ကိန်းများအရ ဘုရားလက်ထက်တော်၏ ပက္ခဒိန်စီစဉ်သောအခါ၌ သူရိယသိဒ္ဓန္တကျမ်း စာမျက်နှာ ၁၈ တွင် ဖော်ပြသော တန်ခူးလဆန်း၊ ပြဂုဏ်းဖော်နည်းနှင့် လို သောနေ့ သုဒ္ဓဒိန်ဖော်နည်း သဘောတရားဖြင့် ပက္ခဒိန်စီစဉ်ခဲ့၍ အောင်မြင်ခဲ့၏။

အတာဗိုလ်ဘွက်သောအခါတွင် တိထိရက်လွန်ကိန်းသည် နှစ်ဆန်း၌ တည်သော တနင်္ဂနွေဂြိုဟ်နှင့် တနင်္လာဂြိုဟ်တို့၏ အ ကွာအဝေး အတိုင်းအထွာပင် ဖြစ်၏။ ထိုနှစ်ဆန်း တိထိကိုတည် ၍ ၁၂ နှင့် မြှောက်သော် တနင်္ဂနွေဂြိုဟ်နှင့် တနင်္လာဂြိုဟ်၏ အံသာ အကွာအဝေးကို ရသည်။ နှစ်ဆန်းကာလ၌ တနင်္ဂနွေမချ ဂြိုဟ်သည် သုညဖြစ်၍ ထိုတိထိရက်သည် နှစ်ဆန်းမှ တနင်္လာ ဂြိုဟ်၏ အံသာ အကွာအဝေး ဖြစ်လာ၏။ ထိုတိထိရက်ကို သာဝနရက်ပြုသော် တန်ခူးလဆန်း တရက်မှ နှစ်ဆန်းရက်အထိ ရက်စဉ်ရ၏။ ဤသဘောတရားဖြင့် မဟာသက္ကရာဇ် ၆၈၊ ၁၀၃ နှင့် ၁၄၈ ၏ ပက္ခဒိန်များ စီစဉ်သောအခါ၌ မဟာသက္ကရာဇ် ၁၄၈ ၏ ပက္ခဒိန်သည် အလွန်အရေးကြီးသည်ကို တွေ့ရှိရပေ

သည်။ ထိုနှစ်၌ ရက်လွန် ၃ ဖြစ်၍ မဟာသက္ကရာဇ် ၁၄၇ ၌ ရက်လွန် ၂၂ ရက်ဖြစ်၏။

ရက်လွန် တွက်နည်းမှာ။

| | |
|---|---|
| သက္ကရာဇ် ၁၄၈ ၏ တိထိရက်လွန် | ၃၂.၇၇၀၃၁ |
| တနှစ်၏ တိထိရက်လွန် | ၁၁.၀၆၄၈၃ |
| သက္ကရာဇ် ၁၄၇ ၏ တိထိရက်လွန် | ၂၁.၇၀၅၄၈ |

မဟာသက္ကရာဇ် ၁၄၇ ၌ ရက်လွန် ၂၁.၇၀၅၄၈ ဖြစ်၍ သုဒ္ဓိဒိန် ၂၇၄ မကာရရာသီအဝင်၌ အဓိမာသ် ပြို၏။ မြန်မာဝေါဟာရ ပက္ခဒိန်တွင် လက်လှမ်းမှီသော ပုဂံခေတ်၊ အင်းဝခေတ်၊ ညောင်ကန်ဆရာတော်ခေတ်၊ အင်္ဂလိပ်ခေတ်များ၌ ရက်လွန် ၂၆ ကျော်သော နှစ်များ၌သာ လဆပ်ပြုခဲ့၏။ မြန်မာ့လွတ်လပ်ရေးခေတ်၌ ရက်လွန် ၂၃ ရှိသောနှစ်၌ ပြုပြင်၍ လထပ်ခဲ့၏။ မြတ်စွာဘုရား လက်ထက်၏ ပက္ခဒိန် တွက်ရာ၌ ရက်လွန် ၂၂ ရက် ရှိသော်လည်း လဆပ်ခဲ့ရခြင်းမှာ အထင်အရှား ဖြစ်ကြောင်းကို ဖော်ပြပေအံ့။

မဟာသက္ကရာဇ် ၁၄၈ ၌ ရက်လွန် ၃ ရက်ရှိ၏။ တန်ခူးလဆန်း ၃ ရက်နေ့တွင် အတာသင်္ကြန်တက် ဗုဒ္ဓဟူးနေ့ ဖြစ်၏။ ထို့ကြောင့် တန်ခူးလဆန်း တရက်သည် တနင်္လာနေ့ဖြစ်၍ ကဆုန်လဆန်း တရက်နေ့သည် အင်္ဂါနေ့ဖြစ်၏။ ထို့ကြောင့် ကဆုန်လပြည့်သည်လည်း အင်္ဂါနေ့ဖြစ်၏။ မဟာသက္ကရာဇ် ၁၄၇ တွင် လထပ်ပြုခဲ့သောကြောင့် မဟာသက္ကရာဇ် ၁၄၈ ၌ ကဆုန်လတွင် သင်္ကြန်ကင်း၏။ မဟာသက္ကရာဇ် ၁၄၇ ၏ နှစ်ဦး တန်ခူးလ ပက္ခဒိန် ဇယားအမှတ် ၃၇ တွင် တန်ခူးလဆန်းတရက်သည် အင်္ဂါနေ့ဖြစ်၍ ထိုနှစ်၌ ဝါဆိုငယ်ထပ်သောနှစ်ဖြစ်သဖြင့် သက္ကရာဇ် ၁၄၈ ၏ တန်ခူးလဆန်း တရက်သည် တနင်္လာနေ့



ဖြစ်၏။ အကယ်၍ မဟာသက္ကရာဇ် ၁၄၇ တွင် လထပ်မပြုခဲ့ဘဲ သာမန်နှစ် ဖြစ်ချေသော် သက္ကရာဇ် ၁၄၈ ၏ တန်ခူးလဆန်း တရက်သည် စနေနေ့ဖြစ်ရပေမည်။ ထို့ကြောင့် ကဆုန်လဆန်း တရက်သည်လည်း တနင်္ဂနွေနေ့ဖြစ်၍ ကဆုန်လပြည့်သည်လည်း တနင်္ဂနွေ ဖြစ်ရပေမည်။ ထိုအတူ မဟာသက္ကရာဇ် ၁၄၈ ၌ ရက်လွန် ၃၃ ရက် ဖြစ်၍ ကဆုန်လဆန်း ၄ ရက် (၃၃ တန်ခူးလ – ၂၉ = ၄) ဗုဒ္ဓဟူးနေ့၌ အတာနေ့ ဖြစ်ရမည်။ ထိုအခါ၌ ကဆုန်လသည် တနင်္ဂနွေဆန်းသောလ ဖြစ်သောကြောင့် ကဆုန်လပြည့်သည် အင်္ဂါနေ့ ဖြစ်ချေမည်။ ဗုဒ္ဓဝင်ကျမ်း၌ မဟာသက္ကရာဇ် ၁၄၈ ကဆုန်လပြည့် အင်္ဂါနေ့၌ မြတ်စွာဘုရား ပရိနိဗ္ဗာန် ပြုတော်မူသည် ဟူ၍သာ ပါသည်။ တနင်္ဂနွေနေ့ဟု မဆိုသဖြင့် မဟာသက္ကရာဇ် ၁၄၇ တွင် လဆပ်ပြုခဲ့သည်မှာ ထင်ရှားလှပေသည်။ ဤအချက်နှင့်ပတ်သက်သော အကြောင်း အရာများရှေ့တွင် ထင်ရှားပါလိမ့်မည်။

၁။ မြတ်စွာဘုရားအလောင်းတော် သိဒ္ဓတ္ထမင်းသား ဖွားတော်မူသော မဟာသက္ကရာဇ် ၆၈၊ တန်ခူးလဆုတ် ၃ ရက် တနင်္ဂနွေနေ့တွင် သင်္ကြန်အတာကူး နှစ်ဆန်း၍ သုဒ္ဓိဒိန် ၂၆ ရက်တွင် ကဆုန်လပြည့် သောကြာနေ့၌ဖွား၏။

၂။ ဘုရားအလောင်းတော်သည် ဗောဓိပင်နှင့် ရွှေပလ္လင်၌သစ္စာလေးပါး မြတ်တရားကို သိမြင်တော်မူ၍ ဗုဒ္ဓဘုရား ဖြစ်တော်မူသော မဟာသက္ကရာဇ် ၁၀၃ ၌၊ တန်ခူးလပြည့် အင်္ဂါနေ့တွင် သင်္ကြန်အတာကူး နှစ်ဆန်းသည့်အပြင် သုဒ္ဓိဒိန် ၂၉ ရက်တွင် ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့၌ကျသည်။

၃။ မြတ်စွာဘုရား ပရိနိဗ္ဗာန် ပြုတော်မူသော မဟာသက္ကရာဇ် ၁၄၈ ၌ တန်ခူးလဆန်း ၃ ရက်၊ ဗုဒ္ဓဟူးနေ့၌ သင်္ကြန်အတာနှစ်ကူး၍ သုဒ္ဓဒိန် ၄၁ ရက်တွင် **ကဆုန်လပြည့် အင်္ဂါနေ့၌ ကျသည်။**

အထက်ပါမဟာသက္ကရာဇ်များတွင် ကဆုန်လပြည့်သည် သင်္ကြန်အတာကူး နှစ်ဆန်းမှ အနည်းဆုံး သုဒ္ဓဒိန် ၂၆ ရက်တွင် ကျသဖြင့် ယခုခေတ်၌ ကဆုန်လတွင် သင်္ကြန်အတာကူးသောနှစ်များ၌ ကဆုန်လပြည့်သည် သုဒ္ဓဒိန် ၇ ရက်မှ ၁၅ ရက်သာကွာ၏။ ယခုသက္ကရာဇ် ၁၃၂၆ ၌ ကဆုန်လဆန်း ၅ ရက် ဗုဒ္ဓဟူးနေ့၌ သင်္ကြန်အတာ နှစ်ဆန်းဖြစ်၍ သုဒ္ဓဒိန် ၁၀ ရက်တွင် ဝေါဟာရ ကဆုန်လပြည့်ဖြစ်သော်လည်း ကဆုန်လပြည့်ကျော် ၂ ရက်၌သာ မုချလပြည့်ဖြစ်၏။ ထို့ကြောင့် နိုင်ငံခြား ဗုဒ္ဓနေ့နှင့်တလကွာသည့်အပြင် မြန်မာပြည်၌ ကဆုန်ညောင်ရေသွန်းပွဲတော်သည်လည်း မုချလပြည့်၌ မကျင်းပဘဲ ၂ရက်ကွာစော၍ ကျင်းပသည်။ ဤမျှအရေးကြီးသောနေ့ လွဲမှားမှုသည် ပက္ခဒိန်ချို့ယွင်းခြင်းတရပ်ဖြစ်၏။ အကယ်၍ သက္ကရာဇ် ၁၃၂၅ တွင် လဆပ်နှစ်ပြုခဲ့သော် သုဒ္ဓဒိန် ၄၀ ၌ ကဆုန်လပြည့်နေ့ ကြုံကြိုက်လေသည်။ ယင်းကဆုန်လပြည့်နေ့သည် ဝိသာခါနက္ခတ်နှင့် စန်းယှဉ်လျက် ထိုနေ့ညဥ့် သန်ကောင်ကျော်၌ မုချလပြည့်သော ဗုဒ္ဓနေ့ဖြစ်ပြီးလျှင် နိုင်ငံခြား ဗုဒ္ဓနေ့များနှင့် ညီညွတ်ပေလိမ့်မည်။ မြတ်စွာဘုရားလက်ထက် မဟာသက္ကရာဇ် ၁၄၇ ၌ ရက်လွန် ၂၂ ဖြင့်လထပ်နှစ်ပြုခဲ့ခြင်းကြောင့် မဟာသက္ကရာဇ် ၁၄၈ ၌ ကဆုန်လသင်္ကြန်ကင်း၏။ ထိုအတူသက္ကရာဇ် ၁၃၂၅ ၌ ရက်လွန် ၂၂ ရှိ၍ လထပ်နှစ်မပြုခဲ့သောအပြစ်သည်



ကဆုန်လတွင် သင်္ကြန်အတာကူးနှစ်ဆန်းကျ၍ ၁၀ ရက်အတွင်း ကဆုန်လပြည့် ဗုဒ္ဓနေ့ ကျင်းပခဲ့လေသည်။ မူမှန်ဗုဒ္ဓနေ့မဟုတ်သည်မှာ အထင်အရှား ဖြစ်ပါသည်။

မူမှန် ဗုဒ္ဓနေ့သည် ခရစ်နှစ် ၁၉၆၄ ခု၊ မေလ ၂၅ ရက်၌သာလျှင် ကျသင့်သဖြင့် ယခုကျင့်သုံးလျက်ရှိသော လထပ်စည်းကမ်းသည် ဘုရားလက်ထက်၏ ဝေါဟာရ ပက္ခဒိန်လထပ်စည်းကမ်းနှင့်မညီညွတ်ပေ။ ကမ္ဘာသုံး ပက္ခဒိန်ဖြင့် တဖန်ညှိနှိုင်းပြန်သော် မဟာသက္ကရာဇ် ၆၈၊ ၁၀၃ နှင့် ၁၄၈ ခုနှစ် ဘုရားလက်ထက်သည် ခရစ်နှစ် ဘီစီ ၆၂၅၊ ၅၉၀ နှင့် ၅၂၅ များနှင့် ညီညွတ်နေသည်။ ထိုနှစ်များ၏ ပက္ခဒိန်အရ မတ်လ ၁၀ ရက်နှင့် ၁၁ ရက်နေ့များ၌ သင်္ကြန်နှစ်ဆန်း အတာနေ့ဖြစ်၏။ ယခုခေတ် မြန်မာနှစ်ဆန်း ၇ ရက်များသည် ကမ္ဘာသုံး ပက္ခဒိန်တွင် ဧပြီလ ၁၅ ရက်နှင့် ၁၆ ရက်များ၌ သင်္ကြန်နှစ်ဆန်းအတာနေ့ဖြစ်၏။ မြန်မာ ပက္ခဒိန်သည် နေသွားနှစ် ( Sidereal Year ) ကာလအသုံးပြု၍ ကမ္ဘာသုံးပက္ခဒိန်မှာ ရာသီဥတုနှစ် ( Tropical Year ) ကာလ အသုံးပြုသောကြောင့် အတာနေ့ရက်များသည် ရွေ့ရှားလျက်ရှိရလေသည်။

မြတ်စွာဘုရား လက်ထက်တော်၏ ကဆုန်လပြည့်သည် ဂျူလီယန်ပက္ခဒိန်၌ ဧပြီလတွင်ကျ၏။ ထို့ကြောင့် ယခုခေတ် ကမ္ဘာသုံးပက္ခဒိန်၌ ကဆုန်လပြည့် ဗုဒ္ဓနေ့နှစ်ပတ်လည်နေ့သည် မေလတွင်ကျသော လပြည့်သာ ဖြစ်ရပေမည်။ ထို့ကြောင့် မေလ၌ ကျသောကဆုန်လပြည့်သည် "မူမှန်ဗုဒ္ဓနေ့" ဖြစ်ရပေမည်။ ဤတွက်နည်းသည် အနောက်နိုင်ငံသုံး ပက္ခဒိန်ဖြင့်တွက်သောကြောင့် အချို့ပုဂ္ဂိုလ်တို့က အနောက်နိုင်ငံဝါဒဟု

ဆိုကောင်း ဆိုကြပေလိမ့်မည်။ သို့သော် ဤနည်းသည် မြန်မာနက္ခတ် ဗေဒင်တွက်နည်းနှင့်အတူတူပင်ဖြစ်၏။ မိမိတို့၏မွေးဖွားသော မှချနှစ်ပတ်လည်အခါရက်များကို စန္ဒရမာသဖြင့် မတွက်ရချေ။ သူရိယမာသဖြင့်သာ တွက်ရ၏။ မိမိတို့၏ဖွားစဉ်တနင်္ဂနွေဂြိုဟ်၏ မူလရာသီအံ့သာ ပြန်ရောက်သောနေ့ရက်များသည် မိမိ၏ဖွားစဉ်နှစ်ပတ်လည်မှုမှန်အခါရက်ဖြစ်၏။ ကမ္ဘာ့သုံးပက္ခဒိန်နှင့် မြန်မာဝေါဟာရ ပက္ခဒိန် နှစ်ဆန်းကာလသည် နှစ်ပေါင်း ၁၀၀ တွင် ၂ ရက်ခန့်ကွာ၏။ ထို့ကြောင့် အင်္ဂလိပ်မွေးနေ့ရက်သာလျှင် တနင်္ဂနွေဂြိုဟ်ဖွားစဉ်၏ နှစ်ပတ်လည်အခါရက်နှင့် ညီညွတ်ခြင်းကြောင့် အင်္ဂလိပ် ဖွားရက်ဖြင့် နှစ်ပတ်လည်မွေးနေ့ပြုကြ၏။ မြန်မာ့လွတ်လပ်ရေးနေ့ ဇန်နဝါရီလ ၄ ရက်သည် နှစ်ပတ်လည် အခါရက်ဖြစ်၏။ ပြာသိုလပြည့်ကျော် ၉ ရက်တွင် နှစ်ပတ်လည် အခါနေ့မဟုတ်ချေ။ သို့သော် လူ၏သက်တမ်းတလျှောက် နှစ်ပေါင်း ၁၀၀ ခန့်၌ မြန်မာသင်္ကြန်ကာလသည် ကမ္ဘာ့ပက္ခဒိန်တွင် ထင်ရှားလှအောင် မရွေ့ရှားချေ။ ၂ ရက်ခန့်သာ ကွာသော်လည်း နှစ်ပေါင်း ၂၅၀၀ ကျော်ကာလတွင် ရက်ပေါင်း ၄၀ ကျော်ကွာခြားပေမည်။ ထို့ကြောင့် ဘုရားလက်ထက်တော်က ဧပြီလ၌ကျသော ကဆုန်လပြည့်သည် ယခုခေတ်တွင် မေလအတွင်း၌သာ ကျရောက်လေသည်။ ယင်းကဆုန်လပြည့်သာလျှင် "မှုမှန်ဗုဒ္ဓနေ့" ဟူ၍ အသိအမှတ်ပြုရပေမည်။ အိန္ဒိယပြည်၌ မေလအတွင်းကျသော လပြည့်နေ့တွင်သာ ဗုဒ္ဓဇယန္တီပူဇော်ပွဲ ကျင်းပသည်။

ကလိယုဂ်နှစ်အစမှ မဟာသက္ကရာဇ် သာသနာနှစ် သမုဒ္ဒိခေတ် သက္ကရာဇ်နှင့် ယခုအသုံးပြုလျက်ရှိသော ပုပ္ပားစောရဟန်းမင်းဖြိုပြီးသော သက္ကရာဇ်များကို ခရစ်နှစ်များ ယှဉ်ပြ



ထားပါသည်။ ယင်းတို့ကို ဇယားအမှတ် (၆၇)တွင် ကြည့်ပါ။ မြတ်စွာဘုရား ဖွားတော်မူသော၊ ဘုရားဖြစ်တော်မူသော၊ ပရိနိဗ္ဗာန်ပြုတော်မူသော ကလိယုဂ်နှစ်များနှင့် ခရစ်နှစ်များ၏ ဝေါဟာရ ပက္ခဒိန်ကို တွေ့ရပါလိမ့်မည်။ ခရစ်နှစ်များ၏ နှစ်လနေ့ရက်များကိုတွက်ရန် ဂျူလီယန်နှင့် ဂရက်ဂိုရီရန်နှစ်များ (ဝါ) ကမ္ဘာ့ပက္ခဒိန်နှစ်များ၏ ထာဝရပက္ခဒိန် ( **Perpectual Calendar** ) ကို ဇယားအမှတ် (၆၂) တွင် ကြည့်ရှု၍ အသုံးပြုနိုင်ရန် တင်ပြထားပါသည်။

မဟာသက္ကရာဇ် ၆၈ ကလိယုဂ်နှစ် ၆၈ + ၂၄၀၉ = ၂၄၇၇

သာဝနရက် = ၂၄၇၇ × ၃၆၅.၂၅၈၇၅၆၅ = ၉၀၄၇၄၅.၉၃၉၈

= ၉၀၄၇၄၆ သာဝနရက်။

အတာနေ့ = ၉၀၄၇၄၆ + ၅ = ၉၀၄၇၅၁ ÷ ၇ = ၁၂၉၂၅၀

အကြွင်း = ၁. = တနင်္ဂနွေနေ့။

တိထိရက် = ၂၄၇၇ × ၁၁.၀၆၄၈၃ = ၂၇၄၀၇.၅၈၃၉၂ + ၃၀

အကြွင်း = ၁၇.၅၈၃၉၁

တိထိရက် = ၁၈.

မဟာသက္ကရာဇ် ၆၈ ခု၊ တန်ခူးလဆုတ် ၃ ရက်သည် တနင်္ဂနွေနေ့ အတာနေ့ဖြစ်သည်။ ထို့ကြောင့် တန်ခူးလဆန်း ၁ ရက်နေ့သည် ကြာသပတေးနေ့ဖြစ်၍ ကဆုန်လဆန်း တရက်သောကြာနေ့ဖြစ်သဖြင့် ကဆုန်လပြည့်သည် သောကြာနေ့ဖြစ်သည်။ အလောင်းတော် သိဒ္ဓတ္ထမင်းသား ဖွားမြင်တော်မူသော ကဆုန်လပြည့် သောကြာနေ့နှင့် ညီညွတ်ပေသည်။

အတာနေ့၊ ခရစ်နှစ် ဘီစီ ၆၂၅ = မတ်လ ၁၀ ရက် တနင်္ဂနွေနေ့

ကဆုန်လပြည့် ။ ။ ။ = ဧပြီလ ၅ ရက် သောကြာနေ

| မဟာသက္ကရာဇ် ၆၈ | | | | | | B.C. 625 | | | |
|---|---|---|---|---|---|---|---|---|---|
| | တန်ခူးလ MARCH | | | | | ကဆုန်လ MARCH-APRIL | | | |
| တနင်္ဂနွေ SUNDAY | | ၄ | ၁၁ 3 | ၃ 10 | ၁၀ 17 | | ၃ 24 | ၁၀ 31 | ၂ 7 |
| တနင်္လာ MONDAY | | ၅ | ၁၂ 4 | ၄ 11 | ၁၁ 18 | | ၄ 25 | ၁၁ 1 | ၃ 8 |
| အင်္ဂါ TUESDAY | | ၆ | ၁၃ 5 | ၅ 12 | ၁၂ 19 | | ၅ 26 | ၁၂ 2 | ၄ 9 |
| ဗုဒ္ဓဟူး WEDNESDAY | | ၇ | ၁၄ 6 | ၆ 13 | ၁၃ 20 | | ၆ 27 | ၁၃ 3 | ၅ 10 |
| ကြာသပတေး THURSDAY | ၁ | ၈ | ၁၅ ○ 7 | ၇ 14 | ၁၄ ● 21 | | ၇ 28 | ၁၄ 4 | ၆ 11 |
| သောကြာ FRIDAY | ၂ | ၉ 1 | ၁ 8 | ၈ 15 | | ၁ 22 | ၈ 29 | ၁၅ ○ 5 | ၇ 12 |
| စနေ SATURDAY | ၃ | ၁၀ 2 | ၂ 9 | ၉ 16 | | ၂ 23 | ၉ 30 | ၁ 6 | ၈ 13 |



မဟာသက္ကရာဇ် ၁၀၃ ကလိယုဂ် = ၁၀၃ + ၂၄၀၉ = ၂၅၁၂

သာဝနရက် = ၂၅၁၂ × ၃၆၅.၂၅၈၇၅၆၅ = ၉၁၇၅၂၉.၉၉၆၃

= ၉၁၇၅၃၀ သာဝနရက်။

အတာနေ့ = ၉၁၇၅၃၀ + ၅ = ၉၁၇၅၃၅ ÷ ၇ = ၁၃၁၀၇၆

အကြွင်း = ၃ = အင်္ဂါနေ့။

တိထိရက် = ၂၅၁၂×၁၁.၀၆၄၇၉ = ၂၇၇၉၄.၇၅၂၈၆ ÷ ၃၀

အကြွင်း = ၁၄.၇၅၂၈၆

တိထိရက် = ၁၅

မဟာသက္ကရာဇ် ၁၀၃ တန်ခူးလဆန်း ၁၅ အင်္ဂါနေ့သည် အတာနေ့ဖြစ်သည်။ ထို့ကြောင့် တန်ခူးလဆန်း ၁ ရက်သည်လည်း အင်္ဂါနေ့ဖြစ်၍ ကဆုန်လဆန်း ၁ ရက်သည် ဗုဒ္ဓဟူးနေ့ ကျရောက်သည်။ ကဆုန်လပြည့်နေ့သည်လည်း ဗုဒ္ဓဟူးနေ့ဖြစ်သည်။ ဘုရားအလောင်းတော်သည် ဗောဓိပင်နှင့် ရွှေပလ္လင်ကို ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့တွင် အောင်တော်မူပြီးလျှင် ဘုရားအဖြစ်သို့ ရောက်တော်မူသည် ဟူသော အချက်နှင့် ညီညွတ်ပေသည်။

အတာနေ့၊ ခရစ်နှစ် ဘီစီ ၅၈၀ မတ်လ ၁၁ ရက်၊ အင်္ဂါနေ့။
ကဆုန်လပြည့်နေ့ ။ ။ ဧပြီလ ၉ ရက်၊ ဗုဒ္ဓဟူးနေ့။

မဟာသက္ကရာဇ် ၁၄၈ ခု၊ ကလိယုဂ်နှစ် = ၁၄၈ + ၂၄၀၉

= ၂၅၅၇

သာဝနရက် = ၂၅၅၇ × ၃၆၅.၂၅၈၇၅၆၅ = ၉၃၃၉၆၆.၆၄၀၃

= ၉၃၃၉၆၇ သာဝနရက်။

အတာနေ့ = ၉၃၃၉၆၇ + ၅ = ၉၃၃၉၇၂ ÷ ၇ = ၁၃၃၄၂၄

အကြွင်း ၄ = ဗုဒ္ဓဟူးနေ့။

ဇယား အမှတ် [၂၅]

| မဟာသက္ကရာဇ် ၁၀၃၊ B.C. 590 | တန်ခူးလ MARCH | | | | | ကဆုန်လ MARCH | | | APRIL |
|---|---|---|---|---|---|---|---|---|---|
| တနင်္ဂနွေ SUNDAY | | ၆ 2 | ၁၃ 9 | ၅ 16 | ၁၂ 23 | | ၅ 30 | ၁၂ 6 | ၄ 13 |
| တနင်္လာ MONDAY | | ၇ 3 | ၁၄ 10 | ၆ 17 | ၁၃ 24 | | ၆ 31 | ၁၃ 7 | ၅ 14 |
| အင်္ဂါ TUESDAY | ၁ | ၈ 4 | ၁၅ ○ 11 | ၇ 18 | ၁၄ ● 25 | | ၇ 1 | ၁၄ 8 | ၆ 15 |
| ဗုဒ္ဓဟူး WEDNESDAY | ၂ | ၉ 5 | ၁ 12 | ၈ 19 | | ၁ 26 | ၈ 2 | ၁၅ ○ 9 | ၇ 16 |
| ကြာသပတေး THURSDAY | ၃ | ၁၀ 6 | ၂ 13 | ၉ 20 | | ၂ 27 | ၉ 3 | ၁ 10 | ၈ 17 |
| သောကြာ FRIDAY | ၄ | ၁၁ 7 | ၃ /4 | ၁၀ 21 | | ၃ 28 | ၁၀ 4 | ၂ 11 | ၉ 18 |
| စနေ SATURDAY | ၅ 1 | ၁၂ 8 | ၄ 15 | ၁၁ 22 | | ၄ 29 | ၁၁ 5 | ၃ 17 | ၁၀ 19 |



တိထိရက်လွန် = ၂၅၅၇ × ၁၁.၀၆၄၇၃ = ၂၈၂၉၂.၇၇၀၃၁
+ ၃၀
အကြွင်း = ၂.၇၇၀၃၁
တိထိရက်လွန် = ၃.

မဟာသက္ကရာဇ် ၁၄၈ ခု၊ တန်ခူးလဆန်း ၃ ရက်၊ ဗုဒ္ဓဟူး နေ့သည် အတာနေ့ဖြစ်သည်။ ထို့ကြောင့် တန်ခူးလဆန်း ၁ ရက်သည် တနင်္လာနေ့ဖြစ်ပြီးလျှင် ကဆုန်လဆန်း ၁ ရက်၊ အင်္ဂါနေ့ဖြစ်သဖြင့် ကဆုန်လပြည့် အင်္ဂါနေ့ဖြစ်သည်။ ဘုရား ပရိနိဗ္ဗာန်ပြုတော်မူသော ကဆုန်လပြည့် အင်္ဂါနေ့ ဟူသော အချက်နှင့် ညီညွတ်ပေသည်။

အတာနေ့၊ ခရစ်နှစ် ဘီစီ ၅၄၅ ခု၊ မတ်လ ၁၁ ရက်၊ ဗုဒ္ဓဟူးနေ့။
ကဆုန်လပြည့် 〃 〃 ဧပြီလ ၂၁ ရက်၊ အင်္ဂါနေ့။

## ၄။ အဿဇ္ဇိနက္ခတ္တ ပက္ခဒိန်

အချို့ ပက္ခဒိန်ပညာရှိတို့သည် ရက်ငင်ကြုံသည်ဖြစ်စေ၊ မကြုံသည်ဖြစ်စေ၊ ပုဏ္ဏမီနက္ခတ်သာ ပဓာနဖြစ်သောကြောင့် ဒုတိယဝါဆိုလပြည့်နေ့၌ ပုဏ္ဏမီတိထိအဿဇ္ဇိနက္ခတ်တို့ကိုကြည့်၍ ညီညွတ်စေရန်အတွက် ရက်ငင်ခြင်းကို ပြုရာ၏ဟူ၍ ကျမ်းအစွဲ အလန်းပြုကြ၏။ အချို့ကလည်း ယင်းအချက် ထင်ရှားစေ ရန် ပိဋကတ်တော်များကို အထောက်အထား ပြုကြသော ကြောင့် အတိုက်အခံပြုသူပင် ပက္ခဒိန်ပညာမဲ့ရာရောက်စေ၏။

ရှေးအခါကာလများတွင် နက္ခတ်များကို လေ့လာ၍ နက္ခတ္တပက္ခဒိန်ကို အသုံးပြုကြပေလိမ့်မည်။ ယင်းသို့ လေ့လာ ရာတွင်လည်း မျက်မြင်နက္ခတ်ကို အားထားရပေမည်။ ထို

**မဟာသက္ကရာဇ် ၁၄၀၊** B.C. 545

**တန်ခူးလ** (MARCH – APRIL)

| | | | | | |
|---|---|---|---|---|---|
| တနင်္ဂနွေ SUNDAY | 8 | ၇ 15 | ၁၄ 22 | ၆ 29 | ၁၃ 5 |
| တနင်္လာ MONDAY | ၁ 9 | ၈ 16 | ၁၅ ○ 23 | ၇ 30 | ၁၄ ● 6 |
| အင်္ဂါ TUESDAY | ၂ 10 | ၉ 17 | ၁ 24 | ၈ 31 | |
| ဗုဒ္ဓဟူး WEDNESDAY | ၃ 11 | ၁၀ 18 | ၂ 25 | ၉ 1 | |
| ကြာသပတေး THURSDAY | ၄ 12 | ၁၁ 19 | ၃ 26 | ၁၀ 2 | |
| သောကြာ FRIDAY | ၅ 13 | ၁၂ 20 | ၄ 27 | ၁၁ 3 | |
| စနေ SATURDAY | ၆ 14 | ၁၃ 21 | ၅ 28 | ၁၂ 4 | |

**ကဆုန်လ** (APRIL)

| | | | | |
|---|---|---|---|---|
| တနင်္ဂနွေ SUNDAY | | ၆ 12 | ၁၃ 19 | ၅ 26 |
| တနင်္လာ MONDAY | | ၇ 13 | ၁၄ 20 | ၆ 27 |
| အင်္ဂါ TUESDAY | ၁ 7 | ၈ 14 | ၁၅ ○ 21 | ၇ 28 |
| ဗုဒ္ဓဟူး WEDNESDAY | ၂ 8 | ၉ 15 | ၁ 22 | ၈ 29 |
| ကြာသပတေး THURSDAY | ၃ 9 | ၁၀ 16 | ၂ 23 | ၉ 30 |
| သောကြာ FRIDAY | ၄ 10 | ၁၁ 17 | ၃ 24 | ၁၀ |
| စနေ SATURDAY | ၅ 11 | ၁၂ 18 | ၄ 25 | ၁၁ |



နက္ခတ္တပက္ခဒိန်ကို အခြေပြုသော ပက္ခဒိန်ကိုပြုလိုသော် နက္ခတ်ရက်များဖြင့် ညီညွတ်သော ဝါထပ်ရက်ငင်ပြုရပေမည်။

နက္ခတ်နှစ်တနှစ်လျှင် သာဝနရက် ၃၆၅.၂၅၈၇၅၆၅ ရှိ၏။

စန္ဒရမာသ တလလျှင် ရက်ပေါင်း ၂၉.၅၃၀၅၈၈ ရှိ၏။

**နက္ခတ်နှစ်များနှင့် စန္ဒရမာသ သာဝနရက်များ**

**ဇယားအမှတ် [၂၄]**

| နှစ် အပါတ် | နက္ခတ် သာဝနရက် | စန္ဒရမာသ လပေါင်း။ | သာဝနရက် | လို–ပို သာဝနရက် | လို–ပို အံသာ |
|---|---|---|---|---|---|
| ပဌမ | ၃၆၅.၂၅၈၇ | ၁၂ | ၃၅၄.၃၆၇၁ | လို–၁၂ | –၁၂ |
| ဒုတိယ | ၇၃၀.၅၁၇၅ | ၂၅ | ၇၃၈.၃၅၄၇ | ပို ၆ | + ၆ |
| တတိယ | ၁၀၉၅.၇၇၆၃ | ၃၇ | ၁၀၉၂.၇၂၁၈ | လို ၆ | – ၆ |
| စတုတ္ထ | ၁၄၆၁.၀၃၅၀ | ၄၉ | ၁၄၄၇.၀၈၈၉ | လို ၁၈ | –၁၈ |
| ပဉ္စမ | ၁၈၂၆.၂၉၃၈ | ၆၂ | ၁၈၃၁.၀၁၆၆ | မရှိ | မရှိ |

အထက်ပါ ဇယားတွင် ဝါဆိုလပြည့် အဿဇ္ဇိနက္ခတ် တပတ် သို့မဟုတ် နက္ခတ်နှစ်တွင်ရှိ စန္ဒရမာသ လများ၏ သာဝနရက်များကို နှိုင်းယှဉ်၍ ဖော်ပြရာ၌ အဿဇ္ဇိနက္ခတ် ဖြစ်သော ပုဗ္ဗာသဠ်နက္ခတ်အစနှင့် ဥတ္တရာသဠ်နက္ခတ် အဆုံးတို့၏ အံသာအကွာအဝေးကို အသိအမှတ်ပြုရန် လိုပေသည်။

(က) ဗေဒင်နက္ခတ်ဝါဒအရ ၂၆ အံသာ၊ ၄၀ လိတ္တာ ရှိ၏။

(ခ) သူရိယသိဒ္ဓန္တ ကျမ်း၏ နက္ခတ် အံသာစီးအရ အဿဇ္ဇိနက္ခတ်အစ ၂၅၄° ၁၅′ ဖြစ်၍ အဆုံး

အံသာစီး ၂၇၅°၁၃'ရှိ၍ ၁၈ အံသာမျှရှိ၏။

(ဂ) အိန္ဒိယခေတ်သစ် ပက္ခဒိန်၏နက္ခတ်အံသာစီးအရ အဿဋ္ဌီနက္ခတ်အစ ၂၅၀°၄၄'ဖြစ်၍ အဆုံးအံသာစီး ၂၇၇°၅၅' ရှိခြင်းကြောင့် ကွာခြားမှု ၂၇ အံသာမျှရှိသည်။ ဗေဒင်နက္ခတ်ဝါဒနှင့် နီးစပ်ပေသည်။

သို့အတွက် ဒုတိယဝါဆိုလပြည့်၏ အဿဋ္ဌီနက္ခတ်နှိုင်းယှဉ်ရေး၌ အိန္ဒိယခေတ်သစ် ပက္ခဒိန်၏နက္ခတ်နှင့် နှိုင်းယှဉ် တင်ပြသွားပါမည်။ ဦးစွာ သက္ကရာဇ်နှစ်တခု၏ ဝါဆိုလပြည့်၌ စန်းယှဉ်နက္ခတ်သည် အဿဋ္ဌီနက္ခတ်၏ ဗဟိုအံသာစီး ၂၆၄ မှ အစပြုထားသည်။

ပြုဗ္ဗာသဠ်နက္ခတ်၏ အဝင်နက္ခတ်အံသာစီးသည် ၂၅၀°-၄၄'ရှိ၏။
ဥတ္တရာသဠ်နက္ခတ်၏အဆုံး ။ ၂၇၇°-၅၅'ရှိ၏။
အထက်ပါ နက္ခတ်၏ဗဟို ။ ၂၆၄°-၂၀'ရှိ၏။

ပဌမနှစ်တွင် သာမန်နှစ်ပြုသဖြင့် ဗဟိုအံသာထက် ၁၂ အံသာခန့် လိုသဖြင့် အံသာစီး ၂၅၂° ၌ရှိ၍ ပြုဗ္ဗာသဠ်နက္ခတ်၏ အဝင်၌ စန်းယှဉ်၏။

ဒုတိယနှစ်တွင် ဝါငယ်ထပ်နှစ်ပြု၍ ၆ အံသာခန့် ပိုသောကြောင့် အံသာစီး ၂၇၀° ရှိ၍ ဥတ္တရာသဠ်နက္ခတ်အဆုံး၌ စန်းယှဉ်၏။

တတိယနှစ်တွင် သာမန်နှစ်ပြု၍ ၆ အံသာခန့် လိုပေမည်။ အံသာစီး ၂၅၈° ဖြစ်၍ ပြုဗ္ဗာသဠ်နက္ခတ်၌ စန်းယှဉ်၏။

စတုတ္ထနှစ်တွင် သာမန်နှစ်ပြု၍ ၁၈° အံသာခန့် လိုပေမည်။ ထို့ကြောင့် အံသာစီး ၂၄၆° ဖြစ်၍ မူလ နက္ခတ်၌သာ စန်းယှဉ်ပေမည်။ ဤနှစ်၌ စန်းယှဉ်နက္ခတ် မညီညွတ်ချေ။



ပဥ္စမနှစ်တွင် ဝါကြီးထပ် နှစ်ပြုသော် အံသာ အလိုအပို မပြောလောက်ချေ။ ပဉ္စမနှစ် အပတ်အတွက် ဗဟိုအံသာသို့ ပြန်ရောက်၍ ဥတ္တရာသဠ်နက္ခတ်အဝင်၌ စန်းယှဉ်၏။

### ဝေါဟာရ ပက္ခဒိန်သဘောဖြင့် တင်ပြရသော်

| | |
|---|---|
| နက္ခတ်နှစ် ၅ ကြိမ်၏ သာဝနရက် | ၁၈၃၁.၂၉၃၃ |
| စန္ဒရမာသ ၆၂ လ၏ သာဝနရက် | ၁၈၃၁.၀၁၆၆ |
| ဝေါဟာရမာသ ၆၂ လ | |
| သာမန်နှစ် ၃ × ၃၅၄ = | ၁၀၆၂ |
| ဝါငယ်ထပ် ၁ × ၃၈၄ = | ၃၈၄ |
| ဝါကြီးထပ် ၁ × ၃၈၅ = | ၃၈၅ |
| | ၁၈၃၁ စန္ဒရမာသ |

၆၂ လနှင့် နက္ခတ်နှစ် ၅ ကြိမ်နှင့် ညီညွတ်သည်။

ဝေါဟာရပက္ခဒိန်တွင် သူရိယမာသနှစ် ငါးနှစ်၌ ဝေါဟာရမာသ သုံးနှစ်ရှိ၍ ဝါငယ်ထပ်တကြိမ်နှင့် ဝါကြီးထပ်တကြိမ်ပြုသော် အဆိုပါ ဝါဆိုလပြည့်နှင့် ဒုတိယဝါဆိုလပြည့်များ၌ အဿဋ္ဌီနက္ခတ်နှင့် စန်းယှဉ်သောနှစ်များ ၄ နှစ်ညီညွတ်၏။ တနှစ်သာလျှင် နက္ခတ်အံသာစီးယုတ်သဖြင့် မူလ နက္ခတ်နှင့် စန်းယှဉ်ပေမည်။ ဝါထပ်ရက်ငင်များမှာလည်း ဤအစဉ်အတိုင်းသာ ပြုရချေမည်။ အဓိမာသ်ပြိုသောကိန်း ရက်ငင်ပြိုကိန်းများ အသုံးမပြုနိုင်ချေ။ ယခုပက္ခဒိန်၌လည်း ဝါဆိုလ၌သာ လထပ်၍ နယုန်လ၌သာ ရက်ငင်ရသော ဝါဒဖြစ်ခြင်းကြောင့် အဓိမာသနှင့် အဝါဟာရက်ငင်ပြိုကိန်းများကို အကြိမ်

အရေအတွက်မျှသာ အသုံးပြုရပေသည်။ ထို့ကြောင့် လထပ် ရက်ငင် စည်းကမ်းအသစ် ပြုရပေမည်။ ဤသို့ ၅ နှစ်တကြိမ် တွင် ရက်ငင်တကြိမ်ပြုသော် နှစ်ပေါင်း ၁၉၀ တွင် ရက်ငင် ပေါင်း ၃၈ ကြိမ်ရှိရပေမည်။ သို့သော် နှစ်ပေါင်း ၁၉၀ တွင် ရက်ငင်အကြိမ်ပေါင်း ၃၇ ကြိမ်ရှိသော ပက္ခဒိန်သာလျှင် စန္ဒရ မာသ၊ ဝေါဟာရမာသ၊ သူရိယမာသများနှင့် ညီညွတ်ပေမည် (၁၉ နှစ် လထပ်ကိန်းရှု)။ အထက်ပါ နက္ခတ္တပက္ခဒိန်သည် လပြည့်များ၌ စန်းယှဉ်နက္ခတ်များ ညီညွတ်သော်လည်း ပုဏ္ဏမိ တိထိပြည့်သော လပြည့်များ နည်းပါးမည်။ ဤနက္ခတ္တပက္ခဒိန် သည် ရှေးရှေးပက္ခဒိန်ပညာရှိများ အသုံးပြုသော ပက္ခဒိန်ဖြစ် ဟန်ရှိပါသည်။ ထို့ကြောင့်သာလျှင် ရှေးရှေးကျမ်းများ၌ လပြည့် စန်းယှဉ်နက္ခတ်များ ညီညွတ်ကြောင်း တွေ့ရှိရခြင်း ဖြစ်၏။

### ၅။ ပုဂံခေတ်မှ လွတ်လပ်ရေးခေတ်အထိ လထပ်စည်းကမ်းများ

ခဆပဉ္စဖို့ပြီးနောက် ပုဂံခေတ်၌ ၁၉ ခုစား လထပ်ကိန်း ကို လထပ်သော စည်းကမ်းအဖြစ်နှင့် အသုံးပြုခဲ့၏။ ထိုဖို့ခဲ့ပြီး သော သက္ကရာဇ် ၁ မှ အစပြု၍ ပဌမ ၁၉ နှစ်၏ လထပ်ကိန်း များသည် အောက်ပါ ဇယားအမှတ် ၂၈ အရ လထပ်ခြင်းများ ပြုခဲ့ကြောင်း တွေ့ရှိရလေသည်။

ခဆပဉ္စဖို့ပြီး ပဌမ ၁၉ နှစ် အဓိမာသ်ပြုနှင့် လထပ်ကိန်း။

လထပ်ခြင်းကို အဓိမာသ်ပြုသော နှစ်၌ပင် ပြုခဲ့သည်။ ထိုပဌမ ၁၉ နှစ် လထပ်ကိန်းသည် သက္ကရာဇ်ဖို့စဉ်က နက္ခတ် ပညာရှိများဖြင့် ဖို့ခဲ့ပြီး၊ နောင်ကာလများ၌ လထပ်များ



ဇယားအမှတ် [၂၈]

| သက္ကရာဇ် | ရက်လွန် | သုဒ္ဓိဒိန် | ရာသီ | အဓိမာသအမည် |
|---|---|---|---|---|
| ၂ | ၂၃.၅၄၀ | ၂၁၄ | ဗြိစ္ဆာ | ဓမ္မာဓိမာသ် |
| ၅ | ၂၆.၇၃၅ | ၁၀၈ | ကြဋ် | ပဋ္ဌာဓိမာသ် |
| ၈ | ၂၉.၉၂၉ | ၃ | မိဿ | ဗသျဓိမာသ် |
| ၁၀ | ၂၂.၀၅၉ | ၂၆၃ | မကာရ | ဒသာဓိမာသ် |
| ၁၃ | ၂၅.၂၅၃ | ၁၅၇ | ကန် | တေရသဓိမာသ် |
| ၁၆ | ၂၈.၄၄၈ | ၅၁ | ပြိဿ | သောဠသဓိမာသ် |
| ၁၈ | ၂၀.၅၇၈ | ၃၁၂ | ကုံ | အဋ္ဌာရသဓိမာသ် |

တင်ကြိုတွက်ယူ၍ ၁၉ ခုစား လထပ်ကိန်းများ ပြုခဲ့ပေသည်။ ထို့ကြောင့် အဓိမာသဝိဝါဒကထာကျမ်းတွင် ....ခဆပဉ္စဖို့ပြီး နောက် သက္ကရာဇ် ၂ ခုတွင် ရက်လွန် ၂၃ ရှိသောနှစ်၊ ဓမ္မာ ဓိမာသ်ကြိုက်၍ လဖျောက်သည်။ သက္ကရာဇ် ၅ ခုတွင် ရက်လွန် ၂၅ ရှိသောနှစ်၊ ပဋ္ဌာဓိမာသ်ကြိုက်၍ လဖျောက်သည်။ သက္ကရာဇ် ၈ ခုတွင် ရက်လွန်ဆုံးသောနှစ်၊ ဗသျဓိမာသ်အကြိုက် လဖျောက်သည်။ သက္ကရာဇ် ၁၀ ပြည့်တွင် ရက်လွန် ၂၃ ရှိသော နှစ် ဒသာဓိမာသ်အကြိုက် လဖျောက်သည်။ သက္ကရာဇ် ၁၃ ခု ရက်လွန် ၂၅ ရှိသောနှစ်တွင် တေရသဓိမာသ်အကြိုက်လဖျောက် သည်။ သက္ကရာဇ် ၁၆ ခု၊ ရက်လွန် ၂၈ ခုရှိသောနှစ် သောဠသာ ဓိမာသ်အကြိုက်လဖျောက်သည်။ သက္ကရာဇ် ၁၈ ခု၊ရက်လွန် ၂၀ ခုရှိသောနှစ်၊ အဋ္ဌာရသာဓိမာသ်အကြိုက် လဖျောက်သည်။

ထိုသို့သောနည်းအားဖြင့် ရှေးပညာရှိတို့မှာ ရက်လွန်ဖြိုသော နှစ်မှာသာ လဖျောက်သည်။

ရတနာပူရ အင်းဝခေတ် လထပ်စည်းကမ်းကို ဗေဒဝိဇ္ဇာ ၉ စောင်တွဲကျမ်းမှ ကောက်နုတ်တင်ပြပါသည်။

ကောဇာသက္ကရာဇ်တည် ၁၉ နှင့်စား၊ ၂ ခုကြွင်းသော် ဓမ္မာဓိမာသ်။ ၅ ခုကြွင်းပဉ္စာဓိမာသ်။ ၈ ခု-ဗသျှဓိမာသ်။ ၁၀ ခု-ဒသာဓိမာသ်။ ၁၃ ခု-တေရသ။ ၁၆ ခု-သောဠသ။ ၁၈ ခု-အဋ္ဌာရသာဓိမာသ်မည်၏။ ထို ၇ ပါးတို့တွင် ဗသျှဓိမာသ်။ သောဠသာဓိမာသ်နှစ်ပါးသည် ချင်းတို့ကိန်းမရောက်မီ တနှစ်က ပင်တင်ကြို၍ လထပ်ခြင်းနက္ခတ်တိထိမှီသည်ကိုရှု၍ ရက်ငင်ခြင်း မငင်ခြင်းတို့ကို ပြုရသောကြောင့် အပတ္တာဓိမာသ်မည်၏။ ယာစာဓိမာသ်လည်း ဆိုကုန်၏။ ထိုမှကြွင်းသော ငါးပါးသော အဓိမာသ်တို့ကား ချင်းတို့ ကိန်းရောက်မှ လထပ်ခြင်း၊ နက္ခတ် တိထိ အရင့်အနုကို မျှော်ရှု၍ ရက်ငင်ခြင်း မငင်ခြင်းတို့ကို ပြုရသောကြောင့် ပတ္တာဓိမာသ်မည်ကုန်၏။

ဤ ၁၉ ခုစား လထပ်ကိန်း၏သဘောမှာ စားကြွင်း ၂၊ ၅၊ ၇၊ ၁၀၊ ၁၃၊ ၁၅၊ ၁၈၊ ရရှိသော နှစ်များ၌ အဓိမာသ်ပြုသည့် အပြင် ထိုနှစ်များသည် လထပ်နှစ်ဖြစ်ချေသည်။ ရတနာပူရ ဒုတိယအင်းဝခေတ်မှစ၍ အသုံးပြုခဲ့၏။

သက္ကရာဇ် ၇၄၂ နှင့် ၇၅၀ တို့၏ အဓိမာသ်ပြုသုဒ္ဓဒိန်နှင့် လထပ်ကိန်း။

၁၉ ခု ဝါဒ လထပ်ကိန်း မူသေကိန်းဖြင့် သက္ကရာဇ် ၁၂၀၀ ၌၊ လထပ်မပြုဘဲလျက် အမ္ဗာဝါသီ နှစ်ထပ်မြင်ခြင်းကိုရှု၍ လထပ်သောကြောင့် မူသေ လထပ်နည်းတကြိမ် ပြောင်းခဲ့၏။ သို့သော် သက္ကရာဇ် ၁၂၀၉ တွင် အဓိမာသ်ပြု၊ ပြီးသာရာသီ

ဇယားအမှတ် [၂၉]

| စားကြွင်း | သက္ကရာဇ် | ရက်လွန် | သုဒ္ဓဒိန် | ရာသီ | လထပ် | အဓိမာသ်အမည် |
|---|---|---|---|---|---|---|
| ၁ | ၇၄၂ | + ၂၁.၅၀၃ | ၂၀၁ | မကာရ | | |
| ၂ | ၇၄၃ | ၂.၅၆၈ | | | ဝါထပ် | ဓမ္မာဓိမာသ် |
| ၃ | ၇၄၄ | ၁၃.၆၃၃ | | | | |
| ၄ | ၇၄၅ | + ၂၄.၆၉၈ | ၁၇၆ | ကန် | | |
| ၅ | ၇၄၆ | ၅.၇၆၃ | | | ဝါထပ် | ပဉ္စာဓိမာသ် |
| ၆ | ၇၄၇ | ၁၆.၈၂၇ | | | | |
| ၇ | ၇၄၈ | + ၂၇.၈၉၂ | ၇၀ | မေထုန် | ဝါထပ် | |
| ၈ | ၇၄၉ | ၈.၉၅၇ | | | | ဗသျှဓိမာသ် |
| ၉ | ၇၅၀ | + ၂၀.၀၂၂ | ၃၃၀ | ကုံအဆုံး | | |

| စားကြွင်း | သက္ကရာဇ် | ရက်လွန် | သုဒ္ဓိန် | ရာသီ | လထပ် | အဓိမာသ်အမည် |
|---|---|---|---|---|---|---|
| ၁၀ | ၇၅၁ | ၀.၀၈၇ | | | ဝါထပ် | ဒသာဓိမာသ် |
| ၁၁ | ၇၅၂ | ၁၂.၁၅၁၆ | | | | |
| ၁၂ | ၇၅၃ | + ၂၃.၂၁၆၅ | ၂၂၅ | ဗြိစ္ဆာ | | |
| ၁၃ | ၇၅၄ | ၄.၂၈၁၃ | | | ဝါထပ် | တေရသဓိမာသ် |
| ၁၄ | ၇၅၅ | + ၁၅.၃၄၆ | | | | |
| ၁၅ | ၇၅၆ | + ၂၆.၄၁၁ | ၁၁၉ | ကြဋ် | ဝါထပ် | |
| ၁၆ | ၇၅၇ | ၇.၄၇၆ | | | | သောဠသာဓိမာသ် |
| ၁၇ | ၇၅၈ | ၁၈.၅၄၁ | | | | |
| ၁၈ | ၇၅၉ | + ၂၉.၆၀၅ | ၁၄ | မိဿ | ဝါထပ် | အဋ္ဌာရသာဓိမာသ် |
| ၁၉ | ၇၆၀ | ၁၀.၆၇၀ | | | | |



ကျသော်လည်း လထပ်မပြုခဲ့ပေ။ ရှေး ၁၉ ခု ဝါလထပ်ကိန်း နှင့်ပင် တေရသဓိမာသ်ဖြင့် သက္ကရာဇ် ၁၂၀၀ တွင် လထပ်ခဲ့၏။ ယင်းမူသေကိန်းသည် ဒုတိယအင်းဝခေတ်၊ သက္ကရာဇ် ၁၂၀၁ မှ ၁၂၁၆ အထိ အသုံးပြုခဲ့၏။

ညောင်ကန်ဆရာတော်သည် သက္ကရာဇ် ၁၂၁၇ ၌ ရက်လွန် ၂၇.၉၇ ရက်ရှိ၍ အဓိမာသ်ပြုသုဒ္ဓိန် ၉၀ ရက်၊ မေထုန်ရာသီ၌ အံသာ ၂၉ ခန့်တွင် ပြုသောကြောင့် ထိုပြုသောနှစ်၌ပင် လထပ်ရန် အဆုံးအဖြတ်ပြုခဲ့၏။ သို့သော် သက္ကရာဇ် ၁၂၂၅ ၌ ရက်လွန် ၂၅.၈၁၆ ရှိ၍ သုဒ္ဓိန် ၁၃၉ ရက် သိဟ်ရာသီ ၁၅ အံသာတွင် အဓိမာသ်ပြုသော်လည်း မိဿ၊ ပြိဿ၊ မေထုန်၊ ကြဋ် ဤပဌမလေးရာသီအတွင်း အဓိမာသ်ပြုသောနှစ်၌သာ လထပ်ပြုရန်ဟူသောစည်းကမ်းဖြင့် လထပ်မပြုခဲ့ပေ။ ၎င်းအပြင် သက္ကရာဇ် ၁၂၄၄ ၌လည်း ရက်လွန် ၂၆.၀၄၈ ရှိ၍ သုဒ္ဓိန် ၁၃၁ ရက်၊ သိဟ်ရာသီ ရှစ်အံသာ၌ အဓိမာသ်ပြုသော်လည်း ပဌမလေးရာသီမှ ကျော်လွန်သဖြင့် လထပ်မပြုချေ။ သက္ကရာဇ် ၁၂၆၃ ၌ ရက်လွန် ၂၆.၂၈ ဖြစ်၍ သုဒ္ဓိန် ၁၂၄ ရက် သိဟ်ရာသီ၌ အဓိမာသ်ပြုသောအခါ သိဟ်ရာသီဝင်စဖြစ်သောကြောင့် ထိုနှစ်ကိုပင် လထပ်နှစ်ပြုခဲ့၏။ ထို့ကြောင့် သက္ကရာဇ် ၁၂၁၇ မှအစပြု၍ နှစ်ပေါင်းတရာအတွင်း ညောင်ကန်ဆရာတော်၏ မူဟူ၍ ရှေးလေးရာသီအတွင်း၌ အဓိမာသ်ပြုသောနှစ်များ၌သာ လထပ်နှစ်ပြုရ၏။ နောက်ရှစ်ရာသီအတွင်းပြုသော် နောင်လာလတံ့သောနှစ်၌သာ လထပ်ရမည်ဟူသော စည်းကမ်းကို အတိအကျ ကျင့်သုံးခဲ့၏။ သို့သော် ပက္ခဒိန်၏ လပြည့်များသည် မူချလပြည့်များနှင့် မညီမညွတ်မှုများခဲ့၏။ တနည်း ပက္ခဒိန်၏ လပြည့်လကွယ်များသည် တိထိ ၁၅ လုံး၊ ပုဏ္ဏမိ

## သက္ကရာဇ် ၁၁၉၈–၁၂၁၆ အဓိမာသ်ပြိုသဒ္ဓဒိန်နှင့် လထပ်ကိန်း

ဇယားအမှတ် [၃၀]

| စားကြွင်း | သက္ကရာဇ် | ရက်လွန် | သဒ္ဓဒိန် | ရာသီ | လထပ် | အဓိမာသအမည် | |
|---|---|---|---|---|---|---|---|
| ၁ | ၁၁၉၈ | + ၂၇.၀၆၆ | ၉၇ | ကြဋ် | | | |
| ၂ | ၉၉ | ၈.၁၃၁ | | | လထပ် | မမ္မာမိမာသ် | ၂ |
| ၃ | ၁၂၀၀ | + ၁၉.၁၉၅ | ၃၅၈ | မိန် | | | |
| ၄ | ၁၂၀၁ | ၀.၂၆၀ | | | *လထပ် | | ၄ |
| ၅ | ၁၂၀၂ | ၁၁.၃၂၅ | | | | ပဥ္စာမိမာသ် | |
| ၆ | ၁၂၀၃ | + ၂၂.၃၉၀ | ၂၅၂ | မနု | | | |
| ၇ | ၁၂၀၄ | ၃.၄၅၅ | | | လထပ် | | ၇ |
| ၈ | ၁၂၀၅ | ၁၄.၅၂၀ | | | | ဗသျှမိမာသ် | |
| ၉ | ၁၂၀၆ | + ၂၅.၅၈၄ | ၁၄၆ | သိဟ် | | | |
| ၁၀ | ၁၂၀၇ | ၆.၆၄၉ | | | လထပ် | ဒသာမိမာသ်–၁၀ | |
| ၁၁ | ၁၂၀၈ | ၁၇.၇၁၄ | | | | | |
| ၁၂ | ၁၂၀၉ | + ၂၈.၇၇၉ | ၄၀ | ပြိဿ | | | |
| ၁၃ | ၁၂၁၀ | ၉.၈၄၄ | | | လထပ် | တေရသမိမာသ် ၁၃ | |
| ၁၄ | ၁၂၁၁ | + ၂၀.၆၀၉ | ၃၀၁ | မကာရအဆုံး | | | |
| ၁၅ | ၁၂၁၂ | ၃၁.၆၇ | | | လထပ် | | ၁၅ |
| ၁၆ | ၁၂၁၃ | ၁၃.၀၃၈ | | | | သောဠသာမိမာသ် | |
| ၁၇ | ၁၂၁၄ | + ၂၄.၁၀၃ | ၁၉၅ | တူ | | | |
| ၁၈ | ၁၂၁၅ | ၅.၁၆၈ | | | လထပ် | အဋ္ဌာရသာမိမာသ် | |
| ၁၉ | ၁၂၁၆ | ၁၆.၂၃၃ | | | | | ၁၈ |



တိထီရသော ပက္ခများ အလွန်နည်း၏။ ထို့အပြင် ကဆုန်လတွင် သကြံန်ကျခြင်းသည်လည်း မကြာခဏ ကျခဲ့သည်မှာ ၄၀ ရာခိုင်နှုန်းမျှရှိ၏။ ညောင်ကန်ဆရာတော် မိန့်ကြားတော်မူခဲ့သော 'ကဆုန်လသကြံန်ကင်းစေရမည်'ဟူသော မူကို မလိုက်နာကြချေ။ လထပ်သောအခါ၌ ဝါဆိုလပြည့်ညဉ့်တွင် အဿဠ္ဌိနက္ခတ်နှင့် စန်းယှဉ်စေရမည်ဟူသောမူကိုသာ အထူးလိုက်နာကျင့်သုံးခဲ့၏။ ဤသို့ ကျင့်သုံးခဲ့သော်လည်း ကောင်းကင်မျက်မြင်နှင့် မှန်မမှန်စစ်ဆေးရန် မဖြစ်နိုင်ချေ။

မြန်မာနိုင်ငံပက္ခဒိန်အကြံပေးအဖွဲ့သစ်ခေတ်တွင် ကဆုန်လလပြည့်သည် နိုင်ငံခြား ဗုဒ္ဓဘာသာများနှင့် ညီညွတ်စေရန် ဗုဒ္ဓနေ့သည် မေလအတွင်းကျရောက်သော ကဆုန်လပြည့်သာလျှင် ဗုဒ္ဓနေ့ကျင်းပစေရန်ဟူသော ပညတ်ချက်ကြောင့် ညောင်ကန်ဆရာတော်ခေတ်၏ ပက္ခဒိန်ရာပြည့်နှစ်၊ သက္ကရာဇ် ၁၃၁၇ တွင် ညောင်ကန်မူကိုတော်လှန်၍ ရွှေရှစ်ရာသီတွင် အဓိမာသ်ပြိုသောနှစ်၌ လထပ်သော စည်းကမ်းဖြစ်ပေါ်ခဲ့၏။ ဤကဲ့သို့ စည်းကမ်းပြုပြင်ခဲ့သဖြင့် ရရှိသော အကျိုးများမှာ....

၁။ ကဆုန်လ သကြံန်ကျသော နှစ်များအရေအတွက် လျော့၍ ၁၆ ရာခိုင်နှုန်းသာ ရှိခြင်း။

၂။ လပြည့်တိထီများ အားကောင်းခြင်းတို့ဖြစ်၏။

ဤအခြင်းအရာများလက်တွေ့လေ့လာနိုင်ရန် ညောင်ကန်ဝါဒမူဟောင်း ပက္ခဒိန်နှင့် ပက္ခဒိန်အဖွဲ့၏ ဝါဒဖြစ်သော မူသစ်ပက္ခဒိန်နှစ်မျိုးကို တွဲ၍ တင်ပြထားပါသည်။

သက္ကရာဇ် ၁၂၆၀ မှ မူသစ်အရ ဝါထပ်သင့်သောနှစ်များမှာ တဖက်ပါအတိုင်း ဖြစ်ပါသည်။

| သက္ကရာဇ် | ရက်လွန် | အဓိမာသပြိုသော | | အံသာ |
|---|---|---|---|---|
| | | သင်္ကြန် | ရာသီ | |
| ၁၂၆၀ | ၂၃·၀၈၅ | ၂၂၉ | ဗြိစ္ဆာ | ၁၄ |
| ၁၂၇၁ | ၂၄·၇၉၈ | ၁၇၂ | ကန် | ၁၈ |
| ၁၂၇၉ | ၂၃·၃၁၇ | ၂၂၁ | ဗြိစ္ဆာ | ၇ |
| ၁၂၉၀ | ၂၅·၀၃၀ | ၁၆၅ | ကန် | ၁၀ |
| ၁၂၉၈ | ၂၃·၅၄၉ | ၂၁၄ | တူ | ၂၉ |
| ၁၃၀၉ | ၂၅·၂၆၂ | ၁၅၂ | သိဟ် | ၂၈ |

အထက်ပါတင်ပြထားသော သက္ကရာဇ်များကို နှိုင်းယှဉ်ရာ၌ ပက္ခဒိန်အဖွဲ့၏ မူသစ်ဖြင့်လထပ်သော် ထိုနှစ်၏ ဒုတိယဝါဆိုလမှ နောက်နှစ်ဝါဆိုလမတိုင်မီ လများ၏လပြည့်များသည် မူချလပြည့်နှင့်အများညီညွတ်၏။ တနည်း၊ လပြည့်တိထိအားကောင်း၏။ ထိုအပြင် ကဆုန်လ၌ သင်္ကြန်ကင်း၍ နိုင်ငံခြားဗုဒ္ဓနေ့များနှင့် ညီညွတ်ခြင်းစသော အကျိုးများကို တွေ့ရပေမည်။ ထို့ကြောင့် တင်ကြို၍ လထပ်ခြင်းသည် အကျိုးများ၏။

သက္ကရာဇ် ၁၂၆၀–၆၁၊ ၁၂၇၁–၇၂၊ ၁၂၇၉–၈၀၊ ၁၂၉၀–၉၁၊ ၁၂၉၈–၉၉ နှင့် ၁၃၀၉–၁၀ များအတွက် ညောင်ကန်ဆရာတော်၏ ဝါဒမူဟောင်း ပက္ခဒိန်များတွင် ပက္ခဒိန်အဖွဲ့၏ ဝါဒမူသစ်ပုံပြင်သော် ထိုနှစ်များ၌ လပြည့်တိထိများ တိုးတက်ကောင်းမွန်သည်ကို နှိုင်းယှဉ်၍ ဇယားအမှတ် (၃၁/၃၆)တွင် လေ့လာကြည့်ရှုကြပါကုန်။

ဇယားအမှတ် [၃၁]

(က) သက္ကရာဇ် ၁၂၆၀–၆၁ ၏ လထပ်ဝါဒနှိုင်းယှဉ်ဇယား။

| လအမည် | ညောင်ကန်ဝါဒ | | | | ပက္ခဒိန်အဖွဲ့ဝါဒ | | | |
|---|---|---|---|---|---|---|---|---|
| | ၁၂၆၀ | | ၁၂၆၁ - ငယ် | | ၁၂၆၀ - ငယ် | | ၁၂၆၁ | |
| | သု | တိထိ | သု | တိထိ | သု | တိထိ | သု | တိထိ |
| တန်ခူး လပြည့် | ၃၅၆ | ၁၃–၄၆ | ၃၄၅ | ၁၃–၃၀ | ၃၅၆ | ၁၃–၄၆ | ၁၀ | ၁၃–၅၃ |
| ကဆုန် ,, | ၂၀ | ၁၃–၁၉ | ၉ | ၁၂–၅၄ | ၂၀ | ၁၃–၁၉ | ၃၉ | ၁၃–၂၄ |
| နယုန် ,, | ၅၀ | ၁၄– ၂ | ၃၉ | ၁၃–၂၄ | ၅၀ | ၁၄– ၂ | ၆၉ | ၁၄– ၃ |
| ဝါဆို ,, | ၇၉ | ၁၃–၄၂ | ၆၈ | ၁၂–၅၉ | ၇၉ | ၁၃–၄၂ | ၉၈ | ၁၃–၄၁ |
| ဒု–ဝါဆို ,, | | | ၉၀ | ၁၃–၄၃ | ၁၀၉ | ၁၄–၃၀ | | |
| ဝါခေါင် ,, | ၁၀၉ | ၁၄–၃၀ | ၁၂၈ | ၁၄–၂၉ | ၁၃၉ | ၀–၁၃ | ၁၂၈ | ၁၄–၂၉ |
| တော်သလင်း ,, | ၁၃၈ | ၁၄– ၈ | ၁၅၇ | ၁၄– ၇ | ၁၆၈ | ၁၄–၄၆ | ၁၅၇ | ၁၄– ၇ |
| သီတင်းကျွတ် ,, | ၁၆၈ | ၁၄–၄၆ | ၁၈၇ | ၁၄–၃၇ | ၁၉၈ | ၀–၁၃ | ၁၈၇ | ၁၄–၃၇ |
| တန်ဆောင်မုန်း ,, | ၁၉၇ | ၁၄–၁၃ | ၂၁၆ | ၁၄–၁၆ | ၂၂၇ | ၁၄–၃၃ | ၂၁၆ | ၁၄–၁၆ |
| နတ်တော် ,, | ၂၂၇ | ၁၄–၃၃ | ၂၄၆ | ၁၄–၄၀ | ၂၅၇ | ၁၄–၄၆ | ၂၄၆ | ၁၄–၄၀ |
| ပြာသို ,, | ၂၅၆ | ၁၃–၅၀ | ၂၇၅ | ၁၄– ၀ | ၂၈၆ | ၁၄– ၀ | ၂၇၅ | ၁၄– ၀ |
| တပို့တွဲ ,, | ၂၈၆ | ၁၄– ၀ | ၃၀၅ | ၁၄–၁၃ | ၃၁၆ | ၁၄–၁၁ | ၃၀၅ | ၁၄–၁၃ |
| တပေါင်း ,, | ၃၁၅ | ၁၃–၁၆ | ၃၃၄ | ၁၃–၃၁ | ၃၄၅ | ၁၃–၃၀ | ၃၃၄ | ၁၃–၃၁ |

## (ခ) သက္ကရာဇ် ၁၂၇၁-၇၂ ၏ လထပ်ဝါဒနှိုင်းယှဉ်ဇယား။ ဇယားအမှတ် [၃၂]

| လအမည် | | ညောင်ကန်ဝါဒ | | | | ပက္ခဒိန်အဖွဲ့ဝါဒ | | | |
|---|---|---|---|---|---|---|---|---|---|
| | | ၁၂၇၁ | | ၁၂၇၂ · ကြီး | | ၁၂၇၁ · ကြီး | | ၁၂၇၂ | |
| | | သု | တိထိ | သု | တိထိ | သု | တိထိ | သု | တိထိ |
| တန်ခူး | လပြည့် | ၃၅၄ | ၁၃-၃၆ | ၃၄၃ | ၁၃-၅၇ | ၃၅၄ | ၁၃-၃၆ | ၉ | ၀-၀ |
| ကဆုန် | ။ | ၁၈ | ၁၃-၁၈ | ၇ | ၁၃-၁၈ | ၁၈ | ၁၃-၁၈ | ၃၈ | ၁၄-၃၂ |
| နယုန် | ။ | ၄၈ | ၁၃-၄၁ | ၃၇ | ၁၃-၃၆ | ၄၈ | ၁၃-၄၁ | ၆၈ | ၁၄-၅၄ |
| ဝါဆို | ။ | ၇၇ | ၁၃-၁၁ | ၆၇ | ၁၃-၅၇ | ၇၈ | ၁၄-၁၂ | ၉၇ | ၁၄-၂၃ |
| ဒု-ဝါဆို | ။ | | | ၉၇ | ၁၄-၂၃ | ၁၀၈ | ၁၄-၅၁ | | |
| ဝါခေါင် | ။ | ၁၀၇ | ၁၃-၄၇ | ၁၂၇ | ၁၄-၅၅ | ၁၃၈ | ၀-၃၄ | ၁၂၇ | ၁၄-၅၅ |
| တော်သလင်း | ။ | ၁၃၆ | ၁၃-၂၃ | ၁၅၆ | ၁၄-၂၈ | ၁၆၇ | ၀-၁၁ | ၁၅၆ | ၁၄-၂၈ |
| သီတင်းကျွတ် | ။ | ၁၆၆ | ၁၄-၅ | ၁၈၆ | ၀-၇ | ၁၉၇ | ၀-၅၂ | ၁၈၆ | ၀-၇ |
| တန်ဆောင်မုန်း | ။ | ၁၉၅ | ၁၃-၃၈ | ၂၁၅ | ၁၄-၄၀ | ၂၂၆ | ၀-၂၃ | ၂၁၂ | ၁၄-၄၀ |
| နတ်တော် | ။ | ၂၂၅ | ၁၄-၁၇ | ၂၄၅ | ၀-၁၈ | ၂၅၆ | ၀-၅၂ | ၂၄၅ | ၀-၁၈ |
| ပြာသို | ။ | ၂၅၄ | ၁၃-၄၆ | ၂၇၄ | ၁၄-၄၇ | ၂၈၅ | ၀-၁၅ | ၁၇၄ | ၁၄-၄၇ |
| တပို့တွဲ | ။ | ၂၈၄ | ၁၄-၁၄ | ၃၀၄ | ၀-၁၇ | ၃၁၅ | ၀-၃၄ | ၃၀၄ | ၀-၁၇ |
| တပေါင်း | ။ | ၃၁၃ | ၁၃-၃၇ | ၃၃၃ | ၁၄-၄၃ | ၃၄၄ | ၁၄-၅၃ | ၃၃၃ | ၁၄-၄၃ |

## သက္ကရာဇ် ၁၂၇၉-၁၂၈၀ ၏ လထပ်ဝါဒ နှိုင်းယှဉ်ဇယား။ ဇယားအမှတ် [၃၃]

| လအမည် | | ညောင်ကန်ဝါဒ | | | | ပက္ခဒိန်အဖွဲ့ဝါဒ | | | |
|---|---|---|---|---|---|---|---|---|---|
| | | ၁၂၇၉ | | ၁၂၈၀ ယေ် | | ၁၂၇၉ ယေ် | | ၁၂၈၀ | |
| | | သု | တိထိ | သု | တိထိ | သု | တိထိ | သု | တိထိ |
| တန်ခူး | လပြည့် | ၃၅၆ | ၁၄-၁၀ | ၃၄၅ | ၁၄-၉ | ၃၅၆ | ၁၄-၁၀ | ၃၀ | ၁၄-၂၅ |
| ကဆုန် | ။ | ၂၁ | ၁၃-၃၅ | ၉ | ၁၃-၂၉ | ၂၁ | ၁၃-၃၅ | ၃၉ | ၁၃-၄၉ |
| နယုန် | ။ | ၅၀ | ၁၄-၈ | ၃၉ | ၁၃-၄၉ | ၅၀ | ၁၄-၈ | ၆၉ | ၁၄-၁၇ |
| ဝါဆို | ။ | ၇၉ | ၁၃-၄၄ | ၆၈ | ၁၃-၁၇ | ၇၉ | ၁၃-၄၄ | ၉၈ | ၁၃-၅၀ |
| ဒု-ဝါဆို | ။ | — | — | ၉၈ | ၁၃-၅၀ | ၁၀၉ | ၁၄-၂၈ | — | — |
| ဝါခေါင် | ။ | ၁၀၉ | ၁၄-၂၈ | ၁၂၈ | ၁၄-၂၉ | ၁၃၉ | ၀-၁၄ | ၁၂၈ | ၁၄-၂၉ |
| တော်သလင်း | ။ | ၁၃၈ | ၁၄-၄ | ၁၅၇ | ၁၄-၅ | ၁၆၈ | ၁၄-၅၁ | ၁၅၇ | ၁၄-၅ |
| သီတင်းကျွတ် | ။ | ၁၆၈ | ၁၄-၅၁ | ၁၈၇ | ၁၄-၄၇ | ၁၉၈ | ၀-၂၉ | ၁၈၇ | ၁၄-၄၇ |
| တန်ဆောင်မုန်း | ။ | ၁၉၇ | ၁၄-၂၅ | ၂၁၆ | ၁၄-၂၀ | ၂၂၇ | ၁၄-၅၆ | ၂၁၆ | ၁၄-၂၀ |
| နတ်တော် | ။ | ၂၂၇ | ၁၄-၅၆ | ၂၄၆ | ၁၄-၅၄ | ၂၅၇ | ၀-၁၉ | ၂၄၆ | ၁၄-၅၄ |
| ပြာသို | ။ | ၂၅၆ | ၁၄-၁၉ | ၂၇၅ | ၁၄-၂၁ | ၂၈၆ | ၁၄-၃၈ | ၂၇၅ | ၁၄-၂၁ |
| တပို့တွဲ | ။ | ၂၈၆ | ၁၄-၃၈ | ၃၀၅ | ၁၄-၅၅ | ၃၁၆ | ၁၄-၅၁ | ၃၀၅ | ၁၄-၅၅ |
| တပေါင်း | ။ | ၃၁၅ | ၁၃-၅၅ | ၃၃၄ | ၁၄-၇ | ၃၄၅ | ၁၄-၅၉ | ၃၃၄ | ၁၄-၇ |

| လအမည် | | ညောင်ကန်ဝါဒ | | | | ပက္ခဒိန်အဖွဲ့ဝါဒ | | | |
|---|---|---|---|---|---|---|---|---|---|
| | | ၁၂၉၀ | | ၁၂၉၁ ငယ် | | ၁၂၉၀ ငယ် | | ၁၂၉၁ | |
| | | သု | တိထိ | သု | တိထိ | သု | တိထိ | သု | တိထိ |
| တန်ခူး | လပြည့် | ၃၅၄ | ၁၄ – ၃၆ | ၃၄၃ | ၁၄ – ၂၃ | ၃၅၄ | ၁၄ – ၃၆ | ၈ | ၁၄ – ၄၉ |
| ကဆုန် | ။ | ၁၈ | ၁၃ – ၅၈ | ၇ | ၁၃ – ၅၀ | ၁၈ | ၁၃ – ၅၈ | ၃၇ | ၁၄ – ၁၅ |
| နယုန် | ။ | ၄၈ | ၁၄ – ၁၆ | ၃၇ | ၁၄ – ၁၅ | ၄၈ | ၁၄ – ၁၆ | ၆၇ | ၁၄ – ၃၆ |
| ဝါဆို | ။ | ၇၇ | ၁၃ – ၄၂ | ၆၆ | ၁၃ – ၄၀ | ၇၇ | ၁၃ – ၄၂ | ၉၆ | ၁၄ – ၁ |
| ဒု–ဝါဆို | ။ | — | — | ၉၆ | ၁၄ – ၁ | ၁၀၇ | ၁၄ – ၆ | — | — |
| ဝါခေါင် | ။ | ၁၀၇ | ၁၄ – ၆ | ၁၂၆ | ၁၄ – ၂၂ | ၁၃၇ | ၁၄ – ၃၇ | ၁၂၆ | ၁၄ – ၂၂ |
| တော်သလင်း | ။ | ၁၃၆ | ၁၃ – ၃၆ | ၁၅၅ | ၁၄ – ၄၆ | ၁၆၆ | ၁၄ – ၈ | ၁၅၅ | ၁၄ – ၄၆ |
| သီတင်းကျွတ် | ။ | ၁၆၆ | ၁၄ – ၈ | ၁၈၅ | ၁၄ – ၁၁ | ၁၉၆ | ၁၄ – ၄၄ | ၁၈၅ | ၁၄ – ၁၁ |
| တန်ဆောင်မုန်း | ။ | ၁၉၅ | ၁၃ – ၃၉ | ၂၁၄ | ၁၃ – ၃၈ | ၂၂၅ | ၁၄ – ၁၆ | ၂၁၄ | ၁၃ – ၃၈ |
| နတ်တော် | ။ | ၂၂၅ | ၁၄ – ၁၆ | ၂၄၄ | ၁၄ – ၁၀ | ၂၅၅ | ၁၄ – ၅၃ | ၂၄၄ | ၈၄ – ၁၀ |
| ပြာသို | ။ | ၂၅၄ | ၁၃ – ၄၇ | ၂၇၃ | ၁၃ – ၄၀ | ၂၈၄ | ၁၄ – ၂၃ | ၂၇၃ | ၁၄ – ၄၀ |
| တပို့တွဲ | ။ | ၂၈၄ | ၁၄ – ၂၃ | ၃၀၃ | ၁၄ – ၁၇ | ၃၁၄ | ၁၄ – ၅၆ | ၃၀၃ | ၁၄ – ၁၇ |
| တပေါင်း | ။ | ၃၁၃ | ၁၃ – ၅၂ | ၃၃၂ | ၁၃ – ၄၉ | ၃၄၃ | ၁၄ – ၂၃ | ၃၃၂ | ၁၃ – ၄၉ |



| လအမည် | | ညောင်ကန်ဝါဒ | | | | ပက္ခဒိန်အဖွဲ့ဝါဒ | | | |
|---|---|---|---|---|---|---|---|---|---|
| | | ၁၂၉၈ | | ၁၂၉၉ ဝါကြီးထပ် | | ၁၂၉၈ ဝါကြီးထပ် | | ၁၂၉၉ | |
| | | သု | တိထိ | သု | တိထိ | သု | တိထိ | သု | တိထိ |
| တန်ခူး | လပြည့် | ၃၅၅ | ၁၃–၅၂ | ၃၄၄ | ၁၃–၄၉ | ၃၅၅ | ၁၃–၅၂ | ၁၀ | ၀– ၄ |
| ကဆုန် | ။ | ၁၉ | ၁၃–၁၃ | ၈ | ၁၃–၁၂ | ၁၉ | ၁၃–၁၃ | ၃၉ | ၁၄–၂၇ |
| နယုန် | ။ | ၄၉ | ၁၃–၃၃ | ၃၈ | ၁၃–၃၂ | ၄၉ | ၁၃–၃၃ | ၆၉ | ၁၄–၄၈ |
| ဝါဆို | ။ | ၇၈ | ၁၃– ၁ | ၆၈ | ၁၃–၅၂ | ၇၉ | ၁၄– ၀ | ၉၈ | ၁၄–၁၄ |
| ဒု – ဝါဆို | ။ | — | — | ၉၈ | ၁၄–၁၄ | ၁၀၉ | ၁၄–၃၄ | — | — |
| ဝါခေါင် | ။ | ၁၀၈ | ၁၃–၃၂ | ၁၂၈ | ၁၄–၄၂ | ၁၃၉ | ၀–၁၃ | ၁၂၈ | ၁၄–၄၂ |
| တော်သလင်း | ။ | ၁၃၇ | ၁၃– ၅ | ၁၅၇ | ၁၄–၁၂ | ၁၆၈ | ၁၄–၄၉ | ၁၅၇ | ၁၄–၁၂ |
| သီတင်းကျွတ် | ။ | ၁၆၇ | ၁၃–၅၅ | ၁၈၇ | ၁၄–၄၇ | ၁၉၈ | ၀–၃၁ | ၁၈၇ | ၁၄–၄၇ |
| တန်ဆောင်မုန်း | ။ | ၁၉၆ | ၁၃–၁၇ | ၂၁၆ | ၁၄–၁၈ | ၂၂၇ | ၀– ၂ | ၂၁၆ | ၁၄–၁၈ |
| နတ်တော် | ။ | ၂၂၆ | ၁၃–၅၆ | ၂၄၆ | ၁၄–၅၆ | ၂၅၇ | ၀–၃၆ | ၂၄၆ | ၁၄–၅၆ |
| ပြာသို | ။ | ၂၅၅ | ၁၃–၂၆ | ၂၇၅ | ၁၄–၂၆ | ၂၈၆ | ၀– ၁ | ၂၇၅ | ၁၄–၂၆ |
| တပို့တွဲ | ။ | ၂၈၅ | ၁၃–၅၉ | ၃၀၅ | ၀– ၁ | ၃၁၆ | ၀–၂၅ | ၃၀၅ | ၀– ၁ |
| တပေါင်း | ။ | ၃၁၄ | ၁၃–၂၄ | ၃၃၄ | ၁၄–၂၉ | ၃၄၅ | ၁၄–၄၆ | ၃၃၄ | ၁၄–၂၉ |

သက္ကရာဇ် ၁၃၀၉ – ၁၃၁၀ ၏ လထပ်ဝါဒ နှိုင်းယှဉ်ဇယား။ ဇယားအမှတ် [၃၆]

| လအမည် | | ညောင်ကန်ဝါဒ ၁၃၀၉ သု | ညောင်ကန်ဝါဒ ၁၃၀၉ တိထိ | ညောင်ကန်ဝါဒ ၁၃၁၀ ငယ် သု | ညောင်ကန်ဝါဒ ၁၃၁၀ ငယ် တိထိ | ပက္ခဒိန်အဖွဲ့ဝါဒ ၁၃၀၉ ငယ် သု | ပက္ခဒိန်အဖွဲ့ဝါဒ ၁၃၀၉ ငယ် တိထိ | ပက္ခဒိန်အဖွဲ့ဝါဒ ၁၃၁၀ သု | ပက္ခဒိန်အဖွဲ့ဝါဒ ၁၃၁၀ တိထိ |
|---|---|---|---|---|---|---|---|---|---|
| တန်ခူး | လပြည့် | ၃၅၅ | ၀–၄ | ၃၄၃ | ၁၄–၃၂ | ၃၅၅ | ၀–၄ | ၈ | ၀–၁၀ |
| ကဆုန် | ။ | ၁၈ | ၁၄–၃၂ | ၇ | ၁၄–၆ | ၁၈ | ၁၄–၃၂ | ၃၇ | ၁၄–၄၂ |
| နယုန် | ။ | ၄၈ | ၁၄–၅၆ | ၃၇ | ၁၄–၄၂ | ၄၈ | ၁၄–၅၆ | ၆၇ | ၀–၁၂ |
| ဝါဆို | ။ | ၇၇ | ၁၄–၂၂ | ၆၆ | ၁၄–၁၃ | ၇၇ | ၁၄–၂၂ | ၉၆ | ၁၄–၄၀ |
| ဒု–ဝါဆို | ။ | — | — | ၉၆ | ၁၄–၄၀ | ၁၀၇ | ၁၄–၄၂ | — | — |
| ဝါခေါင် | ။ | ၁၀၇ | ၁၄–၄၂ | ၁၂၆ | ၀–၁ | ၁၃၇ | ၀–၂ | ၁၂၆ | ၀–၁ |
| တော်သလင်း | ။ | ၁၃၆ | ၁၄–၆ | ၁၅၅ | ၁၄–၂၃ | ၁၆၆ | ၁၄–၂၇ | ၁၅၅ | ၁၄–၂၃ |
| သီတင်းကျွတ် | ။ | ၁၆၆ | ၁၄–၂၇ | ၁၈၅ | ၁၄–၃၉ | ၁၉၆ | ၁၄–၅၃ | ၁၈၅ | ၁၄–၃၉ |
| တန်ဆောင်မုန်း | ။ | ၁၉၅ | ၁၄–၅၁ | ၂၁၄ | ၁၃–၅၉ | ၂၂၅ | ၁၄–၁၉ | ၂၁၄ | ၁၃–၅၉ |
| နတ်တော် | ။ | ၂၂၅ | ၁၄–၁၉ | ၂၄၄ | ၁၄–၁၉ | ၂၅၅ | ၁၄–၅၁ | ၂၄၄ | ၁၄–၁၉ |
| ပြာသို | ။ | ၂၅၄ | ၁၃–၄၆ | ၂၇၃ | ၁၃–၄၃ | ၂၈၄ | ၁၄–၂၈ | ၂၇၃ | ၁၃–၄၃ |
| တပို့တွဲ | ။ | ၂၈၄ | ၁၄–၂၈ | ၃၀၃ | ၁၄–၁၆ | ၃၁၄ | ၀–၀ | ၃၀၃ | ၁၄–၁၆ |
| တပေါင်း | ။ | ၃၁၃ | ၁၃–၅၃ | ၃၃၂ | ၁၃–၄၀ | ၃၄၃ | ၁၄–၃၂ | ၃၃၂ | ၁၃–၄၀ |



၆။ မြတ်စွာဘုရားလက်ထက်တော်၏ 'မူမှန်' ပက္ခဒိန်ဝါဒ။

ပက္ခဒိန်တွက်နည်းဟူသည် လွန်ခဲ့သော နှစ်ပေါင်း ရာထောင်မကသောနှစ်များ၏ ပက္ခဒိန်ကို စီစဉ်နိုင်ရပေမည်။ သို့မဟုတ် လာမည့်နှစ်ပေါင်း ရာထောင်မက ပက္ခဒိန်ကို တင်ကြိုတွက်နိုင်ရမည်။ ပက္ခဒိန်ဖြင့် ရာဇဝင်မှတ်တမ်းများ၏ နှစ်၊လ၊ ရက်နေ့များ အမှတ်အသားပြုရန်နှင့် လူမှုကိစ္စအဝဝ ဆောင်ရွက်မှုများကို မှတ်တမ်းတင်ရန်အသုံးပြုရပေသည်။ ကမ္ဘာသုံးပက္ခဒိန်သည် ဘီစီ ၄၅ မှ အစပြုခဲ့ရာ၊ ရာသီဥတုနှစ်၏ နေသွား အချိန်ကာလကိုသာပြုပြင်ခဲ့၏။ ပက္ခဒိန်တွက်ကိန်းသည် မူသေကိန်းဖြစ်၍ နှစ်ပေါင်းများစွာ တင်ကြို၍ တွက်နိုင်သည့်အပြင်၊ အစဉ်အမြဲတည်သော ပက္ခဒိန် (Perpectual Calendar) ပြုလုပ်ထားနိုင်သည်။ မြန်မာဝေါဟာရပက္ခဒိန်သည် ပက္ခဒိန်လထပ်ရက်ငင် စည်းကမ်းများ ပြုပြင်ပြောင်းလဲခဲ့သည်မှာ အနည်းဆုံး လေးကြိမ်မျှမက ရှိပေမည်။

မြန်မာဝေါဟာရ ပက္ခဒိန်နှင့် သက်ဆိုင်သော ခေတ်များသည် –

၁။ ပြည်မြို့သရေခေတ္တရာ - သုမုန္ဒြီခေတ်
၂။ ပုပ္ပား စောရဟန်း၏ ပုဂံခေတ်
၃။ အင်းဝနေပြည်တော်ခေတ်
၄။ အင်္ဂလိပ်အုပ်ချုပ်သောခေတ်
၅။ မြန်မာ့လွတ်လပ်ရေးခေတ်...............ဟူ၍ အသီးသီး ရှိကြောင်း သိကြပြီး ဖြစ်ပါသည်။

ထို့အပြင် ဗုဒ္ဓဘာသာတရားတော်နှင့် သက်ဆိုင်သော ရှေးပက္ခဒိန်များ၏ ခေတ်တွင် –

(က) ဘိုးတော်အဠူနမင်းကြီး ဖွဲ့ပြီး မဟာသက္ကရာဇ် ခေတ်။

(ခ) အဇာတသတ်မင်းဖွဲ့ပြီးသော သာသနာနှစ်ဟူ၍ နှစ်မျိုးရှိလေသည်။

အထက်ဖော်ပြပါ ခေတ်များ၌ သုမုန္ဒြီမင်းလက်ထက် ဒေါဒေါရသ နှစ်ပေါင်း ၆၂၂ နှစ် ဖွဲ့ပြီးကာလနှင့်စပ်လျဉ်းသည့် ပက္ခဒိန်များ၏ လဒပ် စည်းကမ်းများသည် အဘယ်မည်သောမူဖြင့် လထပ်ရက်ငင်ပြုခဲ့သည်ဟူ၍ တိတိကျကျ မတွေ့ရသေးချေ။ သို့သော် ပုပ္ပားစောရဟန်းမင်း၏ ခဆပဠဖွဲ့ပြီးသော သက္ကရာဇ် အငမှ ၁၉ ခုစား လထပ် မူသေကိန်းကို အသုံးပြုခဲ့၏ဟု ယူဆရပေသည်။ သက္ကရာဇ် ၁၂၁၇ ၌ ညောင်ကန်ဆရာတော်၏ လထပ်စည်းကမ်းဖြင့် တမူပြောင်း၏။ ထို့ အတူ မြန်မာ့လွတ်လပ်ရေးခေတ်တွင် သက္ကရာဇ် ၁၃၁၇ မှအစပြု၍ လထပ်စည်းကမ်းပြုပြင်ခဲ့လေသည်။

ညောင်ကန် ဆရာတော်၏ လထပ်စည်းကမ်းသည် ရှေးလေးရာသီအတွင်း၌ အဓိမာသ်ပိုသော် ထိုနှစ်၌ပင် လထပ်ရမည်။ နောက်ရှစ်ရာသီအတွင်း အဓိမာသ်ပိုသော် လာလတံ့သောနှစ်၌ လထပ်ရမည်။ သက္ကရာဇ် ၁၂၁၆ မတိုင်မီ လထပ်သောနှစ်များသည် ၁၉ ခုစားကိန်းဖြင့် မူသေလထပ်ကိန်းပြုခဲ့၏။ လွတ်လပ်ရေးခေတ် ပက္ခဒိန်အဖွဲ့၏ လထပ်စည်းကမ်းသစ်သည် ရှေ့ရှစ်ရာသီအတွင်း အဓိမာသ်ပိုခဲ့သော် ထိုနှစ်၌ပင် လထပ်ရသည်။ နောက်လေးရာသီအတွင်း အဓိမာသ်ပိုသော် လာလတံ့သောနှစ်တွင် လထပ်ရသည်။ လထပ်ရန်အတွက် စည်းကမ်းအတိအကျ ထားနိုင်သကဲ့သို့ ရက်ငင်သောစည်းကမ်း



ကို အတိအကျ မထားနိုင်သဖြင့် မြန်မာ ပက္ခဒိန်တွင် တင်ကြိုတွက်နိုင်သောနည်း မရှိနိုင်ချေ။

ဗုဒ္ဓနေ့နှင့်သက်ဆိုင်သော မဟာသက္ကရာဇ် ၆၈၊ ၁၀၃ နှင့် ၁၄၈ နှစ်များ၏ ပက္ခဒိန်များကို တွက်သောအခါ၌ သူရိယသိဒ္ဓန္တကျမ်း၏ တွက်ကိန်းများဖြင့်အသုံးပြု၍ အတိတ်သက္ကရာဇ်များ၏ ပက္ခဒိန်တွက်နိုင်ခဲ့ပါလျှင် အနာဂတ် သက္ကရာဇ်များ၏ ပက္ခဒိန်များကိုလည်း တွက်ချက်နိုင်သောနည်း ဖြစ်နိုင်မည်ဟု ဆင်ခြင်တွေးဆမိပါသည်။ ယခုမြန်မာဝေါဟာရ ပက္ခဒိန်သည် ရှေးလွန်ခဲ့သောနှစ်များ၏ ပက္ခဒိန်ကို တွက်ရန်မူသေကိန်း မရှိသကဲ့သို့ ရှေ့လာမည့်နှစ်များအတွက်လည်း တွက်ရန်မူသေကိန်း ရှိဟန်မတူချေ။ သူရိယသိဒ္ဓန္တကျမ်း၏ တွက်ကိန်းသဘောအတိုင်း ပက္ခဒိန်တွက်သော် အတိတ် ပက္ခဒိန်များသော်၎င်း၊ အနာဂတ်ပက္ခဒိန်များသော်၎င်း တွက်နိုင်လိမ့်မည်။

ဗုဒ္ဓနေ့နှင့်သက်ဆိုင်သော မဟာသက္ကရာဇ် ၆၈၊ ၁၀၃ နှင့် ၁၄၈ များ၏ အတာတက်နေ့နှင့် ကဆုန်လပြည့်ရက်များကို သိရှိရန် သူရိယသိဒ္ဓန္တမူမှန် ပက္ခဒိန်တွက်နည်းများကို ဖော်ပြခဲ့ပြီး ဖြစ်ပါသည်။ ယခုမဟာသက္ကရာဇ် ၁၄၇ ၏ ပက္ခဒိန်တွက်နည်းကို အောက်ပါအတိုင်း ဖော်ပြလိုက်ပါသည်။

မဟာသက္ကရာဇ် ၁၄၇ ၏ ပက္ခဒိန်တွက်နည်း။

မဟာသက္ကရာဇ် ၁၄၇။ ကလိယုဂ်နှစ် = ၁၄၇ + ၂၄၀၉
= ၂၅၅၆

သာဝနရက် = ၂၅၅၆ × ၃၆၅.၂၅၈၇၅၆၅ = ၉၃၃၆၀၁.
၃၈၁၆ = ၉၃၃၆၀၂ သာဝနရက်။

ကြမ်တ် = ၀.၃၈၁၆ × ၈၀၀ = ၃၀၅.၂၅ ကြမ်တ် ၃၀၆။

အတာနေ့ = ၉၃၃၆၀၂ + ၅ = ၉၃၃၆၀၇ ÷ ၇ = ၁၃၃၃၇၂
အကြွင်း – ၃ = အင်္ဂါနေ့။
တိထိရက်လွန် = ၂၅၅၆ × ၁၁.၀၆၄၀၃ = ၂၈၂၁၁.၇၀၅၄၈
+ ၃၀
အကြွင်း = ၂၁.၇၀၅၄၈
ရက်လွန် = ၂၂။

မဟာသက္ကရာဇ် ၁၄၇ တန်ခူးလဆုတ် ၇ ရက်၊ အင်္ဂါနေ့ အတာနေ့ ဖြစ်သည်။ ထို့ကြောင့် တန်ခူးလဆန်း ၁ ရက်သည် အင်္ဂါနေ့ ဖြစ်၍ တန်ခူးလပြည့်သည်လည်း အင်္ဂါနေ့ဖြစ်သည်။ ထိုနှစ်သည် ဝါငယ်ထပ်နှစ်ဖြစ်၏။

ခရစ်နှစ် ဘီစီ ၅၄၆ မတ်လ ၁၂ ရက်၊ အင်္ဂါနေ့အတာနေ့ ဖြစ်၏။

(ဇယားအမှတ် ၃၇ တွင်ကြည့်)

ဝေါဟာရပက္ခဒိန် လဆန်းတရက်၏ နေ့များကို ဖော်ပြထားသော ဇယားအမှတ်(၅၆) တွင် ဝါငယ်ထပ်သော နှစ်ဆန်း တန်ခူးလဆန်းတရက် အင်္ဂါနေ့ဖြစ်သော် တပေါင်းလဆန်း တရက်သည် စနေနေ့ဖြစ်၍ တပေါင်းလကွယ်နေ့သည် တနင်္ဂနွေ နေ့ဖြစ်၏။ ထို့ကြောင့် မဟာသက္ကရာဇ် ၁၄၈ တန်ခူးလဆန်း တရက်သည် တနင်္လာနေ့ဖြစ်၏။

မဟာသက္ကရာဇ် ၁၄၇ ၏ ပက္ခဒိန်တန်ခူးလ၏ နေ့ရက်များ နှင့် အခြားလများ၏ နေ့များဖော်ပြထားသော ပက္ခဒိန်ဇယား အမှတ် (၃၇) ကိုတွဲ၍ တင်ပြထားပါသည်။ မြတ်စွာဘုရား လက်ထက်တော်၏ ပက္ခဒိန်များကို ကြံဆတွက်နိုင်သော်လည်း ဆိုခဲ့ပြီးသော ရှေးရှေးပုဂံခေတ်၊ အင်းဝခေတ်မှ ယခုသက္ကရာဇ် ၁၃၂၅ အထိသက္ကရာဇ်နှစ်တိုင်းတွင် ဤကဲ့သို့ ပက္ခဒိန်မတွက်နိုင်

ဇယားအမှတ် [၃၇]

| မဟာသက္ကရာဇ် ၁၄၇ | | | | | | | | B.C.546 |
|---|---|---|---|---|---|---|---|---|
| | တန်ခူးလ FEBRUARY | | | | MARCH | လဆန်းနေ့များ | | |
| တနင်္ဂနွေ SUNDAY | 17 | ၆ 24 | ၁၃ 3 | ၅ 10 | ၁၂ 17 | | | တန်ဆောင်မုန်း |
| တနင်္လာ MONDAY | 18 | ၇ 25 | ၁၄ 4 | ၆ 11 | ၁၃ 18 | | ဒုတိယဝါဆို | |
| အင်္ဂါ TUESDAY | ၁ 19 | ၈ 26 | ၁၅ ○ 5 | ၇ 12 | ၁၄ ● 19 | | | နတ်တော် |
| ဗုဒ္ဓဟူး WEDNESDAY | ၂ 20 | ၉ 27 | ၁ 6 | ၈ 13 | | ကဆုန် | ဝါခေါင် | ပြာသို |
| ကြာသပတေး THURSDAY | ၃ 21 | ၁၀ 28 | ၂ 7 | ၉ 14 | | | တော်သလင်း | |
| သောကြာ FRIDAY | ၄ 22 | ၁၁ 1 | ၃ 8 | ၁၀ 15 | | နယုန် | | တပို့တွဲ |
| စနေ SATURDAY | ၅ 23 | ၁၂ 2 | ၄ 9 | ၁၁ 16 | | ပဌမဝါဆို | သီတင်းကျွတ် | တပေါင်း |

သဖြင့် အလွန်ဝမ်းနည်းစရာ ကောင်းပါသည်။ ပြုလုပ်ပြီးသော ပက္ခဒိန်များကို ပြင်ရန်မဖြစ်ချေ။ နောင်ပြုလုပ်မည့် ပက္ခဒိန်များအတွက် နှစ်ပေါင်း တထောင်,နှစ်ထောင် စသည်ဖြင့် တင်ကြိုတွက်နိုင်မည့်နည်းများကို ရှာဖွေလေ့လာရန် လိုပါသည်။

မြန်မာဝေါဟာရပက္ခဒိန် တင်ကြိုတွက်နိုင်သော ကိန်းအမျိုးမျိုး ရှာဖွေလေ့လာသောအခါ၌ အဓိမာသ်နှင့် ရက်ငင်ပို့သော သက္ကရာဇ်များကို တင်ကြို၍ တွက်ပြီးသော် အဓိမာသ်နှင့် ရက်ငင်ပို့င်တူပို့င်ကျသော သက္ကရာဇ်များ၌ မုချဝါကြီးထပ်ဟူ၍ အဆုံးအဖြတ်ပြုနိုင်ပါသည်။ အဓိမာသ်နှင့် ရက်ငင်ပို့သက္ကရာဇ် နီးစပ်ရာလဆပ်နှစ်များတွင်ဝါကြီးထပ်နှစ်ပြုခြင်းဖြင့်ရှေးဦး တင်ကြို၍ ပက္ခဒိန်တွက်သောနည်း တီထွင်သော် စောဒကတက်နိုင်ခွန် အခွင့်အရေးများရှိနိုင်၏။ အဆိုပါအဓိမာသ်နှင့် ရက်ငင်ပို့ကိန်းသည် သူရိယမာသနှစ်နှင့် စန္ဒရမာသနှစ်များကို တွက်ချက်သောကိန်းဖြစ်၏။ ဝေါဟာရမာသဖြင့်သာ လထပ်ရက်ငင် ပြုရသည့်အပြင် လထပ်ရက်ငင် စည်းကမ်းများနှင့်လည်း ချုပ်ချယ်မှုကြောင့် ထိုပို့သော သက္ကရာဇ်များသည် ဝေါဟာရပက္ခဒိန်၌ အတိအကျ အသုံးပြုနိုင်သောကိန်း မဟုတ်ချေ။ သူရိယမာသ နှစ်ဆန်း၌ စန္ဒရမာသ ‘တိထိရက်လွန်’သည်အဓိကအချက်ဖြစ်၍ ထိုတိထိရက်လွန်ကို ‘သာဝနရက်လွန်’ ပြုသော် ဝေါဟာရနှစ်ဆန်း, တန်ခူးလဆန်းတရက်၏ ရက်လွန်ကိန်းဖြစ်သည်။ ထို့ကြောင့် ရက်လွန်သဘာဝဖြင့် ထိုနှစ်သည် သာမန်နှစ် ဝါထပ်နှစ် ရက်ငင်နှစ်ဟူ၍ သူရိယသိဒ္ဓန္တကိန်းဖြင့် ဖော်ပြထားခြင်းကြောင့် ‘မူမှန်ပက္ခဒိန်’ တွက်နည်းဟူ၍ ခေါ်စေမည်။

မူမှန်ပက္ခဒိန်သည် သူရိယသိဒ္ဓန္တတွက်ကိန်းဖြင့် တွက်ပြီးသော် အကြင်ဝေါဟာရမာသနှစ်၌ ၃၅၄ ရက်ရှိ၏။ ထိုနှစ်သည်



သာမန်နှစ်ဖြစ်ရချေမည်။ အကြင်နှစ်၌ ၃၅၅ ရက်ရှိ၏။ ထိုနှစ်သည် ရက်ငင်နှစ်ဖြစ်ရမည်။ ရက်ချည်းသက်သက်ငင်ရပေမည်။ အကြင်နှစ်၌ ၃၈၄ ရက်ရှိ၏။ ထိုနှစ်သည် ဝါထပ်နှစ်ဖြစ်၏။ ဤသို့ကိန်းများတွင် ဖော်ပြထားသဖြင့် ဝိဝါဒ အငြင်းပွားရန် မလိုပေ။

‘မူမှန်ပက္ခဒိန်’သည် လထပ်ရက်ငင်ကိန်း ရှိသောကြောင့် လထပ်ရက်ငင်စည်းကမ်းများလည်း ရှိရပေမည်။

၁။ လထပ်သောအခါ၌ ဒုတိယဝါဆိုလပြည့်ဖြင့် လထပ်ရပေမည်။ ဤစည်းကမ်းသည် ဘာသာရေး၊ သာသနာရေး၊ ပရိယတ္တိရေးနှင့် သက်ဆိုင်သော စည်းကမ်းဖြစ်သောကြောင့် ယခုအသုံးပြုသော ပက္ခဒိန်စည်းကမ်းအတိုင်း ကျင့်သုံးရပေမည်။ ပြောင်းလဲရန်အကြောင်း မရှိချေ။

၂။ မူမှန် ပက္ခဒိန်၏ လထပ်ကိန်းသည် အဓိမာသ်ပို့သောနှစ်၌ လထပ်သော‘မူ’ ဖြစ်၏။ အဓိမာသ်ပို့ခြင်းသည် လထပ်ချိန်ရောက်သော အခြင်းအရာဖြစ်၏။ ထို့ကြောင့် ထိုနှစ်၌ပင် လထပ်သော် လာလတံ့သောနှစ်တွင် သူရိယမာသနှင့် ဝေါဟာရမာသတို့သည် လက်ငင်းညီညွတ် သွားပေမည်။ ယခုနောက်ဆုံး အသုံးပြုသော လထပ်စည်းကမ်းသည် အဓိမာသ်ပို့ပြီးနောက် ရှစ်လအကြွေးတင်ခံ၍ လထပ်သောနည်းဖြစ်၏။ ညောင်ကန်ခေတ်၏ လထပ်စည်းကမ်းသည် အဓိမာသ်ပို့ပြီး နောက်တနှစ် အကြွေးတင်ခံ၍ လထပ်၏။ ရှေး ၁၉ ခုစား လထပ်ကိန်းသည် အဓိမာသ်ပို့ပြီးနောက် ၁၅ လခန့်အကြွေးတင်ခဲ့၍ လထပ်ခဲ့၏။ ဤမူမှန် ပက္ခဒိန်၏ လထပ်ကိန်းသည် အဓိမာသ်ပို့သောနှစ်၌ ဒုတိယဝါဆိုလဖြင့် လထပ်သောကြောင့် အကြွေးတင်မခံ၊ တင်ကြို၍

လထပ်သော စည်းကမ်းဖြစ်၏။ တနည်းအားဖြင့်ဆိုသော် ရက်လွန် ၁၉ ရက်ကျသောနှစ်၌ လထပ်ခြင်း ဖြစ်သဖြင့် တပေါင်းလတွင် လထပ်ကိန်းကြုံသော် ထိုနှစ်ဝါဆိုလ၌ပင် တင်ကြို၍ လထပ်သော စည်းကမ်းဖြစ်၏။ ဤကဲ့သို့ တင်ကြို၍ လထပ်ခြင်းသည် ကဆုန်လ သင်္ကြန်ကင်းလို သောအကြောင်းကြောင့် ဖြစ်သည်။ ညောင်ကန် ဆရာ တော်သည် ကဆုန်လ သင်္ကြန်ကင်းရန် တင်ကြို၍ လထပ် ရမည်ဟူ၍ မိန့်တော်မူခဲ့လေသည်။

၃။ ရက်ငင်နှစ်ကြုံကြိုက်သော် ထိုအခါ၌ ၃၅၅ ရက်ရှိ၍ ထိုနှစ် ၌ပင် ရက်ငင်သော စည်းကမ်းဖြစ်၏။ ရက်ငင်ကြုံသော နှစ်၌ ရက်ငင်သော် ရက်ငင်ပြီးကာလ၌ ဝေါဟာရလပြည့် နှင့် စန္ဒရမာသ လပြည့်ညီညွတ်ကြ၏။ ရက်ငင်ခြင်းသည် ဝေါဟာရမာသနှင့် စန္ဒရမာသ ညှိခြင်းသဘောရှိ၏။ ထို့ကြောင့် ထိုနှစ်၌ပင် ရက်ချည်းသက်သက်ငင်ရပေမည်။ ယခုကျင့်သုံးလျက်ရှိသော ရက်ငင်စည်းကမ်းမှာ ရက်ငင် ကြုံကြိုက်သောနှစ်သည် လထပ်နှစ်မဟုတ်သော် နောင်လာ လတ့ံသော လထပ်နှစ်၌ 'သင့်လျော်လျှင်' ရက်ငင်ရသည်။ ဤအချက်၌ 'သင့်လျော်လျှင်' ဆိုသောပုဒ် ထည့်သွင်း ဖော်ပြရသည်မှာ ရက်ငင်စည်းကမ်းတွင် ဒုတိယ ဝါဆို လပြည့်တိထိနှင့် နက္ခတ်ကိုကြည့်၍ ရက်ငင်သင့်လျှင် ရက်ငင်ရမည်။ မသင့်သော် မငင်ရချေဟူသော အချက် ကြောင့် ထို 'သင့်လျော်လျှင်' ဟူသောပုဒ်ကို ထည့်သွင်း ရပေသည်။ ဥပမာ....ကျွန်ုပ်သည်သူငယ်ချင်းထံသို့အကြွေး ဆပ်ရန်ရှိ၏။ သို့သော်သူငယ်ချင်း၌ ငွေအင်အားအခြေ အနေကောင်းသော် အကြွေးပေးဆပ်ရန် မလိုသေးချေ။



ငွေလိုသောအခါမှသာ အကြွေးဆပ်ရပေမည်။ သို့သော် ထိုအကြွေး မဆပ်သော ကာလ၌ အကြွေးမကျေသဖြင့် အကြွေးမှာတင်မြဲဖြစ်၏။ ထို့ကြောင့် အကြွေးမတင်ရန် ဆပ်နိုင်သောအခါ၌ ဆပ်ရပေမည်။ ထို့အတူ ရက်ငင်ရန် ကြုံကြိုက်သော် ထိုအခါ၌ ရက်ငင်ရပေမည်။ ထိုသို့ ရက်ငင် သောအခါ၌ ဝေါဟာရ ပက္ခဒိန်၏ ရက်မစုံသော လတခုခု ၌သာ ရက်ငင်ရပေမည်။ နယုန်လ၌ ရက်ငင်ခြင်းသည် ဝါဆိုလပြည့်၏ စန်းယှဉ်အဿဇ္ဈိနက္ခတ်နှင့် တိထိကိုကြည့်၍ ဝါဆိုလပြည့်အတွက် ရက်ငင်ရပေသည်။ ယခုမူမှန် ပက္ခဒိန် သည် ဝါဆိုလပြည့် တခုအတွက်ကြည့်သော် အလွန် ကျဉ်းမြောင်းသော စည်းကမ်းဖြစ်၍ နောက်ရက်ငင် မကြုံကြိုက်မီအတွင်း ငါးနှစ်အတွက် တိထိများ အား ကောင်းစေရန် ရက်ငင်ကြုံကြိုက်သောနှစ်၏ ဇဟိုလဖြစ် သော သီတင်းကျွတ်လ၌ ရက်ငင်ပြုသော်သင့်တော်ပေ၏။

၄။ တခါတရံ လထပ်သောနှစ်နှင့် ရက်ငင်သောနှစ် အတူ ပြိုင်သောနှစ်၌ ၃၈၅ ရက်ရှိ၍ 'လထပ်ရက်ငင်' နှစ်မည်၏။ ထိုအခါ၌ ဒုတိယ ဝါဆိုလဖြင့် လထပ်ပြု၍ သီတင်းကျွတ် လဆုတ် ပက္ခတွင် ၁၅ ရက် တရက်တိုး၍ ရက်ငင်ပြုရမည်။

### "မူမှန်ပက္ခဒိန်"၏ အကျိုးများ

၁။ ကဆုန်လ၌ အစဉ်အမြဲ သင်္ကြန်ကင်း၍ မြန်မာဝေါဟာရ ပက္ခဒိန်၏ နှစ်ဦးတန်ခူးလ၌သာ အစဉ်အမြဲ သင်္ကြန်အတာ ကူး နှစ်ဆန်းရက်ကျသည်။

၂။ ကဆုန်လပြည့်၌ မူမှန်နေ့နှင့် ညီညွတ်သည့်အပြင် နိုင်ငံ

ခြား ဗုဒ္ဓဘာသာများ ကျင်းပသော ဗုဒ္ဓနေ့နှင့်လည်း ညီညွတ်မည်။ (မူမှန် ဗုဒ္ဓနေ့အကြောင်းတင်ပြပြီးဖြစ်၏။)

၃။ ဝါဆိုလပြည့်သည်လည်း တိထီအားကောင်း၍ မုချလပြည့်နှင့် ညီညွတ်သောနှစ်များ ဖြစ်လာပေမည်။ လပြည့်စန်းယှဉ် နက္ခတ်များသည် နှစ်စဉ်ဿဝရ မညီညွတ်စေကာမူ၊ ညီညွတ်သောနှစ်များ၏ထုတ်လုပ်ပြီးသော ပက္ခဒိန်တို့ထက် ပိုမိုကောင်းမွန်လာ၏။

၄။ နေကြွတ်သောနေ့သည် လကွယ်ဥပုသ်ရက်နှင့် လဆန်းတရက်၌ နေကြွတ်၍ လကြွတ်သောအခါ၌ လပြည့်ဥပုသ်ရက်နှင့် လဆုတ်တရက်၌ လကြွတ်သည်။

၅။ အထူး အရေးကြီးဆုံးသော အချက်မှာ ဤ"မူမှန်ပက္ခဒိန်" တွက်နည်းသည် အနှစ်ရာထောင်မက တင်ကြိုတွက်နိုင်သော နည်းဖြစ်သောကြောင့် ကမ္ဘာသုံး ပက္ခဒိန်ကဲ့သို့ နှစ်ငါးရာ အိတ်ဆောင်ပက္ခဒိန် တီထွင်နိုင်ပေသည်။

အထက် ဖော်ပြချက်များအနက် ယခုအသုံးပြုလျက်ရှိသော ပက္ခဒိန်တွင် အမှတ် သုံးအချက်မှအပ အခြားအချက်လေးချက် မပြည့်စုံချေ။ ရှေးခေတ်နှင့် ယခုခေတ်၏ တိုင်းနိုင်ငံကြီးများ ဆက်သွယ်မှုမှာ အလွန်ကွာခြားပေသည်။ ထို့ကြောင့် ရှေးခေတ်တွင် ထုတ်ခဲ့ပြီးဖြစ်သော ပက္ခဒိန်ဖြင့် ရောင့်ရဲနိုင်ခဲ့ကြသော်လည်း ယခုခေတ်တွင် တိုင်းရင်းသားပညာရှိများ ပေါ်များလာခြင်းကြောင့် သိပ္ပံနည်းကျသော ပက္ခဒိန်ကို အလိုရှိလာကြ၏။ နိုင်ငံခြားများနှင့် ဆက်သွယ်မှု တိုးတက်သောခေတ်ဖြစ်၍ ခေတ်မီမြန်မာပက္ခဒိန် အလိုရှိကြမည်မှာ မုချဖြစ်ပေသည်။



## ယခုအသုံးပြုသော ပက္ခဒိန်၏ ချွတ်ယွင်းချက်သည်ကား

၁။ ကဆုန်လတွင် သင်္ကြန်မကင်းချေ။ သက္ကရာဇ် ၁၃၁၇ မတိုင်မီခေတ်များ၌ သုံးနှစ်တခါ နှစ်နှစ်တခါ ကဆုန်လတွင် သင်္ကြန် နှစ်ဆန်းကျခဲ့၏။

၂။ ကဆုန်လပြည့် ဗုဒ္ဓနေ့သည် နိုင်ငံခြား ဗုဒ္ဓနေ့နှင့် တလကွာသောနှစ်များ ရှိသော်လည်း မြန်မာဗုဒ္ဓဘာသာများသည် ကမ္ဘာ့ဗုဒ္ဓနေ့နှင့် တလကွာလျက်နှင့်ပင် ဗုဒ္ဓနေ့ ကျင်းပလေ့ရှိခဲ့ကြ၏။ ထို့အပြင် ကဆုန်လပြည့်သည်လည်း မုချလပြည့်၌ ကျင်းပသောနှစ်များ အလွန်နည်းပါး၏။ ကဆုန်လပြည့်သည် ဗုဒ္ဓနေ့ဖြစ်ပါလျက် ပူဇော်ပွဲကျင်းပသော အခါ မူမှန်ဗုဒ္ဓနေ့မဖြစ်ခြင်းကို ဂရုမပြုကြချေ။

၃။ ဒုတိယဝါဆိုလပြည့်၌ တိထီအားကောင်း၍ အဿဠ္ဌနက္ခတ်များနှင့် လပြည့်စန်းယှဉ် စေရမည်ဟု ဆိုသော်လည်း ညီညွတ်သော နှစ်များနည်း၏။

၄။ နေလကြွတ်သောအခါ၌ ဝေါဟာရ လဆန်းနှစ်ရက်၊ သုံးရက်များ၌ နေကြွတ်၍ လဆုတ်နှစ်ရက်၊ သုံးရက်များ၌ လကြွတ်သောရက်များ ရှိနေခြင်းကြောင့် သဘာဝဇန္ဒရမာသနှင့် ဝေါဟာရမာသများ မညီညွတ်မှု ထင်ရှားလှပေသည်။

၅။ အထူးအရေးကြီးသော အချက်သည် နှစ်ပေါင်းများစွာ တင်ကြို၍တွက်နိုင်သော ပက္ခဒိန်မဟုတ်ချေ။ အစိုးရခန့်သော ပက္ခဒိန်အကြံပေးအဖွဲ့ဖြင့် လထပ်ရက်ငင် အဆုံးအဖြတ်ပြုရန် နှစ်ပေါင်း ငါးနှစ် ဆယ်နှစ်ခန့် လထပ်ရက်ငင်နှစ်အမျိုးမျိုးကို အခြေပြု၍ ပက္ခဒိန်ကိုစီစဉ်ရပေသည်။

လထပ်ခြင်း နည်းလမ်းတွင် နှစ်များများ တင်ကြို၍ အဆုံးအဖြတ် ပြုနိုင်သော်လည်း ရက်ငင်သော နှစ်များ အဘွက်ကိုမူကား တင်ကြို၍အဆုံးအဖြတ်ပြုရန် ခဲယဉ်းလှပေသည်။ တင်ကြို၍တွက်သော် အချိန်ကုန် စရိတ်ကုန်ကျများပေသည်။ နိုင်ငံတော်ပက္ခဒိန် အကြံပေးအဖွဲ့သည် နှစ်ငါးဆယ်ပက္ခဒိန် စီစဉ်ရေးဆွဲခဲ့ရာ၊ စရိတ်အတော်ပင်ကုန်ကျခဲ့ကြောင်း သိရ၏။

ယခုတင်ပြသော 'မူမှန်ပက္ခဒိန်' သည် စာရေးသူတီထွင်သော နည်းမဟုတ်ချေ။ သူရိယသိဒ္ဓန္တကျမ်း၏ ကိန်းများဖြင့် တွက်သော စနစ်မှရရှိသော နည်းပင်ဖြစ်သည်။ ရှေးပညာရှိများ တီထွင်ခဲ့သောကိန်းမှ အချို့ပက္ခဒိန်ပညာရှိများ သိပြီးသောနည်းဖြစ်ပေမည်။ မူမှန်ဗုဒ္ဓနေ့ဖြစ်ခြင်း၊ လပြည့်လကွယ်များ၌ သဘာဝနှင့် ညီညွတ်ခြင်းတို့ကြောင့် ဥပုသ်ဆောက်တည်သောရက်များ မှန်ကန်မှုရှိလာသည့် ဗုဒ္ဓဝါဒီပက္ခဒိန် အစစ်ဖြစ်လာသည်။ မြန်မာတိုင်းရင်းသား ဗုဒ္ဓဘာသာ ရဟန်းရှင်လူအများအတွက် အကျိုးသက်ရောက်သောပက္ခဒိန်ဖြစ်၏။ ဤကဲ့သို့ ပက္ခဒိန်ဖြစ်ပေါ်စေလိုသော အကြောင်းရင်းမှာ ယခုသုံးစွဲနေသော ကမ္ဘာသုံးပက္ခဒိန်ကဲ့သို့ပက္ခဒိန်တွက်နည်းကိုမူသေတွက်ကိန်းများ ပြုထားခြင်းဖြင့် မည်သူမဆို သင်္ချာ တတ်မြောက်သူတိုင်း တွက်နိုင်သောကြောင့် ဖြစ်ပေသည်။ ဤသို့ဖြင့် နှစ်ပေါင်းတထောင်ကျော် တင်ကြို၍တွက်နိုင်ပေသည်။ ယခုသုံးစွဲနေသော ကမ္ဘာသုံးပက္ခဒိန်သည် နှစ်ပေါင်း နှစ်ထောင်ကျော်အထိ မယိမ်းမယိုင် ကျောက်တိုင်ကဲ့သို့ ခိုင်မြဲစွာ တည်တံ့သောနည်းဖြင့် အသုံးပြုခဲ့၏။ ထိုအတူမြန်မာဝေါဟာရ ပက္ခဒိန်



တွက်နည်းသည်လည်း နောင် အနှစ် နှစ်ထောင်ကျော်တည်တံ့ခိုင်မြဲသော နည်းလမ်းဖြင့် စီရင်ရန် အချိန်ရောက်ပါပြီ။

စာရေးသူတင်ပြသော 'မူမှန်ပက္ခဒိန်'၏ အခြေခံသူရိယသိဒ္ဓန္တပက္ခဒိန်တွက်နည်းများဖြင့် သက္ကရာဇ် ၁၃၁၅ မှအစပြု၍ မူမှန်ကိန်းဖြင့်တွက်ကြည့်ရာ ယခုအသုံးပြုလျက်ရှိသော ပက္ခဒိန်သည် သက္ကရာဇ် ၁၃၁၆၊ ၁၃၁၇၊ ၁၃၁၈ နှင့် ၁၃၂၄ များ၌ "မူမှန်ပက္ခဒိန်"နှင့် ထပ်တူညီညွတ်သော နှစ်များ ဖြစ်သည်သာမက၊ လပြည့်လကွယ် ပက္ခများသည်လည်း တိထိအားကောင်း၍ သဘာဝလပြည့်လကွယ်နှင့် ညီညွတ်သောလများ ဖြစ်ပေသည်။ ရှေးအခါ၌ ပြုခဲ့သော ဝေါဟာရပက္ခဒိန်များတွင် ပါရှိသည်။ လပြည့်လကွယ်များ၏ တိထိများထက် အလွန်သာပေ၏။ သက္ကရာဇ် ၁၃၁၉၊ ၁၃၂၀၊ ၁၃၂၁၊ ၁၃၂၂၊ ၁၃၂၃၊ ၁၃၂၅ နှင့် ၁၃၂၆ များ၏ ဝေါဟာရပက္ခဒိန်တွင် လထပ်နှစ်မညီညွတ်ခြင်း၊ ရက်ချည်းသက်သက် မငင်ခြင်းတို့ကြောင့် ထိုနှစ်များ၏ ပက္ခဒိန်သည် လပြည့်လကွယ်များ၏ တိထိအားနည်းခြင်း၊ နေ့လ ကြွတ်သောရက်များ ချွတ်ယွင်းခြင်းတို့ကို တွေ့ရပေသည်။

## ၇။ "မူမှန်ပက္ခဒိန်"၏ အခြေခံသဘောများ

မြန်မာဝေါဟာရပက္ခဒိန်၏ အရေးအကြီးဆုံးသော အစိတ်အပိုင်းတွင် လပြည့်လကွယ်ညဉ့်သန်ကောင်၏ တိထိအားကောင်းခြင်း၊ တနည်းကား ...သဘာဝလပြည့်နှင့် ညီညွတ်မှုရှိခြင်းမှာ အဓိကအချက်ဖြစ်၏။ ခဆပဥ္စဖို့ပြီး သက္ကရာဇ် ၁ မှ အစပြု၍ ယခုထက်တိုင် ထုတ်လုပ်ပြီးစီးခဲ့သော ပက္ခဒိန်များသည် လထပ်ရက်ငင်စည်းကမ်းအမျိုးမျိုးဖြင့် ပြုပြင်စီရင်ခဲ့

သည်မှာ လပြည့်လကွယ်များ၌ တိထိအားကောင်းစေရန် အဓိကထားရ၍စီရင်ခဲ့ခြင်းဖြစ်ပေသည်။ ရှေးအခါကာလ၌ ၁၉ ခု စားကိန်းဖြင့် လထပ်သောခေတ်ထက် ဒုတိယညောင်ကန် ဆရာတော်ခေတ်၏ ပက္ခဒိန်သည် တိုးတက်ကောင်းမွန်၍ မှန်ကန်သောပက္ခဒိန်ဖြစ်ခဲ့သကဲ့သို့ လွတ်လပ်ရေးခေတ်၏ လထပ်စည်းကမ်းသည်လည်း သာ၍ပင်တိုးတက်ကောင်းမွန်လျက် မှန်ကန်သောပက္ခဒိန်ဖြစ်ခဲ့လေသည်။ ဤကဲ့သို့ နှစ်တိုင်းနှစ်တိုင်း လပြည့်လကွယ်များသည် သဘာဝနှင့်ညီညွတ်နိုင်သရွေ့ညီညွတ်ရန် လထပ်ခြင်း, ရက်ငင်ခြင်းတို့ဖြင့် ပြုလုပ်စီရင်ခဲ့ကြသော်လည်း နှစ်တိုင်းအတွက် စီစဉ်၍မရနိုင်ချေ။ ဥပမာ....သက္ကရာဇ် ၁၃၂၅ နှောင်းတန်ခူးလဆန်း တရက်၏ သန်ကောင် ထိထိ (၁၄.၃၆)ရှိ၍ တိထိဆန်းနှင့် မညီညွတ်ချေ။ တရက်ကွာလျက် ရှိ၏။ ထို့ကြောင့် ထုတ်လုပ်ပြီးခဲ့သော မြန်မာဝေါဟာရသက္ကရာဇ် ၁၃၂၆ တွင်ကဆုန်လပြည့်သန်ကောင်တိထိသည် (၁၄.၂) ရှိ၍ သဘာဝလပြည့်နှင့် တရက်ကွာ၏။ ဝါကြီးထပ် နှစ်ပြု၍ နယုန်လတွင် ရက်ငင်တရက် တိုးသောကြောင့် ဒုတိယဝါဆို လပြည့်၌ သဘာဝလပြည့်အင်္ဂါနှင့် ညီညွတ်ပေမည်။ ထို့ကြောင့် ယခုကျင့်သုံးလျက်ရှိသော လထပ်ရက်ငင် စည်းကမ်း သည် သင်္ဃာတော်များနှင့်သက်ဆိုင်သော ဝါဆိုလပြည့်ကိုသာ အဓိကထားခြင်းကြောင့် ကောင်းမွန်သောစည်းကမ်း ဖြစ်သည်။ မြတ်စွာဘုရားကိုပူဇော်သော ဗုဒ္ဓနေ့ ကဆုန်လပြည့်ကို သတိမပြုကြချေ။ အဘယ့်ကြောင့်ဆိုသော် သက္ကရာဇ် ၁၃၂၆ ၏ ကဆုန်လပြည့်သည် နိုင်ငံခြားတိုင်းပြည်များတွင် ကျင်းပသော ဗုဒ္ဓနေ့နှင့် တလ ကွာလျက်ရှိ၏။ နိုင်ငံခြားတွင် သက္ကရာဇ် ၁၃၂၆ ၏ ဗုဒ္ဓပူဇော်ပွဲတော်သည် နယုန်လဆုတ် တရက်



ခရစ်နှစ် ၁၉၆၄ မေလ ၂၆ ရက်နေ့၌ ကျင်းပကြသည်။ ထို့ကြောင့် ဝေါဟာရလပြည့်လကွယ်များသည် သဘာဝလပြည့် များနှင့် ညီညွတ်မှုရှိစေရန် လထပ်ခြင်း၌ အရေးကြီးသကဲ့သို့ နှစ်ဦးတန်ခူးလဆန်းတရက်၌ရှိသော သန်ကောင်တိထိရက်သည် မြန်မာဝေါဟာရပက္ခဒိန်တွင် အရေးကြီးသော အချက်တခု ဖြစ်ပေသည်။ တန်ခူးလဆန်းတရက်သည် တိထိဆန်းသောရက် ဖြစ်စေရမည်။ ၎င်းရက်၌တိထိဆန်းလျက် လထပ်ရက်ငင်လည်း မှန်ကန်သောနှစ်ဖြစ်မှ ထိုနှစ်၏ လပြည့် လကွယ်များသည် သဘာဝနှင့် ညီညွတ်သည်သာ များပေမည်။ ဤသို့ တိထိ ဆန်းသောရက်ဖြင့် ဝေါဟာရပက္ခဒိန်၏ တန်ခူးလဆန်းတရက် ကျရောက်ရန် စီစဉ်သောနည်းသည် “မူမှန်ပက္ခဒိန်” နည်းပင် ဖြစ်၏။ ဤတန်ခူးလဆန်း တရက်၌ရှိသော တိထိဆန်းရက်သည် ထိုနှစ်ဆန်း၏ တိထိရက်လွန်မှ တွက်ရပေသည်။ တိထိရက်လွန်၏ သဘောတရားသည် ထိုနှစ်ဆန်းအတာရက်၌ ဝေါဟာရ တန်ခူး လ၏ ရက်ဖြစ်၏။ ထို့ကြောင့်သူရိယသိဒ္ဓန္တကျမ်းစာမျက်နှာ ၁၈ ၌ ဖော်ပြသော တန်ခူးလဆန်းတရက်၏ ပြဂုဏ်းတွက်နည်းကို အခြေပြုသော မူမှန်ပက္ခဒိန်၏ တန်ခူးလဆန်းရက်ဖြင့် ပက္ခဒိန် စီရင်ရပေသည်။

သူရိယသိဒ္ဓန္တကျမ်း၏ တန်ခူးလဆန်း တရက်ပြဂုဏ်း ရက်များ [မှတ်ချက် – အတာသာဝနရက်နှင့် တန်ခူးလဆန်း သာဝနရက် ကွဲပြားမှတ်သားရန်၊ တန်ခူးလဆန်းတရက်၏ သာဝနရက်များကို ‘ပြဂုဏ်း’ ရက်ဟူ၍ ရေးသားပါမည်။] ဖော်နည်း ရေးသားထားသော သဘောမှာ –

၁။ တန်ခူးလဆန်းတရက်၏ ပြဂုဏ်းရက်ရှာနည်း။ ။လိုသောနှစ်၏ အတာသာဝနရက်ကို တည်ကိန်းပြုပြီးလျှင်

ရက်လွန်နုတ်၍ ၁ ခုနှောသော် တန်ခူးလဆန်း တရက်၏ ပြဒ္ဒဂုဏ်းရက်ဖြစ်၏။

၂။ တန်ခူးလဆန်းတရက်၏ နေ့ကိုရှာနည်း။ ။အထက်ပါ ပြဒ္ဒဂုဏ်းရက်တွင် ၂ ခုနုတ်၍ ၇ ခု စားသော် စားကြွင်းသည် တန်ခူးလဆန်းရက်၏နေ့ဖြစ်၏။

၃။ တန်ခူးလဆန်းရက်၏ သုဒ္ဓိဒိန် ရှာနည်း။ ။ထိုတန်ခူးလဆန်းရက်၏ ပြဒ္ဒဂုဏ်းရက်တွင် ယမန်နှစ်၏ အတာနှစ်ဆန်းသာဝနရက်နုတ်သော် တန်ခူးလဆန်းရက်၏ သုဒ္ဓိဒိန်ဖြစ်၏။ (တနည်း)"မာတုလဲ"သည် ၃၆၅ ရက် ရှိသောနှစ်၊ "တော်တုလဲ"သည် ၃၆၆ ရက်ရှိသောနှစ် ဖြစ်သည်။ အဆိုပါသုဒ္ဓိဒိန်ရက်ကိုရှု၍တည်ပြီးလျှင် ရက်လွန်နှင့်နုတ်၍ ၁ ခုနှောသော် တန်ခူးလဆန်းရက်၏ သုဒ္ဓိဒိန်ဖြစ်၏။

အထက်ပါတွက်ကိန်းများကို အခြေပြု၍ လိုသောနှစ်နှင့် ရှေ့တနှစ်၏တန်ခူးလဆန်းရက် ပြဒ္ဒဂုဏ်းရက်များကို မှတ်တည်ထားကာ ထိုလိုသောနှစ်အတွင်းရှိသော သာဝနရက်ကိုတွက်ရပေမည်။

၄။ လိုသောနှစ်အတွင်းရှိသော သာဝနရက်၊ သို့မဟုတ် နှစ်အမျိုးအစား တွက်နည်း။ ။လိုသောနှစ်နှင့် ရှေ့နှစ်၏ တန်ခူးလဆန်းပြဒ္ဒဂုဏ်းရက်များ တွက်ပြီးသော် ရှေ့နှစ်၏ တန်ခူးလဆန်းပြဒ္ဒဂုဏ်းရက်မှ တွက်လိုသောနှစ်၏ တန်ခူးလဆန်းပြဒ္ဒဂုဏ်းရက်နုတ်သော် နုတ်ကြွင်းသည် လိုသောနှစ်အတွင်းရှိသော သာဝနရက်ဖြစ်၍ အောက်တွင်ဖော်ပြသောနှစ်အမျိုးအစားအလိုက် ခွဲခြား၍ သိနိုင်ပေသည်။ ယင်းနုတ်ကြွင်းသည်............၊

(က) ၃၅၄ ရက်ဖြစ်သော်........သာမန်နှစ်ဖြစ်၏။



(ခ) ၃၈၄ ရက်ဖြစ်သော်........လထပ်သောနှစ်ဖြစ်၏။

(ဂ) ၃၅၅ ရက်ဖြစ်သော်........ရက်ငင်သောနှစ်ဖြစ်၏။

(ဃ) ၃၈၅ ရက်ဖြစ်သော်........လထပ်ရက်ငင်နှစ်ဖြစ်၏။

ဤကဲ့သို့ သူရိယသိဒ္ဓန္တကျမ်း၏ တွက်ကိန်းကို အခြေပြု၍ ရရှိသော နှစ်အမျိုးအစား တွက်နည်းဖြင့် သာမန်နှစ်တို့၌ သာမန်နှစ်သဘောပက္ခဒိန်စီရင်ရမည်။လထပ်နှစ်၌ ယခုကျင့်သုံးလျက်ရှိသော ဒုတိယဝါဆိုလဖြင့် လထပ်သောနှစ်၏ ပက္ခဒိန်ကိုစီရင်ရမည်။ ရက်ငင်သောနှစ်ဖြစ်ခဲ့သော် ရက်ချည်းသက်သက်ငင်ရပေမည်။ လထပ်ရက်ငင်နှစ်ဖြစ်ခဲ့သော် ယခုကျင့်သုံးလျက်ရှိသော ဝါကြီးထပ်နှစ်ကဲ့သို့ လထပ်ရက်ငင်နှစ် ပြုရမည်။ ထို့ကြောင့် 'သာမန်နှစ်' 'လထပ်နှစ်' 'ရက်ငင်နှစ်' 'လထပ်ရက်ငင်နှစ်' ဟူ၍ နှစ်အမျိုးအစား လေးမျိုးဖြစ်သော်လည်း တွက်ကိန်း၏ သဘောတရားမှာ စနစ်တကျဖြင့် ဖြစ်ပေါ်လာခြင်းကြောင့် လွယ်ကူစွာ မှတ်သားနိုင်သည်။ ထို့အပြင် ယခု အငြင်းအခုံ ပွားနေရသော လထပ်ရက်ငင်ပြဿနာများလည်း ပေါ်ပေါက်မည် မဟုတ်ချေ။ ဤနည်းသည် ရှေးနှစ်ပေါင်းများစွာ တင်ကြို၍ တွက်နိုင်သောနည်းဖြစ်သည့်အပြင် မြန်မာဝေါဟာရ ပက္ခဒိန်လောကတွင် မပေါ်ခဲ့ဘူးသောနည်းပင် ဖြစ်လေသည်။ ရက်ငင်နှစ်၌ ရက်ချည်းသက်သက် ငင်ရသဖြင့် ပက္ခဒိန်လောကတွင် အဆန်းတမျိုး ဖြစ်၏။ နက္ခတ်ဗေဒင် ပညာရှိ ဦးသန်းမောင် စီစဉ်ရေးသားသော 'လထပ်ရက်ငင်ပြဿနာကျမ်း' စာမျက်နှာ ဂ၂ လိုက်နာရန် ရက်ငင်နည်းဝါဒ နှစ်မျိုးတွင် အမှတ် ၂ ရက်ငင်ပုံကြိုလျှင် ရှေ့နောက်အဓိပ္ပါယ်ကို ပဓာနမထားဘဲ ရက်ချည်းသက်သက် ငင်ပေးရမည်ဟု ဆိုပါသည်။ ထိုနည်းသည် အကောင်းဆုံးသော ဝါဒပင်ဖြစ်၏။ 'ဤနည်းအရ ရက်ချည်း

သက်သက် ငင်ပေးလျှင် ဝါမထပ်သောနှစ်၊ ဝါထပ်သောနှစ် မည်သည့်နှစ်၌မဆို တိထိ ပြည့်သည်သာ များမည်။ တိထိ ၁၄ လုံးအောက် လျော့သော လများ မပါနိုင်’ .... ဟူ၍ ရေးသား ထားပါသည်။ ဟသ်ာတမြို့၊ သပြေပင်ကျောင်းတိုက် အောက် မြန်မာပြည် ပက္ခဒိန် အကြံပေးအဖွဲ့ ဥက္ကဋ္ဌ၊ ဆရာတော် ဦးသောဘနအရှင် စီရင်သည့် မြန်မာပက္ခဒိန် အစီအရင် စာအုပ် စာမျက်နှာ ၁၃၉ တွင် –

> လမထပ်သော နှစ်၌ ရက်ငင်သောထုံးစံ အစဉ်အလာ မြန်မာနိုင်ငံတော်၌ မရှိချေ။ ယင်းသို့ထုံးစံ အစဉ်အလာ မရှိသည်ကို စွဲ၍ လမထပ်သောနှစ်၌ ရက်မငင်ရာဟု စွဲစွဲမြဲမြဲ မှတ်ယူပြောကြား ရေးသားကြကုန်၏။ ထုံးစံအစဉ်အလာ မရှိခြင်းကား ရှေးပညာရှိတို့ မစီမံ မပြုမူသောကြောင့် ဖြစ်၏။ ရှေးပညာရှိ ကဝိသူမွန်ပညာဝန်တို့ မစီမံ မပြုလုပ်ခြင်းကား ပိဋကတ်ကျမ်း ဗေဒကျမ်းတို့၌ တားမြစ်အပ်သောကြောင့်မဟုတ်၊ အခေါ်အဝေါ် အသုံးအဆောင် လွယ်ကူစေလိုသောကြောင့်သာ ဖြစ်၏။ လမထပ်သော နှစ်၌ ရက်ငင်သောစနစ်သည်လည်း အသုံးအဆောင် ခက်ခဲသည်မဟုတ်၊ လွယ်ကူသည်ပင် ဖြစ်၏။ ပက္ခဒိန် – ဦး၊ တန်ကူးလဆန်းတရက်နေ့ကိုမြင်က ဝါကြီးထပ်၊ ဝါငယ်ထပ်ရက်ငင်နှစ် နှစ်ရိုးဟု သုတရှိသူတို့ အလွန်လွယ်ကူစွာ သိရှိနိုင်ကုန်၏။ သုတမရှိသူတို့ကား ဘယ်သို့ပင်အသုံးအဆောင် လွယ်ကူရှင်းသင်းအောင် စီမံထားအပ်သော်လည်း သိနိုင်ကြမည် မဟုတ်ကုန်။ ထိုသူတို့ဖြင့် အဘယ်အကျိုးရှိအံ့နည်း။
>
> ဤရှေးထုံးစဉ်လာ နည်းစနစ်ဖြင့် လမထပ်သော နှစ်တို့၌ တိထိနက္ခတ် မညီညွတ်ချေ။ လထပ်နှစ်ထက် လမထပ်သော နှစ်က များသောကြောင့် တိထိနက္ခတ်ညီညွတ်သော နှစ်ထက် မညီညွတ်သောနှစ် များလျက် ရှိချေ၏။
>
> ကျမ်းဂန်တို့၌ မည်သည့်နှစ်ဝယ် တိထိနက္ခတ် ညီညွတ်၏။



> မည်သည့်နှစ်ဝယ် မညီညွတ်ဟု အထူးမဆို။ အခြင်းခပ်သိမ်း ညီညွတ်သည်ကိုသာ ဆို၏။ ထို့ကြောင့် ကျမ်းဂန်နှင့်အညီ အခြင်းခပ်သိမ်း အညီများအောင် လမထပ်သော နှစ်၌လည်း ရက်ငင်သင့်က ငင်ရာ၏။ ဤစကားကို အတ္တနောမတိမျှဖြင့် မဆို။ အထောက်သာဓက ပညာရှိဝိနိစ္ဆယဖြင့် ဆို၏။

ဆိုခဲ့ပြီးသော ပက္ခဒိန်ပညာရှိ နှစ်ဦး၏ ကောက်နုတ်ချက်များသည် ရက်ချည်းသက်သက်ငင်သော စနစ်၏အကျိုးများ အထောက်အထားများကို ဖော်ပြခြင်း ဖြစ်၏။ ထို့ကြောင့် သူရိယသိဒ္ဓန္တကျမ်း၏ စနစ်အရ မူမှန်ပက္ခဒိန်ကိုတွက်၍ လက်တွေ့သာဓကများ နှိုင်းယှဉ်ဖော်ပြပေအံ့။

သက္ကရာဇ် ၁၃၁၅ မှ ၁၃၄၀ အထိ သူရိယသိဒ္ဓန္တကျမ်း၏ ပက္ခဒိန်တွက်နည်းဖြင့် သာမန်နှစ်၊ လထပ်နှစ်၊ ရက်ငင်နှစ်၊ လထပ်ရက်ငင်နှစ်များကို ဖော်ပြထားပါသည်။ (ဇယားအမှတ် ၃၈ ကိုကြည့်)။ထို့အပြင် သက္ကရာဇ် ၁၃၁၅ မှ ၁၃၂၆ အထိ ထုတ်ခဲ့ပြီးသော ပက္ခဒိန်များ၏ အတာနှစ်ကူးရက်များနှင့် မူမှန်ပက္ခဒိန်၏ အတာနှစ်ကူးရက်များ ယှဉ်ပြထားပါသည်။ ဤကဲ့သို့ နှိုင်းယှဉ်ထားသော အတာနှစ်ကူး ရက်များသည် မူမှန်ပက္ခဒိန်၌ ကဆုန်လတွင် သကြန်ကင်းလျက် ရှိသည်ကို တွေ့ရပေမည်။ ထို့အပြင် မူမှန် ဗုဒ္ဓနေ့နှင့်လည်း တိထိအားကောင်းလျက် ကမ္ဘာ့ဗုဒ္ဓနေ့နှင့် ညီညွတ်လျက်ရှိသည်ကို တွေ့ရပေမည်။

အဆိုပါဇယားတွင် ယခု ထုတ်လုပ်ပြီးခဲ့သော ပက္ခဒိန်များ၏ သက္ကရာဇ် ၁၃၁၆၊ ၁၃၁၇၊ ၁၃၁၈ နှင့် ၁၃၂၄ ၏ ဝေါဟာရ ပက္ခဒိန်များသည် မူမှန်ပက္ခဒိန်ကဲ့သို့ ညီညွတ်သော နှစ်များ ဖြစ်၍ လပြည့်လကွယ်များ၌ တိထိအားကောင်းသော ပက္ခဒိန်များဖြစ်ကြောင်းတွေ့ရပေသည်(ဇယားအမှတ် ၃၉)။သက္ကရာဇ်

## သူရိယသိဒ္ဓန္တကိန်း၏ 'မူမှန်ပက္ခဒိန်' သက္ကရာဇ် ၁၁၁၅ - ၁၁၄၀

ဇယားအမှတ် [၃၈]

| သက္ကရာဇ် | နှစ်ဆန်း သာဝန | | တိထိ | ရက် | ဝေါဟာရ ပြုကြား | နှစ်ဆန်း သာဝန | | နေ့ | အတာနှစ်ဆန်းရက် | | |
|---|---|---|---|---|---|---|---|---|---|---|---|
| ၁၁၁၅ | ၇၈၅၅၃ | | ၁.၆၆၄၁၇ | ၂ | ၇၈၅၅၂ | ၃၅၅ | ငင် | ၃ | တန်ခူး | ဆန်း | ၃ |
| ၁၁၁၆ | ၇၈၉၁၉ | + | ၁၂.၇၂၉၀၀ | ၁၃ | ၇၈၉၀၇ | ၃၅၄ | | ၁ | ” | ” | ၁၃ |
| ၁၁၁၇ | ၇၉၂၈၄ | | ၂၃.၇၉၃၈၃ | ၂၄ | ၇၉၂၆၂ | ၃၈၄ | ထပ် | ၅ | ” | ဆုတ် | ၉ |
| ၁၁၁၈ | ၇၉၆၄၉ | | ၄.၈၅၈၆၇ | ၅ | ၇၉၆၄၅ | ၃၅၄ | | ၄ | ” | ဆန်း | ၅ |
| ၁၁၁၉ | ၈၀၀၁၄ | | ၁၅.၉၂၃၅၀ | ၁၆ | ၇၉၉၉၉ | ၃၅၅ | ငင် | ၁ | ” | ဆုတ် | ၁ |
| ၁၁၂၀ | ၈၀၃၈၀ | + | ၂၆.၉၈၈၃၃ | ၂၇ | ၈၀၃၃၄ | ၃၈၄ | ထပ် | ၆ | ” | ” | ၁၂ |
| ၁၁၂၁ | ၈၀၇၄၅ | | ၈.၀၅၃၁၇ | ၈ | ၈၀၇၃၈ | ၃၅၄ | | ၅ | ” | ဆန်း | ၈ |
| ၁၁၂၂ | ၈၁၁၁၀ | | ၁၉.၁၁၈၀၀ | ၁၉ | ၈၁၀၉၂ | ၃၈၄ | ထပ် | ၂ | ” | ဆုတ် | ၄ |
| ၁၁၂၃ | ၈၁၄၇၅ | | ၁၈၂၈၃ | ၀ | ၈၁၄၇၆ | ၃၅၄ | | ၁ | တပေါင်း | ဆုတ် | ၁၅ |
| ၁၁၂၄ | ၈၁၈၄၁ | + | ၁၁.၂၄၇၆၇ | ၁၂ | ၈၁၈၃၀ | ၃၅၄ | | ၅ | တန်ခူး | ဆန်း | ၁၂ |
| ၁၁၂၅ | ၈၂၂၀၆ | | ၂၂.၃၁၂၅၀ | ၂၃ | ၈၂၁၈၄ | ၃၈၄ | ထပ် | ၂ | ” | ဆုတ် | ၈ |



## ဇယား [၃၈] မှ အဆက်

| သက္ကရာဇ် | နှစ်ဆန်း သာဝန | | တိထိ | ရက် | ဝေါဟာရ ပြုကြား | နှစ်ဆန်း သာဝန | | နေ့ | အတာနှစ်ဆန်းရက် | | |
|---|---|---|---|---|---|---|---|---|---|---|---|
| ၁၁၂၆ | ၈၂၅၇၁ | | ၃.၃၇၇၃၃ | ၄ | ၈၂၅၆၈ | ၃၅၄ | | ၁ | တန်ခူး | ဆန်း | ၄ |
| ၁၁၂၇ | ၈၂၉၃၆ | | ၁၄.၄၄၂၁၇ | ၁၅ | ၈၂၉၂၂ | ၃၅၅ | ငင် | ၅ | ” | ” | ၁၅ |
| ၁၁၂၈ | ၈၃၃၀၂ | + | ၂၅.၅၀၇၀၀ | ၂၆ | ၈၃၂၇၇ | ၃၈၄ | ထပ် | ၃ | ” | ဆုတ် | ၁၁ |
| ၁၁၂၉ | ၈၃၆၆၇ | | ၆.၅၇၁၈၃ | ၇ | ၈၃၆၆၁ | ၃၅၄ | | ၂ | ” | ဆန်း | ၇ |
| ၁၁၃၀ | ၈၄၀၃၂ | | ၁၇.၆၃၆၆၇ | ၁၈ | ၈၄၀၁၅ | ၃၅၄ | | ၆ | ” | ဆုတ် | ၃ |
| ၁၁၃၁ | ၈၄၃၉၇ | | ၂၈.၇၀၁၅၀ | ၂၉ | ၈၄၃၆၉ | ၃၈၅ | ထပ်ငင် | ၃ | ” | ” | ၁၄ |
| ၁၁၃၂ | ၈၄၇၆၃ | + | ၉.၇၆၆၃၃ | ၁၀ | ၈၄၇၅၄ | ၃၅၄ | | ၃ | ” | ဆန်း | ၁၀ |
| ၁၁၃၃ | ၈၅၁၂၈ | | ၂၀.၈၃၁၁၇ | ၂၁ | ၈၅၁၀၈ | ၃၈၄ | ထပ် | ၀ | ” | ဆုတ် | ၆ |
| ၁၁၃၄ | ၈၅၄၉၃ | | ၁.၈၉၆၀၀ | ၂ | ၈၅၄၉၂ | ၃၅၄ | | ၆ | ” | ဆန်း | ၂ |
| ၁၁၃၅ | ၈၅၈၅၈ | | ၁၂.၉၆၀၈၃ | ၁၃ | ၈၅၈၄၆ | ၃၅၅ | ငင် | ၃ | ” | ” | ၁၃ |
| ၁၁၃၆ | ၈၆၂၂၄ | + | ၂၄.၀၂၅၆၇ | ၂၄ | ၈၆၂၀၁ | ၃၈၄ | ထပ် | ၁ | ” | ဆုတ် | ၉ |
| ၁၁၃၇ | ၈၆၅၈၉ | | ၅.၀၉၀၅၀ | ၅ | ၈၆၅၈၅ | ၃၅၄ | | ၀ | ” | ဆန်း | ၅ |
| ၁၁၃၈ | ၈၆၉၅၄ | | ၁၆.၁၅၅၃၃ | ၁၆ | ၈၆၉၃၉ | ၃၅၄ | | ၄ | ” | ဆုတ် | ၁ |
| ၁၁၃၉ | ၈၇၃၂၀ | + | ၂၇.၂၂၀၁၇ | ၂၈ | ၈၇၂၉၃ | ၃၈၄ | ထပ် | ၁ | ” | ” | ၁၃ |
| ၁၁၄၀ | ၈၇၆၈၅ | | ၈.၂၈၅၀၀ | ၉ | ၈၇၆၇၇ | | | ၀ | ” | ဆန်း | ၉ |

ထုတ်ပြီးပက္ခဒိန်များ၏ အတာနှစ်ဆန်းရက်များ။

| | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| ၁၁၁၅ | တန်ခူး | ဆန်း | ၃ | ၁၁၁၉ | တန်ခူး | ဆုတ် | ၁ | ၁၁၂၃ | ကဆုန် | ဆုတ် | ၂ |
| ၁၁၁၆ | ။ | ။ | ၁၃ | ၁၁၂၀ | ။ | ။ | ၁၃ | ၁၁၂၄ | တန်ခူး | ဆန်း | ၁၁ |
| ၁၁၁၇ | ။ | ဆုတ် | ၉ | ၁၁၂၁ | ။ | ဆန်း | ၉ | ၁၁၂၅ | ။ | ဆုတ် | ၁ |
| ၁၁၁၈ | ။ | ဆန်း | ၅ | ၁၁၂၂ | ။ | ဆုတ် | ၅ | ၁၁၂၆ | ကဆုန် | ဆန်း | ၅ |



## သုရိယသိဒ္ဓန္တကျမ်း 'မူမှန်' ပက္ခဒိန်နှင့် ညီညွတ်သော နှစ်များ၏ လပြည့် လကွယ် ပက္ခတိထိ။

## သက္ကရာဇ် ၁၁၁၆၊ ၁၁၁၇၊ ၁၁၁၈။

ဇယားအမှတ် [၃၉]

| လအမည်နှင့် ပက္ခ | | သက္ကရာဇ် ၁၁၁၆ (၃၅၄) | သက္ကရာဇ် ၁၁၁၇ (၃၈၄) | သက္ကရာဇ် ၁၁၁၈ (၃၅၄) |
|---|---|---|---|---|
| တန်ခူး | ပြည့် | ၀—၂၇ | ၀—၂၅ | ၀—၃၉ ပို |
| | ကွယ် | ၁၄—၅၁ | ၁၄—၁၅ လျော့ | ၁၄— ၇ လျော့ |
| ကဆုန် | ပြည့် | ၁၄—၄၉ | ၁၄—၄၉ | ၀— ၅ |
| | ကွယ် | ၀—၃၅ ပို | ၁၄—၄၉ | ၁၄—၄၉ |
| နယုန် | ပြည့် | ၀—၁၂ | ၀— ၆ | ၀—၂၇ |
| | ကွယ် | ၀—၁၃ | ၁၄—၃၁ | ၁၄—၂၉ လျော့ |
| ပ—ဝါဆို | ပြည့် | ၁၄—၄၃ | ၁၄—၃၃ | ၁၄—၅၂ |
| | ကွယ် | ၀—၅၀ ပို | ၀—၁၆ | ၀—၁၃ |
| ဒု—ဝါဆို | ပြည့် | | ၁၄—၅၆ | |
| | ကွယ် | | ၀—၅၇ ပို | |
| ဝါခေါင် | ပြည့် | ၀—၁၈ | ၀—၂၄ | ၀—၁၂ |
| | ကွယ် | ၀—၁၉ | ၀—၂၉ | ၁၄—၅၆ |
| တော်သလင်း | ပြည့် | ၁၄—၅၂ | ၁၄—၅၄ | ၁၄—၃၆ |
| | ကွယ် | ၀—၄၁ ပို | ၀—၅၄ ပို | ၀—၃၄ ပို |
| သီတင်းကျွတ် | ပြည့် | ၀—၃၃ ပို | ၀—၂၉ | ၁၄—၃၉ |
| | ကွယ် | ၀— ၀ | ၀—၁၃ | ၀— ၂ |
| တန်ဆောင်မုန်း | ပြည့် | ၀— ၇ | ၀— ၀ | ၁၄—၂၅ လျော့ |
| | ကွယ် | ၀— ၆ | ၀—၂၄ | ၀—၂၅ |
| နတ်တော် | ပြည့် | ၀—၄၄ ပို | ၀—၃၀ ပို | ၁၄—၅၅ |
| | ကွယ် | ၁၄—၂၆ | ၁၄—၃၀ | ၁၄—၄၁ |

မြန်မာပြည်၌ ဆဋ္ဌသင်္ဂါယနာတင်သော သာသနာနှစ် ၂၅၀၀ ပြည့်သည့် ကဆုန်လပြည့် ရှင်တော်ဘုရား မွေးနေ့၊ ဘုရား ဖြစ်တော်မူသော နေ့နှင့် ပရိနိဗ္ဗာန် ပြုတော်မူသော နှစ်ပတ်လည် (Anniversary) ကာလ 'မူမှန်' လျက် ရှိကြောင်းကို သက်သေခံခြင်းပင် ဖြစ်ပေသည်။

## ဂ။ မူမှန်ပက္ခဒိန်နှင့် ရက်ကောင်းရက်ဆိုးနေ့များ

အချို့ မြန်မာတိုင်းရင်းသားတို့သည် မိမိတို့၏ ယုံကြည်မှုအယူဝါဒ အလေ့အထအားဖြင့် ကောင်းသောရက်များ (ရက်ရာဇာ) နှင့် မကောင်းသောရက်များ (ပြဿဒါး) ဟူ၍ သတ်မှတ်ယုံကြည်လေ့ရှိကြ၏။ အထူးသဖြင့် မကောင်းသောရက်များတွင် ကိစ္စအဝဝပြုလုပ်ခြင်းမှ ရှောင်ကြဉ်လေ့ ရှိကြသည်။ ထိုနေ့များကို ဝေါဟာရပက္ခဒိန်တွင် ရွေးချယ်ဘတ်သိရန် လိုသည်။ အချို့ပက္ခဒိန်များ၌ ထိုနေ့များကိုပါ ထည့်၍ ရိုက်နှိပ်ကြသည်။

က။ လနှင့်သက်ဆိုင်သော မကောင်းသောရက်များမှာ ပြဿဒါးရက်နှင့် သမားညိုရက်များဖြစ်၏။

ခ။ နေ့ရက်နှင့်သက်ဆိုင်သော မကောင်းရက်များမှာ သမားဖြူရက်၊ ရက်ယုတ်မာ၊ ရှမ်းရက်၊ မဟာရက်ကြမ်း၊ ဝါရမိတ္တုငယ်၊ ဝါရမိတ္တုကြီး၊ ရက်ပုပ်၊ နဂါးပေါ်ရက်နှင့် မြေခံရက်များ ဖြစ်ကြ၏။

အထက်ဖော်ပြပါရက်များ ညီညွတ်ရန်အတွက် မှန်ကန်သော ပက္ခဒိန်လိုပေသည်။ လထပ်သောနှစ်မှန်ကန်ခြင်း၊ ရက်



ငင်သောနှစ်မှန်ကန်ခြင်း၊ ဝေါဟာရလပြည့်၌ မုချလပြည့်ခြင်း၊ ဝေါဟာရလကွယ်၌ မုချလကွယ်ခြင်းတို့နှင့် ပြည့်စုံရပေမည်။ လနှင့်သက်ဆိုင်သော မကောင်းရက်များကို လထပ်ကိန်းမကျမီ လထပ်ခြင်း၊ လထပ်ကိန်းကျသော်လည်း လမထပ်ခြင်း ပြုခဲ့လျှင် အတိအကျသိရန် ခဲယဉ်းလေသည်။ ဥပမာ....လထပ်သင့်သောနှစ်၌ လမထပ်ချေသော် သီတင်းကျွတ်လသည် မုချအမှန် သီတင်းကျွတ်လ မဟုတ်ချေ။ တော်သလင်း သို့မဟုတ် တန်ဆောင်မုန်းဖြစ်ချေမည်။ လမထပ်သင့်သောနှစ်၌ လထပ်ခဲ့သော် ဝါဆိုလထပ်နှစ်ခါနှစ်လီဖြစ်ချေမည်။ ထို့အတူ နေ့ရက်များနှင့်သက်ဆိုင်သော မကောင်းရက်များသည် ရက်ငင်ရမည့်နှစ်၌ ရက်ငင်ခြင်းမပြု၊ မငင်ရသောနှစ်၌ ရက်ငင်ပြုခဲ့သော် ပက္ခဒိန်၏ရက်နှင့် နေ့များ အလွဲလွဲ အချော်ချော် ဖြစ်ပြီးလျှင် ယင်းမကောင်းဟူသောရက်များကို ဖော်ပြရာ၌ အမှားမှား ဖြစ်ပေမည်။ ဥပမာ....နယုန်လဆုတ် ၁၄ ရက်သည် အင်္ဂါနေ့ဖြစ်၍ ဝါဆိုလဆန်းတရက်သည် ဗုဒ္ဓဟူးနေ့ဖြစ်၏။ ဤကား သာမန်နှစ်၏ သဘောတည်း။ အကယ်၍ ရက်ငင်ခဲ့သော် နယုန်လဆုတ် ၁၅ ရက်သည် ဗုဒ္ဓဟူးနေ့ဖြစ်၍ ဝါဆိုလဆန်း တရက်သည် ကြာသပတေးနေ့ဖြစ်ချေမည်။ ထိုအခါ၌နေ့နှင့်ရက်များလွဲသည့်အပြင် မုချလပြည့်သောရက်သည် ဝေါဟာရလပြည့် (လဆန်း ၁၅ ရက် ဖြစ်သော် ပက္ခဒိန်မှန်ကန်မည် ဖြစ်သော်လည်း မုချလပြည့်သည် လဆုတ် ၂ ရက် ၃ ရက်နေ့များ၌ ဖြစ်ချေသော် မှန်ကန်သောပက္ခဒိန်ဟု မခေါ်နိုင်။ ထိုအခါ၌ ရက်နှင့်သက်ဆိုင်သော မကောင်းရက်များသည် မူမှန်မဖြစ်နိုင်ချေ။ ထို့ကြောင့် ဝေါဟာရပက္ခဒိန်သည် လထပ်မှန်ကန်ခြင်း၊ ရက်ငင်မှန်ကန်ခြင်းများရှိရန် အထူးလိုပေသည်။

**မူမှန်ပက္ခဒိန်နှင့် ယခုသုံးပက္ခဒိန်တို့၏ လပြည့်၊ လကွယ်တိထိနှင့် လပြည့်နက္ခတ်များ။**
(က) သက္ကရာဇ် ၁၃၁၉။

ဇယားအမှတ် [၄၀]

| လအမည်နှင့် ပက္ခများ | | ယခုသုံးပက္ခဒိန် | | | မူမှန်ပက္ခဒိန် | | |
|---|---|---|---|---|---|---|---|
| | | သုဒ္ဓိန် | တိထိ | နက္ခတ် | သုဒ္ဓိန် | တိထိ | နက္ခတ် |
| တန်ခူး | ပြည့် | ၃၆၄ | ၀ – ၁၃ | ဝိတြာ | ၃၆၄ | ၀ – ၁၃ | စိတြာ |
| | ကွယ် | ၁၃ | ၁၃ – ၄၅ | | ၁၃ | ၁၃ – ၄၅ | |
| ကဆုန် | ပြည့် | ၂၈ | ၁၄ – ၄၇ | ဝိသာခါ | ၂၈ | ၁၄ – ၄၇ | ဝိသာခါ |
| | ကွယ် | ၄၃ | ၁၄ – ၁၃ | | ၄၃ | ၁၄ – ၁၃ | |
| နယုန် | ပြည့် | ၅၈ | ၀ – ၁၉ | မူဠာ | ၅၈ | ၀ – ၁၉ | မူဠာ |
| | ကွယ် | ၇၂ | ၁၃ – ၄၈ | | ၇၂ | ၁၃ – ၄၈ | |
| ဝါဆို | ပြည့် | ၈၇ | ၁၄ – ၄၉ | ပြုဗ္ဗသာဠ် | ၈၇ | ၁၄ – ၄၉ | ပြုဗ္ဗသာဠ် |
| | ကွယ် | ၁၀၂ | ၁၄ – ၃၀ | | ၁၀၂ | ၁၄ – ၃၀ | |
| ဝါခေါင် | ပြည့် | ၁၁၇ | ၀ – ၁၁ | ဓနသိဋ္ဌ | ၁၁၇ | ၀ – ၁၁ | ဓနသိဋ္ဌ |
| | ကွယ် | ၁၃၁ | ၁၄ – ၉ | | ၁၃၁ | ၁၄ – ၉ | |

ဇယား [၄၀] မှ အဆက်

| လအမည်နှင့် ပက္ခများ | | ယခုသုံးပက္ခဒိန် | | | မူမှန်ပက္ခဒိန် | | |
|---|---|---|---|---|---|---|---|
| | | သုဒ္ဓိန် | တိထိ | နက္ခတ် | သုဒ္ဓိန် | တိထိ | နက္ခတ် |
| တော်သလင်း | ပြည့် | ၁၄၆ | ၁၄ – ၃၄ | သတ္တာဘိသျှ | ၁၄၆ | ၁၄ – ၃၄ | သတ္တာဘိသျှ |
| | ကွယ် | ၁၆၁ | ၁၄ – ၅၄ | | ၁၆၁ | ၁၄ – ၅၄ | |
| သီတင်းကျွတ် | ပြည့် | ၁၇၆ | ၁၄ – ၅၀ | ရေဝတီ | ၁၇၆ | ၁၄ – ၅၀ | ရေဝတီ |
| | ကွယ် | ၁၉၀ | ၁၄ – ၂၈ | | ၁၉၁ | ၀ – ၃၄ | |
| တန်ဆောင်မုန်း | ပြည့် | ၂၀၅ | ၁၄ – ၉ | အဿဝဏီ | ၂၀၆ | ၀ – ၇ | ဘရဏီ |
| | ကွယ် | ၂၂၀ | ၀ – ၃ | | ၂၂၀ | ၁ – ၆ | |
| နတ်တော် | ပြည့် | ၂၃၅ | ၁၄ – ၂၈ | ရောဟိဏီ | ၁၃၆ | ၀ – ၂၈ | မိဂသီ |
| | ကွယ် | ၂၄၉ | ၁၄ – ၂၈ | | ၂၅၀ | ၀ – ၂၉ | |
| ပြာသို | ပြည့် | ၂၆၄ | ၁၃ – ၅၀ | မိဂသီ | ၂၆၅ | ၁၄ – ၅၂ | ပုဏ္ဏဗသု |
| | ကွယ် | ၂၇၉ | ၁၄ – ၄၉ | | ၂၈၀ | ၀ – ၄၈ | |
| တပို့တွဲ | ပြည့် | ၂၉၄ | ၁၄ – ၁၉ | ဖုဿျှ | ၂၉၅ | ၀ – ၂၄ | အသလိဿ |
| | ကွယ် | ၃၀၈ | ၁၄ – ၈ | | ၃၀၉ | ၀ – ၄ | |
| တပေါင်း | ပြည့် | ၃၂၃ | ၁၃ – ၄၉ | မာဃ | ၃၂၄ | ၁၄ – ၅၆ | ပြုဗ္ဗဘာရဂုဏ္ဏီ |
| | ကွယ် | ၃၃၈ | ၁၄ – ၂၂ | | ၃၃၉ | ၀ – ၁၇ | |

နေ့ကြွတ်သုဒ္ဓိန် (၁၄) (၁၉၁) လကြွတ်သုဒ္ဓိန် (၂၉) (၂၀၆)

မှတ်ချက်။ ။စာရေးသူ၏ သဘောအရ သီတင်းကျွတ်လတွင် "ရက်ငင်" တရက်တိုးထားပါသည်။

## “မူမှန်” ပက္ခဒိန်နှင့် ယခုသုံးပက္ခဒိန်တို့၏ လပြည့်၊ လကွယ်၊ တိထီနှင့် လပြည့်နက္ခတ်များ။

(၁) သက္ကရာဇ် ၁၃၂၀။

ဇယားအမှတ် [၄၁]

| လအမည်နှင့် ပက္ခ | | ယခုသုံး ပက္ခဒိန် | | | မူမှန် ပက္ခဒိန် | | |
|---|---|---|---|---|---|---|---|
| | | သုဒ္ဓဒိန် | တိထိ | နက္ခတ် | သုဒ္ဓဒိန် | တိထိ | နက္ခတ် |
| တန်ခူး | ပြည့် | ၃၅၃ | ၁၄ – ၃၀ | ဟဿတ | ၃၅၄ | ၀ – ၃၇ | စိတြာ |
| | ကွယ် | ၁ | ၁၃ – ၄၀ | | ၂ | ၁၄ – ၃၇ | |
| ကဆုန် | ပြည့် | ၁၆ | ၁၄ – ၇ | သွာတိ | ၁၇ | ၀ – ၁၄ | ဝိသာခါ |
| | ကွယ် | ၃၁ | ၁၃ – ၅၉ | | ၃၂ | ၁၄ – ၅၆ | |
| နယုန် | ပြည့် | ၄၆ | ၁၄ – ၅၁ | အနုရာဓ | ၄၇ | ၀ – ၅၅ | ဇေဋ္ဌာ |
| | ကွယ် | ၆၀ | ၁၃ – ၂၆ | | ၆၁ | ၁၄ – ၂၄ | |
| ပ – ဝါဆို | ပြည့် | ၇၅ | ၁၄ – ၂၈ | မူဋ္ဌ | ၇၆ | ၀ – ၃၀ | ပုဗ္ဗာသာဠ် |
| | ကွယ် | ၉၀ | ၁၃ – ၅၇ | | ၉၁ | ၁၄ – ၅၇ | |
| ဒု – ဝါဆို | ပြည့် | ၁၀၅ | ၀ – ၂ | သရဝဏ် | ၁၀၆ | ၁ – ၂ | ဓနသိဋ္ဌ |
| | ကွယ် | ၁၂၀ | ၁၄ – ၃၂ | | ၁၂၁ | ၀ – ၃၇ | |
| ဝါခေါင် | ပြည့် | ၁၃၅ | ၀ – ၂၈ | သတ္တဗိသျှ | ၁၃၆ | ၁ – ၂၅ | ပုဗ္ဗဘာဒြပိုဒ် |
| | ကွယ် | ၁၄၉ | ၁၄ – ၈ | | ၁၅၀ | ၀ – ၁၄ | |



ဇယား [၄၁] မှ အဆက်

| လအမည်နှင့် ပက္ခ | | ယခုသုံး ပက္ခဒိန် | | | မူမှန် ပက္ခဒိန် | | |
|---|---|---|---|---|---|---|---|
| | | သုဒ္ဓဒိန် | တိထိ | နက္ခတ် | သုဒ္ဓဒိန် | တိထိ | နက္ခတ် |
| တော်သလင်း | ပြည့် | ၁၆၄ | ၁၄ – ၅၁ | ဥတ္တရာဘဒြပိုဒ် | ၁၆၅ | ၀ – ၄၆ | ရေဝတီ |
| | ကွယ် | ၁၇၉ | ၁၄ – ၅၀ | | ၁၈၀ | ၀ – ၅၇ | |
| သီတင်းကျွတ် | ပြည့် | ၁၉၄ | ၀ – ၅ | အဿဝဏီ | ၁၉၅ | ၁ – ၀ | ဘရဏီ |
| | ကွယ် | ၂၀၈ | ၁၄ – ၂၄ | | ၂၀၉ | ၀ – ၃၀ | |
| တန်ဆောင်မုန်း | ပြည့် | ၂၂၃ | ၁၄ – ၂၀ | ကြတ္တိကာ | ၂၂၄ | ၀ – ၁၇ | ရောဟိဏီ |
| | ကွယ် | ၂၃၈ | ၀ – ၀ | | ၂၃၉ | ၁ – ၅ | |
| နတ်တော် | ပြည့် | ၂၅၃ | ၁၄ – ၃၄ | မိဂသီ | ၂၅၄ | ၀ – ၃၂ | အာဒြ |
| | ကွယ် | ၂၆၇ | ၁၄ – ၂၀ | | ၂၆၈ | ၀ – ၃၁ | |
| ပြာသို | ပြည့် | ၂၈၂ | ၁၃ – ၅၃ | ပုဏ္ဏဗသု | ၂၈၃ | ၁၄ – ၅၃ | ဖုဿျ |
| | ကွယ် | ၂၉၇ | ၁၄ – ၅၅ | | ၂၉၈ | ၀ – ၅၅ | |
| တပို့တွဲ | ပြည့် | ၃၁၂ | ၁၄ – ၁၀ | မာဃ | ၃၁၃ | ၀ – ၂၀ | ပုဗ္ဗဘာရဂုဏီ |
| | ကွယ် | ၃၂၆ | ၁၄ – ၁၇ | | ၃၂၇ | ၀ – ၁၆ | |
| တပေါင်း | ပြည့် | ၃၄၁ | ၁၃ – ၄၇ | ပုဗ္ဗဘာရဂုဏီ | ၃၄၂ | ၁၄ – ၅၂ | ဥတ္တရာဘရဂုဏီ |
| | ကွယ် | ၃၅၆ | ၁၄ – ၃၇ | | ၃၅၇ | ၀ – ၃၃ | |

နေကြတ် သုဒ္ဓဒိန် (၁၇) (၁၈၀) (၃၅၇) လကြတ် သုဒ္ဓဒိန် (၁၀၂)

"မူမှန်" ပက္ခဒိန်နှင့် ယခုသုံးပက္ခဒိန် လပြည့်၊ လကွယ်၊ တိထီနှင့် လပြည့်နက္ခတ်များ။
(၁) သက္ကရာဇ် ၁၃၂၁။

ဇယားအမှတ် [၄၂]

| လအမည်နှင့် ပက္ခ | | ယခုသုံး ပက္ခဒိန် | | | မူမှန် ပက္ခဒိန် | | |
|---|---|---|---|---|---|---|---|
| | | သုဒ္ဓဒိန် | တိထိ | နက္ခတ် | သုဒ္ဓဒိန် | တိထိ | နက္ခတ် |
| တန်ခူး | ပြည့် | ၆ | ၁၄ – ၂၇ | စိတြာ | ၇ | ၀ – ၁၄ | သွာတိ |
| | ကွယ် | ၂၀ | ၁၃ – ၅၉ | | ၂၁ | ၁၄ – ၅၄ | |
| ကဆုန် | ပြည့် | ၃၅ | ၁၄ – ၆ | ဝိသာခါ | ၃၆ | ၀ – ၁၃ | အနုရာဓ |
| | ကွယ် | ၅၀ | ၁၄ – ၁၀ | | ၅၁ | ၀ – ၁၃ | |
| နယုန် | ပြည့် | ၆၅ | ၁၄ – ၅၃ | မူလ | ၆၆ | ၀ – ၅၉ | ပြုဗ္ဗာသာဠ် |
| | ကွယ် | ၇၉ | ၁၃ – ၄၃ | | ၈၀ | ၁၄ – ၂၀ | |
| ဝါဆို | ပြည့် | ၉၄ | ၁၄ – ၃၂ | ဥတြာသာဠ် | ၉၅ | ၀ – ၃၇ | သရဝဏ် |
| | ကွယ် | ၁၀၉ | ၁၄ – ၈ | | ၁၁၀ | ၀ – ၇ | |
| ဝါခေါင် | ပြည့် | ၁၂၄ | ၀ – ၁၂ | ဓနသိဋ္ဌ | ၁၂၅ | ၁ – ၁၃ | သတ္တဘိသျှ |
| | ကွယ် | ၁၃၈ | ၁၃ – ၃၇ | | ၁၃၉ | ၁၄ – ၃၈ | |



ဇယား [၄၂] မှ အဆက်

| လအမည်နှင့် ပက္ခ | | ယခုသုံး ပက္ခဒိန် | | | မူမှန် ပက္ခဒိန် | | |
|---|---|---|---|---|---|---|---|
| | | သုဒ္ဓဒိန် | တိထိ | နက္ခတ် | သုဒ္ဓဒိန် | တိထိ | နက္ခတ် |
| တော်သလင်း | ပြည့် | ၁၅၃ | ၁၄ – ၄၂ | ပြုဗ္ဗာဘဒြပိုဒ် | ၁၅၄ | ၀ – ၄၂ | ဥတြာဘဒြပိုဒ် |
| | ကွယ် | ၁၆၈ | ၁၄ – ၉ | | ၁၆၉ | ၀ – ၁၃ | |
| သီတင်းကျွတ် | ပြည့် | ၁၈၃ | ၀ – ၅ | ရေဝတီ | ၁၈၄ | ၀ – ၂ | အဿဝဏီ |
| | ကွယ် | ၁၉၇ | ၁၃ – ၄၀ | | ၁၉၈ | ၁၄ – ၄၆ | |
| တန်ဆောင်မုန်း | ပြည့် | ၂၁၂ | ၁၄ – ၂၄ | ဘရဏီ | ၂၁၃ | ၀ – ၁၉ | ကြတ္တိကာ |
| | ကွယ် | ၂၂၇ | ၁၄ – ၁၇ | | ၂၂၈ | ၀ – ၂၄ | |
| နတ်တော် | ပြည့် | ၂၄၂ | ၁၄ – ၃၄ | ရောဟိဏီ | ၂၄၃ | ၀ – ၂၉ | မိဂသီ |
| | ကွယ် | ၂၅၆ | ၁၃ – ၄၀ | | ၂၅၇ | ၁၄ – ၅၄ | |
| ပြာသို | ပြည့် | ၂၇၁ | ၁၃ – ၄၀ | အာဒြ | ၂၇၂ | ၁၄ – ၄၄ | ပုဏ္ဏဗသု |
| | ကွယ် | ၂၈၆ | ၁၄ – ၂၄ | | ၂၈၇ | ၀ – ၂၉ | |
| တပို့တွဲ | ပြည့် | ၃၀၁ | ၁၄ – ၁ | အသလိဿ | ၃၀၂ | ၁၄ – ၅၉ | အသလိဿ |
| | ကွယ် | ၃၁၅ | ၁၃ – ၅၃ | | ၃၁၆ | ၁၄ – ၅၇ | |
| တပေါင်း | ပြည့် | ၃၃၀ | ၁၃ – ၂၂ | မာဃ | ၃၃၁ | ၁၄ – ၂၁ | ပြုဗ္ဗာဖာလဂုဏီ |
| | ကွယ် | ၃၄၅ | ၁၄ – ၂၄ | | ၃၄၆ | ၀ – ၂၅ | |

နေကြတ် သုဒ္ဓဒိန် (၁၆၉) (၇၅၆) လကြတ် သုဒ္ဓဒိန် (၃၃၂)

## မူမှန်ပက္ခဒိန်နှင့် ယခုသုံးပက္ခဒိန်တို့၏ လပြည့်၊ လကွယ်တိထိနှင့် လပြည့်နက္ခတ်များ။

(ဿ) သက္ကရာဇ် ၁၃၂၂။

ဇယားအမှတ် [၄၃]

| လအမည်နှင့် ပက္ခ | | ယခုသုံး ပက္ခဒိန် | | | မူမှန် ပက္ခဒိန် | | |
|---|---|---|---|---|---|---|---|
| | | သုဒ္ဓိဒိန် | တိထိ | နက္ခတ် | သုဒ္ဓိဒိန် | တိထိ | နက္ခတ် |
| တန်ခူး | ပြည့် | ၃၆၀ | ၁၃—၄၉ | ဟဿတ | ၃၆၁ | ၁၄—၅၂ | စိတြာ |
| | ကွယ် | ၉ | ၁၃—၅၂ | | ၁၀ | ၁၄—၅၀ | |
| ကဆုန် | ပြည့် | ၂၄ | ၁၃—၂၂ | စိတြာ | ၂၅ | ၁၄—၂၇ | ဝိသာခါ |
| | ကွယ် | ၃၉ | ၁၄—၁၆ | | ၄၀ | ၀—၁၃ | |
| နယုန် | ပြည့် | ၅၄ | ၁၄—၅ | အနုရာဓ | ၅၅ | ၀—၁၂ | ဇေဋ္ဌာ |
| | ကွယ် | ၆၈ | ၁၃—၄၂ | | ၆၉ | ၁၄—၃၇ | |
| ပ—ဝါဆို | ပြည့် | ၈၃ | ၁၃—၄၆ | မူလ | ၈၄ | ၁၄—၅၃ | ပုဗ္ဗာသာဠ် |
| | ကွယ် | ၉၈ | ၁၄—၂ | | ၉၉ | ၁၄—၅၈ | |
| ဒု—ဝါဆို | ပြည့် | — | — | | ၁၁၄ | ၀—၄၀ | ဓနသိဋ္ဌ |
| | ကွယ် | — | — | | ၁၂၉ | ၀—၂၀ | |
| ဝါခေါင် | ပြည့် | ၁၁၃ | ၁၄—၃၄ | သရဝဏ် | ၁၄၄ | ၁—၂၀ | ဥတြာဘဒြပိုဒ် |
| | ကွယ် | ၁၂၇ | ၁၃—၂၆ | | ၁၅၈ | ၁၄—၄၈ | |



### ဇယား [၄၃] မှ အဆက်

| လအမည်နှင့် ပက္ခ | | ယခုသုံး ပက္ခဒိန် | | | မူမှန် ပက္ခဒိန် | | |
|---|---|---|---|---|---|---|---|
| | | သုဒ္ဓိဒိန် | တိထိ | နက္ခတ် | သုဒ္ဓိဒိန် | တိထိ | နက္ခတ် |
| တော်သလင်း | ပြည့် | ၁၄၂ | ၁၄—၁၂ | သတ္တဘိသျှ | ၁၇၃ | ၀—၅၀ | ရေဝတီ |
| | ကွယ် | ၁၅၇ | ၁၃—၄၈ | | ၁၈၈ | ၀—၁၄ | |
| သီတင်းကျွတ် | ပြည့် | ၁၇၂ | ၁၄—၄၈ | ဥတြာဘဒြပိုဒ် | ၂၀၃ | ၁—၁၃ | ကြတ္တိကာ |
| | ကွယ် | ၁၈၆ | ၁၃—၁၂ | | ၂၁၇ | ၁၄—၄၃ | |
| တန်ဆောင်မုန်း | ပြည့် | ၂၀၁ | ၁၄—၁၅ | အဿဝဏီ | ၂၃၂ | ၀—၃၂ | မိဂသီ |
| | ကွယ် | ၂၁၆ | ၁၃—၃၉ | | ၂၄၇ | ၀—၁၇ | |
| နတ်တော် | ပြည့် | ၂၃၁ | ၁၄—၃၅ | ရောဟိဏီ | ၂၆၂ | ၀—၄၂ | ပုဏ္ဏဗသု |
| | ကွယ် | ၂၄၅ | ၁၃—၆ | | ၂၇၆ | ၁၄—၄၇ | |
| ပြာသို | ပြည့် | ၂၆၀ | ၁၃—၅၁ | မိဂသီ | ၂၉၁ | ၁၄—၅၆ | အသလိဿ |
| | ကွယ် | ၂၇၅ | ၁၃—၄၁ | | ၃၀၆ | ၀—၂၅ | |
| တပို့တွဲ | ပြည့် | ၂၉၀ | ၁၄—၁ | ဖုဿ | ၃၂၁ | ၀—၉ | ပုဗ္ဗဘာရဂုဏီ |
| | ကွယ် | ၃၀၄ | ၁၃—၁၂ | | ၃၃၅ | ၁၄—၅၆ | |
| တပေါင်း | ပြည့် | ၃၁၉ | ၁၃—၁၇ | အသလိဿ | ၃၅၀ | ၁၄—၃၀ | ဟဿတ |
| | ကွယ် | ၃၃၄ | ၁၃—၅၁ | | ၃၆၅ | ၀—၃၀ | |

နေကြွတ်သုဒ္ဓိဒိန် (၁၅၉) (၃၀၆) လကြွတ်သုဒ္ဓိဒိန် (၁၄၃) (၃၂၀)

မူမှန်ပက္ခဒိန်နှင့် ယခုသုံးပက္ခဒိန်တို့၏ လပြည့်၊ လကွယ်တိထိနှင့် လပြည့်နက္ခတ်များ။
(င) သက္ကရာဇ် ၁၃၂၃။

ဇယားအမှတ် [၄၄]

| လအမည်နှင့် ပက္ခ | | ယခုသုံး ပက္ခဒိန် | | | မူမှန် ပက္ခဒိန် | | |
|---|---|---|---|---|---|---|---|
| | | သုဒ္ဓဒိန် | တိထိ | နက္ခတ် | သုဒ္ဓဒိန် | တိထိ | နက္ခတ် |
| တန်ခူး | ပြည့် | ၃၄၉ | ၁၃ – ၃၂ | ဥတြာဘရဂုဏ် | ၁၅ | ၁၄ – ၅၇ | သွာတိ |
| | ကွယ် | ၃၆၃ | ၁၃ – ၂၄ | | ၂၉ | ၀ – ၂ | |
| ကဆုန် | ပြည့် | ၁၃ | ၁၂ – ၅၇ | ဟဿတ | ၄၄ | ၁၄ – ၃၀ | အနုရာဓ |
| | ကွယ် | ၂၈ | ၁၄ – ၁ | | ၅၉ | ၀ – ၃၀ | |
| နယုန် | ပြည့် | ၄၃ | ၁၃ – ၂၇ | ဝိသာခါ | ၇၄ | ၀ – ၁၂ | ပြုဗ္ဗာသာဠ် |
| | ကွယ် | ၅၈ | ၁၄ – ၃၂ | | ၈၈ | ၁၄ – ၅၆ | |
| ပ – ဝါဆို | ပြည့် | ၇၃ | ၁၄ – ၇ | မူလ | ၁၀၃ | ၁၄ – ၅၃ | ဥတြာသာဠ် |
| | ကွယ် | ၈၈ | ၁၄ – ၅၆ | | ၁၁၈ | ၀ – ၁၇ | |
| ဒု – ဝါဆို | ပြည့် | ၁၀၃ | ၁၄ – ၅၃ | ဥတြာသာဠ် | — | — | — |
| | ကွယ် | ၁၁၈ | ၀ – ၁၇ | | — | — | — |
| ဝါခေါင် | ပြည့် | ၁၃၃ | ၀ – ၃၉ | သတ္တဘိသျှ | ၁၃၃ | ၀ – ၃၉ | သတ္တဘိသျှ |
| | ကွယ် | ၁၄၇ | ၁၄ – ၃၉ | | ၁၄၇ | ၁၄ – ၃၉ | |



ဇယား [၄၄] မှ အဆက်

| လအမည်နှင့် ပက္ခ | | ယခုသုံး ပက္ခဒိန် | | | မူမှန် ပက္ခဒိန် | | |
|---|---|---|---|---|---|---|---|
| | | သုဒ္ဓဒိန် | တိထိ | နက္ခတ် | သုဒ္ဓဒိန် | တိထိ | နက္ခတ် |
| တော်သလင်း | ပြည့် | ၁၆၂ | ၀ – ၁၇ | ဥတြာဘဒြပိုဒ် | ၁၆၂ | ၀ – ၁၇ | ဥတြာဘဒြပိုဒ် |
| | ကွယ် | ၁၇၇ | ၁၄ – ၅၇ | | ၁၇၇ | ၁၄ – ၅၇ | |
| သီတင်းကျွတ် | ပြည့် | ၁၉၂ | ၀ – ၅၃ | ဘရဏီ | ၁၉၂ | ၀ – ၅၃ | ဘရဏီ |
| | ကွယ် | ၂၀၆ | ၁၄ – ၁၉ | | ၂၀၆ | ၁၄ – ၁၉ | |
| တန်ဆောင်မုန်း | ပြည့် | ၂၂၁ | ၀ – ၂၀ | ရောဟိဏီ | ၂၂၁ | ၀ – ၂၀ | ရောဟိဏီ |
| | ကွယ် | ၂၃၆ | ၁၄ – ၄၂ | | ၂၃၆ | ၁၄ – ၄၂ | |
| နတ်တော် | ပြည့် | ၂၅၁ | ၀ – ၄၁ | အဒြ | ၂၅၁ | ၀ – ၄၁ | အဒြ |
| | ကွယ် | ၂၆၅ | ၁၄ – ၇ | | ၂၆၅ | ၁၄ – ၇ | |
| ပြာသို | ပြည့် | ၂၈၀ | ၁၄ – ၅၈ | ပုသျှ | ၂၈၀ | ၁၄ – ၅၈ | ပုသျှ |
| | ကွယ် | ၂၉၅ | ၁၄ – ၄၁ | | ၂၉၅ | ၁၄ – ၄၁ | |
| တပို့တွဲ | ပြည့် | ၃၁၀ | ၀ – ၁၀ | မာဃ | ၃၁၀ | ၀ – ၁၀ | မာဃ |
| | ကွယ် | ၃၂၄ | ၁၄ – ၁၂ | | ၃၂၄ | ၁၄ – ၁၂ | |
| တပေါင်း | ပြည့် | ၃၃၉ | ၁၄ – ၂၇ | ဥတြာဘရဂုဏ် | ၃၃၉ | ၁၄ – ၂၇ | ဥတြာဘရဂုဏ် |
| | ကွယ် | ၃၅၄ | ၁၄ – ၃၄ | | ၃၅၄ | ၁၄ – ၃၄ | |

နေကြွတ်သုဒ္ဓဒိန် (၁၁၈) (၂၉၆) လကြွတ်သုဒ္ဓဒိန် (၁၃၃)

## "မူမှန်" ပက္ခဒိန်နှင့် ယခုသုံးပက္ခဒိန်တို့၏ လပြည့်၊ လကွယ်တိထီနှင့် လပြည့်နက္ခတ်များ။

(၈) သက္ကရာဇ် ၁၃၂၅။

ဇယားအမှတ် [၄၅]

| လအမည်နှင့် ပက္ခများ | | ယခုသုံး ပက္ခဒိန် | | | မူမှန် ပက္ခဒိန် | | |
|---|---|---|---|---|---|---|---|
| | | သုဒ္ဓိဒိန် | တိထိ | နက္ခတ် | သုဒ္ဓိဒိန် | တိထိ | နက္ခတ် |
| တန်ခူး | ပြည့် | ၃၅၇ | ၁၄ – ၄၃ | ဟဿတ | ၃၅၇ | ၁၄ – ၄၃ | ဟဿတ |
| | ကွယ် | ၆ | ၁၃ – ၄၄ | | ၆ | ၁၃ – ၄၄ | |
| ကဆုန် | ပြည့် | ၂၁ | ၁၄ – ၄ | သွာတိ | ၂၁ | ၁၄ – ၄ | သွာတိ |
| | ကွယ် | ၃၆ | ၁၄ – ၃၀ | | ၃၆ | ၁၄ – ၃၀ | |
| နယုန် | ပြည့် | ၅၁ | ၁၄ – ၂၄ | အနုရာဓ | ၅၁ | ၁၄ – ၂၄ | အနုရာဓ |
| | ကွယ် | ၆၅ | ၁၄ – ၉ | | ၆၅ | ၁၄ – ၉ | |
| ပ – ဝါဆို | ပြည့် | ၈၀ | ၁၃ – ၅၁ | မူလ | ၈၀ | ၁၃ – ၅၁ | မူလ |
| | ကွယ် | ၉၅ | ၁၄ – ၅၂ | | ၉၅ | ၁၄ – ၅၂ | |
| ဒု – ဝါဆို | ပြည့် | – | – | | ၁၁၀ | ၁၄ – ၂၀ | ဥတြာသာဠ် |
| | ကွယ် | – | – | | ၁၂၅ | ၀ – ၂၆ | |
| ဝါခေါင် | ပြည့် | ၁၁၀ | ၁၄ – ၂၀ | ဥတြာသာဠ် | ၁၄၀ | ၁၄ – ၃၅ | သတ္တာဗိသျှ |
| | ကွယ် | ၁၂၄ | ၁၄ – ၂၆ | | ၁၅၄ | ၁၄ – ၅၄ | |



ဇယား [၄၅] မှ အဆက်

| လအမည်နှင့် ပက္ခများ | | ယခုသုံး ပက္ခဒိန် | | | မူမှန် ပက္ခဒိန် | | |
|---|---|---|---|---|---|---|---|
| | | သုဒ္ဓိဒိန် | တိထိ | နက္ခတ် | သုဒ္ဓိဒိန် | တိထိ | နက္ခတ် |
| တော်သလင်း | ပြည့် | ၁၃၉ | ၁၃ – ၅၂ | ဓနသိဋ္ဌ | ၁၆၉ | ၁၄ – ၂၉ | ဥတြာဘဒြပိုဒ် |
| | ကွယ် | ၁၅၄ | ၁၃ – ၅၄ | | ၁၈၄ | ၀ – ၁၂ | |
| သီတင်းကျွတ် | ပြည့် | ၁၆၉ | ၁၄ – ၂၉ | ဥတြာဘဒြပိုဒ် | ၁၉၉ | ၀ – ၈ | ဘရဏီ |
| | ကွယ် | ၁၈၃ | ၁၄ – ၁၆ | | ၂၁၃ | ၁၄ – ၂၆ | |
| တန်ဆောင်မုန်း | ပြည့် | ၁၉၈ | ၁၄ – ၂ | အဿဝဏီ | ၂၂၈ | ၁၄ – ၄၁ | ရောဟိဏီ |
| | ကွယ် | ၂၁၃ | ၁၄ – ၂၆ | | ၂၄၃ | ၁၄ – ၄၀ | |
| နတ်တော် | ပြည့် | ၂၂၈ | ၁၄ – ၄၁ | ရောဟိဏီ | ၂၅၈ | ၀ – ၁၇ | အာဒြ |
| | ကွယ် | ၂၄၂ | ၁၃ – ၄၄ | | ၂၇၂ | ၁၃ – ၅၅ | |
| ပြာသို | ပြည့် | ၂၅၇ | ၁၄ – ၁၁ | မိဂသီ | ၂၈၇ | ၁၄ – ၄၅ | ဖုသျှ |
| | ကွယ် | ၂၇၂ | ၁၃ – ၅၅ | | ၃၀၁ | ၁၃ – ၁၂ | |
| တပို့တွဲ | ပြည့် | ၂၈၇ | ၁၄ – ၄၅ | ဖုသျှ | ၃၁၇ | ၀ – ၁၃ | ပြုဗ္ဗာဘရဂုဏီ |
| | ကွယ် | ၃၀၁ | ၁၃ – ၁၂ | | ၃၃၁ | ၁၃ – ၃၅ | |
| တပေါင်း | ပြည့် | ၃၁၆ | ၁၄ – ၁၁ | မာဃ | ၃၄၆ | ၁၄ – ၃၇ | ဥတြာဘရဂုဏီ |
| | ကွယ် | ၃၃၁ | ၁၃ – ၃၅ | | ၃၆၁ | ၁၃ – ၄ | |

နေကြတ် သုဒ္ဓိဒိန် (၉၆) (၂၃၄) လကြတ် သုဒ္ဓိဒိန် (၂၅၈)

"မူမှန်" ပက္ခဒိန်နှင့် ယခုသုံးပက္ခဒိန်တို့၏ လပြည့်၊ လကွယ်တိထိနှင့် လပြည့်နက္ခတ်များ။
(ဆ) သက္ကရာဇ် ၁၃၂၆။

ဇယားအမှတ် [၄၆]

| လအမည်နှင့် ပက္ခများ | | ယခုသုံး ပက္ခဒိန် | | | မူမှန် ပက္ခဒိန် | | |
|---|---|---|---|---|---|---|---|
| | | သုဒ္ဓိန် | တိထိ | နက္ခတ် | သုဒ္ဓိန် | တိထိ | နက္ခတ် |
| တန်ခူး | ပြည့် | ၃၄၆ | ၁၄ – ၃၇ | ဥတြဘာရဂုဏီ | ၁၁ | ၁၄ – ၅၉ | စိတြာ |
| | ကွယ် | ၃၆၀ | ၁၃ – ၄ | | ၂၅ | ၁၃ – ၄၀ | |
| ကဆုန် | ပြည့် | ၁၀ | ၁၄ – ၂ | စိတြ | ၄၀ | ၁၄ – ၂၃ | အနုရာဓ |
| | ကွယ် | ၂၅ | ၁၃ – ၄၀ | | ၅၅ | ၁၄ – ၂၉ | |
| နယုန် | ပြည့် | ၄၀ | ၁၄ – ၂၃ | အနုရာဓ | ၇၀ | ၁၄ – ၄၃ | မူဠာ |
| | ကွယ် | ၅၅ | ၁၄ – ၂၉ | | ၈၄ | ၁၄ – ၁၀ | |
| ပ – ဝါဆို | ပြည့် | ၇၀ | ၁၄ – ၄၃ | မူဠာ | ၉၉ | ၁၄ – ၄ | ဥတြသာဠ် |
| | ကွယ် | ၈၅ | ၀ – ၁၆ | | ၁၁၄ | ၁၄ – ၅၆ | |
| ဒု – ဝါဆို | ပြည့် | ၁၀၀ | ၀ – ၅ | ဥတြသာဠ် | – | – | |
| | ကွယ် | ၁၁၅ | ၁ – ၀ | | | | |
| ဝါခေါင် | ပြည့် | ၁၃၀ | ၀ – ၃၀ | သတ္တဘိသျှ | ၁၂၉ | ၁၄ – ၃၂ | ဓနသိဋ္ဌ |
| | ကွယ် | ၁၄၄ | ၀ – ၃၄ | | ၁၄၃ | ၁၄ – ၃၁ | |



ဇယား [၄၆] မှ အဆက်

| လအမည်နှင့် ပက္ခများ | | ယခုသုံး ပက္ခဒိန် | | | မူမှန် ပက္ခဒိန် | | |
|---|---|---|---|---|---|---|---|
| | | သုဒ္ဓိန် | တိထိ | နက္ခတ် | သုဒ္ဓိန် | တိထိ | နက္ခတ် |
| တော်သလင်း | ပြည့် | ၁၅၉ | ၀ – ၀ | ဥတြဘဒြပိုဒ် | ၁၅၈ | ၁၃ – ၅၉ | ပြုဗ္ဗဘဒြပိုဒ် |
| | ကွယ် | ၂၀၃ | ၀ – ၂၅ | | ၂၀၂ | ၁၄ – ၂၇ | |
| သီတင်းကျွတ် | ပြည့် | ၁၈၉ | ၀ – ၃၂ | အဿဝဏီ | ၁၈၈ | ၁၄ – ၂၈ | ရေဝတီ |
| | ကွယ် | ၂၀၃ | ၀ – ၂၅ | | ၂၀၂ | ၁၄ – ၂၇ | |
| တန်ဆောင်မုန်း | ပြည့် | ၂၁၈ | ၀ – ၃ | ကြတ္တိကာ | ၂၁၇ | ၁၃ – ၅၈ | ဘရဏီ |
| | ကွယ် | ၂၃၃ | ၀ – ၃၈ | | ၂၃၂ | ၁၄ – ၄၂ | |
| နတ်တော် | ပြည့် | ၂၄၈ | ၀ – ၄၀ | အဒြာ | ၂၄၇ | ၁၄ – ၃၃ | မိဂသီ |
| | ကွယ် | ၂၆၂ | ၁၄ – ၅၂ | | ၂၆၁ | ၁၃ – ၅၇ | |
| ပြာသို | ပြည့် | ၂၇၇ | ၀ – ၁၀ | ဖုသျှ | ၂၇၆ | ၁၄ – ၄ | ပုဏ္ဏဖုသျှ |
| | ကွယ် | ၂၉၂ | ၀ – ၂ | | ၂၉၁ | ၁၄ – ၆ | |
| တပို့တွဲ | ပြည့် | ၃၀၇ | ၀ – ၄၆ | ပြုဗ္ဗဘရဂုဏီ | ၃၀၆ | ၁၄ – ၄၁ | အသလိဿ |
| | ကွယ် | ၃၂၁ | ၁၃ – ၂၀ | | ၃၂၀ | ၁၃ – ၂၃ | |
| တပေါင်း | ပြည့် | ၃၃၆ | ၀ – ၁၅ | ဥတြဘရဂုဏီ | ၃၃၅ | ၁၄ – ၁၂ | ပြုဗ္ဗဘရဂုဏီ |
| | ကွယ် | ၃၅၁ | ၁၄ – ၄၃ | | ၃၅၀ | ၁၃ – ၄၂ | |

နေကြွတ် သုဒ္ဓိန် (၅၆) (၈၅) လကြွတ် သုဒ္ဓိန် (၇၁) (၂၄၈)

ထို့ကြောင့် အောက်မြန်မာပြည် ပက္ခဒိန် အကြံပေးအဖွဲ့၏ ဥက္ကဋ္ဌ၊ ဟသ်ာတမြို့ သပြေပင်ကျောင်းတိုက်၊ ဦးသောဘနအရှင် စီရင်သော "မြန်မာပက္ခဒိန် အစီအရင်" စာအုပ်စာမျက်နှာ ၁၂၁ - ၁၃၃ ပက္ခဒိန် အဓိကဏ္ဍ(၅)တွင် ရေးသားချက် များ၏ ကောက်နုတ်ချက်များကို အောက်တွင် ကောက်နုတ်ဖော်ပြပါသည်။

## ပက္ခဒိန်မှားခြင်း၏ အပြစ်

"ပက္ခဒိနဝိဓိကဏ္ဍဟူသော မာတိကာဥဒ္ဒေသ၏ နိဒ္ဒေသစကားအစဉ်ကား ဤသို့တည်း။

ပက္ခဒိန်မှားယွင်းလျှင် အခါပေးကျမ်းတို့၌ လာသော ရက်ယုတ်၊ ရက်ကြမ်း၊ ရက်ကောင်း၊ ရက်မြတ် ရွေးချယ်နည်းများ မှားယွင်း၍ ကောင်းသောရက်လည်း မကောင်းသောရက်ဖြစ်မည်။ မကောင်းသောရက်လည်း ကောင်းသောရက်ဖြစ်မည်။ ကောင်းသောရက်၌ ဆောင်ရွက်လျှင် အကျိုးရမည်။ မကောင်းသောရက်၌ ဆောင်ရွက်လျှင် အကျိုးမပြီးပျက်စီးဆုတ်ယုတ်သည်ဟု ထိုကျမ်းတို့၌လာသည့်အတိုင်း မကောင်းသောရက်၌ ကောင်းသောရက် အမှတ် မှား၍ ဆောင်ရွက်မိလျှင် အကျိုးမပြီး ပျက်စီး ဆုတ်ယုတ်မည်။ ကောင်းသောရက်၌ မကောင်းသောရက်အမှတ်မှား၍ မဆောင်ရွက်မိလျှင် အကျိုးမရဖြစ်မည်။ ပက္ခဒိန်မူထား၍ အာဒိကပ္ပဒ္ဓါဒရာသီစသောကျမ်းအရ တူအပ်သမျှ နက္ခတ်ခေတ်တိုင်မှားမည်။ နက္ခတ်ခေတ်တိုင်မှားလျှင် နက္ခတ်ခေတ်စာ မှားမည်။မှားသောနက္ခတ်စာကို စားသောက်သုံးဆောင်သူဟူသမျှ မကျန်းမမာ သေကြေပျက်စီးများမည်။ တိုင်းသူပြည်သားတို့ အကျိုးမရ၊ ပျက်စီးဆုတ်ယုတ်လျှင်၊ သေကြေပျက်စီးလျှင်



အစိုးရမင်းတို့၌ အခွန်အတုတ်ယုတ်လျော့မည်။ မကျန်းမမာဖျားနာခြင်းများလျှင် ကျန်းမာရေးဌာန ငွေပိုမိုကုန်ကျမည်။ မြန်မာနိုင်ငံတော်၌ အရှေ့နိုင်ငံသား အနောက် နိုင်ငံသား လူမျိုးခြားတို့ ဝင်ရောက်နေထိုင်ကုန်၏။ မြန်မာလူမျိုးတို့သည် ထိုလူမျိုးခြားတို့နှင့် စီးပွားရေး၊ ကြီးပွားရေး၊ ပညာရေး၊ ဘာသာရေးတို့ သာသနာရေးတို့၌ ပြိုင်ဆိုင် နေကြရကုန်၏။ ဤသို့ပြိုင်ဆိုင်နေကြရာ စီးပွားရေး၊ ကြီးပွားရေး၊ ပညာရေး၌ မတု မယှဉ်နိုင်လောက်အောင် အောက်တန်းကျ စေကာမူ ရတနာသုံးတန် အမှန်အစစ်ကို ကိုးကွယ်ဆည်းကပ်ကြရသဖြင့် ဘာသာရေး၊ သာသနာရေး၌ အထက်တန်းအကျဆုံး ဖြစ်ကုန်၏။ ဤသို့ အထက်တန်းကျကုန်သော လူမျိုးတို့၏ ပက္ခဒိန်မှားယွင်းနေသည်မှာ အလွန်ရှက်ဖွယ်ကောင်းလှ၏။ လူမျိုးခြားတို့က မြန်မာပက္ခဒိန်သည် မမှန်ကန်၊ မြန်မာလူမျိုးရဟန်းရှင်လူတို့သည် မိမိတို့၏နေ့မှန်ရက်မှန်ကိုမျှ မသိကြကုန်ဟု ပြစ်တင်ရှုံ့မဲ့ ကဲ့ရဲ့ကြကုန်၏။ ဤသို့စသဖြင့် ပက္ခဒိန်မှားယွင်းခြင်းကား အပြစ်များလေစွ။

ထိုမှတပါး"ဝေါဟာရသိ၊ ပုဏ္ဏမီ၌၊ မမှီနက္ခတ်၊ မယှဉ်လတ်သော်၊ မမတ်မကောင်း၊ မိုးယံလေစောင်း၍၊ အပေါင်းလူရှင်၊ ညှိုးပူပင်အံ့" ဟူသောအလုံနယ် အောင်ချမ်းသာရွာ ထွက်ရပ်ပေါက် အရှင်ဣန္ဒာစရိယဆရာတော်၏ နေမိတ္တကဝိဇ္ဇာလင်္ကာရကျမ်းလာ စကားကို ထောက်ရှု၍ ပက္ခဒိန်မှန်ကန်ခြင်း၏ အကျိုးကိုသိကုန်ရာ၏။

## ပက္ခဒိန်မှန်ခြင်း၏ အကျိုး

ရှေးပညာရှိအဆက်ဆက်တို့သည် ပက္ခဒိန်နှင့်စပ်၍ ဘုရင်ကေရာဇ်မင်းမြတ်ထံ သံတော်ဦးတင်လွှာ ဆက်သွင်းသောအခါတိုင်း ကိုယ်တော်မြတ်၏ အကျိုးတော်၊ စီးပွားတော်၊ သာသနာတော်မြတ်၏ စီးပွားတော် သားတော်အစဉ်၊ မြေးတော်အဆက်၊

မြစ်တော် အညွန့်စီးပွား ပြည်သူရဟန်းတို့၏အကျိုး အတိုင်းထက်အလွန် ထွန်းလင်းရာသည့်အကြောင်းဟု သံတော်ဦးတင်ကြကုန်သည်။

ပက္ခဒိန်မှန်ကန်လျှင် ရက်ယုတ်၊ ရက်ကြွမ်း၊ ရက်ကောင်း၊ ရက်မြတ် ရွေးချယ်နည်းများ မမှားမယွင်းမှန်ကန်မည်။ မှန်ကန်သောရက်ကောင်းရက်မြတ်၌ ဆောင်ရွက်လျှင် အကျိုးစီးပွားများပြားကုံလုံမည်။ နက္ခတ်တိုင်ထူမှန်ကန်၍ နက္ခတ်ခတ်စာမှန်မည်။ မှန်သောခတ်စာကို စားသောက် သုံးဆောင်သူဟူသမျှ ကျန်းမာချမ်းသာ၍ သေကြေပျက်စီး နည်းပါးမည်။ ဤသို့တိုင်းသူပြည်သားတို့၌ အကျိုးစီးပွားရှိသည်။ တိုင်းသူပြည်သားတို့အကျိုးစီးပွား များပြားကုံလုံလျှင် ဘုရင်ကောဇာ်အကျိုးစီးပွား ဖြစ်ထွန်းတော့သည်သာ။ မအူလေးရွာ ပညာရှိဆရာဦးဝင်းကား ပက္ခဒိန်မှန်ကန်လျှင် မှန်ကန်သောဥတု လရက်၌ ဝါဆို ဝါကပ် ဥပုသ်ပဝါရဏာပြုရသဖြင့် သာသနာတော်အကျိုးရှိသည်ဟု ဆိုသည်။ ဤသို့လျှင် ပက္ခဒိန်မှန်ကန်ခြင်းကား အကျိုးများလေစွ။

## ၉။ ရှစ်ရက် လပြည့် လကွယ်၏ သဘောတရား

မြန်မာရာဇဝင်သမိုင်းကလျောက်တွင် ပက္ခဒိန်နှင့် သက်ဆိုင်သောအချက်ဟူ၍ သက္ကရာဇ် ဖို့ခြင်းမှတပါး အခြားပက္ခဒိန်စာတမ်းများမတွေ့ဘူးချေ။ မြန်မာတိုင်းရင်းသား အိမ်ထောင်စုတို့၏ အိမ်များတွင် ပက္ခဒိန်နှစ်စဉ် ချိတ်ဆွဲထားလေ့ရှိကြသည်။ ထို့ကြောင့် လူတိုင်းနှင့်သက်ဆိုင်သည်မှာ ထင်ရှားလှပေသည်။ သို့အတွက် မြန်မာပက္ခဒိန်တွင် လူတိုင်းစိတ်ဝင်စားရန်လိုပေသည်။



မြန်မာပက္ခဒိန်သည် ဘာသာရေးပက္ခဒိန်ဟူ၍ ခေါ်လျှင် မမှားချေ။ မြန်မာဗုဒ္ဓဘာသာတရားတော်အရ ရှစ်ရက်လပြည့်လကွယ်နေ့များ၌ ဥပုသ်သီလ ဆောက်တည်ကြ၏။ အထူးသဖြင့် ကဆုန်လပြည့်ဗုဒ္ဓနေ့ ဝါဆိုလပြည့်နှင့် ဝါတွင်းဥပုသ်နေ့များသည် မြန်မာဗုဒ္ဓဘာသာ လောကတွင် အရေးကြီးဆုံးသောရက်များဖြစ်၏။ ထို့ကြောင့် အလွန်မှန်ကန်သော ပက္ခဒိန်လိုအပ်ပေသည်။ တနင်္ဂနွေဂြိုဟ်ရောက်သောရာသီကို အမှီပြုလျက် လပြည့် လကွယ်အခြင်းအရာများ ဖြစ်ပေါ်လာခြင်းကြောင့် စန္ဒရမာသ၏ သဘာဝအသွားသည် အနေးအမြန်ရှိသဖြင့် တနှစ်တွင် ၂၄ ပက္ခရှိသော်လည်း ပက္ခအားလုံးညီညွတ်ရန်မဖြစ်နိုင်ချေ။ ထို့ကြောင့် ၁၂ ပက္ခ ညီညွတ်သော်မှန်ကန်သောပက္ခဒိန်ဟူ၍ လက်ခံရပေမည်။

မြန်မာလူမျိုးတို့၏ ဗုဒ္ဓဘာသာပွဲတော်များသည် မိမိတို့၏ပက္ခဒိန်တွင် ပါရှိသောလပြည့်များ၌ ဆောင်ရွက်ကြပေသည်။ ယခုအခါ နိုင်ငံခြားဗုဒ္ဓဘာသာတိုင်းပြည်များနှင့် ဆက်သွယ်မှုကြောင့် မြန်မာဗုဒ္ဓဘာသာရက်ကြီးများသည် နိုင်ငံခြားနှင့်ညီညွတ်ရန်လိုပေသည်။ မြန်မာပြည်သည် ဗုဒ္ဓဘာသာလောကတွင် ဦးဆောင်သော တိုင်းပြည်ဖြစ်ပါလျက် ဝေါဟာရလပြည့်များသည် ခေတ်မမီသော် အကျိုးမဖြစ်ချေ။ ဟိန္ဒူဘာသာဝင်များသည် နက္ခတ်ပွဲတော်နေလနှင့် သက်ဆိုင်သောတိထိဖြင့်ကျင်းပသော ပွဲတော်ဟူ၍ ပွဲတော်များ အများအပြားရှိ၏။ အိန္ဒိယပြည်တွင် ဤပွဲတော်နေ့များသည် ပြည်နယ်တခုနှင့်တခုမတူကြသဖြင့် အိန္ဒိယပက္ခဒိန်သစ်စတင်အသုံးပြုသော ခရစ်နှစ် ၁၉၅၅ မှစ၍ ပွဲတော်နေ့များကို တညီတညွတ်တည်း ကျင်းပပြုလုပ်စေခဲ့၏။ ဥပုသ်ဆောက်တည်ကြရာ၌ နက္ခတ်ဗေဒင်က

သတ်မှတ်ထားသော အခါကြီးရက်များကို အကြောင်းပြု၍ စောင့်ထိန်းလိုက်နာလေ့ရှိကြသည်။

အနောက်တိုင်း ဗေဒင်ကျမ်းများတွင် တနင်္ဂနွေဂြိုဟ်နှင့် တနင်္လာဂြိုဟ်တို့၏ အစီးအမြင်သည် အလွန်အရေးကြီးသည့် အလျောက် ထိုဂြိုဟ်နှစ်ပါးတို့၏အကျိုးမဖြစ်သော အမြင်များသည် ထိုဂြိုဟ်နှစ်ပါးရာသီတခွင်၌ အံသာတူစီးခြင်း၊ ထိုဂြိုဟ်နှစ်ပါးသည် ရာသီသမသတ်အံသာ ၁၈၀ အထိ မြင်ခြင်း၊ ထိုဂြိုဟ်တပါးနှင့်တပါး အံသာ ၉၀ မြင်ခြင်းတို့ဖြစ်၏။ မြန်မာဝေါဟာရပက္ခဒိန်တွင် အစီးအမြင်များနှင့် သက်ဆိုင်သော အချက်များမှာ (က)ရာသီအတွင်း၌ အံသာတူစီးသောအခါ၌ 'လကွယ်'နေ့ဖြစ်၏။ (ခ)ရာသီသမသတ်အံသာ တူမြင်သော အခါ၌ 'လပြည့်'နေ့ဖြစ်၏။ (ဂ)တပါးနှင့်တပါးအံသာ ၉၀ မြင်သောအခါ၌ 'ရှစ်ရက်'နေ့များဖြစ်၏။ ထိုအခါသည် စီးပွားရေး၊ ကြီးပွားရေး၊ လူမှုဆက်ဆံရေးစသော ကိစ္စအဝဝများတွင် အကျိုးမပေးသောရက်များဖြစ်၍ အခါမင်္ဂလာမကောင်းသော အချိန် ဖြစ်သည့်အား လျော်စွာ ဥပုသ် ဆောက်တည်ခြင်း၊ ကျောင်းကန် စေတီဘုရားများသို့ သွား၍ ဆုတောင်းခြင်း စသော အလေ့အထ ပြုခဲ့သောကြောင့် ဥပုသ်နေ့များသည် အဘယ့်ကြောင့် အရေးကြီးသည်ကို သိတန်လောက်ပေပြီ။

# ပဉ္စမပိုင်း

# သူရိယသိဒ္ဓန္တ တွက်ကိန်းကျမ်းများ

## ၁။ သိဒ္ဓန္တကျမ်း၏ အခြေခံကိန်းများ

မြန်မာဝေါဟာရ ပက္ခဒိန်၏ သင်္ကြန်နှစ်ဆန်း၊ လပြည့်၊ လကွယ်၊ လထပ်ရက်ငင်၊ နေလကြတ်များတွက်သောအခါ၌ အမှီပြုသော နက္ခတ်ကိန်းများတွင် သူရိယသိဒ္ဓန္တကျမ်း၏ ကိန်းများသည် ခေတ်မီနက္ခတ်ကျမ်း၏ ကိန်းများနှင့် အနီးကပ်ဆုံးသော ကိန်းဖြစ်၏။ ခေတ်မီနက္ခတ်ကျမ်းသည် ခရစ်နှစ် ၁၆၀၈ တွင် မှန်ပြောင်း တီထွင်ပြီးသည့်အချိန်မှစ၍ နက္ခတ်ကြည့်ရုံများနှင့် လေ့လာပြီးလျှင် မျက်မြင်နှင့် မညီညွတ်သော ကိန်းများကို ပြုပြင်ခဲ့သဖြင့် ခေတ်မီနက္ခတ်ပညာ (Modern Astronomy) အဖြစ်သို့ရောက်ရှိလာ၏။ ရှေးရှေး မြန်မာတို့၏ ပက္ခဒိန်သည် သူရိယသိဒ္ဓန္တကျမ်း၏ ကိန်းများကို ချုံ့ထားသော'သံဒိဋ္ဌ'ကျမ်းတွင် ပြထားသည့် ကိန်းများဖြင့် တွက်ကြ၏။ သံဒိဋ္ဌကျမ်းပြုစဉ်ကာလ၌ တနင်္ဂနွေမဲ့ဂြိုဟ် ၁၂ ရာသီ တပတ်ပြည့်သော ကာလသည် ၃၆၅ ရက်၊ ၆ နာရီ၊ ၁၂ မိနစ်၊ ၃၆ စက္ကန့် ဖြစ်၏။ ယင်းတို့သည် သူရိယသိဒ္ဓန္တကျမ်း၏ ကိန်းနှင့် စက္ကန့်ကွာ၏။

အိန္ဒိယပြည်၏ ပက္ခဒိန်စာတမ်းများအရ ရှေးအခါကာလတွင် သူရိယသိဒ္ဓန္တကျမ်း အပါအဝင် သိဒ္ဓန္တငါးမျိုးရှိကြောင်း တွေ့ကြရသည်။

၁။ ပေတာမဟာသိဒ္ဓန္တကျမ်း
၂။ ဝါစိဿ ။
၃။ ရောမက ။
၄။ ပေါလိစ္စ ။
၅။ သူရိယ ။

အထက်ပါသိဒ္ဓန္တကျမ်း ငါးမျိုးအနက် သူရိယသိဒ္ဓန္တကျမ်း၏ ကိန်းများသည် ကောင်းကင်သဘာဝ ဂြိုဟ်သွားများနှင့် ကျမ်း၏ တွက်ကိန်းများ အလွန်နီးစပ်သဖြင့် ယခုခေတ်တွင် အသုံးများသော သိဒ္ဓန္တကျမ်းတခု ဖြစ်၏။

ရောမကသိဒ္ဓန္တကျမ်းတွင် ယုဂ်ပိုင်း၌ သာဝနရက်များကို ဤသို့ ဖော်ပြထားလေသည်။

ယုဂ်တခုတွင် နှစ်ပေါင်း ၂,၈၅၀ ရှိ၏။
နှစ်ပေါင်း ၁၅၀ တွင် သာဝနရက်ပေါင်း ၅၄,၇၈၇ ရှိ၏။
တနှစ်တွင် သာဝနရက်ပေါင်း ၃၆၅.၂,၄၆၇ ရှိ၏။
၃၆၅ ရက်၊ ၅ နာရီ၊ ၅၅ မိနစ်၊ ၁၂ စက္ကန့်။

ယုဂ်တခုသည် နှစ်ပေါင်း ၁၅၀ ရှိသောအကြိမ် ၁၉ ကြိမ် ရှိသဖြင့် ၁၉ နှစ် လထပ်ကိန်း အကြိမ်ပေါင်း ၁၅၀ ရှိ၏။ နေသွား ကာလသည် ရာသီဥတုနှစ် (Tropical Year) ကို အသုံးပြုပေဟန်ရှိသည်။ ယင်းသိဒ္ဓန္တကျမ်းသည် ရောမနက္ခတ်ပညာရှိတို့၏ ကျမ်းကို အမှီပြုထားသည်။

သူရိယသိဒ္ဓန္တကျမ်း ပြုစဉ်ကာလ၌ ရာသီ ဥတု နှစ်ဟူ၍ မရှိသေးချေ။ ယင်းနှစ်မှာ ခရစ်နှစ် ၁၆၇၇ ၌ ပညာရှိ နယူတွန် ရှင်းလင်း ထုတ်ဖော်ခဲ့သောကိန်း ဖြစ်၏။ သူရိယသိဒ္ဓန္တကျမ်းနှင့် ဝါဟမိဟီရ၏ နက္ခတ်ကျမ်းတို့သည် တနှစ်ကာလ သာဝနရက်များ အနည်းငယ်ကွဲပြား၏။ မြန်မာပြည်၌ အသုံး



ပြုသော သံဒိဋ္ဌကျမ်းသည် ဝါဟမိဟီရနက္ခတ်ကျမ်း၏ တနင်္ဂနွေမချုပ်ဂြိုဟ် တနှစ်ပြည့်သောကာလ 'သူရိယမာသနှစ်'ကို အသုံးပြုထားသည်။ နက္ခတ်ကျမ်းတို့၏ 'သူရိယမာသနှစ်' များ၏ နှိုင်းယှဉ်ကာလများမှာ —

| ကျမ်းအမည် | ရက် | နာရီ | မိနစ် | စက္ကန့် |
|---|---|---|---|---|
| ၁။ သူရိယသိဒ္ဓန္တကျမ်း | ၃၆၅ | ၆ | ၁၂ | ၃၆.၅၆ = ၃၆၅.၂,၅၈၇,၅၆၅ |
| ၂။ ဝါဟမိဟီရကျမ်း | ၃၆၅ | ၆ | ၁၂ | ၃၆. = ၃၆၅.၂၅,၈၇၅ |
| ၃။ ယခုခေတ်သစ်နက္ခတ်ပညာ | ၃၆၅ | ၆ | ၉ | ၇.၄၄ = ၃၆၅.၂,၅၆၃,၃၆၂ |
| ၄။ ကမ္ဘာ့ပြက္ခဒိန်၏သာယနနှစ် | ၃၆၅ | ၅ | ၄၈ | ၂၇.၈၁ = ၃၆၅.၂၄,၂၁၉,၈၈၅ |

သူရိယသိဒ္ဓန္တကျမ်း၏ အခြေခံကိန်းများ (ဗိုလ် ၆ ပါး ခေါ်၏။)

နက္ခတ်ရက် ၁,၅၈၂,၂၃၇,၈၂၈
သာဝနရက် ၁,၅၇၇,၉၁၇,၈၂၈
တိထိရက် ၁,၆၀၃,၀၀၀,၀၈၀
ဒိန္နက်သဲခေါ် ခယရက် ၂၅,၀၈၂,၂၅၂
စန္ဒရမာသ ၅၃,၄၃၃,၃၃၆
သူရိယမာသ ၅၁,၈၄၀,၀၀၀
လလွန်အဓိမာသ် ၁,၅၉၃,၃၃၆
ရက်လွန်အချောဟ ၈၃၇,၇၄၈

အထက်ပါဗိုလ်များသည် စတုယုဂ်၏ နှစ်ပေါင်း ၄,၃၂၀,
၀၀၀ အတွင်း၌ရှိသော ကိန်းများဖြစ်၏။ ထိုကိန်းများသည်
တနင်္ဂနွေဂြိုဟ် တနင်္လာဂြိုဟ်နှင့် ကမ္ဘာတို့၏ အခြင်းအရာများကို
အခြေပြု၍ ရှေးရှေးနက္ခတ်ပညာရှိတို့ လေ့လာမှတ်သားခဲ့သော
ကိန်းများဖြစ်၏။ သို့သော် သူရိယ သိဒ္ဓန္တကျမ်းသည် အဆိုပါ
ဂြိုဟ်နက္ခတ်တို့၏ သဘာဝ အခြင်းအရာများ အကြောင်းကို
ရေးသော ကျမ်းမဟုတ်ချေ။ နက္ခတ်သင်္ချာတွက်ကိန်းများ သက်
သက်ရေးထားသော နက္ခတ်သင်္ချာတွက်နည်းကျမ်း (Astronomical Book of Formula) မျှသာ ဖြစ်၏။

ယခုတင်ပြသော ကျမ်း၏ကိန်းများသည် ဒသမပိုင်းများ
ဖြင့် ဖော်ပြထားသည်။ မူလသူရိယသိဒ္ဓန္တကျမ်းတွင် သာဝန
ရက်ပြည့်ကိန်းနှင့် ရက်ပိုင်းကိန်းများသည် မြန်မာနာရီ၊ ဗီဇနာ၊
အခယာ၊ ဝိခယာ စသည်ဖြင့် ဖော်ပြပါရှိ၏။ ရာသီ၊ အံသာ၊
လိတ္တာ၊ ဝိလိတ္တာစသည်များသည် ခေတ်အခေါ် ဒီဂရီ၊ မိနစ်၊
စက္ကန့်နှင့် အတူတူဖြစ်၏။

အဆိုပါကိန်းများ၏ တွက်နည်းများကို ခေတ်သင်္ချာတွက်
နည်းဖြင့် တင်ပြရခြင်း အကြောင်းမှာ ဤသင်္ချာနည်းသည်
ယခုခေတ် စာသင်ကျောင်းများ၌ သင်ကြား လေ့လာလျက်ရှိ
သော ဒသမသင်္ချာနည်းများ ဖြစ်သောကြောင့်တည်း။ သင်္ချာ
စက်ဖြင့် တွက်သောအခါ၌ လွယ်ကူစေသည့်ပြင် ဒသမ တွက်
နည်းသည် ကမ္ဘာအဝှန်းရှိ နက္ခတ်ပညာရှင်များ အသုံးပြုနေကြ
စဉ် မြန်မာနက္ခတ်ပညာတွက်နည်း အဆင့်အတန်း တိုးတက်မှုကို
ရည်ရွယ်လျက် ဤဒသမသင်္ချာ တွက်နည်းကို အသုံးပြုရပေ
သည်။ ဒသမပိုင်းမှ မိမိတို့အလိုရှိသော စက်နာရီ၊ မြန်မာနာရီ၊



တိထိ၊ ဃဋီ၊ အံသာ၊ လိတ္တာ စသည်များကို တိကျမှန်ကန်စွာ
တွက်ယူနိုင်ပါသည်။

ဖော်ပြပါ သူရိယ သိဒ္ဓန္တကျမ်း၏ အခြေခံကိန်းများကို
အသုံးပြုခြင်းကြောင့် တနင်္ဂနွေဂြိုဟ် တနင်္လာဂြိုဟ်နှင့် နက္ခတ်
များကို အခြေပြုသော စတုယုဂ်တခု၏နှစ်ပေါင်း ၄,၃၂၀,၀၀၀
တွင် မူလကိန်း သုံးခု၏ သာဝနရက်များမှာ အောက်ပါအတိုင်း
ဖြစ်ကြောင်း သိရ၏။

၁။ သာဝနရက်....၁,၅၇၇,၉၁၇,၈၂၈ .... တနင်္ဂနွေဂြိုဟ် အမှီပြု
သော သာဝနရက်။

၂။ စန္ဒရမာသ .... ၅၃,၄၃၃,၃၃၆....တနင်္လာဂြိုဟ် အမှီပြုသော
သာဝနရက်။

၃။ နက္ခတ်ရက် .... ၁,၅၈၂,၂၃၇,၈၂၈....နက္ခတ်များကို အမှီပြု
သော သာဝနရက်။

ပဌမကိန်းသည် သူရိယမာသနှစ်၏ သာဝနရက် ၃၆၅.၂,၅၈၇,
၅၆၄,၈၁၅ မှ ဖြစ်ပေါ်သောကိန်း ဖြစ်၏။ ဒုတိယကိန်းသည်
စန္ဒရမာသတလ၏ သာဝနရက် ၂၉.၅,၃၀၅,၈၇၉,၄၆၁ မှ ဖြစ်
ပေါ်သောကိန်း ဖြစ်၏။ တတိယကိန်းသည် နက္ခတ္တနှစ် တနှစ်
၏ သာဝနရက်ပေါင်း ၃၆၆.၂,၅၈၇,၅၆၄,၈၁၅ မှ ဖြစ်ပေါ်
သောကိန်း ဖြစ်၏။

ကျန်သော အောက်ပါကိန်း ၅ ခုသည် မြန်မာဝေါဟာရ
ပက္ခဒိန်စီစဉ်ရေးအတွက် အသုံးပြုရန် မူလကိန်းမှ ပွားထား
သောကိန်းငယ်များသာ ဖြစ်၏။

၁။ တိထိရက်....၁,၆၀၃,၀၀၀,၀၈၀....စန္ဒရမာသမှ ပွားသည်။

၂။ ဒိန္နက်သဲခေါ် ခယရက်....၂၅,၀၈၂,၂၅၂....သာဝနနှင့်တိထိ
မှ ပွားသည်။

၃။ သူရိယမာသလ....၅၁,၈၄၀,၀၀၀....တနှစ်တွင် သူရိယမာသ ၁၂ လ ရှိ၏။စတုယုဂ်တခုတွင်ရှိသောသူရိယမာသလများ။

၄။ အဓိမာသလလွန်....၁,၅၉၃,၃၃၆ .... သူရိယမာသနှင့် စန္ဒရမာသမှ ပွားသည်။

၅။ အချရက်ငင်....၈၃၇,၇၄၈....ခယရက်မှ ပွားသည်။

ထိုအပြင် မြန်မာဝေါဟာရပက္ခဒိန်၏ သာဝနရက်များသည်ကလိယုဂ်တခု၏ အတွင်း၌ စီစဉ်ရသော သာဝနရက်များကား....၊

ဝေါဟာရပက္ခဒိန်၏ စတုယုဂ်နှစ် ၄,၃၂၁,၀၀၀ တွင်ရှိသော

| | | |
|---|---|---|
| သာမန်နှစ်၏ သာဝနရက် .... | | ၄,၃၂၀,၀၀၀ × ၃၅၄ |
| | = | ၁,၅၂၉,၂၈၀,၀၀၀ |
| ဝါထပ်သောသာဝနရက် .... | | ၁,၅၉၃,၃၃၆ × ၃၀ |
| | = | ၄၇,၈၀၀,၀၈၀ |
| ရက်ငင်အကြိမ်သာဝနရက် | = | ၈၃၇,၇၄၈ |
| စတုယုဂ်တခု၏ သာဝနရက်ပေါင်း.... | | ၁,၅၇၇,၉၁၇,၈၂၈ |

ဝေါဟာရ ပက္ခဒိန်တွင် အထက်ပါ သာဝနရက်များဖြင့် ညီညွတ်သော အခြင်းအရာများ ပြည့်စုံလျှင် မှန်ကန်သော ပက္ခဒိန် ဖြစ်မည်။ ထို့ကြောင့် ဖော်ပြခဲ့ပြီးသော ကိန်းများ၏ သချာတွက်နည်းများကို အောက်တွင် ဆက်လက် တင်ပြထားပါသည်။

## ၂။ စတုယုဂ်နှစ်အကြောင်း

စတုယုဂ်နှစ်သည် ကြောဝဋ္ဋာ၌ သူရိယနေမင်း လှည့်လည်သွားလာသော မိဿရာသီ အစမှ မိန်ရာသီအဆုံး တပတ်ပြည့်



သော ကာလ အပိုင်းအခြားကို ဆိုလို၏။ ယင်းသည်ပင် တနှစ်မည်၏။ ယင်းနေသွားနှစ်သည် စတုယုဂ်၏ အပိုင်းအခြားနှစ်ကာလနှင့် အတူတူဖြစ်၍ စတုယုဂ် တခုတွင် သူရိယမာသ နှစ်ပေါင်း ၄,၃၂၀,၀၀၀ ရှိ၏။ ပက္ခဒိန်၏ သက္ကရာဇ်နှစ်သည်လည်း စတုယုဂ်နှစ်မှ မင်းအဆက်ဆက်များ ဖြိုပြီးသောနှစ် ဖြစ်၏။ ထိုအကြောင်းကို သက္ကရာဇ်အကျော်တွင် ဖော်ပြခဲ့ပြီး ဖြစ်၏။ သက္ကရာဇ်များ မဖြိုခဲ့သော သက္ကရာဇ် ၁,၃၂၆ သည် စတုယုဂ်နှစ် ၃,၈၉၃,၀၆၅ ဖြစ်ပေမည်။ စတုယုဂ် အကြိမ်ပေါင်း တထောင်သည် တကပ်နှင့်ညီမျှ၏။ ထို့ကြောင့် ကပ်တကပ်သည်နှစ်ပေါင်း ၄,၃၂၀,၀၀၀,၀၀၀ (နှစ်ပေါင်း ၄၃၂ ကုဋေ) ရှိ၏။

စတုယုဂ်တခု၏ ယုဂ် ၄ ပါးနှင့် နှစ်များကား....၊

| | | | |
|---|---|---|---|
| ၁။ | ကတယုဂ် | နှစ်ပေါင်း | ၁,၇၂၈,၀၀၀ |
| ၂။ | တြေတာယုဂ် | ။ | ၁,၂၉၆,၀၀၀ |
| ၃။ | ဒွါပရယုဂ် | ။ | ၈၆၄,၀၀၀ |
| ၄။ | ကလိယုဂ် | ။ | ၄၃၂,၀၀၀ |

မြန်မာသံဒိဋ္ဌကျမ်းတွင် "ရဿ"နှစ် ဟူ၍ရှိသည်။ ၎င်းနှစ်ရှာလိုသော် ယခုသက္ကရာဇ်တွင် ၁,၁၀၀ နုတ်သော် နှစ်ကြွင်းသည် "ရဿ"နှစ်ဖြစ်၏။ သက္ကရာဇ် ၁,၁၀၀ ပြည့်နှစ်မှ အစပြု၍ မြန်မာနက္ခတ် "သံဒိဋ္ဌ"ခေတ် အစပြုခဲ့၏။ ထိုကျမ်းသည် သူရိယသိဒ္ဓန္တကျမ်း မြန်မာပြည်သို့ ပဌမ စတင်ရောက်ရှိသော သက္ကရာဇ် ၁,၁၄၈ မတိုင်မီက ရေးသားသောကျမ်း ဖြစ်ပေမည်ဟု ထင်မြင်ယူဆကြရလေသည်။ ထိုရဿနှစ်ဖြင့် တွက်သော အတာဗိုလ်တွက်ကိန်းများ၊ သာဝနရက်၊ ကြမ္မတ်၊ အဝမန်၊ ခယရက် စသည်များသည် အမရပူရမြို့ ဒေသန္တရနာရီဖြင့် ဗဟိုပြုထားပေသည်။ ယခုတင်ပြသော ကိန်းများသည် မူလသူရိယသိဒ္ဓန္တ၏ ကိန်းများ

ဖြစ်ပြီးလျှင် "ဥဂျိန်း"မြို့ ဒေသန္တရနာရီကို ဗဟိုပြုထားသည်ကို အထူးသတိချပ်စေလိုပါသည်။

## ၃။ သာဝနရက်အကြောင်း

သာဝနရက်၏ သဘာဝမှာ ကမ္ဘာသည် မိမိ၏ ဝင်ရိုးမဏ္ဍိုင်တွင် အနောက်မှ အရှေ့သို့ လည်ရာ၌ တပတ်ပြည့်သော အချိန်ကာလသည် "သာဝနတရက်" ဖြစ်၏။ နေသည် ကမ္ဘာကို အရှေ့မှ အနောက်သို့ လည်ပတ်သွားသကဲ့သို့ မှတ်ထင်ရသောကြောင့် "နေသွားရက်" ဟူ၍လည်း ခေါ်ကြ၏။ ဤသို့ ကမ္ဘာသည် လည်ပတ်သော အခါ၌ နေကို မျက်နှာမူသော ကမ္ဘာအပိုင်းသည် "နေ့ပိုင်း" ဖြစ်၍ ကျန်ရှိသော ကမ္ဘာအပိုင်းသည် "ညဥ့်ပိုင်း" ဖြစ်၏။ ဤ "နေ့ပိုင်း" နှင့် "ညဥ့်ပိုင်း" နှစ်ခုပေါင်းသည် တရက်မည်၏။ ရှေးရှေးကာလများနှင့် မြန်မာမင်းများ လက်ထက်၌ သာဝနရက်၏ အစပြုသော အချိန်သည် နေထွက်ချိန်ဖြစ်၍ ပဌမ နေထွက်ချိန်မှ နောက်နေထွက်ချိန်အထိ တရက်သတ်မှတ်၏။ ဤသို့ သတ်မှတ်ခဲ့သော် ဥပမာ.... ထားဝယ်မြို့၏ နေထွက်ချိန်သည် မြစ်ကြီးနားမြို့၏ နေထွက်ချိန်ထက် စောပေမည်။ ထို့ကြောင့် မြန်မာပြည်၌ပင် သာဝနရက် စသော အချိန်အမျိုးမျိုး ဖြစ်ပေလိမ့်မည်။ သန်ကောင်ချိန်နှင့် မွန်းတည့်ချိန်များတွင် အထက် မြန်မာပြည်၌ ဖြစ်စေ၊ အောက်မြန်မာပြည်၌ဖြစ်စေ မချွေလေခမျဉ်းတူလျှင် အတူတူပင် ဖြစ်၏။ ထို့ကြောင့် စက်နာရီ တီထွင်ပြီးကာလတွင် သန်ကောင်မှ နောက်သန်ကောင်အထိ အချိန်ကို တရက်ဟူ၍ သတ်မှတ်ကြသည်။ ဤအချက်တွင် စဉ်းစားဝေဖန်ရန်ရှိသော အချက်မှာ



သူရိယသိဒ္ဓန္တကျမ်း၏ တွက်ကိန်းအခြေခံများသည် ဥဂျိန်းမြို့၏ သန်ကောင်နက္ခတ်များ ဖြစ်၏။ သံဒိဌကျမ်း၏ တွက်ကိန်းများမှာ အမရပူရမြို့၏ သန်ကောင်နက္ခတ်များ ဖြစ်၏။ သို့သော် နေထွက်နာရီ၊ နေဝင်နာရီ၊ နေ့ဗဟို၊ ညဥ့်ဗဟို ဟူ၍ နာရီများ တွက်၍ ရွှေမြို့တော်တည်ရာ၌ ဗဟိုနာရီများ ခွဲခြားသတ်မှတ်ထား၏။ ထိုအတူ ဇာတာများဖွဲ့သော အခါ၌လည်း နေ့နာရီကိန်း၊ ညဥ့်နာရီကိန်းများ တွက်၍ နေမွန်းတည့်၊ ညဥ့်မွန်းတည့်များဖြင့် လက်တွက်ကိန်း ဆင်ရပေသည်။ ထို့ကြောင့် ရှေးရှေးကာလ၏ ယဉ်ကျေးမှုတွင် ခွဲခြားထားသော ရက်များမှာ နက္ခတ်တွက်ကိန်းများ၌ ညဥ့်သန်ကောင် (ဝါ) ညဥ့်ဗဟို နာရီဖြင့်တွက်၍ လူမှုဆက်ဆံရေး၊ ဘာသာရေးများ၌ နေထွက်ချိန်မှ အစပြု၍ ရက်များသတ်မှတ်ခဲ့၏။ ဤမူကိုအခြေခံပြု၍ အနောက်နိုင်ငံ၏ နက္ခတ်ရက်သည် ဂရင်းနစ်မြို့တော်၏ နေမွန်းတည့်(ဝါ) နေ့ဗဟို နေ့ ၁၂ နာရီသတ်မှတ်၍ လူမှုဆက်ဆံရေးများ၌ ညဥ့်သန်ကောင် ၁၂ နာရီမှ အစပြု၍ ရက်များကို သတ်မှတ်၏။

သာဝနတရက်သည် စက်နာရီ ၂၄ နာရီရှိ၍ မြန်မာနက္ခတ်ကျမ်းများတွင် အသုံးပြုသော နာရီအားဖြင့် တရက်တွင် နာရီ ၆၀ ရှိ၏။

| စက်နာရီ | | |
|---|---|---|
| တရက် | = | ၂၄ နာရီ |
| ၁ နာရီ | = | ၆၀ မိနစ် |
| ၁ မိနစ် | = | ၆၀ စက္ကန့် |

| မြန်မာနာရီ | | |
|---|---|---|
| တရက် | = | ၆၀ နာရီ |
| ၁ နာရီ | = | ၆၀ ဗိဇနာ |
| ၁ ဗိဇနာ | = | ၆၀ အခယာ |
| ၁ အခယာ | = | ၆၀ ဝိခယာ |
| ၁ ဝိခယာ | = | ၆၀ အနုခယာ |

ရှေးခေတ်၏သင်္ချာများတွင် ဒသမသင်္ချာခေတ် မရောက်မီ

၆၀ အစိတ်အပိုင်းဖြင့် အနုစိတ်ထားသည်။ ဥပမာများမှာ....၊

| | |
|---|---|
| အံသာတခု = ၆၀ လိတ္တာ | တိထိတခု = ၆၀ ဃဋီ |
| လိတ္တာတခု = ၆၀ ဝိလိတ္တာ | ဃဋီတခု = ၆၀ ဝိဃဋီ |
| ဝိလိတ္တာတခု = ၆၀ အနုလိတ္တာ | ဝိဃဋီတခု = ၆၀ အနုဃဋီ |

အဆိုပါ သာဝန တရက်တွင် စက်နာရီ

အစိတ်အပိုင်း ၈၆,၄၀၀ စက္ကန့်ရှိ၏။

မြန်မာနာရီ ။ ၂၁၆,၀၀၀ အခယာရှိ၏။

။ ၁၂,၉၆၀,၀၀၀ ဝိခယာရှိ၏။

။ ၃၈၈,၈၀၀,၀၀၀ အနုခယာရှိ၏။

အခယာ ၅ ခုသည် စက္ကန့် ၂ ခုနှင့် ညီမျှ၏။ စက္ကန့်၏ အစိတ်အပိုင်း ကာလသည် နာရီ၏ စက္ကန့်လက်တံကို ကြည့်၍ သိနိုင်ပေသည်။ မြန်မာ့ဝိခယာနှင့် အနုခယာများကို မဆိုထားဘိ၊ အခယာတခု၏ အစိတ်အပိုင်းကာလသည် စားပွဲတွင် ခဲတံအမြန်ဆုံး ရိုက်သံအချိန်ထက်ပင် မြန်ပေလိမ့်မည်။ သို့သော် မြန်မာနက္ခတ် တွက်ကိန်းများတွင် ဝိခယာ၊ ဝိလိတ္တာ၊ ဝိဃဋီ အထိသာ တွက်နိုင်သော်လည်း ဒသမပိုင်းကဲ့သို့ အစိတ်အပိုင်း အမှန်ပြရန် အနုခယာ၊ အနုလိတ္တာ၊ အနုဃဋီ စသည်အထိ တွက်ချက်ရန် လိုအပ်ပေသည်။

ခေတ်မီ နက္ခတ်ကျမ်းများတွင် နေ့၏အစိတ်များကို ဒသမအပိုင်းဖြင့်သော်၎င်း၊ စက်နာရီ၊ မိနစ်၊ စက္ကန့်များဖြင့်သော်၎င်း ဖော်ပြသော အလေ့အထသည် တိုင်းပြည်တိုင်း၏ အသိအမှတ်ပြုသော အချိန်နာရီများ ဖြစ်လေသည်။

## ၄။ စန္ဒရမာသအကြောင်း

အာကာသကောင်းကင်ရှိ စန္ဒရလမင်း၏ အခြင်းအဆိုရာ·



အစွဲပြု၍ "စန္ဒရမာသ" ဟု ခေါ်၏။ ဤကျမ်းတွင် "စန္ဒရမာသ" ဟူသော ပုဒ်သည် ကောင်းကင်၏သဘာဝ "လ" ကို ဆိုလိုသည်။ ကျွန်ုပ်တို့မျက်မြင် စန္ဒရမာသ၏ အလင်းရောင်သည် နေရောင်မှ ရသော အလင်းရောင်ဖြစ်၍ ၎င်းအလင်းရောင် ကွယ်သောအခါသည် "လကွယ်" ချိန်ဖြစ်၏။ လကွယ်ပြီးချိန်၏ နောက်အချိန်သည် လဆန်းချိန်မည်၏။ ထို့ကြောင့် လကွယ်အချိန်မှ နောက်လကွယ် အချိန်အထိ သာဝန ရက်ပေါင်း ၂၉ ရက်၊ ၃၁ နာရီ၊ ၅၀ ဗိဇနာ၊ ၆ အခယာ၊ ၅၉ ဝိခယာ၊ ၄၉ အနုခယာ၊ ၅၅ ခနုခယာရှိကြောင်း တွေ့ကြရ၏။

ဒသမကိန်းဖြင့်........၂၉.၅၃,၀၅၈,၇၉၅

စက်နာရီဖြင့်....၂၉ ရက်၊ ၁၂ နာရီ၊ ၄၄ မိနစ်၊ ၂၈ စက္ကန့်

စတုယုဂ်တခု၏ စန္ဒရမာသ လပေါင်းမှာ

၁,၅၇၇,၉၁၇,၈၂၈ ÷ ၂၉.၅၃,၀၅၈,၇၉၅ = ၅၃,၄၃၃,၃၃၅ စန္ဒရမာသပေါင်း (အကြွင်းမပြတ် ၉ ရက် ၈ နာရီခန့်ကျန်၏)။

သို့အတွက် စန္ဒရမာသ လပြတ်ကိန်းသည် ၅၃,၄၃၃,၃၃၆ ဖြစ်၏။

## စန္ဒရမာသနှစ်

စန္ဒရမာသ ၁၂ လသည် စန္ဒရမာသ တနှစ်မည်၏။ သာဝနရက်ပေါင်းကိုရှာသော်....

၂၉.၅၃,၀၅၈,၇၉၅×၁၂=၃၅၄.၃,၆၇၀,၅၅၄

စက်နာရီ....၃၅၄ ရက်၊ ၈ နာရီ၊ ၄၈ မိနစ်၊ ၃၃.၆ စက္ကန့်

မြန်မာနာရီ.... ၃၅၄ ရက်၊ ၂၂ နာရီ၊ ၁ ဗိဇနာ၊ ၁၃ အခယာ၊ ၅၇ ဝိခယာ။

## သူရိယမာသတနှစ်၏ စန္ဒရမာသ လပေါင်း

သူရိယမာသ တနှစ်တွင် သာဝနရက် ၃၆၅.၂,၅၈၇,၅၆၄,၈၁၅ ရှိ၏။
စန္ဒရမာသ တလတွင် ။ ၂၉.၅၃,၀၅၈,၇၉၅ ရှိ၏။
သို့အတွက် သူရိယမာသ တနှစ်တွင်ရှိသော စန္ဒရမာသ လပေါင်း ရှာသော်....

၃၆၅.၂၅,၈၇၅,၆၄၈ ÷ ၂၉.၅၃၀,၅၈၈ = ၁၂.၃၆၈,၀၂၇

စန္ဒရမာသ လပေါင်း (၁၂ လနှင့် လ၏အစိတ်အပိုင်း ဒသမကိန်း ဖြစ်၏။ သာဝနရက်မဟုတ်။)

**မှတ်ချက်။** ။ဤမျှသာမှတ်ပါလေ။ တိထိရက်များ အကြောင်းတွင် ရှင်းလင်းထားပြီး ဖြစ်ပါသည်။

## ၅။ နက္ခတ်ရက်အကြောင်း

"နက္ခတ်ရက်"ဟူသည် အဿဝဏီအစရှိသော နက္ခတ် တလုံးလုံးသည် ကောင်းကင်သာယာသော ညဉ့်အချိန်၌ နက္ခတ်မွန်းတည့်နှင့်ကြုံ၏။ ဤနေရာ၌ နက္ခတ်မွန်းတည့်ဟူသည်မှာ ဒေသန္တရတခု၌ တစုံတခုသော နက္ခတ်သည် မိမိဦးခေါင်းပေါ် တည့်တည့် တည်နေသောအခါကို နက္ခတ်မွန်းတည့်ဟု ဆိုလိုသည်။ ၎င်းကို ဌာနတခုခုဖြင့်မှတ်၍ ထိုနက္ခတ်သည် နောက်ညဉ့် နက္ခတ်မွန်းတည့် ရောက်သော အချိန်ကာလအထိ အချိန်ကာလကို"နက္ခတ်ရက်"တရက်ဟု ခေါ်ကြ၏။ စက်နာရီဖြင့် ၂၃ နာရီ၊ ၅၆ မိနစ်၊ ၅၉.၄ စက္ကန့်ရှိ၍ မြန်မာနာရီဖြင့် ၅၉ နာရီ၊ ၄၉ ဗိဇနာ၊



၅၈ အခယာ၊ ၂၆ ဝိခယာ၊ ၂၄ အနုခယာရှိ၏။ နက္ခတ်သွား၏ အခြင်းအရာများကို နှစ်ကာလတာရှည် လေ့လာသောအချက် တခုမှာ နေသွားသောကာလတနှစ်နှင့် တရက်သည် နက္ခတ်နှစ် တနှစ်နှင့်ညီမျှ၏။ သို့အတွက် နက္ခတ်နှစ်တနှစ်သည် သာဝနရက် ၃၃၆ ရက်၊ ၁၅ နာရီ၊ ၃၁ ဗိဇနာ၊ ၃၁ အခယာ၊ ၂၄ ဝိခယာဖြစ်၏။ ဒသမကိန်းအားဖြင့် ၃၆၆.၂,၅၈၇,၅၆၅ ရှိ၏။

စတုယုဂ်တခု၏ နက္ခတ်ရက်တွက်လိုသော် စတုယုဂ်တခု၏ သာဝနရက်ပေါင်းတွင် စတုယုဂ်နှစ်တနှစ်တွင် ၄,၃၂၀,၀၀၀ ရက်ပေါင်းနှင့်နှောသော် နက္ခတ်ရက်ပေါင်းကိုရ၏။

၁,၅၇၇,၉၁၇,၈၂၈ + ၄,၃၂၀,၀၀၀ = ၁,၅၈၂,၂၃၇,၈၂၈ နက္ခတ်ရက်ပေါင်း။

တနှစ်ကာလ နက္ခတ်ရက်ပေါင်းဖြင့် တွက်သော် ....
၃၆၆.၂၅,၈၇၅,၆၄၈×၄,၃၂၀,၀၀၀=၁,၅၈၂,၂၃၇,၈၂၈ နက္ခတ်ရက်ပေါင်း။

နက္ခတ်နှစ်တနှစ်၏ သာဝနရက်ပေါင်းမှာ အောက်ပါ အတိုင်းဖြစ်သည်။

စက်နာရီ ၃၆၆ ရက်၊ ၆ နာရီ၊ ၁၂ မိနစ်၊ ၃၆.၅၆ စက္ကန့်။
မြန်မာနာရီ ၃၆၆ ရက်၊ ၁၅ နာရီ၊ ၃၁ ဗိဇနာ၊ ၃၁ အခယာ၊ ၂၄ ဝိခယာ။

× × × ×

**နက္ခတ်ရက်တရက်၏ နာရီတွက်နည်း။**

သူရိယမာသတနှစ်၏ သာဝနရက်ကို တည်ကိန်းပြုပြီးလျှင် နက္ခတ္တနှစ်၏ သာဝနရက်ဖြင့်စား၍ စက်နာရီပြုလိုသော်

၂၄ နှင့်မြှောက်, နာရီရ၏။ ထိုနာရီ၏ ဒသမပိုင်းများကို မိနစ်နှင့် စက္ကန့်အသီးသီး ဖွဲ့ယူရသည်။

၃၆၅.၂၅၈,၇၅၆ ÷ ၃၆၆.၂၅၈,၇၅၆ = ၀.၉၉၇,၂၇၅

စက်နာရီ ၂၃ နာရီ၊ ၅၆ မိနစ်၊ ၅၉.၃၇၆ စက္ကန့်။
မြန်မာနာရီ ၅၉ နာရီ၊ ၄၉ ဗိဇနာ၊ ၅၈ အခယာ၊ ၂၆ ဝိခယာ၊ ၂၄ အနုခယာ။

## ၆။ တိထိရက်များအကြောင်း

စန္ဒရလမင်းသည် ကမ္ဘာကို လှည့်ပတ်သွားစဉ် မိဿရာသီအစမှ မိန်ရာသီအဆုံး တဆယ့်နှစ်ရာသီ တပတ်ပြည့်သော အချိန်ကာလသည် စန္ဒရမာသ တလပြည့်ချိန်ဖြစ်၍ အံသာ ၃၆၀ တပတ်ပြည့်၏။ သို့သော် ဝေါဟာရမာသတွင် ၂၉ ရက်နှင့် ၃၀ ရက်များရှိ၍ ဝေါဟာရမာသ၏ ရက်ပိုင်းများနှင့် နှိုင်းယှဉ်ရန် စန္ဒရမာသ တလတွင် တိထိ ၃၀ ရက်သတ်မှတ်၏။ ယင်းတိထိရက်သည် တနင်္ဂနွေဂြိုဟ်နှင့် တနင်္လာဂြိုဟ်တို့၏ အကွာအဝေး ဌာနအတိုင်းအထွာဖြစ်၏။

လဆန်းပက္ခ = လကွယ်ပြီးသည့်နောက် လဆန်း တရက်မှ လပြည့်အထိ။

လဆုတ်ပက္ခ = လပြည့်ပြီးသည့်နောက် လဆုတ် တရက်မှ လကွယ်အထိ။

စန္ဒရမာသတလတွင် ပက္ခနှစ်ခုရှိ၍ လဆန်းပက္ခတွင် တိထိ ၁၅ ရက်ရှိ၍ လဆုတ်ပက္ခတွင် တိထိ ၁၅ ရက်ရှိသည်။ သို့သော် တိထိသည် လဆန်းပက္ခ ၁၅ ရက်အဆုံးဖြစ်သော လပြည့်၌ အလင်းရောင်ပြည့်သဖြင့် ယင်းကို သုညတိထိဖြင့် အမှတ်ပြု



သည်။ ထို့အတူ လဆုတ်ပက္ခတွင်လည်း လကွယ်၌ အလင်းရောင်ဆုံးသဖြင့် သုညတိထိဖြင့် အမှတ်ပြုသည်။

ဝေါဟာရပက္ခဒိန်၏လများသည် လဆန်းတရက်မှ လပြည့်အထိ လတိုင်း၌ ၁၅ ရက်ရှိ၍ လဆုတ်တရက်မှ လကွယ်အထိ ရက်မစုံလများတွင် ၁၄ ရက်ရှိပြီးလျှင် ရက်စုံလများတွင် ၁၅ ရက်ရှိ၏။ ထို့ကြောင့် လ၏အခြင်းအရာများကို တိထိရက်ဖြင့် သတ်မှတ်ရပေသည်။

မှတ်ချက်။ ။သာဝနရက်နှင့် တိထိရက်ဟူရာ၌ 'ရက်' ဟူသောပုဒ်သည် သဘာဝမတူချေ။ သာဝနရက်သည် ၂၄ နာရီရှိသော ရက်ဖြစ်၍ တိထိရက်သည် တနင်္ဂနွေနှင့် တနင်္လာဂြိုဟ်တို့၏ ဌာနအတိုင်းအထွာဖြစ်၏။ ဌာနအတိုင်းအထွာများသည် အံသာ(ဒီဂရီ)နှင့် တိုင်းထွာမြဲဖြစ်၏။ သို့သော် ဝေါဟာရပက္ခဒိန်၏ သာဝနရက်များဖြင့် နှိုင်းယှဉ်နိုင်ရန် 'တိထိရက်' ဟူ၍ အမှတ်ပြုထား၏။

| | အံသာ။ | လိတ္တာ။ | ဝိလိတ္တာ။ | အနုလိတ္တာ။ |
|---|---|---|---|---|
| တနင်္လာ မဇ္ဈဂြိုဟ် | | | | |
| တရက်သွား | ၁၂ | ၁၁ | ၂၆ | ၄၂ |
| တနင်္ဂနွေ မဇ္ဈဂြိုဟ် | | | | |
| တရက်သွား | ၀ | ၅၉ | ၈ | ၁၀ |
| တနင်္ဂနွေနှင့် တနင်္လာ | | | | |
| တရက်သွား | ၁၃ | ၇၀ | ၃၄ | ၅၂ |

သို့သော် ပက္ခတခု၌ အံသာ ၁၈၀ ရှိ၍ တိထိ ၁၅ ရက် ခွဲခြားထားသော် တိထိတရက်သည် အံသာ ၁၂ ရှိ၏။ ဝေါဟာရမာသလတွင် လဆန်းပက္ခ၌ ၁၅ ရက်ရှိပြီးလျှင် လဆုတ်ပက္ခ၌ ရက်မစုံလတွင် ၁၄ ရက်ရှိ၍ ရက်စုံလတွင် ၁၅ ရက်ရှိ၏။

စန္ဒရမာသလတွင် လဆန်းပက္ခ၌ တိထိ ၁၅ ရက်နှင့် လဆုတ်ပက္ခ၌လည်း တိထိ ၁၅ ရက်ရှိ၏။ ထို့ကြောင့် တိထိရက် နက္ခတ်ရက်နှင့် သာဝနရက်များ၏ ကွဲပြားခြားနားမှုများကို အထူးသတိချပ်စေလိုပါသည်။

စတုယုဂ်တခုတွင် တိထိရက်ပေါင်း ၁,၆၀၃,၀၀၀,၀၈၀ ရှိသဖြင့် တနှစ်တွင်ရှိသော တိထိရက်ကို တွက်သော်....

၁,၆၀၃,၀၀၀,၀၈၀ ÷ ၄,၃၂၀,၀၀၀ = ၃၇၁.၀,၆၄၇,၃၃၃ တိထိရက်ရ၏။ တနည်း။ စန္ဒရမာသ တွက်ကိန်းအားဖြင့် သူရိယမာသ တနှစ်တွင် စန္ဒရမာသပေါင်း။

၁၂.၃၆,၈၈၂,၇၇၈ ရှိ၏။ စန္ဒရမာသတလတွင် တိထိ ၃၀ ရက်ရ၏။

ထို့ကြောင့် သူရိမာသ တနှစ်၏ တိထိရက်ကို ရှာသော်....
၁၂.၃၆,၈၈၂,၇၇၈×၃၀=၃၇၁.၀,၆၄၇,၃၃၃ တိထိရက်ပေါင်း။
သူရိယမာသ တနှစ်တွင် တိထိရက်ပေါင်း = ၃၇၁.၀,၆၄၇,၃၃၃
စန္ဒရမာသ တလတွင် တိထိ ၃၀ ရှိ၍ ၁၂ လတွင် ၃၀×၁၂=၃၆၀

မှတ်ချက်။ ။ဤ ၃၆၀ တိထိရက်သည် တဆယ့်နှစ်ရာသီ တပတ်၏ အံသာ ၃၆၀ နှင့် ကွဲပြားခြားနားသည်ကို သတိချပ်စေလိုပါသည်။

## ၇။ ဒိန္နက်သဲခေါ် ခယရက်လွန်အကြောင်း။

ခယရက်သည် စတုယုဂ်တခု၏ သာဝနရက်နှင့် တိထိရက်များခြားနားခြင်းကိုပြသော သင်္ချာတွက်ကိန်းဖြစ်၏။ တိထိရက်သည် သာဝနရက်ထက် ပို၏။

| | | တိထိရက်။ | သာဝနရက်။ |
|---|---|---|---|
| ၁။ | စန္ဒရမာသ တလ။ | ၃၀ | ၂၉.၅၃၀,၅၈၈ |
| ၂။ | သူရိယမာသတနှစ် | ၃၇၈.၀,၆၄၈,၃၃၃ | ၃၆၅.၂,၅၈၇,၅၆၅ |
| ၃။ | စတုယုဂ်တခု | ၁,၆၀၃,၀၀၀,၀၈၀ | ၁,၅၇၇,၉၁၇,၈၂၈ |

ခေတ်သင်္ချာနည်းဖြင့် ရှင်းရသော် ကာလပမာဏကိန်း တခုမှ အခြားကိန်းတခုသို့ ပြောင်းခြင်းဟူသည့် ပုစ္ဆာသဘော တိထိမှ သာဝနသို့ ပြောင်းခြင်းဟူသည့် သာဝနမှ တိထိသို့ ပြောင်းခြင်း သဘောများ ဖြစ်၏။

| | | |
|---|---|---|
| ပထမသင်္ချာကိန်း စန္ဒရမာသ တလ၏ | တိထိရက် | ၃၀.၀၀၀,၀၀၀ |
| ။ | သာဝနရက် | ၂၉.၅၃၀,၅၈၈ |
| ဒိန္နက်သဲသင်္ချာကိန်း | ။ | ၀.၄၆၉,၄၁၂ |

ခယရက်လွန်ဟူ၍လည်းခေါ်၏။ ထိုကိန်းသည် သင်္ချာကိန်း ဖြစ်၍ တိထိလည်းမဟုတ်၊ သာဝနရက်လည်း မဟုတ်ချေ။ သင်္ချာကိန်းဟူ၍ မှတ်သားရမည်။ အချို့ဆရာတို့သည် ခယရက်ကို တိထိရက်ကဲ့သို့ အယူရှိသည်။

(က) စန္ဒရမာသတလ၏ သာဝနရက်မှ တိထိရက်သို့ ပြောင်းခြင်း။

| | | |
|---|---|---|
| စန္ဒရမာသတလ၏ သာဝနရက် | | ၂၉.၅၃၀,၅၈၈ |
| ဒိန္နက်သဲနှော | (+) | ၀,၄၆၉,၄၁၂ |
| စန္ဒရမာသတလ၏ တိထိရက် | | ၃၀.၀၀၀,၀၀၀ |

(ခ) စန္ဒရမာသတလ၏ တိထိရက်မှ သာဝနရက်သို့ ပြောင်းခြင်း။

| | | |
|---|---|---|
| စန္ဒရမာသ တလ၏ တိထိရက် | | ၃၀.၀၀၀,၀၀၀ |
| ဒိန္နက်သဲနုတ် | (−) | ၀.၄၆၉,၄၁၂ |
| | | ၂၉.၅၃၀,၅၈၈ |

ဒုတိယသင်္ချာကိန်း။ သူရိယမာသ တနှစ်၏ တိထိရက်။

| | | |
|---|---|---|
| | | ၃၇၁.၀၆၄,၈၃၃ |
| သူရိယမာသတနှစ်၏သာဝနရက်။ | | ၃၆၅.၂၅၈,၇၅၆ |
| ဒိန္နက်သဲသင်္ချာကိန်း | | ၅.၈၀၆,၀၇၇ |

သူရိယမာသ တနှစ်၏ ခယရက်လွန်ဟူ၍ ခေါ်၏။

(က) သူရိယမာသ တနှစ်၏ သာဝနရက်မှ တိထိရက်သို့ ပြောင်းခြင်း။

| | | | |
|---|---|---|---|
| သူရိယမာသ တနှစ်၏သာဝနရက်။ | | | ၃၆၅.၂၅၈,၇၅၆ |
| ။ | ဒိန္နက်သဲနှော | (+) | ၅.၈၀၆,၀၇၇ |
| ။ | တိထိရက်။ | | ၃၇၁.၀၆၄,၈၃၃ |

(ခ) သူရိယမာသ တနှစ်၏ တိထိရက်မှ သာဝနရက်သို့ ပြောင်းခြင်း။

| | | | |
|---|---|---|---|
| သူရိယမာသတနှစ်၏ တိထိရက်။ | | | ၃၇၁.၀၆၄,၈၃၃ |
| ။ | ဒိန္နက်သဲနုတ် | (−) | ၅.၈၀၆,၀၇၇ |
| ။ | သာဝနရက်။ | | ၃၆၅.၂၅၈,၇၅၆ |

တတိယသင်္ချာကိန်း။ စတုယုဂ်တခု၏ တိထိရက်။

| | |
|---|---|
| | = ၁,၆၀၃,၀၀၀,၀၈၀ |
| ။ သာဝနရက်။ | = ၁,၅၇၇,၉၁၇,၈၂၈ |
| ဒိန္နက်သဲသင်္ချာကိန်း | = ၂၅,၀၈၂,၂၅၂ |

ယင်းကိုပင် စတုယုဂ်တခု၏ ခယရက်လွန်ပေါင်း ဟူ၍ ခေါ်၏။

(က) စတုယုဂ်တခု၏ သာဝနမှ တိထိရက်သို့ ပြောင်းခြင်း။



| | | |
|---|---|---|
| စတုယုဂ်တခု၏ သာဝနရက်။ | | ၁,၅၇၇,၉၁၇,၈၂၈ |
| ဒိန္နက်သဲနှော | (+) | ၂၅,၀၈၂,၂၅၂ |
| တိထိရက် | | ၁,၆၀၃,၀၀၀,၀၈၀ |

(ခ) စတုယုဂ်တခု၏ တိထိရက်မှ သာဝနရက်သို့ပြောင်းခြင်း။

| | | |
|---|---|---|
| စတုယုဂ်တခု၏ တိထိရက် | | ၁,၆၀၃,၀၀၀,၀၈၀ |
| ဒိန္နက်သဲနုတ် | (−) | ၂၅,၀၈၂,၂၅၂ |
| ။ သာဝနရက် | | ၁,၅၇၇,၉၁၇,၈၂၈ |

အထက်ပါ တွက်ကိန်းများသည် ဒိန္နက်သဲခေါ် ခယရက်ဖြင့် တွက်သော နည်းများဖြစ်၍ သူရိယသိဒ္ဓန္တကျမ်း၏ တွက်နည်းသဘောဖြင့် ဖော်ပြသားပါသည်။

ခေတ်သင်္ချာ နည်းအားဖြင့် ဖော်ပြရလျှင် အောက်ပါအတိုင်း ဖြစ်ပါသည်။

ပုစ္ဆာ ၁။ တိထိတရက်တွင် သာဝနရက်မည်မျှရှိသနည်း။

တွက်နည်း။ သာဝနရက်များကို တည်ကိန်းပြု၍ တိထိရက်ဖြင့် စားရမည်။

(က) ၂၉.၅၃၀,၅၈၈ ÷ ၃၀ = ၀.၉၈,၄၃၃,၅၂၉

(ခ) ၃၆၅.၂၅၈,၇၅၆ ÷ ၃၇၁.၀၆၄,၈၃၃ = ၀.၉၈,၄၃၃,၅၂၉

(ဂ) ၁,၅၇၇,၉၁၇,၈၂၈ ÷ ၁,၆၀၃,၀၀၀,၀၈၀
= ၀.၉၈,၄၃၃,၅၂၉

တနည်းကား။ ။စန္ဒရမာသ တလ၏ ဒိန္နက်သဲသင်္ချာကိန်းသည် ၀.၄၆၉,၄၁၂ ဖြစ်၍ တိထိတရက်၏ သင်္ချာကိန်းသည် အထက်ဖော်ပြပါ တလ၏ သင်္ချာကိန်းကို တည်ကိန်းပြု၍ တလ၏တိထိ ၃၀ နှင့် စားရမည်။

၀.၄၆၉,၄၁၂ ÷ ၃၀ = ၀.၀,၁၅၆,၃၇၁
တိထိတရက်၏ သချ်ာကိန်းဖြစ်သည်။

ဤတွက်ရသချ်ာကိန်းသည် တိထိတရက်၏ သာဝနရက်သို့ ပြောင်းသော သချ်ာကိန်းဖြစ်၏။ တနည်းတိထိတရက်၏ ဒိန္နက်သဲခယရက် သချ်ာကိန်းဖြစ်၏။ တိထိတရက်တွင် နုတ်သော်၊ သာဝနရက်ဖြစ်၏။

၁-၀.၀,၁၅၆,၃၇၁ = ၀.၉,၈၄၃,၅၂၉ သာဝနရက်။

သို့အတွက် တိထိတရက် = ၀.၉,၈၄၃,၅၂၉ သာဝနရက်။

တိထိတရက်တွင် ညီမျှသော သာဝနရက်။

စက်နာရီ။ ၂၃ နာရီ၊ ၁၇ မိနစ်၊ ၂၈ စက္ကန့်။

မြန်မာနာရီ။ ၅၉ နာရီ၊ ၃ ဗီဇနာ၊ ၄၀ အခယာ၊ ၁၄ ဝိခယာ။

ပုစ္ဆာ ၂။ ။သာဝနတရက် ညီမျှသော တိထိရက်ရှာရန်။

တွက်နည်း။ ။တိထိရက်များကို တည်ကိန်းပြု၍ သာဝနရက်ဖြင့် စားရမည်။

(က) ၃၀ ÷ ၂၉.၅၃၀,၅၈၈ = ၁.၀,၁၅၈,၉၅၈ တိထိရက်။

(ခ) ၃၇၁.၀၆၄,၈၃၃ ÷ ၃၆၅.၂၅၈,၇၅၆
= ၁.၀,၁၅၈,၉၅၈ ။

(ဂ) ၁,၆၀၃,၀၀၀,၀၈၀ ÷ ၁,၅၇၇,၉၁၇,၈၂၈
= ၁.၀,၁၅၈,၉၅၈ ။

တနည်းကား။ ။စန္ဒရမာသတလ၏ ဒိန္နက်သဲ သချ်ာကိန်းသည် ၀.၄၆၉,၄၁၂ ဖြစ်၍ သာဝနတရက်၏ သချ်ာကိန်းသည် အထက်ဖော်ပြပါ တလ၏ သချ်ာကိန်းကို တည်ကိန်းပြု၍ တလ၏



သာဝနရက် ၂၉.၅၃၀,၅၈၈ နှင့်စားရမည်။

၀.၄၆၉,၄၁၂ ÷ ၂၉.၅၃၀,၅၈၈
= ၀.၀,၁၅၈,၉၅၈ သာဝနရက်၏ သချ်ာကိန်းဖြစ်၏။

ဤတွက်ရ သချ်ာကိန်းသည် သာဝနတရက်၏ တိထိသို့ ပြောင်းသောသချ်ာကိန်းဖြစ်၏။ တနည်းသာဝနတရက်၏ ဒိန္နက်သဲခယရက် သချ်ာကိန်းဖြစ်၏။ သာဝနတရက်တွင် နှောသော် တိထိရက်ဖြစ်၏။

၁ + ၀.၀,၁၅၈,၉၅၈ = ၁.၀,၁၅၈,၉၅၈ တိထိရက်။

သို့အတွက် သာဝနတရက် = ၁.၀,၁၅၈,၉၅၈ တိထိရက်။

သာဝနတရက်တွင် ညီမျှသော တိထိရက်။

တိထိတလုံး၊ သုညဃဍီ၊ ၅၇ ဝိဃဍီ၊ ၁၃ အနုဃဍီ။

## ၈။ သံဒိဋ္ဌအတာဗိုလ်ခယရက်တွက်နည်း

သံဒိဋ္ဌစကားပြေကျမ်း၌ အတာဗိုလ် တွက်နည်းဟောင်းကို "ခယရက်ကိုလိုသော် ××× ယင်းသာဝနရက်ကို ထက်အောက်နှစ်ဘော်ထား၊ အောက်ကို ကောဒသ ၁၁ ခုပွား၊ နှစ်ကြွင်းရဿကို ပဉ္စဝီသ (၂၅)စား၍ ရသောလဒ်ဖြင့်နုတ်၊ ဆမုကေ (၁၇၆)နှော၊ စမ္မောနောဆ (၆၉၂)စား၊ သေသကားအဝမာန်ဖြစ်၍၊ လဒ်ကားခယဖြစ်၏။"....ဟူ၍ဖော်ပြထားလေသည်။

မှတ်ချက်။ ။နှစ်ကြွင်းရဿကို ၂၅ စား၍ '၁၇၆'နှောဆိုရာ၌၊ နှစ်ကြွင်းရဿ၏ကိန်းညီမျှားကိုသာ ဖြစ်၏။

၁ ရက်လွန်သက်သက်တွက်သော် သာဝနရက်ကို တည်၍ ၁၁ နှင့်မြှောက်၍ ၆၉၂ နှင့်စားသော် ရလဒ်သည် ခယရက်ဖြစ်၏။ ဤကိန်းသည် –

သာဝနရက်×၁၁÷၆၉၂=၀.၀,၁၅၈,၉၅၉ ခယရက်၊ သာဝန တရက်၏ ခယရက်ဘွက်ကိန်းဖြစ်၍ သာဝနတရက်တွင် နှော သော် တိထိရက်ဖြစ်၏။

၁+၀.၀,၁၅၈,၉၅၉=၁.၀,၁၅၈,၉၅၉ ဘိသိရက်။ (မူလဘွက်နည်းများသက် နောက်ဆုံး ဒသမ သာကွာ၏။ အလွန်နီးစပ်သော သချာတွက် ကိန်း ဖြစ်၏။)

တနည်းတွက်သော်။ ။စားကိန်း ၆၉၂ တွင် ၁၁ နှောသော် ၇၀၃ ဖြစ်၍ ၎င်းကိုဘည်ကိန်းပြု၍ စားကိန်း ၆၉၂ နှင့်စားရမည်၊

၇၀၃÷၆၉၂=၁.၀,၁၅၈,၉၅၉ တိထိရက်။

တိထိရက်မှသာဝနရက်ဘွက်နည်း။ ။၆၉၂ ÷ ၇၀၃ =၀.၉,၈၄၃,၅၂၈ (မူလဘွက်နည်းများထက် နောက်ဆုံး ဒသမသာကွာ၏။)

သံဒိဋ္ဌဗိုလ်ဘွင် ခယရက်ဘွက်နည်းသည် ကိန်းချုံးသော နည်းဖြစ်၍ ဒသမ အနည်းငယ် ကွာသော်လည်း အသုံးပြုနိုင် ပါသည်။ အချိုဆရာတို့၏ကိန်းများမှာ အောက်ပါအတိုင်း ဖြစ်သည်။

(က) တိထိ တွက်လိုသော် ၆၄÷၆၃ = ၁.၀၁၅,၈၇၃ တိထိရက်။

(ခ) သာဝန ။ ၆၃÷၆၄=၀.၉၈၄,၃၇၅ သာဝနရက်။



ဇယားအမှတ် [၄၇]

## ဒိန္နက်သဲခယရက်နှင့် သက်ဆိုင်သောကိန်းများ

| | | တိထိရက် | သာဝနရက် |
|---|---|---|---|
| ၁။ | စန္ဒရမာသတလ | ၃၀ | ၂၉.၅၃၀,၅၈၈ |
| ၂။ | သူရိယမာသနှစ် | ၃၇၁.၀၆၄,၈၃၃ | ၃၆၅.၂၅၈,၇၅၆ |
| ၃။ | စတုယုဂ်တခု | ၁,၆၀၃,၀၀၀,၀၈၀ | ၁,၅၇၇,၉၁၇,၈၂၈ |
| ၄။ | တိထိတရက် | ၁ | ၀.၉,၈၄၃,၅၂၉ |
| ၅။ | သာဝနတရက် | ၁.၀,၁၅၈,၉၅၈ | ၁ |
| ၆။ | သံဒိဋ္ဌကိန်းအငမာန် | ၇၀၃ | ၆၉၂ |
| ၇။ | အချိုဆရာ | ၆၄ | ၆၃ |

× × × × × ×

## ၉။ အဓိမာသ်လလွန်ပြိုကိန်း တွက်နည်း

လလွန်ပြိုသောအခါ၌ သူရိယမာသနှင့် စန္ဒရမာသ ညီညွတ် သောအချိန်ကာလဖြစ်၏။ ဝေါဟာရပက္ခဒိန်တွင် ဝါထပ်ချိန် တန်ပြီဟု ဖော်ပြသောကာလဖြစ်၏။ ထိုလလွန်ပြိုသော အချိန် တို့ တကြိမ်နှင့်တကြိမ် မည်မျှကြာသည်ကို တွက်လိုသော် အောက်ပါအတိုင်းတွက်ရ၏။

သူရိယမာသတနှစ်တွင် စန္ဒရမာသပေါင်း .... ၁၂.၃၆၈,၈၂၇ ရှိ၏။ သို့သော် စန္ဒရမာသတလတွင် ၃၀ တိထိရက်ရှိ၍ သူရိယ မာသတနှစ်တွင် စန္ဒရမာသတိထိပေါင်း....၊

၁၂.၃၆,၈၂၇,၇၇၈×၃၀= ၃၇၁.၀၆,၄၈၃,၃၃၄ တိထိရက် ပေါင်းရှိ၏။

က။ သူရိယမာသတနှစ်တွင် တိထိရက်ပေါင်း

၃၇၁.၀၆,၄၈၃,၃၃၄

ခ။ စန္ဒရမာသတနှစ်တွင် တိထိရက်ပေါင်း ၃၆၀.

တနှစ်၏ တိထိရက်လွန် ၁၁.၀၆,၄၈၃,၃၃၄

**သူရိယမာသ တနှစ်တွင်ရှိသော တိထိရက်များ။**

က။ သူရိမာသနှစ်၏ တိထိရက် ၃၇၁.၀,၆၄၈,၃၃၃ ရှိ၏။

ခ။ စန္ဒရမာသ ၁၂ လ၏ ။ ၃၆၀

တနှစ်၏ တိထိရက်လွန် ၁၁.၀,၆၄၈,၃၃၃

သူရိယမာသ တနှစ်တွင် စန္ဒရမာသ ၁၁.၀,၆၄၈,၃၃၃ ရက်လွန်ရှိသော် စန္ဒရမာသတလ(တိထိ ၃၀)ပြည့်သော အချိန်၏ သာဝနရက်ရှာရမည်။

၃၀×၃၆၅.၂၅၈,၇၅၆ ÷ ၁၁.၀,၆၄၈,၃၃၃ = ၉၉၀.၃၂၃, ၃၃၉ အဓိမာသတကြိမ်ပို့သာဝနရက်။

တနည်း ။ ။မူလ အခြေခံ ကိန်း၌ စတုယုဂ်တခုတွင် အဓိမာသ်လွန်ပေါင်း ၁,၅၉၃,၃၃၆ လရှိ၍ အဓိမာသပို့တကြိမ်၏ သာဝနရက်ရှာရမည်။

တွက်နည်း။ ။စတုယုဂ် တခုတွင် သာဝန ရက်ပေါင်း ၁,၅၇၇,၉၁၇,၈၂၈ ရှိ၍ ၎င်းကို အဓိမာသ လလွန်ပေါင်း ၁,၅၉၃,၃၃၆ နှင့် စားရမည်။

၁,၅၇၇,၉၁၇,၈၂၈ ÷ ၁,၅၉၃,၃၃၆ = ၉၉၀.၃၂၃,၃၃၉ အဓိမာသတကြိမ်ပို့သာဝနရက်။

စက်နာရီ ၉၉၀ ရက် ၇ နာရီ ၃၆ မိနစ် ၅၁ စက္ကန့်

မြန်မာနာရီ ၉၉၀ ရက် ၁၉ နာရီ ၂၄ ဗိဇနာ ၁ အခယာ ၁၆ ဝိခယာ။



**၁၀။ ဝေါဟာရအဓိမာသလလွန်ပို့ကိန်း**

ရှေ့တွင် ဖော်ပြခဲ့သောကိန်းသည် သဘာဝအဓိမာသ လလွန်ပို့ကိန်းဖြစ်၏။ သို့သော် ဝေါဟာရ ပက္ခဒိန်သဘောဖြင့် ဝေါဟာရအဓိမာသလလွန်ပို့ကိန်းကို ရှာဖွေရန် လိုပေသည်။ သူရိယသိဒ္ဓန္တကျမ်းတွင် ဝေါဟာရလလွန်ပို့သော ကိန်းမရှိချေ။ သို့သော် ဝေါဟာရ ပက္ခဒိန်စီစဉ်ရေး၌ မည်သည့် သာဝနရက်တွင် တကြိမ်တကြိမ် အဓိမာသပို့သည်ကို သိနိုင်ရန် ဝေါဟာရ အဓိမာသ်ပို့ကိန်းကို ရှာရပေမည်။

ဝေါဟာရပက္ခဒိန်၌ ၂၉ ရက်နှင့် ၃၀ ရက်သတ်မှတ်သော လများရှိ၏။ လထပ်သောအခါ၌ ၃၀ ရက်ဖြင့် လထပ်ရသည်။ ထို့ကြောင့် သာဝနရက်ပေါင်း ၃၀ ရှိသော လလွန်ပို့ကိန်း ရှာသော် –

သူရိယမာသတနှစ်၏ သာဝနရက်ပေါင်း ၃၆၅.၂၅၈,၇၅၆

ဝေါဟာရမာသနှစ်၏ သာဝနရက်ပေါင်း ၃၅၄

တနှစ်၏ သာဝနရက်လွန် ၁၁.၂၅၈,၇၅၆

သူရိယမာသတနှစ်တွင် ဝေါဟာရမာသ ၁၁.၂၅၈,၇၅၆ သာဝနရက်ကျန်ရှိသော ဝေါဟာရမာသတလ(သာဝနရက်လွန် ၃၀)ပြည့်သော အချိန်၏ သာဝနရက်ရှာသော် –

၃၀×၃၆၅.၂၅၈,၇၅၆÷၁၁.၂၅၈,၇၅၆ =၉၇၃.၂၆၅,၈၁၅ ဝေါဟာရလလွန်ပို့သာဝနရက်။

စက်နာရီ ၉၇၃ ရက် ၆ နာရီ ၂၂ မိနစ် ၄၆ စက္ကန့်။

မြန်မာနာရီ ၉၇၃ ရက် ၁၅ နာရီ ၂၆ ဗိဇနာ ၅၃ အခယာ ၅၃ ဝိခယာ။

အဓိမာသပို့ကိန်းသည် သဘာဝအားဖြင့်၎င်း၊ ဝေါဟာရ

အားဖြင့်ငင်း လထပ်သင့်သော ကာလအပိုင်းအခြားကို ပြပေသည်။ သို့သော် ဝေါဟာရပက္ခဒိန်တွင် လက်တွေ့လထပ်ကျင့်သုံးသောအခါ၌ ဝါဆိုလတွင် လထပ်ခြင်းကြောင့် အဓိမာသပြိုသောနှစ်၌ လထပ်ခြင်း၊ အဓိမာသပြိုသော်လည်း လာလတ္တံ့သော နှစ်၌ လထပ်ခြင်းဟူ၍ စည်းကမ်းများရှိသဖြင့် အဓိမာသပြိုကိန်းသည် ပြိုသော နှစ်များအတွက်သာ အသုံးပြုကြပေသည်။

### ၁၁။ အဓိမာသ်ပြိုချိန်၏ သုဒ္ဓိဒိန်ရက်တွက်နည်း

လထပ်ပြဿနာတွင် လထပ်သင့်သောနှစ် လမထပ်သင့်သောနှစ်ဟူ၍ ခွဲခြားမှုအတွက် အဆုံးအဖြတ်ပြုရန် အဓိမာသ်ပြိုကိန်းဖြင့် ပြိုသောနှစ်ကို တွက်ပြီးသော် ထိုအဓိမာသ်ပြိုသည့်အချိန် သုဒ္ဓိဒိန်ကိုတွက်၍ လထပ်စည်းကမ်းများအရ လထပ်အဆုံးအဖြတ်ကို ပြုရပေသည်။ သက္ကရာဇ် ၁၂၁၇ မှ ၁၃၁၆ အထိ လထပ်စည်းကမ်းသည် ရှေလေးရာသီ၌ အဓိမာသပြိုသော် ထိုနှစ်၌ လထပ်ရသည်။ နောက်ရှစ်ရာသီတွင် အဓိမာသ်ပြိုသော် လာလတ္တံ့သော နှစ်၌သာ လထပ် ရသည်။ သက္ကရာဇ် ၁၃၁၇ မှစ၍ ပက္ခဒိန်အကြံပေးအဖွဲ့၏ လထပ်စည်းကမ်းမှာ ရှေ့ရှစ်ရာသီ၌ အဓိမာသ်ပြိုသော် ထိုနှစ်၌ လထပ်ရသည်။ နောက်လေးရာသီတွင် အဓိမာသ်ပြိုသော် လာလတ္တံ့သောနှစ်၌သာ လထပ်ရမည်။

ဤစည်းကမ်း၏ ရှင်းလင်းချက်မှာ အကြွင်နှစ်၌ အဓိမာသ်ပြိုကိန်းကျ၍ ငင်းနှစ်၏ သုဒ္ဓိဒိန်ရက်ကို တွက်ရပေမည်။ ထိုပြိုသော သုဒ္ဓိဒိန်ရက် ရောက်သော ရာသီကို ကြည့်ရှု၍ အထက်ပါစည်းကမ်းချက်များအရ လထပ်အဆုံးအဖြတ် ပြုရ



သည်။ ထို့ကြောင့် အဓိမာသ်ပြိုသော သုဒ္ဓိဒိန်တွက်နည်းမှာ....၊

တွက်လိုသော ပုပ္ပါးစောရဟန်းဖြိုပြီးသော သက္ကရာဇ်တွင် ၃၇၃၉ နှော၊ ကလိယုဂ်နှစ်ဖြစ်၏။ တဖန် ငင်းကလိယုဂ်နှစ်၏ သာဝနရက်များကိုဖွဲ့၍ တည်ကိန်းပြုရမည်။ အဓိမာသ်ပြိုကိန်း၏ သာဝနရက်နှ့်စားသော် ရလဒ်သည် အဓိမာသ်ပြိုခဲ့သော အကြိမ်ပေါင်းဖြစ်၍၊ အကြွင်းသည် ပြိုသောနှစ်၏အဓိမာသ်ပြို အတိတ်ရက်ဖြစ်၏။ ထိုအတိတ်သာဝနရက်နာရီနှင့် အဓိမာသ်တကြိမ်ပြိုကာလတွင် ချေသော် ငင်းချေကြွင်းသည် တွက်လိုသော သက္ကရာဇ်၌ အဓိမာသ်ပြိုအနာဂတ်ရက် နာရီစသည် ဖြစ်၏။ နာရီကြွင်းရှိသော် တခုနှော အဓိမာသ်ပြိုချိန် သုဒ္ဓိဒိန်ရက်ရ၏။

ဥပမာတွက်နည်း။ ။သက္ကရာဇ် ၁၃၁၉ တွင် အဓိမာသ်ပြို၏။ ငင်းနှစ်၏သုဒ္ဓိဒိန်တွက်နည်း။

သက္ကရာဇ် ၁၃၀၉+၃၇၃၉=၅၀၄၈ ကလိယုဂ်နှင်ဖြစ်၏။

၅၀၄၈ × ၃၆၅. ၂၅၈, ၇၅၆ = ၁,၈၄၃, ၈၂၆. ၂၀၂၈ သာဝနရက်ပေါင်းရ၏။

၁,၈၄၃,၈၂၆.၂၀၂၈ ÷ ၉၉၀.၃၂၃၃၄ = ၁၈၆၁ အဓိမာသ်ပြိုအကြိမ်ပေါင်း။

စားကြွင်း = ၈၃၄.၄၆၇၀၆

စက်နာရီ ၈၃၄ ရက်၊ ၁၁ နာရီ၊ ၁၂ မိနစ်၊ ၃၄ စက္ကန့်အတိတ်ရက်။
သက္ကရာဇ် ၁၃၀၉ နှစ်ဦး၌ အဓိမာသ်ပြိုခဲ့ပြီးသောရက်။
အဓိမာသ်တကြိမ်ပြို ၉၉၀ ရက်၊ ၇ နာရီ၊ ၄၅ မိနစ်၊ ၃၇ စက္ကန့်

| | | | | |
|---|---|---|---|---|
| အတိတ်ရက် | ၈၃၄ | ၁၁ | ၁၂ | ၃၄ |
| အနာဂတ်ရက် | ၁၅၅ | ၂၀ | ၃၃ | ၃ |

(လက်ာဒေသန္တရ။)

သက္ကရာဇ် ၁၃၀၉ သုဒ္ဓိဒိန် ၁၅၆ ရက်တွင် အဓိမာသ်ပြို သည်။

တဆယ့်နှစ်ရာသီဝင် သုဒ္ဓိဒိန်ကို ဇယားအမှတ် (၄၈) တွင်ရှုပါ။ သုဒ္ဓိဒိန် ၁၅၆ ရက်သည် ကန်ရာသီတွင် အဓိမာသ်ပြိုသဖြင့် ပဌမ လထပ်စည်းကမ်းအရ နောက်ရှစ်ရာသီအတွင်း၌ အဓိမာသ်ပြိုသောကြောင့် သက္ကရာဇ် ၁၃၀၉ သည် လထပ်နှစ် မဟုတ်ချေ။ လာလတ့်သောနှစ် သက္ကရာဇ် ၁၃၁၀ ၌ လထပ် ရမည်။

ယခုတင်ပြသော တွက်နည်းသည် သူရိယ သိဒ္ဓန္တကျမ်း၏ တွက်နည်းအရ စီစဉ်သောတွက်နည်း ဖြစ်သည်။ ထပ်မံတင်ပြမည့် ဒုတိယတွက်နည်းသည် အဓိမာသ်ပြိုကြိမ်နှင့် သာဝနရက် များဇယားအမှတ် (၄၉) ဖြင့်တွက်သောနည်းဖြစ်၏။ ထိုဇယား သည် အဓိမာသ်ပြိုပြေး ကိန်းပြုထားရသည်။ ပြေးကိန်းပြုလုပ် နည်းမှာ အဓိမာသ် ပြိုကြိမ်တခု၏ သာဝနရက်များကိုတွက်၍ ၎င်းသာဝနရက်တွင် အဓိမာသ် တကြိမ်ပြိုသာဝနရက် ၈၉,၀ ၃၂,၃၃၄ နှော၍ပြေးထားရမည်။ နာရီကြွင်းရှိသောကြောင့် သာဝနရက်တရက်တိုး၍ မှတ်လေ။

ဇယားအမှတ် (၄၉) ရှိ အဓိမာသ်ပြိုသော သာဝနရက် များတွင် တွက်လိုသော သက္ကရာဇ်၏ သာဝနရက်ဖြင့် နုတ်နိုင် သော အဓိမာသ်ပြိုအကြိမ်တွင်နုတ်၊ ၎င်းနုတ်ကြွင်းသည် အဓိ မာသ်ပြိုသော သုဒ္ဓိဒိန်ရက်ဖြစ်၏။

ဥပမာ။ ။သက္ကရာဇ် ၁၃၂၀ အဓိမာသ်ပြိုကိန်းရှိ၏။ ၎င်းနှစ်၏ သာဝနရက်သည် ၈၀၃၈၀ ဖြစ်၏။ အဓိမာသ် ပြိုကိန်း ဇယားတွင် ၎င်းသာဝနရက်နုတ်နိုင်သော



## တနင်္ဂနွေဂြိုဟ် ရာသီဝင်သုဒ္ဓိဒိန် ဇယားအမှတ် [၄၈]

| ရာသီအမည် | နိရယနအံသာ | သုဒ္ဓိဒိန် | ခရစ်-လ-ရက် | ရာသီလ |
|---|---|---|---|---|
| မိဿ | ၀ – ၃၀ | ၆၃၃ | ဧပြီ ၁၃ | တန်ခူး |
| ပြိဿ | ၃၀ – ၆၀ | ၂၉ | မေ ၁၃ | ကဆုန် |
| မေထုန် | ၆၀ – ၉၀ | ၆၁ | ဇွန် ၁၅ | နယုန် |
| ကရကဋ် | ၉၀ – ၁၂၀ | ၉၂ | ဇူလိုင် ၁၆ | ဝါဆို |
| သိဟ် | ၁၂၀ – ၁၂၀ | ၁၂၄ | ဩဂုတ် ၁၇ | ဝါခေါင် |
| ကန် | ၁၅၀ – ၁၈၀ | ၁၅၅ | စက်တင်ဘာ ၁၇ | တော်သလင်း |
| တူ | ၁၈၀ – ၂၁၀ | ၁၈၅ | အောက်တိုဘာ ၁၇ | သီတင်းကျွတ် |
| ဗြိစ္ဆာ | ၂၁၀ – ၂၄၀ | ၂၁၅ | နိုဝင်ဘာ ၁၆ | တန်ဆောင်မုန်း |
| ဓနု | ၂၄၀ – ၂၇၀ | ၂၄၄ | ဒီဇင်ဘာ ၁၆ | နတ်တော် |
| မကာရ | ၂၇၀ – ၃၀၀ | ၂၇၄ | ဇန်နဝါရီ ၁၄ | ပြာသို |
| ကုံ | ၃၀၀ – ၃၃၀ | ၃၀၃ | ဖေဖော်ဝါရီ ၁၂ | တပို့တွဲ |
| မိန် | ၃၃၀ – ၀ | ၃၃၃ | မတ်လ ၁၄ | တပေါင်း |

မှတ်ချက်။ ။ဤသုဒ္ဓိဒိန် ရက်များသည် အတည်အမြဲ မဟုတ်ချေ။ တရံတခါ တရက်ခန့် ကွာပေမည်။ သို့သော် ဝါထပ် ကိန်း၏ သုဒ္ဓိဒိန်ရှာရန် ဤဇယားနှင့် ပြီးနိုင်သည်။

အဓိမာသ်ပြိုအကြိမ်သည် ၁၈၆၅ အကြိမ်ဖြစ်၍၊ ၎င်း၏သာဝနရက်သည် ၈၀၄၈၀ ဖြစ်၏။

၈၀၄၈၀–၈၀၃၈၀ = ၁၀၀ သုဒ္ဓိဒိန်ရက်။

## အဓိမာသ်လလွန်ပြို သာဝနနှင့်သုဒ္ဓဒိန်။ သက္ကရာဇ် ၁၂၈၀ – ၁၃၈၅

ဇယားအမှတ် [၅၉]

| | ရာသီဝင် | သုဒ္ဓဒိန် | အဓိမာသ်ပြို သက္ကရာဇ် | | အဓိမာသ်ပြို | |
|---|---|---|---|---|---|---|
| | ရာသီ | သုဒ္ဓဒိန် | သာဝနရက် | သက္ကရာဇ် | သာဝနရက် | အကြိမ် |
| (၆) | တူ | ၂၁၃ | ၇၂၃၄၄ | ၁၂၉၈ | ၇၂၅၅၇ | ၁၈၅၇ |
| (၃) | ကရကဋ် | ၁၀၇ | ၇၃၄၄၀ | ၁၃၀၁ | ၇၃၅၄၈ | ၁၈၅၈ |
| (၀) | မိဿ | ၃ | ၇၄၅၃၅ | ၁၃၀၄ | ၇၄၅၃၈ | ၁၈၅၉ |
| (၈) | ဓနု | ၂၆၂ | ၇၅၂၆၆ | ၁၃၀၆ | ၇၅၅၂၇ | ၁၈၆၀ |
| (၅) | ကန် | ၁၅၇ | ၇၆၃၆၂ | ၁၃၀၉ | ၇၆၅၁၉ | ၁၈၆၁ |
| (၁) | မြိဿ | ၅၁ | ၇၇၄၅၈ | ၁၃၁၂ | ၇၇၅၀၉ | ၁၈၆၂ |
| (၁၀) | ကုံ | ၃၁၁ | ၇၈၁၈၈ | ၁၃၁၄ | ၇၈၄၉၉ | ၁၈၆၃ |
| (၆) | တူ | ၂၀၆ | ၇၉၂၈၄ | ၁၃၀၇ | ၇၉၄၉၀ | ၁၈၆၄ |
| (၃) | ကရကဋ် | ၁၀၀ | ၈၀၃၈၀ | ၁၃၂၀ | ၈၀၄၈၀ | ၁၈၆၅ |
| (၁၁) | မိန် | ၃၆၀ | ၈၁၁၁၀ | ၁၃၂၂ | ၈၁၄၇၀ | ၁၈၆၆ |



ဇယား [၅၉] မှ အဆက်

| | ရာသီဝင် | သုဒ္ဓဒိန် | အဓိမာသ်ပြို သက္ကရာဇ် | | အဓိမာသ်ပြို | |
|---|---|---|---|---|---|---|
| | ရာသီ | သုဒ္ဓဒိန် | သာဝနရက် | သက္ကရာဇ် | သာဝနရက် | အကြိမ် |
| (၈) | ဓနု | ၂၅၆ | ၈၂၂၀၆ | ၁၃၂၅ | ၈၂၄၆၁ | ၁၈၆၇ |
| (၄) | သိဟ် | ၁၄၉ | ၈၃၃၀၂ | ၁၃၂၈ | ၈၃၄၅၁ | ၁၈၆၈ |
| (၁) | မြိဿ | ၄၄ | ၈၄၃၉၇ | ၁၃၃၁ | ၈၄၄၄၀ | ၁၈၆၉ |
| (၁၀) | ကုံ | ၃၀၃ | ၈၅၁၂၈ | ၁၃၃၃ | ၈၅၄၃၁ | ၁၈၇၀ |
| (၆) | တူ | ၁၉၇ | ၈၆၂၂၄ | ၁၃၃၆ | ၈၆၄၂၂ | ၁၈၇၁ |
| (၃) | ကရကဋ် | ၉၂ | ၈၇၃၂၀ | ၁၃၃၉ | ၈၇၄၁၂ | ၁၈၇၂ |
| (၁၀) | မိန် | ၃၅၂ | ၈၈၀၅၀ | ၁၃၄၁ | ၈၈၄၀၂ | ၁၈၇၃ |
| (၈) | ဓနု | ၂၄၇ | ၈၉၁၄၆ | ၁၃၄၄ | ၈၉၃၉၃ | ၁၈၇၄ |
| (၄) | သိဟ် | ၁၄၁ | ၉၀၂၄၂ | ၁၃၄၇ | ၉၀၃၈၃ | ၁၈၇၅ |
| (၁) | မြိဿ | ၃၆ | ၉၁၃၃၇ | ၁၃၅၀ | ၉၁၃၇၃ | ၁၈၇၆ |
| (၉) | မကာရ | ၂၉၆ | ၉၂၀၆၈ | ၁၃၅၂ | ၉၂၃၆၄ | ၁၈၇၇ |
| (၆) | တူ | ၁၉၀ | ၉၃၁၆၄ | ၁၃၅၅ | ၉၃၃၅၄ | ၁၈၇၈ |

ဇယား [၅၉] မှ အဆက်

| ရာသီဝင် | သုဒ္ဓဒိန် | အဓိမာသ်ပြို သက္ကရာဇ် | | အဓိမာသ်ပြို | |
|---|---|---|---|---|---|
| ရာသီ | သုဒ္ဓဒိန် | သာဝနရက် | သက္ကရာဇ် | သာဝနရက် | အကြိမ် |
| (၂) မေထုန် | ၈၅ | ၉၄၂၅၉ | ၁၃၅၈ | ၉၄၃၄၄ | ၁၈၇၉ |
| (၁၁) မိန် | ၃၄၅ | ၉၄၉၉၀ | ၁၃၆၀ | ၉၅၃၃၅ | ၁၈၈၀ |
| (၇) ဖြိဿာ | ၂၃၉ | ၉၆၀၈၆ | ၁၃၆၃ | ၉၆၃၂၅ | ၁၈၈၁ |
| (၄) သိဟ် | ၁၃၃ | ၉၇၁၈၂ | ၁၃၆၆ | ၉၇၃၁၅ | ၁၈၈၂ |
| (၁) ပြိဿ | ၂၉ | ၉၈၂၇၇ | ၁၃၆၉ | ၉၈၃၀၆ | ၁၈၈၃ |
| (၉) မကာရ | ၂၈၈ | ၉၉၀၀၈ | ၁၃၇၁ | ၉၉၂၉၆ | ၁၈၈၄ |
| (၅) ကန် | ၁၈၂ | ၁၀၀၁၀၄ | ၁၃၇၄ | ၁၀၀၂၈၆ | ၁၈၈၅ |
| (၂) မေထုန် | ၇၈ | ၁၀၁၁၉၉ | ၁၃၇၇ | ၁၀၁၂၇၇ | ၁၈၈၆ |
| (၂) မိန် | ၃၃၇ | ၁၀၁၉၃၀ | ၁၃၇၉ | ၁၀၂၂၆၇ | ၁၈၈၇ |
| (၇) ဖြိဿာ | ၂၃၂ | ၁၀၃၀၂၅ | ၁၃၈၂ | ၁၀၃၂၅၇ | ၁၈၈၈ |
| (၄) သိဟ် | ၁၂၇ | ၁၀၄၁၂၀ | ၁၃၈၅ | ၁၀၄၂၄၀ | ၁၈၈၉ |



သက္ကရာဇ် ၁၃၂၀ သုဒ္ဓဒိန် ၁၀၀ ရက် ကရကဋ်ရာသီတွင် အဓိမာသ်ပြို့သည်။ ထိုနှစ်သည် လထပ်နှစ်ဖြစ်၏။

တတိယတွက်နည်း။ ။အဓိမာသ်ပြို့သောနှစ်၏ တိထိရက်ဖြင့် လလွန်ပြို့သုဒ္ဓဒိန်ရက်တွက်နည်း ဖြစ်၏။ ဤတွက်ကိန်းသည် စာရေးသူ တီထွင်သောနည်း ဖြစ်၏။ တိထိတွက်သော အခါ အတာဗိုလ်ကိန်းတွင်ပြသော ရက်လွန်ပြို့ကိန်းများသည် အနည်းငယ်အတွက်ကြမ်းသဖြင့် အစင်အကြယ်တွက်သော တိထိရက်လွန်ကိန်းများ ဖြစ်ရမည်။

(က) တိထိတွက်နည်းဖြင့် တွက်လိုသော သက္ကရာဇ်၏ ကလိယုဂ်နှစ်ကို တည်ကိန်းပြု၍ ကနှစ်၏ရက်လွန် ၁၁.၀၆၄,၇၃၃ နှင့်မြှောက်၊ ၎င်းမြှောက်ရကိန်းသည် ထိုနှစ်၏ တိထိရက်လွန်ဖြစ်၏။ ၎င်းတိထိရက်လွန်များကို တည်ကိန်းပြု၍ စန္ဒရမာသတလ၏ တိထိ ၃၀ နှင့် စားသော် ရလဒ်သည် စန္ဒရမာသပေါင်းရ၏။ စားကြွင်းသည် ထိုနှစ်ဆန်း၏ တိထိရက်နှင့် ဒသမပိုင်းဖြစ်၏။

ဥပမာ။ ။သက္ကရာဇ် ၁၃၂၀ ၏ ကလိယုဂ်နှစ် = ၁၃၂၀+ ၃၇၃၉=၅၀၅၉

၅၀၅၉×၁၁.၀၆၄,၇၃၃ = ၅၅,၉၇၆.၈၉၀,၁၄၇

၅၅၉၇၆.၈၉၀၁၄၇÷၃၀ = ၁၈၆၅ စန္ဒရမာသလပေါင်း

အကြွင်း = ၂၆.၈၉၀,၁၄၇ တိထိ ပေါင်း။

ယင်းသည် သက္ကရာဇ် ၁၃၂၀ ၏ တိထိရက်လွန်ပေါင်းဖြစ်သည်။

(ခ) သုဒ္ဓဒိန်တွက်နည်း။ ။တိထီရက်လွန်နှင့် ဒသမရက်ပိုင်းများကို စန္ဒရမာသတလ၏ တိထီ ၃၀ တွင်ချေ။ ၎င်းချေကြွင်းကို တည်ကိန်းပြု၍ သူရိယမာသဘာနှစ်၏ သာဝနရက်နှင့်မြှောက်၍ တနှစ်၏ တိထီရက်လွန်နှင့်စားသော် ထိုနှစ်၌ အဓိမာသ်ပြုံအနာဂတ်သာဝနရက်ရသည်။ ၎င်းတွင် နာရီပိုင်းရှိသော် တရက်တက် သုဒ္ဓဒိန်ဖြစ်၏။

၃၀–၂၆.၉၉၀,၁၄၇=၃.၀၀၉,၈၅၃ အနာဂတ်တိထီရက်။
၃.၀၀၉,၈၅၃×၃၆၅.၂,၅၈၇,၅၆၅÷၁၁.၀၆၄,၈၃၃=၉၉.
၃၂၅ အနာဂတ်သာဝနရက်။
= သုဒ္ဓဒိန် – ၁၀၀ – ရက်။

တနည်း။ ။အနာဂတ်တိထီတွက်ပြီးလျှင် ကိန်းသေ ၃၃ နှင့်မြှောက်သော် အဓိမာသ်ပြုံ အနာဂတ်သာဝနရက် ရသည်။ ကိန်းသေ ၃၃ သည် တိထိတရက်၏ သာဝနရက်ဖြစ်၏။ တနှစ်၏ သာဝန ရက်ပေါင်း တည်ကိန်းပြု၍ တိထီ ၁၁.၀၆,၄၈၃ နှင့်စားသော် ကိန်းသေသချာရသည်။

၃၆၅.၂၅၈,၇၅၆ ၁၁.၀၆,၄၈၃ = ၃၃.၀၁,၀၇၈
အနာဂတ်တိထီရက် = ၃.၀၀,၉၈၅ × ၃၃ = ၉၉.၃၂,၅၀၅
သုဒ္ဓဒိန် = ၁၀၀ ရက်။

## ၁၂။ အချာဟရက်ငင်ပြိုကြိမ်တွက်နည်း

မြန်မာဝေါဟာရ ပက္ခဒိန်တွင် သူရိယမာသနှင့် ဝေါဟာရမာသ ညီညွတ်၍ ရာသီလ မှန်ကန်စေရန် လထပ်ပြုရသကဲ့သို့ စန္ဒရမာသနှင့် ဝေါဟာရမာသညီညွတ်စေရန် ရက်ငင်ပြုရသည်။



ရက်ငင်ပြုသောအခါ၌ ဝေါဟာရ လပြည့် လကွယ်များသည် သဘာဝ လပြည့်လကွယ်နှင့် ညီညွတ်မှုရှိ၏။

ယခုတင်ပြသော ရက်ငင်တွက်နည်းသည် သူရိယ သိဒ္ဓန္တကျမ်း၏ တွက်နည်းများသာမက စာရေးသူ တီထွင်သောတွက်နည်းများဖြစ်ပေရာ၊ ယင်းတို့ကို ပူးပေါင်း တင်ပြသွားပါမည်။

### အချာဟရက်ငင်တွက်နည်း၏ မူလအခြေခံကိန်းများ

| | စတုယုဂ်နှစ်ပေါင်း။ ၄,၃၂၀,၀၀၀ တွင် | စတုယုဂ်တနှစ်တွင်။ |
|---|---|---|
| သာဝနရက်.......... | ၂,၅၇၇,၉၁၇,၈၂၈ | ၃၆၅.၂,၅၈၇,၅၆၅ |
| ဝေါဟာရမာသရက် | ၁,၅၂၉,၂၈၀,၀၀၀ | ၃၅၄. |
| စန္ဒရမာသနှစ်၏တိထီ | ၁,၅၅၅,၂၀၀,၀၀၀ | ၃၇၁.၀,၆၄၈,၃၃၃ |
| ဒိန္နက်သဲခယရက် | ၂၅,၀၈၂,၂၅၂ | ၅.၈,၀၆၀,၇၆၈ |
| အဓိမာသလလွန် | ၄၇,၈၀၀,၀၈၀ | ၁၁.၀,၆၄၈,၃၃၃ |

ဒိန္နက်သဲခယရက်များနှင့် သက်ဆိုင်သော တွက်နည်းများတွင် အောက်ပါကိန်းများကိုလည်း မှတ်သားရန် လိုအပ်ပေသည်။

(က) ခယရက် = တိထီရက် – သာဝနရက်
(ခ) တိထီရက် = သာဝနရက် + ခယရက်
(ဂ) သာဝနရက် = တိထီရက် – ခယရက်

### အချာဟရက်ငင်တွက်နည်းများ

**ပဌမတွက်နည်း။** ။(သာဝနရက် = တိထီရက် – ခယရက်။)

(က) စတုယုဂ်တခုတွင်စန္ဒရမာသနှစ်၏တိထိ ၁,၅၅၅,၂၀၀,၀၀၀ ရက်ပေါင်းရှိ၏။

**ဒိန္နက်သဲရက်ပေါင်း** ၂၅,၀၈၂,၂၅၂ ရှိ၏။ ထို့ကြောင့်စန္ဒရမာသ၏ သာဝနရက်ပေါင်းတွက်နည်း။

၁,၅၅၅,၂၀၀,၀၀၀ – ၂၅,၀၈၂,၂၅၂ = ၁,၅၃၀,၁၁၇,၇၄၈ စန္ဒရမာသသာဝနရက်။

(ခ) စတုယုဂ်တခုတွင် ဝေါဟာရမာသရက်ပေါင်း ၁,၅၂၉,၂၈၀,၀၀၀ ရှိသောကြောင့် ကျန်သောရက်များသည် စတုယုဂ်တခု၏ ရက်ငင်သော သာဝနရက်များဖြစ်၏။

၁,၅၃၀,၁၁၇,၇၄၈–၁,၅၂၉,၂၈၀,၀၀၀=၈၃၇,၇၄၈ အချောဟရက်ငင်ပြိုသော သာဝနရက်ဖြစ်၏။ ရက်ငင်ပြိုအကြိမ်ပေါင်းလည်း ခေါ်၏။

**ဒုတိယတွက်နည်း။** ။(တိထိရက် = သာဝနရက် + ခယရက်။)

စတုယုဂ်တခုတွင် ဝေါဟာရမာသ သာဝနရက်ပေါင်း ၁,၅၂၉,၂၈၀,၀၀၀ ရှိ၍ ခယရက်ပေါင်း ၂၅,၀၈၂,၂၅၂ ရှိ၏။ သို့အတွက် ယင်းကို ရက်ဖွဲ့သော် ၁၅၂,၉၂၈,၀၀၀+ ၂၅,၀၈၂,၂၅၂ = ၁,၅၅၄,၃၆၂,၂၅၂ တိထိရက်ဖြစ်၏။ ယင်းတို့မှာ ဝေါဟာရမာသ၏ တိထိရက်များဖြစ်၏။ သို့သော် စတုယုဂ်တခုတွင် စန္ဒရမာသ၏ တိထိရက်ပေါင်းသည် ဝေါဟာရမာသတိထိရက် ထက်ပိုလျက်ရှိ၏။ ထိုပိုသော ရက်များသည် ဝေါဟာရမာသတွင် ရက်ငင်ခြင်းဖြင့် စန္ဒရမာသနှင့် ဝေါဟာရမာသညီညွတ်ပေမည်။ ၁,၅၅၅,၂၀၀,၀၀၀ – ၁,၅၅၄,၃၆၂,၂၅၂ = ၈၃၇,၇၄၈ ရက်ငင်ပြိုအကြိမ်ပေါင်း။

**တတိယတွက်နည်း။** ။စတုယုဂ်တခုတွင် သာဝနရက်ပေါင်း



၁,၅၇၇,၉၁၇,၈၂၈ ရက်ပေါင်းရှိ၏။ ဝေါဟာရမာသရက်ပေါင်း ၁,၅၂၉,၂၈၀,၀၀၀ ရှိ၏။ သို့အတွက် သူရိယမာသ၏ သာဝနရက်များသည် ဝေါဟာရမာသ၏ သာဝနရက်ပေါင်းထက်ပိုလေသည်။ ယင်းသို့ပိုသော ရက်များသည် အောက်ပါအတိုင်းဖြစ်၏။

၁,၅၇၇,၉၁၇,၈၂၈ – ၁,၅၂၉,၂၈၀,၀၀၀=၄၈,၆၃၇,၈၂၈ ရက်ပိုများ။

ဤရက်ပိုများတွင် လလွန်ရက်များ နုတ်သော် ကျန်ရှိသော ရက်များသည် စတုယုဂ်အတွင်း ပြိုရမည့် အချောဟရက်ငင်များဖြစ်၏။

၄၈,၆၃၇,၈၂၈ – ၄၇,၈၀၀,၀၀၀ = ၈၃၇,၇၄၈ ရက်ငင်များ။

**စတုတ္ထတွက်နည်း။** ။(တိထိရက်=သာဝနရက်+ခယရက်။)

ဝေါဟာရမာသ တနှစ်တွင် သာဝနရက် ၃၅၄ ရက်ရှိ၍ ခယရက်ပေါင်း ၅၈,၀၆၀,၇၆၈ ရှိ၏။ သာဝနရက်နှင့် ခယရက်နှောလျှင် တိထိရက်ဖြစ်၏။

၃၅၄ + ၅.၈၀၆,၀၇၆ = ၃၅၉.၈၁၆,၀၇၈ ဝေါဟာရတိထိရက်။ စန္ဒရမာသ တနှစ်တွင် တိထိ ၃၆၀ ရှိသောကြောင့် ဝေါဟာရတိထိရက်တွင် လျော့သော တိထိရက်မှာ ၃၆၀ – ၃၅၉.၈,၀၆၀,၇၆၈ = ၀.၁,၉၃၉,၂၃၂ တိထိရက်။ သို့အတွက် စတုယုဂ်နှစ်ပေါင်း ၄,၃၂၀,၀၀၀ တွင် ရက်ငင်ပြိုရက်ရှာသော် ၀.၁,၉၃၉,၂၃၂×၄,၃၂၀,၀၀၀=၈၃၇,၇၄၈ ရက်ငင်ပြိုရက်ပေါင်းရ၏။

**ပဌမတွက်နည်း။** ။

(က) သူရိယမာသတနှစ်တွင် စန္ဒရမာသတိထိ

၃၇၁.၀,၆၄၈,၃၃၃

စန္ဒရမာသ ၁၂ လ၏တိထိ။ ၃၆၀.

သူရိယမာသတနှစ်၏တိထိရက်လွန် ၁၁. ၀,၆၄၈,၃၃၃

(ခ) သူရိယမာသတနှစ်တွင် သာဝနရက် ၃၆၅.၂,၅၈၇,၅၆၅

ဝေါဟာရမာသ ၁၂ လတွင်ရှိ

သာဝနရက် ၃၅၄

သူရိယမာသတနှစ်၏ သာဝနရက်လွန် ၁၁.၂,၅၈၇,၅၆၅

အထက်ပါ ရက်လွန် နှစ်မျိုးတွင် သူရိယမာသသာဝနရက်လွန်သည် တိထိရက်လွန်ထက် ပိုလျက်ရှိ၏။ ဤကဲ့သို့ ပိုသော ရက်လွန်များကို ရက်ငင်ခြင်းဖြင့် ညီညွတ်စေသည်။ သို့အတွက် တနှစ်၏ ဝေါဟာရ ရက်လွန်သည် ၁၁.၂,၅၈၇,၅၆၅−၁၁.၀,၆၄၈,၃၃၃=၀.၁,၉၃၉,၂၃၂ ဝေါဟာရ ရက်လွန် စတုယုဂ် တခုတွင် ရက်လွန်ပေါင်း။

၀.၁,၉၃၉,၂၃၂×၄,၃၂၀,၀၀၀=၈၃၇,၇၄၈ ရက်ငင်ပေါင်း။

× × × ×

**ဒုတိယတွက်နည်း။** ။(ခယရက်=တိထိရက်−သာဝနရက်။)

သူရိယမာသတနှစ်တွင်

(က) စန္ဒရမာသ၏ တိထိရက် .... .... .... ၃၇၁.၀,၆၄၈,၃၃၃

သူရိယမာသ၏ သာဝနရက် .... .... ၃၆၅.၂,၅၈၇,၅၆၅

ခယရက်လွန် .... .... .... .... ၅.၈,၀၆၀,၇၆၈

(ခ) စန္ဒရမာသ၏ တိထိရက် ၃၆၀

ဝေါဟာရမာသ၏သာဝနရက် ၃၅၄

∴ ဝေါဟာရခယရက်လွန် ၆



အထက်ပါ ရက်လွန် နှစ်မျိုးတွင် ဝေါဟာရ ခယရက်လွန်သည် စန္ဒရမာသခယရက်လွန်ထက် ပိုသဖြင့် ၎င်းပိုသော ရက်များကို ရက်ငင်ခြင်းဖြင့် ညီညွတ်စေသည်။

၆−၅.၈,၀၆၀,၇၆၈=၀.၁,၉၃၉,၂၃၂ ဝေါဟာရမှ ပိုသော ခယ။

သူရိယမာသ တနှစ်တွင်ပိုသော ဝေါဟာရခယရက်။ စတုယုဂ်တခုတွင်....

၀.၁,၉၃၉,၂၃၂×၄,၃၂၀,၀၀၀=၈၃၇,၇၄၈ ရက်ငင်ပေါင်း။

စတုယုဂ် တခု၏ ရက်ငင်ပေါင်း၊ သို့မဟုတ် အချာဟရက်ငင်ပြို့ အကြိမ်ပေါင်းကို ကိန်းအမျိုးမျိုးဖြင့် တွက်၍ တင်ပြခဲ့ပြီးပါပြီ။ ရက်ငင်ခြင်း သဘောတရားများကို နားလည်ရန် အရေးကြီးပါသည်။ ဝေါဟာရပက္ခဒိန်တွင် ရက်ငင် အကြိမ်ပေါင်းမှန်သော် လပြည့် လကွယ် ရက်များသည် တိထိအားကောင်း၏။ ရက်ငင်မမှန်သော် လပြည့်ရက်များ၌ မုချလပြည့်နှင့် မညီညွတ်ချေ။

## ၁၃။ အချာဟရက်ငင်ပြို့ကိန်းတွက်နည်း

အဓိမာသ်ပြို့ကိန်း၏ သာဝနရက်ရှိသကဲ့သို့ ရက်ငင်ပြို့ကိန်း၏ သာဝနရက်လည်း ရှိပေသည်။ ၎င်းရက်ငင်ပြို့ကိန်း တွက်နည်းသည် သူရိယသိဒ္ဓန္တကျမ်းတွင် စတုယုဂ် အတွင်းရှိ သာဝနရက်၊ ၁,၅၇၇,၉၁၇,၈၂၈ ကို တည်ကိန်းပြု၍ အချာဟရက်ငင်ပေါင်း ၈၃၇,၇၄၈ နှင့်စားသော် ရလဒ်သည် ရက်ငင်တကြိမ်ပြို့ကိန်း၏ သာဝနရက်များဖြစ်သည်။

၁,၅၇၇,၉၁၇,၈၂၈ ÷ ၈၃၇,၇၄၈ = ၁,၈၈၃.၅,၂၃၂,၀၇၅

အချာဟ ရက်ငင်တကြိမ်ပြို့ သာဝနရက်။
စက်နာရီ ၁၈၈၃ ရက်၊ ၁၂ နာရီ၊ ၃၃ မိနစ်၊ ၂၅ စက္ကန့်။
မြန်မာနာရီ ၁၈၈၃ ရက်၊ ၃၁ နာရီ၊ ၂၃ ဗီဇနာ၊ ၃၂ အခယာ၊
၄၉ ဝိခယာ။

ဒုတိယနည်း။ ။
ဤတွက်နည်းသည် ခေတ်သချာတွက်နည်းသဘောဖြစ်၏။ သူရိယမာသ တနှစ်ဝေါဟာရ ရက်လွန်ကိန်း ၀.၁,၉၃၉,၂၃၂ ရှိသည်ကို အချာဟရက်ငင် တွက်နည်းများတွင် ဖော်ပြပြီးဖြစ်ပေသည်။ သို့အတွက် ဤရက်လွန်အစိတ်အပိုင်းမှ တရက်ဖြစ်သည့် အခါကာလကို ရှာရမည်။ ပုစ္ဆာသဘောမှာ သူရိယမာသနှစ် တနှစ် သာဝနရက် ၃၆၅.၂,၅၈၇,၅၆၅ တွင် ဝေါဟာရရက်လွန် ၀.၁,၉၃၉,၂၃၂ ဖြစ်ခဲ့သော် သာဝနရက် မည်မျှတွင် ဝေါဟာရ ရက်လွန် ၁ ရက်ပြည့်မည်နည်း။

